
mgyoe.com SAMPLE BOOK



# သန္တာစမ်းမှ အလှမ်းတာ

ပတ္တမြားခင်

2020.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com



# သန္တာစမ်းမှ အလှမ်းတာ

ပတ္တမြားခင်

15000

ISBN 976-99971-44-11-9
K0399
9 789997 144119 >

SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၂၂ ခုနှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ကျော်မင်းမောင်
တန်ဖိုး - ၁၅၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




# သန္တာစမ်းမှ အလွမ်းစာ

ပတ္တမြားခင်

mgyoe.com

mgyoe.com SAMPLE BOOK



စည့်ခံပွဲတစ်ခုတွင် ဦးဝင်းဦးနှင့် ဒေါ်ပတ္တမြားခင်တို့ အမှတ်တရ

mgyoe.com

mgyoe.com SAMPLE BOOK



မန္တလေးအသင်းသို့ အလှူငွေပေးအပ်စဉ်



သား၊ သမီး၊ ချွေးမ၊ သားမက်၊ မြေးများနှင့် အမှတ်တရ

mgyoe.com

mgyoe.com SAMPLE BOOK



သမီးကေသီခန့်၊ မြေးမတို့နှင့်
အမှတ်တရ

mgyoe.com

mgyoe.com SAMPLE BOOK



မြေးများနှင့်

mgyoe.com

mgyoe.com
SAMPLE BOOK



ဒေါ်ပဏ္ဍမြားခင်နှင့် မျိုးဆက်များ



မိသားစု

mgyoe.com

mgyoe.com SAMPLE BOOK



၇၅ နှစ်ပြည့်အပြုံး

mgyoe.com

mgyoe.com
SAMPLE BOOK



၇၅ နှစ်ပြည့် မွေးနေ့အမှတ်တရ

mgyoe.com

mgyoe.com
SAMPLE BOOK



မိသားစု အမှတ်တရ



မိသားစုအမှတ်တရ

mgyoe.com

mgyoe.com SAMPLE BOOK




သမီး၊ ချွေးမ၊ မြေးတို့နှင့်



သား၊ သမီးများနှင့်

mgyoe.com

mgyoe.com SAMPLE BOOK



သမီးကြီး ကေရိုင်ခန့်၊ သမီးငယ် ကေသီခန့် တို့နှင့်

mgyoe.com

mgyoe.com SAMPLE BOOK



မြေးနှင့်

mgyoe.com


mgyoe.com
SAMPLE BOOK



မြေးမ ခန့်စန္ဒီနှင့်

mgyoe.com

mgyoe.com SAMPLE BOOK



သားကြီးခင်မောင်ဝင်းခန့်၊ မြေးများနှင့်

mgyoe.com

mgyoe.com SAMPLE BOOK



သမီးများနှင့်

mgyoe.com

mgyoe.com SAMPLE BOOK



သားကြီး ခင်မောင်ဝင်းခန့်၊ မြေးများနှင့်




ခန့်စန္ဒီမင်္ဂလာပွဲအမှတ်တရ

mgyoe.com

mgyoe.com SAMPLE BOOK



သားကြီး ခင်မောင်ဝင်းခန့်၏ မျိုးဆက်များနှင့်



သမီးကြီးကေခိုင်ခန့်၊ မြေးများနှင့်

mgyoe.com

mgyoe.com SAMPLE BOOK



သား၊ မြေးတို့နှင့်



စန်စန္ဒီ မင်္ဂလာပွဲ အမှတ်တရ

mgyoe.com


mgyoe.com SAMPLE BOOK



သားကြီးနှင့် အမေ့အပြုံး

mgyoe.com

mgyoe.com SAMPLE BOOK



သမီးကေသီ၊ မြေး ခန့်စန္ဒီတို့ နှင့်

mgyoe.com

mgyoe.com
SAMPLE BOOK

# သန္တာစမ်းသို့ အလွမ်းစာ

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့။ ရုံးက ကွန်ပျူတာ ဖွင့်လိုက်တော့ မာမီ ဒေါ်ပတ္တမြားခင်ရဲ့ သမီးလတ် ကေသီခန့်က အီးမေးလ် ပို့ထားတာ တွေ့လိုက်ပါတယ်။ မာမီ ကွယ်လွန်သွားပါပြီ တဲ့။ သူတို့ဆီမှာတော့ ဖေဖော်ဝါရီ ၁၅ ရက်နေ့ပေါ့။ ကျွန်တော့် အမေအရင်း ဒေါ်ကြည်ကြည် ကွယ်လွန်စဉ်တုန်းကလိုပဲ ရင်ထဲမှာ ဆို့နင့်ခံစားလိုက်ရတယ်။ ၂၀၁၄ ခုနှစ်တုန်းက ကျွန်တော် သွားနိုင်လာနိုင်သေးတော့ သမီးတစ်ယောက်လို ဖြစ်နေတဲ့ စိုးမြတ်သူဇာကို အဖော်ပြုပြီး အမေရိကားကို သွားခဲ့ပါတယ်။ စိုးစိုးက ရန်ကုန်ပြန်သွားတော့ ကျွန်တော်တစ်ယောက်တည်း သမီး(တူမ)ရှိရာ ဆန်ဖရန်စစ္စကိုကို လာခဲ့လိုက်တယ်။ ခြေဆန့်ချင်တော့ ညီတစ်ယောက်လို ဖြစ်နေတဲ့ ဟင်နရီတင့် မိသားစုရှိရာ ဗာဂျီးနီးယား ကို သွားခဲ့တယ်။ ပြီးတော့ မာမီရှိရာ ဖလော်ရီဒါပြည်နယ်က ဖို့ဒ်လော်ဒါဒေးလ်ကို ကူးခဲ့ ပြန်ပါတယ်။

မာမီရှိတဲ့ မြို့မှာ ကေသီခန့်နဲ့ အိန္ဒာမြလှိုင်(ညီညီ)တို့လည်း နေကြပါတယ်။ ကျွန်တော့်ကို ကေသီတို့အိမ်မှာပဲ တည်းစေပြီး မာမီပါ လာနေပေးပါတယ်။ မာမီ့ကားနဲ့ နေရာအနှံ့ လိုက်ပြပေးရာမှာ ကိုစိန်မြင့်အောင်က ဒိုင်ခံ ကားမောင်း၊ မာမီနဲ့ ကျွန်တော်က စကားတပြောပြောနဲ့ လိုက်ခဲ့ကြတာပါ။ မာမီက အားနက်စ်ပဲမင်းဝေး နေခဲ့တဲ့ ကျွန်းပေါ် အထိ လိုက်ပြပေးခဲ့ပါတယ်။ ဆန်ဖရန်ကို ပြန်မယ့် လေဆိပ်ကို လိုက်ပို့တော့ မာမီ့မျက်နှာ မကောင်းဘူး။ ကျွန်တော်လည်း ကျလုလုမျက်ရည်ကို မနည်းထိန်းခဲ့ရပါတယ်။ ဒါဟာ နောက်ဆုံးတွေ့ဆုံခြင်းလို့သာ အဲဒီတုန်းက သိခဲ့မယ်ဆိုရင် မျက်ရည်ကျခဲ့မှာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်ခင်မကြီး (ခ) ပတ္တမြားခင်လို့ အများသိတဲ့သူဟာ ကျွန်တော့်ဖခင် (ဦးကျား ဘညိမ်း)နဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေပါ။ ယောက်ျားလေးရော၊ မိန်းကလေးတွေပါ တက်လို့ရတဲ့ မန္တလေးမြို့က ရှိုင်ရယ်ဒိုင်အိုစီဇင်(ခေါ်) သံတဲကျောင်းမှာ အတန်းဖော် သူငယ်ချင်းတွေပါ။ နောင် ကျွန်တော် အဲဒီကျောင်းမှာပဲ တက်တဲ့အချိန် ညီအစ်ကိုတွေ သဖွယ် ချစ်ခင်ကြတဲ့ ကိုကိုနဲ့ ညီညီတို့ရဲ့မိခင် ဒေါ်စိန်ရင်ကလည်း သူတို့ သူငယ်ချင်းပါပဲ။ ရေစက်က အဲဒီလိုပါ။ ကျွန်တော် ၁၉၇၉ ခုနှစ်မှာ စာပြန်ရေးတော့ စန္ဒာမဂ္ဂဇင်းမှာ မာမီက ကိုဦးရေ… လို့ အစချီတဲ့ **သန္တာစမ်းမှ အလွမ်းစာ** ဆောင်းပါးတွေ စ,ရေးနေပါပြီ။ ၁၉၈၁ ခုနှစ်မှာ မာမီ့ခင်ပွန်းဟောင်း ဦးမြလှိုင်က ပေဖူးလွှာမဂ္ဂဇင်းကို ဒုတိယအကြိမ် ပြန်ထုတ်ပါတယ်။ ပေဖူးလွှာမှာ ကျွန်တော်က **စာဖတ်သူများနှင့် တွေ့ဆုံပေးခြင်း** အပါအဝင် ပေါ့ပ်ဆောင်းပါး တော်တော်များများ တာဝန်ယူရေးနေပါတယ်။ **စာရေးဆရာများနှင့် တွေ့ဆုံပေးခြင်း ကဏ္ဍ**ကို သဘောကျကြောင်း မာမီက ဆရာ ဦးမြလှိုင်က တစ်ဆင့် စာရေးလာပါတယ်။ ကျေးဇူးတင်ပါကြောင်းလည်း စာပြန်ခဲ့ပါတယ်။ အဲဒီအထိ မာမီနဲ့ ကျွန်တော် လူချင်းမတွေ့ဖူးသေးပါဘူး။

နှစ်အတော်ကြာတော့မှ မာမီနဲ့ သားသမီးတွေ မြန်မာပြည်ကို ပြန်လာလည်ကြတယ်။ ဒီတော့မှ မာမီနဲ့ ကျွန်တော် တွေ့ဖူးတာပါ။ အရပ်မြင့်တယ်။ လက်ပြင် မကိုင်းဘူး။ လမ်းလျှောက်တာ အင်မတန် မြန်တယ်။ မာမီက သားလို့ခေါ်ပေမယ့် ကျွန်တော်က အန်တီခင်လို့ပဲ ခေါ်ခဲ့ပါတယ်။ သန္တာစမ်းအကြောင်း ပြန်ဆက်ရရင် ဆောင်းပါး တော်တော်များလာတော့ ဦးဝင်းဦးက 'စာအုပ်ထုတ်ပေးမယ် မမခင်'လို့ ဆိုသတဲ့။ ဒါပေမဲ့ ဦးဝင်းဦးရဲ့ ကျန်းမာရေး ဖောက်လာပြီး နောက်ဆုံး ကွယ်လွန်တဲ့အထိ ဖြစ်သွားတော့ သန္တာစမ်းလည်း မစီးဆင်းနိုင်တော့ဘူးပေါ့။ မာမီ့အိပ်မက်လည်း ပျက်ခဲ့ရပါတယ်။

မဟေသီမဂ္ဂဇင်း အယ်ဒီတာချုပ်(ဗိုလ်မှူးကြီး) စောမြင့်(ယိမ်းနွဲ့ပါး ကလောင်ရှင်)က ရေးဖို့ တိုက်တွန်းတာကြောင့် မဟေသီမှာ **ကင်မရာကိုင်ခဲ့ရ ကျွန်ုပ်မဘဝ** အခန်းဆက် ဆောင်းပါးရှည်ကြီးကို ရေးခဲ့ပြန်ပါတယ်။ မာမီတို့ခေတ် မန္တလေးသူတွေက ရှေးရိုးဆန်တယ်။ အဲဒီလိုကြားမှာ မာမီက ဂျစ်ကားမောင်းတယ်။ ကင်မရာကိုင်ပြီး ဓာတ်ပုံ ရိုက်တယ်။ မာမီ့ဓာတ်ပုံတိုက်နာမည်က **ခန့်ခန့်ကြီး** တဲ့။ဒါကြောင့် တချို့ နာမည်မသိသူတွေက မာမီ့နာမည်ကို ခန့်ခန့်ကြီးပဲ ထင်ကြတယ်။ အခုထက်ထိ မန္တလေးသွားရင် '**ခန့်ခန့်ကြီး**' သတင်းကို မေးနေကြဆဲပါ။

ကျွန်တော် လုပ်နေတဲ့ ရွှေအမြုတေ အတွက်ကိုတော့ မာမီက **အတိတ်လမ်းကို ပြန်လျှောက်ခြင်း** ခေါင်းစဉ်နဲ့ သူ့ဘဝဇာတ်ကြောင်းကို ကလေးဘဝကအစ ဦးခန့်ကြီးနဲ့ အိမ်ထောင်ကျခဲ့ပုံ၊ ဦးမြလှိုင်နဲ့ အိမ်ထောင်ကျခဲ့ပုံတို့ အပါအဝင် မခြွင်းမချန် ရေးသားခဲ့ပါတယ်။ အတိတ်လမ်းကို လုံးချင်းထုတ်စေချင်လို့ မာမီ့ကိုပြောတော့ သူ့သားသမီးတွေရဲ့ ဆန္ဒကို မေးပါရစေဦး ဆိုလို့ အချိန်တွေ ကြာခဲ့ရပါတယ်။ နောက်ဆုံး အားလုံးသဘောတူ

mgyoe.com

mgyoe.com SAMPLE BOOK

ကြတော့မှ ကံ့ကော်ဝတ်ရည်ကနေ ထုတ်ခဲ့ပါတယ်။ ဒီစာအုပ်ကိုတော့ မာမိ မြင်သွားခဲ့ပါတယ်။

ပထမအိပ်မက်ဖြစ်တဲ့ သန္တာစမ်းကို ရဖို့ စန္ဒာမင်္ဂဇင်း အယောင်းတွေ ခက်ခက်ခဲခဲ ရှာရပါတယ်။ စုံသင့်သလောက် စုံပါတယ်။ တချို့လည်း ကျန်ကောင်း ကျန်နိုင်ပါတယ်။ မာမီက တစ်ဖက်သားအပေါ်မှာ အမြဲတမ်း အကောင်းမြင်ဝါဒနဲ့ ကြည့်တတ်သူ ဖြစ်တယ် ဆိုတာကို သူ့စာ ဖတ်ကြည့်ရင် သိသာပါတယ်။ ကျွန်တော် ဒီစာရေးနေတာက မာမ့်စာရှေ့ ကနေ နှမ်းဖြူးတာ မဟုတ်ပါဘူး။ မသိ၊ မမီလိုက်တဲ့ လူငယ်တွေ ဖတ်မိရင် ဆရာမ ဒေါ်ပဒ္မာမြားခင် ဆိုတာ ဘယ်လိုလူမျိုးလဲ ဆိုတာ ရိပ်ဖမ်းသံဖမ်းလောက် သိစေချင်လို့ပါ။ မာမိမြင်ချင်တဲ့ စာအုပ်ကို ကွယ်လွန်ပြီး တစ်နှစ်ကြာမှ ထုတ်နိုင်တာကိုတော့ ခွင့်လွှတ်ပါ မာမီ။

သူတစ်ပါးအပေါ် မေတ္တာတရား ကြီးကြီးမားမားထားနိုင်တဲ့ မာမိ ကောင်းရာဘုံဘဝသို့ ရောက်ပါစေ။



ဝင်းငြိမ်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သော ကိုဦး…

စန္ဒာက တစ်ဆင့် ရေးလိုက်တဲ့ ကိုဦးရဲ့ ပြန်စာကို မမခင် သုံးလကြီးများ ကြာပြီးမှ ဖတ်ရတယ်။ ဖတ်ရပုံ ဖတ်ရနည်း ကလေးကိုလည်း ဓာတ်ပုံဆရာမပီပီ ပုံကြီးချဲ့ပြီး ပြောပြရဦးမယ်။

ပစ္စည်းတစ်ခုဟာ ရိုးရိုးတန်းတန်းရတာထက် မမျှော်လင့်ဘဲ ရတာက ပိုပြီး ပျော်ရတယ် မဟုတ်လား။ ကိုဦးရဲ့ ပြန်စာကို မေ့နေသလောက်ရှိခါမှ မမျှော်လင့်ဘဲ မမျှော်လင့်တဲ့ အချိန်မျိုးမှာ ရတာမို့ ပိုပြီး ပျော်ရတယ်။ ဒီနေရာမှာ မမျှော်လင့်တာတွေ ထပ်နေလို့ တို့ကိုဦး နားရှုပ်သွားပြီလား…။

မမခင်တို့ဆီမှာ စာဝေတာ စနေနေ့ပါတွက်ရင် ခြောက်ရက် ရှိတယ်။ ဒါက ရိုးရိုး အစိုးရစာပို့ဌာနက ဝေတာ။ အထူးအမြန်စာပို့ အစီစဉ်ကတော့ သီတင်း ခုနစ်ရက် စလုံး၊ ၂၄ နာရီစလုံး ဝေတာမျိုးလည်း ရှိတယ်လေ။ အဲဒီလို အထူးအမြန်စာပို့က အစိုးရ စာပို့ဌာနတင် မဟုတ်ဘူး။ ပုဂ္ဂလိကပိုင် အမြန်စာပို့တွေလည်း ရှိသေးတယ်။ စာပို့နှုန်းက အမြန်မို့ အဆမတန်ကြီးတယ်။

ဆိုပါတော့…မမခင်တို့ ဖလော်ရီဒါကနေပြီး မိုင်သုံးထောင်ကျော်လောက်ဝေး တဲ့ ကာလီဖိုးနီးယားကို ညနေက ပို့လိုက်တဲ့ စာဟာ နောက်တစ်နေ့ မနက် ရုံးချိန်မီ ဆယ်နာရီမှာ ရောက်ရမယ်လို့ တစ်ဦးက လုပ်တဲ့အခါ နောက်တစ်ဦးက ကိုးနာရီခွဲ ရောက်စေရမယ်။ အဲဒီထက်ထူးတဲ့ နောက်တစ်ဦးက ရှစ်နာရီရောက်အောင် ပို့ပြမယ်ကွ ဆိုပြီး အပြိုင်ကြဲကြတဲ့ စာပို့ဌာနတွေမှ အများကြီးရယ်။ ဒီလို အမြန်နှုန်းစာပို့တွေ ဖြစ်လာပုံကလည်း စိတ်ဝင်စားစရာ အကောင်းသား။ ကောလိပ်ကျောင်းမှာ စီးပွားရေး

mgyoe.com

mgyoe.com SAMPLE BOOK
ယူတဲ့ ကျောင်းသားတစ်ဦးက ဒီလိုအမြန်နှုန်းနဲ့ စာတွေကို အရေးကြီးရင် ကြီးသလို ပို့ပေးနိုင်ရင် အကျိုးစီးပွား ဖြစ်ထွန်းနိုင်တယ် ဆိုပြီး စာတမ်းတင်တဲ့အခါ ဆရာက မဖြစ်နိုင်တာကြီး စိတ်ကူးယဉ်လွန်းတဲ့ ငါ့တပည့်ကို သုညပဲ ရမယ်ဟဲ့လို့ F ဆုချလိုက်တယ်တဲ့။

တပည့်လုပ်တဲ့ သူကလည်း သူ့စာတမ်းမှာ F ရတာကို စိတ်မလျှော့ဘဲ ကျောင်းက ဘွဲ့ရပြီးလို့ ထွက်တဲ့အခါ သူ စိတ်ကူးယဉ်ခဲ့တဲ့ အမြန်နှုန်းစာပို့ အလုပ်ကို အကောင်အထည် စပြီး ဖော်လိုက်တာ အောင်မြင်လို့ သန်းကြွယ်သူဌေးအဖြစ် တစ်ချီတည်း ရောက်သွားလေရဲ့။ ဒါကြောင့်မို့ တစ်ခါတလေ စိတ်ကူးယဉ်တာဟာ မဖြစ်နိုင်ဘူးလို့ ပြောလို့ မရဘူး။ တကယ်တမ်း ကြိုးစားရင် အောင်မြင်တယ် ဆိုတာ သာဓကတစ်ရပ် ဖြစ်သွားတာပဲပေါ့။ သူ အောင်မြင်တာကို တွေ့တော့ နောက်လူ နောက်လူတွေက သူ့အတုယူပြီး အပြိုင်ကြဲကြတာမို့ ခုဆိုရင် အမြန်နှုန်း စာပို့ဌာနတွေ မှိုလိုပေါက်ကုန်တော့တာပဲ။

ကဲ…မမခင်လည်း ရေးမယ့်ဟာ တခြား၊ ရေးတာက တခြား ဖြစ်သွားပြန်ပြီ။ ကိုဦး ပို့လိုက်တဲ့ စန္ဒာမဂ္ဂဇင်း သုံးအုပ်ရတဲ့နေ့က တနင်္ဂနွေ၊ ရတဲ့အချိန်က ညဉ့်သန်းခေါင်ကျော်။

အဲဒီနေ့က တက္ကဆက်ပြည်နယ်မှာ နေတဲ့ မမခင်ရဲ့ သမီးကြီး 'ခန့်ကေခိုင်' ဖလော်ရီဒါကို အလည်ရောက်နေခိုက်မို့ ကမ္ဘာမှာ အကြီးဆုံး၊ အမြင့်ဆုံးလို့ နာမည်ကြီးတဲ့ ခရစ္စမတ် သစ်ပင်ကြီးကို မီးအလှထွန်းထားတဲ့ 'လန်တာနာ' ဆိုတဲ့ အရပ်ကို လိုက်ပို့ပြီး ပြန်အလာ၊ အိမ်အဝင်ဝက မမခင်ရဲ့ စာတိုက်ပုံးထဲမှာ အထုပ်တစ်ခုကို မြင်လိုက်မိတာနဲ့ ယူကြည့်လိုက်တော့ စန္ဒာမဂ္ဂဇင်း သုံးအုပ် ဖြစ်နေတယ်။

တနင်္ဂနွေနေ့မို့ စာဝေရက်လည်း မဟုတ်။

ညကြီးမိုးချုပ် စာဝေတဲ့ အချိန်လည်း မဟုတ်။

ဒီပါဆယ်ထုပ် ရောက်နေပုံက ပဟေဠိ တစ်ခုပဲ မဟုတ်လား ကိုဦးရယ်၊ အထူးအမြန်စာပို့ကလည်း မဖြစ်နိုင်။

မမျှော်လင့်တဲ့နေ့၊ မမျှော်လင့်တဲ့ အချိန်မျိုးမှာ ရတာမို့ မမခင် ဘယ်လောက်ပျော်တယ်ဆိုတာ ထခုန်မိမတတ်ပဲ။ အနီးစပ်ဆုံး တွေးလို့ရတာတစ်ခုက စနေနေ့မှာ စာဝေသူက အိမ်နီးနားချင်းတစ်ဦးဦးဆီကို ပို့ထားခဲ့လို့ အိမ်နီးနားချင်းက မမခင်ရဲ့ စာတိုက်ပုံးထဲ လာပြန်ထည့်သွားလေသလား ရယ်ပေါ့၊ ဒါမျိုးကလည်း ဒီမှာလုပ်နေကျ၊ အများအားဖြင့် အမေရိကန် အိမ်ထောင်စုများများဟာ စားဝတ်နေရေးစရိတ်က ကြီးမြင့်လွန်းတော့ မိသားစုအကုန် အလုပ်လုပ်ကြတာ များတယ်၊ နေ့ခင်းဘက်ဆိုရင် အိမ်မှာ လူ မရှိကြဘူး။ ပါဆယ်ထုပ် ရောက်တဲ့အခါ စာပို့လုလင်က အိမ်ရှင်မရှိရင် တစ်ခါတလေလည်း အိမ်ပေါက်ဝမှာ ထားသွားတတ်တယ်။ လက်မှတ်ထိုးပြီးမှ ယူရမယ့်
mgyoe.com

mgyoe.com SAMPLE BOOK
မှတ်ပုံတင် ပါဆယ် ဆိုရင်တော့ စာတိုက်မှာ လာရွေးယူပါ ဆိုတဲ့ စာရွက်ကလေးကို စာတိုက်ပုံးထဲမှာ ထည့်သွားလေ့ရှိတယ်။ ပါဆယ်ထုပ် ကြီးကြီးမားမားဖြစ်ခဲ့ရင် ဘေးအိမ်မှာသော်လည်းကောင်း၊ မျက်နှာချင်းဆိုင် အိမ်မှာသော်လည်းကောင်း လူရှိတဲ့ အိမ်မှာ အပ်ထားခဲ့လေ့ရှိတယ်။ ညနေ အိမ်ပြန်ရောက်ကြပြီ ဆိုတဲ့ အချိန်မှ လက်ခံထားလိုက်သူက ပါဆယ်ထုပ်ရှင်ကို လာပေးကြတယ်။ ဒီမှာ နောက်စနစ်တစ်ခုက မမခင်တို့ အိမ်တိုင်းရဲ့ ရှေ့မှာ စာတိုက်ပုံးကိုယ်စီ ရှိကြတယ်။ စာထည့်ချင်ရင် လမ်းထိပ်က စာတိုက်ပုံးကို သွားထည့်နေဖို့ မလိုဘူး။ ကိုယ်အိမ်ရှေ့က စာတိုက်ပုံးထဲမှာ စာထည့်ထားပြီး စာယူရန် ရှိသည် ဆိုတဲ့ အထိမ်းအမှတ်နဲ့ စာတိုက်ပုံးရဲ့ ဘေးမှာရှိတဲ့ အလံနီလေးကို ထောင်ထား လိုက်ရုံပဲ။

စာပို့လုလင် လာတဲ့အခါမှာ အလံနီထောင်ထားတဲ့ စာတိုက်ပုံးကို မြင်ရင် စာသိမ်းသွားပြီး ဘေးကအလံကို ပြန်ချထားခဲ့ပြီး သူဝေရမယ့် စာကိုလည်း စာတိုက်ပုံး ထဲမှာ ထည့်ထားခဲ့တယ်။ စာသိမ်းတာရော၊ စာဝေတာရော သူတို့ စာပို့ကားပေါ်က မဆင်းဘဲ တစ်ချိတည်းနဲ့ ကိစ္စပြီးတယ် ကိုဦးရဲ့၊ အချိန်ကုန်သက်သာတဲ့ နည်းပဲ။ စာတိုက် ပုံးတွေကလည်း ကားလမ်းဘေး ခြံအစပ်မှာ ရှိတာကိုး၊ ဒီတော့ ကားပေါ်က လှမ်းပြီး ယူလိုက်ရုံပဲပေါ့။

အဲ…မှတ်ပုံတင်စာတို့၊ ပါဆယ်တို့ ဆိုမှပဲ အိမ်အဝထိ လူကိုယ်တိုင် ဆင်းလာပြီး လူခေါ်ခေါင်းလောင်းကို နှိပ်ရတာ…၊ ရိုးရိုးစာသာ ဆိုရင်တော့ ကားပေါ်က မဆင်းဘဲ ကိစ္စပြီးတယ်။ စာပို့ကားတွေက ဂျစ်ကားပုံစံမျိုး၊ အဖြူရောင်မှာ အပြာစင်းနဲ့၊ အဝေးကပဲ စာပို့ကားကို သိနိုင်တယ်။

အမယ်…ကဗျာလည်း အဆန်းသား ကိုဦးရဲ့၊ တချို့ကားတွေရဲ့ နောက်မှာ စာတန်းလေး ကပ်ထားသေးတယ်။ "Letters Lift Spirits"တဲ့။ စာများဖြင့် စိတ်နှလုံး အားတက်ရွှင်ပြုံးပါစေ…တဲ့။ ဒါ တကယ်မှန်သော စကားပဲ၊ သိလား။

မိုင်ပေါင်း ထောင်သောင်း ဝေးနေပြီဆိုမှ စာကလေးတွေရဲ့ တန်ဖိုးဟာ ဘယ်လောက် ရှိတယ် ဆိုတာ သိနိုင်တာ။ မမခင်ဖြင့်လေ…ဒီကို ရောက်တဲ့နေ့ကစပြီး စာမျှော်ရတာဟာ နေ့စဉ် အလုပ်ကြီးတစ်ခု ဖြစ်နေတာပဲ။ စာပို့လုလင်ရဲ့ ကားသံကိုပဲ နားစွင့်နေမိတယ်။ တစ်ခါတလေ ကားသံမကြားလိုက်မိရင်လည်း စာတိုက်ပုံးက အလံ လဲပြီလား ဆိုတာ ကြည့်ရတာ အမောပဲ။

ကိုဦး ပြောတာ သိပ်ပြီး မှန်ပါတယ်။

မမခင်တို့တစ်တွေဟာ အမိမြေနဲ့ ဝေးကွာနေကြရပေမယ့် အမိမြေကို လွမ်းတဲ့ စိတ်၊ တမ်းတတဲ့စိတ် တစ်နေ့မှ ပြတ်တယ်လို့ မရှိကြပါဘူး။ ဝေးလေလေ… ဆွေးလေလေ…၊ အမိမြေရဲ့ တန်ဖိုးကို ပိုပြီး သိလေလေပါပဲ။ အခုပဲ ကြည့်လေ…၊
mgyoe.com

mgyoe.com SAMPLE BOOK

နေ့ရှိသရွေ့ စာတိုက်ပုံးကို အလုပ်တစ်ခုလုပ်ပြီး စောင့်ကြည့်ရတာ၊ မြန်မာပြည်မှာ ကျန်ခဲ့တဲ့ ချစ်ရတဲ့ သူများဆီက စာလွှာလေးတွေကို ဖတ်ချင်လို့၊ မြန်မာပြည်ရဲ့သတင်း တွေကို ကြားချင်သိချင်လို့ပဲ မဟုတ်လား။

စာရတဲ့နေ့များဆိုရင် ချစ်ရတဲ့သူတွေကို အလွမ်းပြေလို့ ပျော်ရတဲ့အခါလည်း ရှိရဲ့။ အလွမ်းပိုလို့ ငိုရတဲ့အခါလည်း ရှိရဲ့။ ဒီလွမ်းစာခွေလေးတွေနဲ့ ဘယ်လောက်ကြာအောင် များ လွမ်းနေရဦးမလဲ ကိုဦးရယ်။ လူတွေဟာ ကံပစ်ချရာမှာ ဖြစ်ကြ၊ နေကြရတယ်လို့ မြတ်စွာဘုရားက ဟောကြားခဲ့တယ်။ မမခင် ရောက်စကများဆိုရင် ဒါလောက် ဝေးလှတဲ့ အမိမြေက မိုင်ပေါင်းထောင်သောင်း ကွာတဲ့ နေရာကြီးမှာမှ လာပြီး ဒီကံက ပစ်ချစရာ လားရယ်လို့ မမခင်ရဲ့ ကံကို ရန်လိုချင်တဲ့ စိတ်တွေ တဖွားဖွား ပေါ်ခဲ့မိသေးတယ်။

အမိမြေက ခွာမှ အမိမြေရဲ့ တန်ဖိုးတွေ ပိုပြီး သတိရတယ်။ သူတစ်ပါးရဲ့ ယဉ်ကျေးမှုကို ကြည့်မှ ကိုယ့်ယဉ်ကျေးမှုရဲ့ တန်ဖိုးတွေကို ပိုပြီး နားလည်ရတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်က စန္ဒာမှာ 'မေတ္တာတရား ထွန်းကားရာ မြေ' ဆိုပြီး ဝတ္ထုတစ်ပုဒ် ရေးခဲ့ဖူးတယ်။ အဲဒီဝတ္ထုဟာ တကယ့်ကိုယ်တွေ့အဖြစ်ကို ရေးခဲ့တာ။ မမခင်တို့ မိသားစု ပုဂံ-ညောင်ဦး ဘုရားဖူးသွားခဲ့တော့ လမ်းမှာ နိုင်ငံခြားခရီးသည် မိန်းကလေးတစ်ဦးနဲ့ ယောကျ်ားလေးတစ်ဦးကို မိတ်ဆွေဖြစ်ပြီး ရန်ကုန်အထိ အပြန် မမခင်တို့ ကားကြုံနဲ့ ခေါ်လာခဲ့ရင်း သူတို့တွေ မြန်မာလူမျိုးရဲ့ မေတ္တာ စေတနာ ထားတတ်ပုံကို အံ့မခန်းဖြစ်တာကို ဖော်ပြတဲ့ ဝတ္ထုပဲ…။

အခု မမခင် ဒီကို ကိုယ်တိုင်ကိုယ်ကျ ရောက်လာမှ သူတို့တွေ အံ့မခန်း ဖြစ်တာ ဖြစ်လောက်စရာ ဆိုတာ ပိုပြီး သဘောပေါက်ရတယ်။ ဒါကြောင့်မို့ မမခင်တော့ ကံအလှည့်တစ်ခုကြောင့် မြန်မာပြည်က ခေတ္တခဏ ခွာနေရပေမယ့် မြန်မာမအဖြစ် ဂုဏ်ယူဆဲ၊ ဂုဏ်ယူလျက်ပါပဲ။

ကိုဦးက မမခင်ကို မြန်မာထဘီ အချိတ်ဆင်ဝတ်ဆဲလို့ ရေးထားလို့ မြန်မာမ တောင် အညာသူ မန္တလေးသူအဖြစ် ခံယူဆဲဆိုတာ ထပ်လောင်းပြီး (ရေမချိုးရသေး ဘူး ကိုဦးရေ…)လို့ ကြားလိုက်ချင်သေးတယ်။ ခုထက်ထိ မမခင် ရန်ကုန်မှာ အနေကြာ၊ အမေရိကားမှာ အနေကြာပေမယ့်…မန္တလေး ရင်ဖုံးအင်္ကျီကို စွဲစွဲမြဲမြဲ ဝတ်တုန်းပါနော်။

ဝါရှင်တန်တို့၊ ကယ်လီဖိုးနီးယားတို့၊ နယူးယောက်တို့မှာ မြန်မာတွေ များပေမယ့် မမခင်တို့ ဖလော်ရီဒါဘက်မှာ မြန်မာက အရှားသား၊ သိပ်ပြီး များများစားစား မရှိသေးတော့ မြန်မာကို သိပ်မသိကြဘူး ကိုဦးရဲ့၊ မမခင် ထဘီဝတ်ထားတာကို ကြည့်ပြီး တချို့က "နင် ဘာလူမျိုးလဲ" လို့ မေးတဲ့အခါ မေးတယ်။ တချို့က "နင် ဘယ်ပါတီတက်မှာမို့ စကတ်အရှည်ကြီး ဝတ်ထားသလဲ" လို့ မေးကြတယ်။

"ဒါ ငါတို့ရဲ့ မြန်မာဝတ်စုံ၊ ငါက မြန်မာ"လို့ ပြောရင်-

mgyoe.com

mgyoe.com SAMPLE BOOK

''မြန်မာဆိုတာ ဘယ်နားက ကျွန်းလေးလဲ''လို့ မေးတယ်။ မြန်မာကို 'ဘဟားမား'တို့၊ 'ဘာမြူးဒါး'တို့ဆိုတဲ့ ကျွန်းကလေးတွေနဲ့ နားရှုပ်ရှုပ်သွားပုံရတယ်။ ခဏခဏ မြန်မာပြည်ကို ရေးတဲ့ စာတွေဟာ ဘဟားမားတို့၊ ဘာမြူးဒါးတို့ တံဆိပ်တွေ အမျိုးစုံ စာအိတ်ပေါ်မှာ နှိပ်ပြီး ကျွန်းတကာနဲ့ပြီးမှ မြန်မာပြည်ကို ခုနစ်လ၊ ရှစ်လကြာမှ ရောက်တဲ့စာတွေ အကြောင်း ပြန်ကြားရလို့ ခုဆိုရင် စာရေးတဲ့အခါ မြန်မာပြည်ရဲ့ အောက်မှာ အရှေ့တောင်အာရှ ဆိုတာ စာလုံးကြီးကြီးနဲ့ ရေးပြီး ထည့်နေရတယ်။

တစ်ခါတုန်းက ရယ်စရာတစ်ခု ကိုဦးကို ပြောရဦးမယ်။ မမခင်ရဲ့ မိတ်ဆွေ ဆရာဝန်တစ်ယောက်က မြန်မာကို မသိရကောင်းလားလို့ စိတ်တိုတိုဂိုဏ်နဲ့ သူ့ဆေးခန်းအဝမှာ ကမ္ဘာသိ မြန်မာပုဂ္ဂိုလ်တစ်ဦးရဲ့ ပုံကို ချိတ်ထားတယ်တဲ့။

ဒါပေမဲ့ လာတဲ့လူတွေက အဲဒီပုံကို ကြည့်ပြီး ''ဒါ မင်းအဖေလား'' လို့ မေးကြတယ်လို့ ပြောဖူးတယ်။

နောက်ပြီး ရွှေတြိဂံနယ်အကြောင်း ဘိန်းဖြူ နှိမ်နင်းရေး သတင်းကားကလည်း ရုပ်မြင်သံကြားမှာ ခဏခဏ လာတယ်။ တောကြိုတောင်ကြားမှာမို့ မြန်မာပြည်နဲ့ ရေမြေချင်း ဆက်စပ်တဲ့ နိုင်ငံတွေရဲ့ ဒေသတွေကိုသာ ပြတာများတော့ သယ်ယူပို့ဆောင်ရေးက ဆင်တွေ၊ လားတွေနဲ့ သွားကြ၊ ထန်းလက်တဲ စခန်းတွေမှာ နေကြ၊ စခန်းချကြတာတွေ ကြည့်ကြပြီး သဘောမပေါက်နိုင်ကြဘူး။

ဒါကြောင့် မမခင်တို့ မြန်မာပြည်ရဲ့ မိန်းကလေးတွေရဲ့အလှ၊ အဝတ်အစား၊ အဆင်အပြင် တစ်သွင်ထူးခြားတာတွေ၊ တောတောင်ရေမြေ ခြေခင်း၊ လက်ခင်း သာယာပြန့်ပြူးတာတွေ၊ ယဉ်ကျေးမှု တေးဂီတ အဆို အကတွေ၊ ကျွန်းသစ်၊ ဆန်စပါး၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း ထွက်ကုန်တွေ ကြွယ်ဝတာတွေ အခု ဗွီဒီယို ရုပ်မြင်သံကြား ရောင်စုံရိုက်နိုင်တဲ့ခေတ် ရောက်နေတဲ့အခါမှာ များများစားစား ကမ္ဘာကသိအောင် ပြလာနိုင်ပါစေလို့ မမခင် ဆုတောင်းပါတယ်။

မမခင်တို့ တိုင်းပြည်က ထွက်ကုန်တွေ စာရင်းချကြည့်ရင် အဖိုးတန် ကျောက်သံပတ္တမြားတွေ၊ ကျွန်းသစ်တွေဆိုတာ ကမ္ဘာမှာ ရှားပါးတဲ့ ပစ္စည်းတွေမို့ အလွန်လည်း ဂုဏ်ယူစရာ ကောင်းပါတယ်၊ ဒါကြောင့်မို့ ကြုံကြိုက်တိုင်း မမခင်တော့ ငါတို့တိုင်းပြည်မှာ ဘာပစ္စည်းတွေ ဘယ်လို ထွက်တယ်၊ ဘယ်လို ပေါများတယ် ဆိုတာ အခွင့်သင့်တိုင်း ပြောပြတယ်။ တစ်လောကပဲ တန်သုံးဆယ်ရှိတဲ့ ကျောက်စိမ်းတုံးနဲ့ မမခင်တို့ရဲ့ မြန်မာနိုင်ငံ အကြီးအကဲရဲ့ပုံကို သတင်းစာမှာ တွေ့လို့ ပြတော့ အားလုံးက ပါးစပ်အဟောင်းသားနဲ့ အံ့သြကြတယ်။ ဒီမှာ ကျောက်သံပတ္တမြား ဆိုတာ ဈေးတွေခေါင်ခိုက်နေတာမို့ တော်ရုံချမ်းသာလို့တော့ အနားမကပ်နိုင်ကြဘူး၊ မမခင်တို့ မြန်မာမတွေ စိန်၊ ရွှေ ညွတ်နေအောင် ဝတ်သလို ဒီမှာ မဝတ်နိုင်ကြဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာပြည်ကို လွမ်းစရာ၊ တမ်းတစရာတွေကတော့ အများကြီး ကိုဦးရယ်…။
ဆွေမျိုး အသိုင်းအဝိုင်းတွေကိုလည်း လွမ်းတယ်။
သူငယ်ချင်း အပေါင်းအသင်းတွေကိုလည်း လွမ်းတယ်။
မြန်မာအစားအသောက်တွေကိုလည်း လွမ်းတယ်။
မြန်မာ့ယဉ်ကျေးမှုပွဲတော်တွေကိုလည်း လွမ်းတယ်။
မြန်မာ့ရုပ်ရှင်တွေကိုလည်း လွမ်းတယ်။
မြန်မာ အဆို၊ အတီး၊ အကတွေကိုလည်း လွမ်းတယ်။
မြန်မာစာပေနဲ့ ကဗျာကလေးတွေကိုလည်း လွမ်းတယ်။

နောက်ဆုံး ကုန်ကုန်ပြောမယ်…။ မြန်မာပြည်က မွှေးတဲ့ ပန်းကလေးတွေက အစ လွမ်းတယ်။

လွမ်းတယ်ဟော့၊ လွမ်းတယ်…လွမ်းတယ်လို့ အိမ်ခေါင်မိုးပေါ်က တက်အော်ပြီး ပြောလို့ ကြားများကြားရမယ်ဆိုရင် အိမ်ခေါင်မိုးပေါ်တက်ပြီး မြန်မာပြည်က လူတွေ ကြားရအောင် အော်လိုက်ချင်ပါရဲ့ ကိုဦးရယ်…။

ဒါကြောင့်မို့ ဒီစာရဲ့ ခေါင်းစီးကို…

'သန္တာစမ်းက အလွမ်းစာ'လို့ အမည်တပ်လိုက်တာပေါ့။ မမခင်တို့ Coral Springs ကို 'သန္တာစမ်း'လို့ ကိုဦးက ဘာသာပြန်ပေးလိုက်တာ ကဗျာဆန်လို့ သဘောကျ သွားတာလည်း ပါသပေါ့။

ကိုဦးက မမခင်ကို တိုင်တည်ပြီး အဝေးရောက် ချစ်တဲ့ ခင်တဲ့ သူများကို တစ်ပါတည်း သိစေဖို့ စာရေးတာကို မမခင်ကလည်း အားကျပြီး ကိုဦးကို တိုင်တည်ပြီး မြန်မာပြည်က အားလုံးသော သူများကို တစ်ပါတည်း သိစေဖို့ မမခင်ကလည်း ပြန်စာမှာ မမခင် သိသမျှ၊ မြင်သမျှ အတွေ့အကြုံ ဖြစ်ရပ်ကလေးတွေကို ဝေခွဲခံစားချင်လို့ စာရှည်ကြီး ရေးလိုက်တာပါ။ ဒီအတွေ့အကြုံ ဖြစ်ရပ်ကလေးတွေဟာ မမခင်ရဲ့ ခံယူ ချက်မို့ မှားချင်လည်း မှားမယ်၊ တိမ်းချင်လည်း တိမ်းမယ်၊ ခံယူချက်ချင်း မတူညီရင်တော့ ခွင့်လွှတ်ပါ ဆိုတာ ကြိုတင်တောင်းပန်ပါရစေနော်…။

''မြန်မာပြည်က မွှေးတဲ့ပန်းကလေးတွေကို လွမ်းလိုက်တာ''ဆိုလို့ ကိုဦးက မမခင်တစ်ယောက် ပိုပြန်ပြီ။

''ပန်းပဲ ဘယ်ကပန်းဖြစ်ဖြစ် မွှေးမှာပေါ့လို့''ပြောချင်တယ် မဟုတ်လား။

တကယ်…တကယ် ကိုဦးရေ၊ တစ်နေ့ ကိုဦး ဒီကိုရောက်လာရင် တွေ့ရမယ်။ ဒီက ပန်းတွေ မမွှေးဘူး၊ မြန်မာပြည်မှာက အဆင်းရော အနံ့ရော ပြည့်စုံတာ၊ ဒီမှာက လှပါ၏။ အတော်လည်း စုံပါ၏၊ ကြီးလည်း ကြီးပါ၏။ ဒါပေမဲ့ အနံ့ မရှိဘူး။ ပန်း ဆိုတာ လှရုံလှနေလို့ မပြည့်စုံဘူး မဟုတ်လား…။

mgyoe.com

mgyoe.com
SAMPLE BOOK

မမခင်က ကဗျာမစပ်တတ်လို့၊ ကဗျာသာစပ်တတ်ရင် 'ပန်းကလေးများ မွေးရာမြေ'ဆိုပြီး မြန်မာပြည်က ပန်းကလေးတွေအကြောင်း စပ်လိုက်ချင်ပါဘိ။

မမခင် ရောက်ခါစက သတိမထားမိဘူး။ အနေကြာလာမှ သတိပြုမိတာ။ ဇွန်ပန်းကို မြင်တိုင်း မမခင်ရဲ့ရင်မှာ ခိုက်စမြဲ။ မန္တလေးမှာ မမခင်ရဲ့ အချစ်ဆုံး သူငယ်ချင်း လှလှမြင့်ဆိုတာ ရှိတယ်။ မမခင် မန္တလေးကို ပြန်တိုင်း လှလှမြင့် အိမ်မှာ တည်းတယ်။ လှလှမြင့်တိုက်ရဲ့ နောက်ဘက် ခြံထဲမှာ ဇွန်ရုံတွေ ရှိတယ်။ မနက်ဆိုရင် မမခင်နဲ့ မြင့်နဲ့ နှစ်ယောက်သား ဇွန်ဖူးတွေ ခူးကြတာ နေ့တိုင်း ငွေဖလားကြီးနဲ့ တစ်လုံးအပြည့် ရတယ်။ အနံ့ဆိုလည်း မွှေးကြိုင်နေတာ၊ အဖူးလေးတွေက ဖြူဆွတ်လို့။ အဲဒါ ဆင်ဝင်အောက်က ခုံတန်းလျားမှာ ထိုင်ကြပြီး ဇွန်ဖူးတွေကို ပန်းကုံးသီကြတယ်။ ပန်းကုံးတွေ ရပြီဆိုတော့ မျက်နှာချင်းဆိုင်မှာ ရှိကြတဲ့ စကြဲသီဟ ဘုရားမှာ သွားပြီး ပန်းကပ်ကြရော…။ အဲဒါ မမခင် မန္တလေးမှာ နေသမျှ နေ့စဉ် လုပ်နေကျ။

ဒါကြောင့်မို့ ဇွန်ပန်းကို မြင်တိုင်း ရင်မှာခိုက်အောင် မြင့်ကို လွမ်းမိတယ်။ တစ်နေ့ကျတော့ စူပါမားကက်(ဈေးကြီး)ကိုအသွား ကားရပ်တဲ့နေရာဘေးမှာ ဇွန်ရုံတွေ ဖွေးဖွေးလှုပ် ပွင့်နေတာတွေ့တော့ မနေနိုင်ဘူး၊ အပြေးလေးဆင်းပြီး ဇွန်ပန်းတွေကို မွှေးမိတယ်။ ဇွန်နံ့လေး သင်းတယ် ဆိုရုံကလေး သင်းတယ်။ မမခင်တို့ မြန်မာပြည်မှာလို အနံ့က လှိုင်သွားအောင် မမွှေးဘူး။ ဇွန်ပန်းမှ ဟုတ်ပါရဲ့လားလို့ အရွက်ကို ကြည့်တော့လည်း ဇွန်ရွက်မှ အစစ်။ ဇွန်တင်လား ဆိုတော့ မဟုတ်ဘူး။ စံပယ်လည်း ဒီလိုပဲ၊ နှင်းဆီလည်း ဒီလိုပဲ။ မမခင်တို့ဆီမှာလို ပန်းနံ့မွှေးအီသွားအောင်ကို အနံ့မရဘူး။ သင်းတယ် ဆိုရုံလောက်ကလေးပဲ အနံ့ရတယ်။

နောက်ပြီး ပန်းဆိုလို့ မမခင်တို့ မြန်မာပြည်မှာလို အမည်များများ သိပ်ပြီး မတွေ့ရဘူး။ အများဆုံးတွေ့ရတာ ဂန္ဓမာ အမျိုးစုံ။ သစ္စာပန်း၊ နှင်းဆီ၊ လီလီ၊ ပိုင်အိုလက်၊ ဂါဒီနီယား၊ ဇော်မွှား စတဲ့ အနံ့မရှိဘဲ လှတဲ့ ပန်းမျိုးတွေပဲ များတယ်။ အပွင့်တွေကတော့ ကြီးလည်း ကြီး၊ လှလည်း လှ၊ အရောင်လည်း စုံတယ်။ အထူးသဖြင့် ဂန္ဓမာမှာ အမျိုးအရောင် တော်တော်စုံတာ တွေ့ရတယ်။ မမခင်တို့ မြန်မာပြည်မှာတော့ ရာသီလိုက်ပွင့်တဲ့ ပန်းတွေမှ လက်ချိုးရေတွက်လို့တောင် မရအောင် များလှတယ် မဟုတ်လား။

ခုလိုဆောင်းဆိုရင် သဇင်တို့၊ ခွာညိုတို့၊ ခရစ္စမတ်ပန်းတို့၊ နောက်ပြီး မွှေးတဲ့ ပန်းတွေဆိုလည်း အများကြီး၊ အများကြီး။ ဒေါနတို့၊ ခရေတို့၊ သရဖီတို့၊ စံကားစိမ်း၊ စံကားဝါ၊ ပိတောက် အို…စုံမှစုံ။ မမခင်ဖြင့် တစ်ခါတလေ တစ်ယောက်တည်း ထိုင်ပြီး ပန်းကလေးတွေအကြောင်း စဉ်းစားရင်း ပန်းကလေးတွေကို လွမ်းရတယ် ကိုဦးရယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီမှာ ပန်းဈေးကလည်း တကယ်ကြီး။

မြန်မာမဆိုတာ ခေါင်းမှာလည်း ပန်းတစ်ပွင့်ပန်စမြဲ။

ဘုရားစင်မှာလည်း ပန်းတွေ ဝေစမြဲ မဟုတ်လား။ ပန်းတစ်စည်းကို အနည်းဆုံး သုံးဒေါ်လာကနေပြီး ငါးဒေါ်လာအထိ ပေးရတယ်။ သစ္စာပန်းတို့၊ ဂန္ဓမာတို့ ဆိုတာ မျိုးပေါ့။ နှင်းဆီဆိုရင်တော့ တစ်ဒါဇင်ကို ဒေါ်လာ ၂၀ ကနေ၊ ဒေါ်လာ ၄၀ ထိတောင် ပေးရတတ်တယ်။ တစ်ခါတလေ မွှေးတဲ့ ပန်းကလေးတွေ ဘုရားတင်ချင်လိုက်တာလို့ တမ်းတမိတယ်။ မြန်မာပြည်မှာ ပိတောက်တို့၊ ဆပ်သွားဖူးတို့၊ ဒေါနတို့များ ဘုရား တင်ထားတဲ့အခါ တစ်အိမ်လုံး မွှေးနေတာကို သတိရတယ်။

ပန်းဆိုင်တွေလည်း ဒီမှာ အလုပ်ဖြစ်ကြတယ်။

ပန်းက ဒီမှာ အချစ်ရဲ့ သင်္ကေတ။ ယောကျ်ားလေးက မိန်းကလေးကို ချစ်ရေး ဆိုရင်လည်း ပန်းနဲ့၊ နေမကောင်းလို့ လူနာမေးချင်ရင်လည်း ပန်းနဲ့။ မွေးနေ့တို့၊ နှစ်ပတ်လည် မင်္ဂလာနေ့တို့ ဆိုရင်လည်း ပန်းနဲ့။ အသုဘလည်း ပန်းနဲ့။

ပန်းနဲ့ပဲ မေတ္တာကို သရုပ်ဖော်ကြ၊ ကိုယ်စားပြုကြတယ်။

ပန်းဆိုင်တွေကလည်း ပန်းကို တကယ်လှအောင် ပြုပြင်တတ်ကြတယ်။ ပန်းအိုး စိုက်ထားတာများ အနုပညာမြောက်လိုက်တာ ကိုဦးရယ်။ အရောင်အသွေးစပ်ပုံ၊ အခက် အရွက် အနေအထားကျပုံတွေဟာ စိတ်ကူးကောင်းကောင်းနဲ့ ပြုပြင်ထားတာမို့ ချီးကျူး ဖို့ သိပ်ကောင်းတာပဲ။

ပန်းကိုလည်း ပန်းဆိုင်မှာ ကိုယ်တိုင်ကိုယ်ကျ သွားဝယ်ပြီး ပေးလိုသူဆီ ယူသွား ဖို့ မလိုဘူး၊ အရာရာကို လွယ်သည်ထက် လွယ်တာကြိုက်တဲ့ နေရာမှာတော့ အမေရိကန် လူမျိုးကို စံထားရမယ်လို့ ထင်တယ်။ တယ်လီဖုန်းတစ်လုံးနဲ့ အလုပ်ဖြစ်အောင် လုပ်သွား တာပဲ။ တကယ်လို့ ကိုဦးက မိတ်ဆွေတစ်ယောက် ဆေးရုံတက်နေလို့ သတင်းမေးချင် တယ် ဆိုပါတော့၊ ပန်းဆိုင်ကို လှမ်းပြီး ဘယ်ဆေးရုံ၊ ဘယ်အခန်းက ဘယ်လူနာဆီ ကို ကိုယ်တတ်နိုင်တဲ့ နှုန်းနဲ့ ဈေးကို ပြောပြီး ပို့ပေးပါလို့ ပြောလိုက်ရုံပဲ။ ပန်းဆိုင်က ကိုဦးရဲ့လိပ်စာနဲ့ ဖုန်းနံပါတ်ယူထားလိုက်ပြီး ကျသင့်ငွေ ချက်လက်မှတ်ကို နောက်တစ်နာရီ အတွင်း လာယူမယ်။ ကိုဦး မိတ်ဆွေရှိတဲ့ လူနာခန်းကိုလည်း ပန်းပို့ပြီးသား ဖြစ်မယ်။ အဲသလောက် မြန်တယ်။ အကယ်၍ ကိုဦးက ဖလော်ရီဒါမှာ ရှိမယ်၊ မိုင်သုံးထောင်ကျော် ဝေးတဲ့ ကာလီဖိုးနီးယားက မိတ်ဆွေ ဆေးရုံတက်နေရင် ဖြစ်စေ၊ မိတ်ဆွေရဲ့ အသုဘ ဖြစ်စေ၊ မွေးနေ့ဖြစ်စေ ပို့ချင်ရင်လည်း ဒီမှာရှိတဲ့ ပန်းဆိုင်ကို အကြောင်းကြားလိုက်ရုံပဲ။ ပန်းဆိုင်က သူတို့စီးပွားဘက်အချင်းချင်း ပို့ချင်တဲ့မြို့က ပန်းဆိုင်ကို လှမ်းအကြောင်း ကြားပြီး တာဝန်အပြည့်ယူလိုက်တာပဲ။

မမခင်တို့ မြန်မာပြည်ရဲ့ လူနေမှုစနစ်ကိုက အင်မတန် လူလူချင်း မေတ္တာထားတဲ့ တရားမှာ အခြေခံတာမို့ တစ်ယောက်ယောက် နေထိုင်မကောင်းရင် ဆွေမျိုးရော၊

mgyoe.com

mgyoe.com SAMPLE BOOK
အိမ်နီးချင်းရော၊ သူငယ်ချင်းရော ဝိုင်းဝိုင်းလည် သတင်းလာမေးကြတာ မဟုတ်လား။ အချိန်လည်း ပေးနိုင်တယ်လေ။ ဒီမှာက တိုးတက်နေတာနဲ့အမျှ လူတွေလည်း စက်ရုပ်လို အလုပ်လုပ်နေကြရတာ။ ဒီမှာ ရှားပါးပစ္စည်းကတော့ အချိန်ပဲ။ အားလုံးဟာ အချိန်ကို လုနေကြရတယ်။ အချိန်လုပြီး သွားရတယ်။ အချိန်လုပြီး စားရတယ်။ မိသားစု အရေးအခင်းနဲ့ ကြုံရင်တောင် အချိန်ပေးနိုင်ဖို့ မနည်းကြိုးစားကြရတယ်။

မမခင် မှတ်မိသေးတယ်၊ မမခင် ရောက်ပြီး တစ်နှစ်မှာ သွေးလွန်လို့ ဆေးရုံ တက်ရတယ်။ မမခင်နဲ့ တခြား အမျိုးသမီးတစ်ယောက်နဲ့ နှစ်ယောက် တစ်ခန်း နေရတယ်။ အဲဒီ အမျိုးသမီးက မမခင်ထက် ပစ္စည်းလည်း အများကြီး ပြည့်စုံတယ်။ သားအကြီးက ဆရာဝန်၊ သားအငယ်က စီးပွားရေးလုပ်ငန်းပိုင်ရှင်။ သူ့ဘေးမှာ ဆိုတာ ပန်းအိုးတွေ၊ ပန်းအိုးတွေ ထားစရာမရှိအောင်ပဲ။ သားနှစ်ယောက်စလုံးက တစ်ယောက်မှ ကိုယ်တိုင် လာမကြည့်နိုင်ဘူး။ သားအငယ်က စီးပွားရေးနဲ့ ခရီးထွက်နေရတာ၊ အဝေးပြော ဖုန်းနဲ့ပဲ သတင်းမေးနိုင်ရှာတယ်။ သားအကြီးက တစ်မြို့တည်း နေပေမယ့် သူ့လူနာတွေနဲ့ မအားနိုင်လို့ မလာရဘူး၊ တယ်လီဖုန်းနဲ့ပဲ သတင်းမေးတယ်။ ပန်းတွေ ပို့ကြတယ်။ မမခင်အိပ်ရာမှာရော၊ ခေါင်းရင်းမှာရော၊ ခြေရင်းမှာရော၊ ဘေးမှာရော ချွေးသားအုပ်မ ကြီးလို တစ်ပြုံကြီး မွေးထားတဲ့ ကလေးတွေက ဝိုင်းဝိုင်းလည် လာပြီး အမေကို ကြည့်နေတာ မြင်တော့ အဲဒီအမျိုးသမီးက–

"နင့်ကို ငါ အားကျလိုက်တာဟယ်" လို့ ထုတ်ပြောရှာတယ်။

ဒီနေရာမှာ မြန်မာ့ယဉ်ကျေးမှုနဲ့ သူတို့ယဉ်ကျေးမှု ကွာခြားတာ သိသာတယ်။ မြန်မာကတော့ ဘယ်လောက်အလုပ်များပါစေ၊ နာရေးဆိုရင် ရောက်အောင် ပြေးပြီး လာကြစမြဲပဲ၊ ဒီမှာ ဘယ်လောက်အနေကြာလဲ၊ မြန်မာ့ယဉ်ကျေးမှုကိုတော့ ထိန်းသိမ်း ကြဆဲပဲ ကိုဦးရဲ့။ မမခင်ရဲ့ အမေ ဆုံးတုန်းကလည်း ဒီလိုပဲ။ ရှိတဲ့ မြန်မာတွေအားလုံး သတင်းကြားတာနဲ့ ချက်ချင်း စုဝေးပြီး ရောက်လာကြတယ်။

ဒါကြောင့်မို့ မြန်မာပြည်နဲ့ ဝေးလေလေ၊ ကိုယ့်ဓလေ့ ကိုယ့်ထုံးစံ ကိုယ့်ယဉ်ကျေး မှုကို ပိုပြီး ထိန်းသိမ်းထားဖို့က လိုလေလေလို့ မမခင်တော့ ယူဆတယ်။ တစ်လောက သတင်းစာထဲမှာ ဖတ်လိုက်ရတယ်၊ ဂျပန်အသင်းက ကြီးမှူးပြီး ဂျပန် စာသင်ကျောင်း ထောင်မယ့်အကြောင်း၊ ဘာလို့လဲဆိုရင် ဂျပန်တော်တော်များများ ဖလော်ရီဒါဘက်မှာ ရှိကြတယ်။ ဒီမှာ မွေးတဲ့ ဂျပန်ကလေးတွေဟာ အမေရိကန် ကျောင်းတွေမှာပဲ စာသင် ကြရပြီး အင်္ဂလိပ်စကားပဲ ပြောတတ်တယ်၊ ဂျပန်စကား၊ ဂျပန်စာ၊ ဂျပန်ယဉ်ကျေးမှု တွေကို မသိကြတော့ဘူးတဲ့။ ဒါကြောင့်မို့ တစ်ပတ်မှာ ငါးရက်က အင်္ဂလိပ်စာကို သင်တာ သင်ပါစေ၊ စနေနေ့ကျရင် ဂျပန်ကျောင်းကို ပို့ပါ၊ ဂျပန်စာ သင်ပါစေ၊ ဂျပန်စကား ပြောပါစေ၊ ဂျပန် အလေ့အထတွေ သိပါစေ၊ ဂျပန် ယဉ်ကျေးမှုတွေကို
mgyoe.com

mgyoe.com SAMPLE BOOK

နားလည်ပါစေတဲ့။ ဂျပန်ကျောင်းက အဲဒီကလေးတွေကို ဂျပန်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာနဲ့ ဂျပန်စာများ သင်ပေးပါမယ် တဲ့။

မမခင် အားကျလိုက်တာ ကိုဦးရယ်။

သူတို့ ဂျပန်တွေက လူအင်အားလည်း တောင့်တယ်၊ စည်းလည်း စည်းလုံးတယ်။ ဂျပန်အစိုးရကလည်း အားပေးတယ်။

မမခင်တို့ နေတဲ့ သန္တာစမ်းနဲ့ ၄၅ မိနစ်လောက်အဝေးမှာ 'မိုရီကာမိဥယျာဉ်' ဆိုတာ ရှိတယ်။ လွန်ခဲ့တဲ့ ၁၉၀၃ ခုနှစ်လောက်က မိုရီကာမိဆိုတဲ့ ဂျပန်လေးဟာ အသက် ၂၀ ပဲ ရှိသေးတယ်၊ ရေကြည်ရာ မြက်နုရာ ရှာပြီး အမေရိကန် ပြည်ထောင်စုကို ရောက်လာတယ်။ ဖလော်ရီဒါမှာ နာနတ်တို့၊ ဖရဲသီးတို့ စိုက်တယ်။ သူ့ရဲ့ယာခင်းက အောင်မြင်လာတဲ့အခါ သူတစ်ယောက်တည်း မနိုင်တော့လို့ ဂျပန်ကို တစ်ခေါက်ပြန်ပြီး သူ့ဆွေမျိုးစု၊ ညီအစ်ကို မောင်နှမတွေကို ခေါ်ပြီး ပြန်လာတယ်။ သူ့လုပ်ငန်းကို လူအားများများနဲ့ တိုးချဲ့လာတာ တဖြည်းဖြည်းနဲ့ အောင်မြင်လို့ မီလျံနာသူဌေးကြီး ဖြစ်သွားတယ်။ မိုရီကာမိဟာ သူဌေးဖြစ်ပေမယ့် နည်းနည်းမှ ထည်ထည်ဝါဝါ မနေခဲ့ဘူး။ ဧကပေါင်းများစွာ ရှိတဲ့ သူရဲ့ယာခင်းထဲမှာပဲ ယာယီအိမ်ကလေးမှာနေပြီး သက်သတ်လွတ်ပဲ စားတယ်၊ သူ အသက်ကိုးဆယ်မှာ ကွယ်လွန်သွားတော့ သူပိုင်တဲ့ ဧကများစွာကို Palm Beach County ကို လှူခဲ့တယ်၊ မိုရီကာမိဆိုတဲ့ ဥယျာဉ်နဲ့ ပြတိုက်ကို အများပြည်သူတွေအတွက် လှူခဲ့တယ်။ မိုရီကာမိဥယျာဉ်ကို ရောက်တဲ့အခါ ဂျပန်ပြည်ကို ရောက်သွားသလားလို့ အောက်မေ့ရတယ်။ ဆိုင်းဘုတ်ကအစ ဂျပန်စာနဲ့၊ ဂျပန်ပုံစံ အမိုးကော့ကော့လေးနဲ့။ ဂျပန်ပြည်မှာရှိတဲ့ ဝါးတွေ၊ သစ်ပင်အပုလေးတွေ၊ တံတားလေးတွေ၊ ကျောက်တိုင်တွေ၊ အို…ကိုဦးရယ် မြင်ကွင်းတစ်ခုလုံးဟာ ဂျပန်ပြည်အတိုင်းပါပဲ။ ပြတိုက်ထဲကို ဝင်တော့လည်း အားလုံး ဖိနပ်ချွတ်ပြီးမှ ဝင်ကြရတယ်။ အဝင်ဝမှာ အလှူတွေမှာ ဖိနပ်သိမ်းသလို ဖိနပ်တာဝန်ယူတဲ့ အမျိုးသမီးရှိတယ်။ ရှူးဖိနပ်တွေကို ချွတ်ထားခဲ့ပြီး သူတို့ပေးတဲ့ စက္ကူဖိနပ်ကိုပဲ စီးရတယ်။

အထဲမှာတော့ ကမ္ဘာရဲ့ မြေပုံအကြီးကြီးရယ်၊ ဂျပန်ပြည်ရဲ့ မြေပုံအကြီးကြီးရယ် ယှဉ်ပြီး ချိတ်ထားတယ်။ ဂျပန်တွေ ဘယ်လိုအိပ်တယ်၊ ဘယ်လိုစားတယ်၊ ဘယ်လို အလှပြုပြင်တယ်၊ ဘာတွေ ဝတ်တယ်၊ အသုံးအဆောင်တွေကိုလည်း သူ့အခန်းနဲ့သူ ခင်းကျင်းပြထားတယ်။ ဂျပန်စာအုပ်တွေ၊ ကာတွန်းတွေလည်း ပြထားတယ်။ အနုပညာပစ္စည်းတွေ၊ ထွက်ကုန်တွေ အစုံပဲ။ မိုရီကာမိ ရောက်လာခါစက နေခဲ့တဲ့အိမ်၊ စားခဲ့တဲ့ သံပန်းကန်ပြား၊ ယောက်မကအစ ချို့ချို့တဲ့တဲ့နဲ့ ကြိုးစားလာရာက အောင်မြင်လာပုံတွေ၊ ရာသီဥတု ဖောက်ပြန်လို့ ယာခင်းတွေ ပျက်စီးပုံတွေ၊ ပြန်လည်ထူထောင်ရပုံတွေကိုလည်း မှတ်တမ်းတင် ဓာတ်ပုံတွေနဲ့ ပြထားတယ်။ ချီးကျူးစရာ၊ အားရစရာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ခုတော့ ဒီမိုရီကာမီဥယျာဉ်ကို ဂျပန်အသင်းက ထိန်းသိမ်းထားပြီး မကြာခဏ ရာသီလိုက် ပွဲတော်တွေ၊ စွန်လွှတ်ပွဲတို့၊ အရုပ်ပွဲတို့ သူ့ယဉ်ကျေးမှုအလိုက် လုပ်တယ်။ အဲဒီအခါမှာ ဂျပန်သံအမတ်ကြီး ကိုယ်တိုင် ဆင်းလာပြီး မိန့်ခွန်းတွေ ဘာတွေ ပေးတယ်။ မမခင်ဖြင့် မိုရီကာမီဥယျာဉ်ကို ရောက်တော့ တံတားခြေရင်းက ကျောက်တုံးပေါ်မှာ ထိုင်ပြီး အပန်းဖြေရင်း စိတ်ကူးတွေ ယဉ်မိတယ် ကိုဦးရယ်။

တို့မြန်မာအသင်းကလည်း သူတို့လိုပဲ နေရာအကျယ်ကြီး ဝယ်၊ ရေကန်ကြီး တစ်ခု အလယ်မှာ တူး၊ ရေကန်ကရတဲ့ မြေတွေကို တောင်ပူဆာလေး လုပ်၊ တောင်ပူဆာ ပေါ်မှာ လွမ်းစေတီလေး တည်၊ တောင်ခြေရင်း ရေကန်ဘေးမှာက ဘုန်းကြီးကျောင်း ဆောက်၊ ဘုန်းကြီးကျောင်းဘေးမှာ ပြတိုက်ကလေးတစ်ခု ထား၊ မြန်မာပြည်ဆိုတာ ဘယ်နားက ကျွန်းကလေးလဲလို့ မေးတဲ့လူတွေကို ဒီမှာဟဲ့…လို့ ပြရအောင် မြန်မာပြည် မြေပုံကြီးနဲ့ ကမ္ဘာ့မြေပုံကြီးကို နံရံမှာ ချိတ်ထားလို့။

မြန်မာတွေ ဘယ်လို အိပ်တယ် ဆိုတာ အိပ်ရာတို့၊ အိုက်တဲ့အခါ သင်ဖြူးခင်း တာမျိုးတို့၊ အလှပြင်တော့လည်း သနပ်ခါးကျောက်ပျဉ်နဲ့ သနပ်ခါးတုံးနဲ့ စသည်ဖြင့်ပေါ့။ မြန်မာစာပေ ဆိုရင်လည်း မမခင်မှာရှိတဲ့ စန္ဒာတို့၊ ပေဖူးလွှာတို့၊ သွေးသောက်တို့ပေါ့။ ကျွန်းသစ်နဲ့ လုပ်ထားတဲ့ ပန်းပုတွေ၊ ယွန်းထည်တွေ၊ ကောက်ရိုးပန်းချီတွေ…။

✣

၁၉၈၅ ခုနှစ်၊ မေလ။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သော ကိုဦး...

နာမည်ကြီး ပန်းချီဆရာတစ်ဦးရဲ့ ဆီဆေး၊ ရေဆေး ပန်းချီကားတွေ၊ မှန်စီရွှေချ ပစ္စည်းဖြစ်တဲ့ ဆွမ်းအုပ်တို့၊ ဟင်္သာရုပ်တို့ စသည် စသည်တွေ မြန်မာ့အနုပညာပြစရာတွေမှ အများကြီးပါပဲ ကိုဦးရယ်။ မမခင်တော့ ဘယ်နေမှန်းမသိသေးတဲ့ မြန်မာပြတိုက်ကြီးအတွက် ခုကတည်းက ပစ္စည်းတွေကို စိတ်ကူးနဲ့ စုထားနေမိတယ်။

မြန်မာပြည်ရဲ့ ရှမ်းမျှော်ခင်း ရောင်စုံဆလိုက်တွေကိုလည်း အလိုအလျောက် ပြစက်ထဲမှာ ထည့်ထားပြီး ပြနေမယ်။ သာယာငြိမ့်ညောင်းတဲ့ မြန်မာတေးသီချင်းတွေကိုလည်း ဖွင့်ထားပေးမယ်။

ဗဟုသုတအနေနဲ့ မြန်မာ့လက်မှုပညာဖြစ်တဲ့ ယွန်းလုပ်ငန်းတို့၊ ရွှေဆိုင်းလုပ်ငန်းတို့၊ ငွေထည်လုပ်ငန်းတို့၊ ထီးလုပ်ငန်း၊ ပန်းပုလုပ်ငန်းတွေကိုလည်း ဗွီဒီယိုတိပ်တွေနဲ့ ရိုက်ထားပြီး အခါအားလျော်စွာ ပြပေးမယ်။ ထွက်ကုန်ပစ္စည်းဖြစ်တဲ့ စပါးလုပ်ငန်း၊ ကောက်ပင်ပျိုးတာကနေ ကောက်ရိတ်၊ ဆန်ဖြစ်တဲ့အထိ လုပ်တာမျိုး၊ သစ်လုပ်ငန်း၊ ကျောက်တွင်းလုပ်ငန်း စတဲ့ဟာတွေလည်း ဒီလိုပဲ ဗွီဒီယိုတိပ်တွေနဲ့ ရိုက်ပြီး ပြရမယ်။

မြန်မာပြည်ထွက် လက်ဆောင်ပစ္စည်း သေးသေးမွှားမွှားလေးတွေကိုလည်း ရောင်းတဲ့ ဆိုင်လေးတစ်ခု ထည့်ထားဦးမယ်။ ဖြစ်နိုင်ရင် မြန်မာ့စားသောက်ဆိုင် 'ကဖီ တေးရီးယား'လေး တစ်ခုပါ ပူးတွဲပြီး လာကြည့်တဲ့သူတွေ အပန်းဖြေနားရင်း စားသောက် ကြရအောင်ပေါ့။

ကဲ...ဘယ်လောက်အားရစရာကောင်းလိုက်မလဲ ကိုဦးရယ်နော်...။ နောက်ပြီး မြန်မာဘုန်းကြီးကျောင်းမှာ ဆိုရင်လည်း ရာသီလိုက်ပွဲတော်တွေ ကျင်းပမယ်ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK
ဝါဆိုသက်န်း ကပ်ပွဲတို့၊ ကထိန်တို့၊ သီတင်းကျွတ် မီးထွန်းပွဲတို့၊ သင်္ကြန်တို့၊ ထမနဲပွဲတို့ စသည်ပေါ့…။ အရေးအကြီးဆုံးကတော့ ဒီမှာမွေး၊ ဒီမှာကြီးတဲ့ မမခင်တို့ မြန်မာကလေးတွေကို သူတို့ အမေရိကန် ကလေးတွေ Sunday School လုပ်သလို ကလေးတွေကို ဘုန်းကြီးကျောင်းမှာ တနင်္ဂနွေနေ့တိုင်း မြန်မာစာသင်လို့၊ ပြည်သူ့နီတိတို့၊ မင်္ဂလာတရားတို့ကို အခြေခံနားလည်အောင် သင်ပြဖို့ သင်တန်းတွေ သိပ်ပြီး လုပ်သင့်တာပဲ။

တချို့ကလေးတွေဆိုရင် အဖေမြန်မာ၊ အမေမြန်မာ၊ မြန်မာမိဘစစ်စစ်က မွေးထားပြီး မြန်မာစကား လုံးဝမပြောတတ်တော့တာ ရင်နာဖို့ သိပ်ပြီးကောင်းတာပဲ ကိုဦးရယ်…။ ကလေးတွေ မပြောနဲ့၊ ဒီမှာ အနေကြာတဲ့ လူကြီးတွေတောင် မြန်မာအချင်းချင်း အတွေ့အထိ နည်းကြတော့ စကားပြောရင် ကမောက်ကမနဲ့ ဘဲဥမှည့်မှည့်ရှိသလား ဆိုတဲ့ မြန်မာမျိုး ဖြစ်ကုန်တာ တွေ့ရတယ်။

တစ်ခါတုန်းက မမခင်ရဲ့ ယောက်မ မမတင် ပြောပြလို့ ကြားရဖူးတယ်။ သူတို့က မြစ်ဝကျွန်းပေါ် ဇာတိ မဟုတ်လား။ သူတို့မိတ်ဆွေ လယ်သမားကြီးတစ်ယောက်က အင်္ဂလိပ်ခေတ် အချိန်တုန်းမှာ အိုင်စီအက်စ်တွေ ခေတ်ကောင်းပြီး အရေးပိုင်တွေ၊ ကော်မရှင်နာတွေ ဖြစ်တာကို မြင်ရတော့ အားကျပြီး–

"ငါ့သားလေး ငါ့လို ဆင်းဆင်းရဲရဲနဲ့ လယ်ထဲမှာ နွားနဲ့ရုန်းပြီး ပင်ပင်ပန်းပန်း ရှာဖွေ မစားရအောင် အိုင်စီအက်စ်ဘွဲ့ ရတဲ့အထိ ပညာသင်ပေးမယ်"ဆိုပြီး သူ တစ်သက်လုံး မစားရက် မသောက်ရက် စုဆောင်းထားသမျှ ငွေတွေနဲ့ အင်္ဂလန်ပြည်ကို ပို့ပြီး သားကို ပညာသင်ပေးတယ်တဲ့…။

သားလုပ်တဲ့သူက ဘွဲ့ရပြီး အင်္ဂလန်က ပြန်လာတော့ အဖေ့အိမ်မှာ ချိတ်ထားတဲ့ ကောက်ရိတ်တဲ့ တံစဉ်ကို မြင်တော့–

"အဖေ၊ အဲဒီကောက်ကောက်ကြီးက ဘာလဲ"လို့ မေးသတဲ့။

အဖေလုပ်တဲ့သူက ဒေါပွပြီး "အဲဒီကောက်ကောက်ကြီးကို မသိဦးကွ…၊ မသိဦးကွ…"ဆိုပြီး သားကို နားရင်းအပြတ်ထပြီး အုပ်ပစ်လိုက်တယ်တဲ့ ကိုဦးရဲ့။

မမခင်လည်း တစ်ခါတစ်ခါ အဲဒီလယ်သမားကြီးလို ကိုယ့်မြန်မာအချင်းချင်း နားရင်းထပြီး အုပ်ချင်တဲ့ စိတ်တွေ ပေါက်မိတယ် သိလား။

"လွန်လှချည်လား မမခင်ရဲ့" လို့ ကိုဦးက ပြောချင်တယ် မဟုတ်လား။

ကဲ…မမခင် လွန်သလား ဆိုတာ ကိုဦးကို ပြောပြမယ်၊ နားထောင်။

တစ်ခါတုန်းက မမခင်တို့ ဒေါက်တာနိုင်ဝင်းအိမ်ကို သွားလည်ကြတော့– ဒေါက်တာနိုင်ဝင်းရဲ့ အိမ်ရှေ့မှာ ရေကန်တူးပြီး မြန်မာပြည်ကလို ကြာဖြူ၊ ကြာနီတွေ စိုက်ထားတာ တွေ့တာနဲ့ မမခင်နားက မိတ်ဆွေတစ်ယောက်က–

"ကြာတွေ စိုက်ထားတာတော့ လှပါရဲ့၊ ရေတွေ မှိုတက်ကုန်ရင် ဘယ်လိုလုပ်မလဲ" တဲ့။
mgyoe.com

mgyoe.com SAMPLE BOOK

''ဟဲ့…ရေပဲ၊ မှိုတက်တယ်လို့ မကြားဖူးပါဘူးဟယ်…''ဆိုတော့-

''ဟုတ်တယ် မမခင်ရဲ့… ရေပေါ်မှာ အစိမ်းရောင် အပြင်ကြီး ဖြစ်နေတာကို ပြောတာ''တဲ့။

''အဲဒါမှို မဟုတ်ပါဘူးကွာ…။ ရေညှိပါ''ဆိုတော့မှ…

''အင်း…ဟုတ်သားပဲ''တဲ့။

တက္ကဆက်ပြည်နယ်၊ ဟူစတန်ကို သွားလည်တော့ သက်သက်ဝင်းတို့အိမ်က မမခင်တို့ မိသားစုကို ထမင်းစားဖိတ်တယ်။ သွားမယ့်အုပ်စုက မမခင်တို့ မိသားစု အပြင် လာတွေ့ကြတဲ့ မိတ်ဆွေတွေပါ ပါနေတာနဲ့ လူစုခွဲပြီး ကားသုံးစီးနဲ့ သွားကြရ တာကိုး။ မမခင် လိုက်သွားတဲ့ ကားပိုင်ရှင်က ကားပေါ်ရောက်တော့ တောင်းပန်တယ်။ သူက မြန်မာပြည်သားပေမယ့် တောင်ပေါ်သား ဖြစ်နေတော့ မြန်မာစကားပြောတာကို သဘောပေါက်အောင် အတော်နားထောင်ယူရတယ်။

ကြုံတုန်း တက္ကဆက်ပြည်နယ်အကြောင်း ဖြတ်ပြီး ပြောလိုက်ရဦးမယ်။ ခုထက်ထိ အများစုက ကောင်းဘွိုင်ဖိနပ်စီးကြတုန်း၊ ကောင်းဘွိုင်ဦးထုပ်ဆောင်းကြ တုန်း…၊ ကားဆိုရင်လည်း ယောက်ျားပိုင်းက Truck ကားကို ရူးကြတုန်း ကိုဦးရဲ့။

မမခင်ကို လာခေါ်တဲ့ အမျိုးသားကလည်း သူ့ရဲ့ Truck ကားနဲ့ လာခေါ်တာ ကိုး…။

''အန်တီ့ကို ရှေ့ခန်းမှာ ပေးစီးရတာ အားနာတယ်၊ နောက်ဘက်မှာ ကျွန်တော် က စားပွဲခုတ်ဖို့ ထင်းတွေ ဝယ်လာမိလို့''တဲ့။

ကဲ…ကိုဦး သဘောပေါက်ရဲ့လား…။

သူ ဆိုလိုချင်တာက စားပွဲလုပ်ဖို့ သစ်တွေ ဝယ်လာတယ်လို့ ပြောချင်တာ ကိုဦးရေ…

အဲ…ဖိတ်တဲ့ အိမ်ကိုရောက်မှ ပိုဆိုးသေးတယ်…

သက်သက်က''အန်တီ လာကြည့်ပါဦး…ကျွန်မတို့ ခြံနောက်မှာ ကြံပင်တွေ မွေးထားတာမှ အများကြီးရယ်''တဲ့…

သူစိုက်ထားတဲ့ ကြံပင်တွေကို လိုက်ပြရင်း ပြောတာလေ…။ အိမ်ထဲပြန်ဝင် လာကြပြီး မီးဖိုဘက်မှာ ဘာများ ကူရမလဲလို့ မေးရင်း ကြည့်လိုက်တော့ ဝိုင်းကူလုပ်ပေး နေတဲ့ နော်မန်က သူ့တူမလေးကို…

''ဟော့ ဘောလုံးပန်း…အဲဒီပန်းကန်တွေကို စက်ထဲထည့်ပြီး လျှော်လိုက်တော့'' တဲ့။

ကိုဦး ပဟေဠိ ဖြစ်သွားပြီလား။

''ဘောလုံးပန်းဆိုတာ မူရင်းနာမည် မဟုတ်ဘူး။ ခုခေတ်စားနေတဲ့ Punk… ဆံပင်ပုံစံ ဘောလုံးပန်းလို ဆံပင်တိုတိုထောင်နေအောင် ညှပ်ထားတဲ့ ခေတ်ရှေ့ပြေးနေ

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ ကလေးမကို တင်စားပြီး 'ဘောလုံးပန်း' လို့ ခေါ်လိုက်တာ။ ပန်းကန်တွေ ဆေးလိုက်ပါ ဆိုတာက အင်္ဂလိပ်စကား Wash ကို တိုက်ရိုက်ဘာသာပြန်လိုက်တာပေါ့။

အဲဒီ တိုက်ရိုက်ဘာသာအပြန်ကောင်းလို့ ကြက်သီးထစရာကောင်းတဲ့ အဖြစ်လေး တစ်ခုကိုလည်း ပြောရဦးမယ်။

တစ်နေ့ မမခင်ဆီကို ဒေါက်တာလွင် ဖုန်းဆက်လာတယ်။

မြန်မာအသင်း နှစ်ပတ်လည် အမှုဆောင်ရွေးဖို့ တိုင်ပင်ကြတော့…ဒေါက်တာရီရီမြင့်ကို ဥက္ကဋ္ဌ ရွေးရအောင်တဲ့။

မမခင်က ဒေါက်တာရီရီမြင့်အစား ဒေါက်တာလွင်ပဲ ဥက္ကဋ္ဌလုပ်ပါ ဆိုတော့…

"မဟုတ်ဘူး အန်တီ…ရီရီမြင့်ပဲ ထားပါ၊ ခုမိန်းမတွေ ထတဲ့ခေတ် မဟုတ်လား" တဲ့။

သူ့စကားကြားတော့ မမခင် လန့်သွားတာပဲ။

"ဟောတော့် ဆရာလွင်…ဘယ်လိုပြောလိုက်တာလဲ" လို့ မေးလိုက်မိတယ်။

"ဟုတ်တယ်လေ… 'Women are up' ခု ဒုသမ္မတ နေရာကိုတောင် မိန်းမကို ရွေးဖို့ လုပ်နေကြတယ် မဟုတ်လား" တဲ့။

သူက ခပ်တည်တည်ပဲ ရှင်းပြနေလိုက်သေးတယ်။

"ဒါဖြစ်ရင်လည်း မိန်းမတွေ ထတယ်လို့ မပြောရပါဘူး… အဲဒါ စော်ကားရာကျတဲ့ စကား၊ မိန်းမတွေ တန်းတူတိုးတက်လာတဲ့ ခေတ်လို့ ပြောရင် တော်သေးတယ်"

"အမယ်လေး…ဆောရီးပဲ အန်တီရယ်၊ ကျွန်တော် အဲလိုဆိုလိုတာ မဟုတ်ပါဘူးနော်…စိတ်မဆိုးပါနဲ့၊ ရီရီမြင့်ကိုလည်း ပြန်မပြောလိုက်ပါနဲ့၊ ကျွန်တော်က up ကို တိုက်ရိုက်ဘာသာပြန်လိုက်မိလို့ပါ" တဲ့။

ဒီတော့မှ ပျာပျာသလဲ တောင်းပန်တယ် ကိုဦးရဲ့…

Up ကို ဘာသာအပြန် ကောင်းလိုက်တာ…ကြက်သီးကို ထစရာကောင်းတော့တာပဲလေ…။

တစ်ခါကလည်း မိတ်ဆွေတစ်ယောက်က မုန့်ဟင်းခါးကျွေးမယ်ဆိုလို့ သွားစားတာ နံနံပင်က ဒီမှာ ဈေးကြီးတယ် ကိုဦးရဲ့…ရှားလည်း ရှားတယ်။ တစ်ခါတစ်ရံမှ ဝယ်လို့ ရတတ်တာ…အမျိုးသမီးက နံနံပင်ကို ခြွေရင်း အနွမ်းတွေကို ဖယ်လိုက်ပြီး…

"ခင်ကြီးရယ်…ဒီနံနံပင်တွေ ပစ်လိုက်ရမှာ…အားနာစရာကြီးနော်" တဲ့၊

သူဆိုလိုချင်တာက…နှမြောစရာကြီးဆိုတာ…ကိုယ့်ဟာကိုယ် နားလည်လိုက်ရတယ်။

တစ်နေ့ကလည်း တစ်ယောက်က သူ့ခြံထဲမှာ သရက်ပင်တစ်ပင်လုံး ခုတ်ထားတာ ပြပြီး -

mgyoe.com

mgyoe.com SAMPLE BOOK

''ကြည့်ရတာ...ရှင်းမသွားဘူးလား အန်တီ၊ ကျွန်တော် ပင်စည်တွေအားလုံး ခုတ်ပစ်လိုက်ပြီ၊ ခုအကိုင်းကို တူးပစ်ဖို့ပဲ ကျန်တော့တယ်''တဲ့။

ပင်စည်ကို လက်ညှိုးထိုးပြီး ပြနေလေရဲ့။

အကိုင်းနဲ့ ပင်စည်ကို ခြေရင်း၊ ခေါင်းရင်း မှားပြီး ပြနေတာလေ...။

နောက်ပြောင်းလာတဲ့ မိသားစုက သမီးလေးနာမည်က...'သရဖီ'လို့ ပြောပြတော့ တစ်ဦးက ဘယ်လိုမှတ်ချက်ချလဲ သိလား။

''ဟင်...အဲဒါ ဘုန်းကြီးနာမည်ကြီးနော်''တဲ့...။

ကဲ...မလွန်ဘူးလား ကိုဦးရယ်၊

အဲ...မမခင်ရဲ့ မြေးစုတ်ကလေးတောင် နားရင်းအုပ်ရမယ့် စာရင်းထဲမှာ ပါနေသေးတယ်။

မယမင်းရဲ့ သားအငယ်ကောင်'သူရဆွေ'ပေါ့။

သူ့အစ်မက ပူရှိန်းသကြားလုံးကို စားမယ် လုပ်တော့-

''မမ...အဲဒါ မစားနဲ့၊ ပါးစပ်အိုက်တယ်''တဲ့။

အဲဒီကလေးတွေရဲ့ ရှေ့ရေး ရင်လေးစရာ မကောင်းဘူးလားဟင်...။

မမခင် သမီးတစ်ယောက် ရှိသေးတယ်။ မီးချောရယ်ပေါ့။

သူ ဒီကို ရောက်တော့ မြန်မာပြည်က ကိုးတန်း သင်နေဆဲမှ သူနဲ့အတန်းတူ သူငယ်ချင်း'ထွဋ်'ဆိုတဲ့ ကောင်ကလေးက စာရေးလာတော့ သူက ပြန်စာရေးရင်း မမခင်ကို စားပွဲက လှမ်းမေးလာတယ်။

''မာမိ...ထွဋ်ကို ဘယ်လိုပေါင်းလဲဟင်...''တဲ့။

မမခင်က'ထဆင်ထူး ဝဆွဲ ငသန်လျှင်းချိတ်သတ်''လို့ မီးဖိုထဲက ချက်ရင်း၊ ပြုတ်ရင်း လှမ်းဖြေလိုက်မိတယ်။

''အင်း...သိပြီ၊ သိပြီ''ဆိုပြီး ဆက်ရေးနေလေရဲ့။

မမခင်က သူရေးတာ ဟုတ်ရဲ့လားလို့ သွားကြည့်တော့-

ထဆင်ထူးကို ဝဆွဲရမယ့် အစား ဝလုံးက ထဆင်ထူးရဲ့ ထိပ်ပေါ် ရောက်နေလေရဲ့။ ဒါကို သူက သိပြီ...သိပြီ တဲ့လေ...။

နားရင်း တစ်ချက်အုပ်ပြီး ''နင့် ဝလုံး အောက်ကို ချဟဲ့''လို့ ပြောရတယ်။

ဒါကြောင့် ဂျပန်အသင်းက ဂျပန်ကျောင်း ဖွင့်တာကို မမခင် တကယ်အားကျမိပါရဲ့။ မမခင်တို့ မြန်မာ ဘုန်းကြီးကျောင်းမှာ အလားတူ မြန်မာစာသင်ဖို့၊ မြန်မာ့ယဉ်ကျေးမှုသင်ဖို့ အချိန်လုပ်ပေးသင့်တာပေါ့ ကိုဦးရယ်။

ကျောင်းသာ ဖြစ်မြောက်သွားပြီးရင် မြန်မာစာကြည့်တိုက်ကလေး တစ်ခုလည်း တွဲထားလို့ ရမယ်။ ဒါကြောင့် မမခင်တော့ ကိုဦး ပို့ပေးတဲ့ မဂ္ဂဇင်းတွေရော၊

mgyoe.com

mgyoe.com
SAMPLE BOOK
ကလေးတွေဆီက ဝေစုရထားတဲ့ မဂ္ဂဇင်းတွေရော အားလုံးကို အဖုံးကျကျနနဖုံးပြီး တစ်နေ့ ဖြစ်လာမယ့် မြန်မာစာကြည့်တိုက်အတွက် သိမ်းထားတယ်။

နောက်ဆုံးလေ…မမခင် ဘယ်အထိ စဉ်းစားထားသလဲ ဆိုတော့ တောင်ပူဆာ ခြေရင်းမှာ လှလှပပ ဥယျာဉ်ခြံကလေး လုပ်၊ မြန်မာပြည်က ကံ့ကော်ပင်တို့၊ ပိတောက်တို့၊ သပြေတို့၊ ခရေတို့ ဆိုတဲ့ အပင်မျိုးတွေ စိုက်၊ မြန်မာတွေ ကွယ်လွန်ရင် မီးသင်္ဂြိုဟ်ပြီး ပြာအိုးကလေးတွေကို လှလှပပ သင်္ချိုင်းဂူသေးသေးလေးတွေ လုပ်ထားပြီး သီးသန့် မြန်မာသင်္ချိုင်းကလေးပါ လုပ်ထားပေးလိုက်ဦးမယ်ပေါ့…။

မြန်မာတွေ အသက်ကြီးလို့ အလုပ်ခွင်က အနားယူကြတော့မယ် ဆိုရင်လည်း ဘုန်းကြီးကျောင်းနဲ့ နီးနီးမှာ စုပြီး ရပ်ကွက်ကလေး တည်၊ မြန်မာ ရွာကလေး လုပ်၊ အဲဒီမြန်မာရွာကို မမခင်ရဲ့ဇာတိ ဖြစ်တဲ့'မန္တလေး'လို့ နာမည်ပေးလိုက်ဦးမယ်။

"ဝါး…ဟား…ဟား…၊ တို့ မမခင်ကြီး နွားနို့အိုးကြီး ကျကွဲသွားပြီလား" လို့ ဟားတိုက်ပြီး မရယ်လိုက်ပါနဲ့ဦး ကိုဦးရယ်။

တကယ်တော့လည်း မမခင် စိတ်ကူးယဉ်တာတွေဟာ လောလောဆယ်တော့ ဟားစရာ ဖြစ်နေမလား မသိပါဘူးကွာ။

မြတ်စွာဘုရားက 'ဆန္ဒာဓိပတိ'လို့ ဟောခဲ့တာမို့ ဆန္ဒအင်အား ကြီးမားရင် တစ်နေ့ ပြည့်ဝလာမှာပဲလို့ ကိုယ့်ဟာကိုယ် စိတ်ချမ်းသာအောင် တွေးပြီး ယုံကြည်ထားလိုက်တယ်။

အခု လက်ရှိကတော့ မမခင်တို့ ဖလော်ရီဒါမှာ မြန်မာမိသားစုတွေ ရှိကြပေမယ့် ဗုဒ္ဓဘာသာက လေးငါးဦးပဲ ရှိတယ်။ အဲဒီရှိသမျှ အင်အားစုလေးနဲ့ပဲ မမခင်တို့ "ဖလော်ရီဒါ ဗုဒ္ဓဘာသာအသင်း"ဖွဲ့ထားတယ်။ ဘုန်းကြီးကျောင်း ဖြစ်မြောက်ရေးကို ဦးတည်ပြီး ရန်ပုံငွေ စုနေတာ ၁၉၈၆ ခုနှစ်လောက်မှာတော့ မမခင် စိတ်ကူးယဉ်တဲ့ ဘုန်းကြီးကျောင်းမျိုး မလုပ်နိုင်သေးတဲ့တိုင်အောင် ဘုန်းကြီးကျောင်းသေးသေး တစ်ခုတော့ ဖြစ်လာဖို့ အလားအလာ ရှိနေတယ်။

ခုမြန်မာ ဘုန်းတော်ကြီးတွေ နိုင်ငံအရပ်ရပ်ကို နိုင်ငံခြားသာသနာပြုလုပ်ငန်း အတွက် နိုင်ငံတော် အစိုးရက လွှတ်ပေးနေတာ သိပ်ပြီး ဝမ်းသာဖို့၊ ကျေးဇူးတင်ဖို့ ကောင်းတာပဲ ကိုဦးရယ်…။

ဘုန်းကြီး ရဟန်းနဲ့ ဝေးခါမှ ဘုန်းကြီး ရဟန်းရဲ့ တန်ဖိုးကိုလည်း ပိုပြီး သိတာနော်…။ မမခင် အမေဆုံးတုန်းက ဒီတိုင်းပြည်မှာ မြန်မာ ဘုန်းကြီးကျောင်းလည်း တစ်ကျောင်းမှ မရှိသေးဘူး။ မြန်မာ ရဟန်းလည်း တစ်ပါးမှ မရှိသေးဘူး၊ ဝါရှင်တန် ဘက်မှာတော့ သီဟိုဠ် ဘုန်းကြီးကျောင်းနဲ့ သီဟိုဠ် ဘုန်းကြီးတွေလောက်ပဲ ရှိသေးတယ်။ ကာလီဖိုးနီးယားဘက်မှာ ယိုဒယားကျောင်းနဲ့ ယိုးဒယားဘုန်းကြီးတွေ ရှိတယ်။
mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့်မို့ မမခင် အမေကို သင်္ဂြိုဟ်တဲ့အခါမှာ သရဏဂုံတောင် ဘုန်းကြီးနဲ့ မတင်လိုက်ရဘူး။ မမခင် လာခါနီး မြန်မာပြည်ကတည်းက လိုရမည်ရ ဆိုပြီး အသံသွင်း ယူခဲ့တဲ့ တိပ်ခွေကို ဖွင့်ပြီး သရဏဂုံ တင်လိုက်နိုင်တယ်။ မကြာခင်က သားလေး 'ဇာနည်မြလှိုင်' ဆုံးသွားတော့ နိုင်ငံတော် အစိုးရက နိုင်ငံခြား သာသနာပြုဆရာတွေ လွှတ်ထားပေးပြီး ဘုန်းကြီးကျောင်းတွေကို ဖြစ်မြောက်အောင် အထောက်အကူပေးလာတဲ့ အချိန်ဖြစ်လို့ ကာလီဖိုးနီးယားက ဆရာတော် ဦးသီလနန္ဒကို ပင့်ပြီး သရဏဂုံ တင်လိုက် နိုင်လို့ ကျေးဇူးတင်ရသေးတယ်။

ခုဆိုရင် အမေရိကားမှာ မြန်မာဘုန်းတော်ကြီး ၁၁ ပါးနဲ့ မြန်မာဘုန်းတော် ကြီးကျောင်း ဆန်ဖရန်စစ္စကိုမှာ နှစ်ကျောင်း၊ လော့စ်အင်ဂျယ်လိစ်မှာ တစ်ကျောင်း၊ နယူးယောက်မှာ တစ်ကျောင်း၊ ဝါရှင်တန်မှာ တစ်ကျောင်း၊ တင်နင်စီမှာ တစ်ကျောင်း၊ စုစုပေါင်း ခြောက်ကျောင်း အထမြောက်သွားပြီ။

မမခင်တို့ ဖလော်ရီဒါနဲ့ အီလီနွိုက်၊ အိုဟိုင်းယိုရယ် ပြည်နယ်သုံးခုကတော့ ကျောင်းဖြစ်မြောက်ရေး အားထုတ်ကြဆဲပဲ ရှိကြသေးတယ်။ မမခင်တို့ လောလောဆယ် ကျောင်းမရှိသေးတော့ ကယ်လီဖိုးနီးယားက ဆရာတော် ဦးသီလနန္ဒကို တစ်နှစ်တစ်ကြိမ် ပင့်ပြီး အနောက်ကမ်းခြေ ဖို့မာယာဘက်မှာရော၊ မမခင်တို့ အရှေ့ကမ်းခြေ သန္တာစမ်း မှာရော ဝိပဿနာသင်တန်းကလေးတွေ လုပ်တယ်။ သတင်းစာမှာ စိတ်ဝင်စားသူများ လာနိုင်ပါတယ်လို့ ကြေညာလိုက်တာနဲ့ စုံစမ်းကြ၊ မေးမြန်းကြ၊ စာရင်းပေးကြတဲ့ သူတွေ အများကြီးပဲ။

တချို့က မမခင်တို့ ဝိပဿနာကို မဟာယာန'ဇင်'နဲ့ ရောတဲ့ သူလည်း ရှိကြတယ်။ တချို့က ဟိန္ဒူ'ယောဂ'နဲ့ ရောတဲ့ သူတွေ ရှိလို့ မနည်းရှင်းပြရတယ်။ ဒီမှာ အဲဒီလို ဂိုဏ်းတွေကလည်း သိပ်ပြီး ခေတ်စားတာ ကိုဦးရဲ့။ အိန္ဒိယက ပန်ချာပီ ယောဂီ တစ်ယောက်က ဒီတိုင်းပြည်ကို ဆေးကုဖို့ လာရင်းက မပြန်တော့ဘဲ မြို့ပြင်မှာ မြေအကျယ်ကြီး ဝယ်၊ သူ့လက်ထောက် အတွင်းရေးမှူးနဲ့ တရားဥပဒေ ကျွမ်းကျင်တဲ့ ဝတ်လုံနဲ့ငှားပြီး ဓမ္မရိပ်သာ တည်ထောင်တာ အကြီးအကျယ် အောင်မြင်နေတာပဲ။ သူက ဘာစုသလဲဆိုတော့ ရိုးလ်စ်ရွိုက်စ်ကား စုသတဲ့ ကိုဦးရေ...။ သူ့တပည့်တွေက သူ့ကို ကြည်ညိုလွန်းလို့ ဝယ်ပြီး လှူထားတာ သူ့မှာ ရိုးလ်စ်ရွိုက်စ်ကားအစီးပေါင်း ၄၅ စီးတောင် ရှိနေပြီ ဆိုတာ သတင်းစာမှာ ဓာတ်ပုံတွေနဲ့ ပါလာတာ ဖတ်လိုက်ရဖူးတယ်။

တကယ်တရားအလုပ်ကို လုပ်တဲ့ တောင်ပုလု၊ ကမ္ဘာအေးကျောင်းတို့ ဘာတို့ ကျတော့ သိပ်ပြီး ဆင်းရဲတာပဲ။ လာသမျှလူကို အလကားကျွေး၊ အလကားနေ၊ အလကား တရားပြ ဆိုတော့ ရတဲ့ အလှူငွေနဲ့ မကာမိရှာကြဘူး။ ဒီမှာ ဓမ္မရိပ်သာ တော်တော် များများက ပိုက်ဆံယူပြီး လုပ်ကြတာ များတယ်။ တောင်ပုလုမှာက သိပ်ပြီး ငြိမ်းချမ်းတာပဲ

mgyoe.com

mgyoe.com
SAMPLE BOOK
ကိုဦးရယ်။ ဆန်ဖရန်စစ္စကိုမြို့နဲ့ မိုင် ၇၀ လောက်ဝေးတဲ့ ဆင်ခြေဖုံးဘက်မှာမို့ တိတ်ဆိတ်ငြိမ်းချမ်းပြီး တကယ်တရားရှာဖို့ နေရာနဲ့ ကိုက်ညီတဲ့ အရပ်ပဲ။

နောက်ပြီး တရားရှာတဲ့ သူတွေကလည်း အများစုက အမေရိကန်တွေ များတယ်။ ယောဂီ အမျိုးသမီးကလေးတွေ ဆိုရင် သိပ်ပြီး ကြည်ညိုစရာ ကောင်းတာပဲ။ အရွယ်ငယ်ငယ်လေးတွေပေမယ့် မျက်လွှာကို ချပြီး လမ်းကို တစ်လှမ်းချင်း တရားမှတ်ပြီး လျှောက်ကြတယ်။ အမေရိကန် ရဟန်းတွေခမျာလည်း သူတို့ ပင်ကိုက အသားအလွန်စားတဲ့ လူမျိုး၊ ပေါင်မုန့်တို့၊ ထောပတ်တို့နဲ့ ကြီးကြတဲ့ လူမျိုး မဟုတ်လား။ တောင်ပုလုမှာက ကေသနိက် တစ်ထပ်တည်းသော ဆွမ်းကို ဗလပိုင် ဘုဉ်းပေးရတာ။ ချက်တာကလည်း ထမင်းနဲ့၊ အသားက နည်းနည်း၊ အသီးအရွက်ဟင်းက များများမို့ သူတို့ စားနေကျ အစာ မဟုတ်ဘဲ တင်းတိမ်နိုင်တာ တကယ်ကို ချီးကျူးစရာ ကောင်းတယ်။

တစ်ခါက ကြုံရတဲ့ ရယ်စရာ အဖြစ်ကလေးတစ်ခုကို ကိုဦးကို ပြောပြရဦးမယ်။ မမခင်တို့က မြန်မာလိုပဲ ချက်စားတော့ မြန်မာအစာရောင်းတဲ့ တရုတ် ကုန်စုံဆိုင်မှာ တစ်ခါတစ်ခါ သွားဝယ်ကြရတယ်။ အဲဒီဆိုင်က မမခင် နေတဲ့ သန္တာစမ်းနဲ့ ၁၅ မိုင်လောက် ဝေးတဲ့မြို့မှာ ရှိတာမို့ လိုတာတွေ မေ့ရင် နောက်တစ်ခေါက် ပြန်မသွားရအောင် ဆိုပြီး မမခင်က ဝယ်ချင်တဲ့ပစ္စည်း စာရင်းကလေးလုပ်ပြီး ယူသွားတယ်။

ကောင်တာပေါ်မှာ ပစ္စည်းတွေကို မမခင် စာရင်းနဲ့ တိုက်ပြီး စစ်ကြည့်နေတော့ အမေရိကန် အမျိုးသမီးနှစ်ယောက်က မမခင် ဘေးနားမှာ သူတို့လည်း ဈေးဝယ်ရင်းက လှမ်းကြည့်ပြီး-

''အဲဒါ တရုတ်စာလား။ နင်က တရုတ်လား''လို့ မေးတယ်။

''ငါက မြန်မာ၊ ဒါက မြန်မာစာ''လို့ ပြောတော့-

''အို…နင်က မြန်မာလား…''ဆိုပြီး အမျိုးသမီးတစ်ယောက်က ရှေ့တိုးလာတယ်။

မမခင်ကလည်း''အမယ်…တယ်ဟုတ်ပါလား။ ဒီတစ်ခါ မြန်မာကို သိတဲ့သူတွေ့ပြီဟဲ့…။ ဘယ်ကျွန်းကလေးကလည်းနဲ့ ရှင်းပြစရာ မလိုတော့ဘူး''ဆိုပြီး…

''နင်က မြန်မာကို သိသလား…''လို့ ဝမ်းသာအားရ ပြန်ပြီး မေးလိုက်မိတာပေါ့။

''အို…သိတာမှ သိပ်သိ၊ နင်တို့ မြန်မာဆိုတော့ ဗုဒ္ဓကို ကိုးကွယ်တာ မဟုတ်လား''

''အေး…ဟုတ်တယ်။ နင်က ဗုဒ္ဓကို စိတ်ဝင်စားလို့လား''

''တော်ပါဟယ်…ငါ့ ညီမတစ်ယောက် ဗုဒ္ဓဘာသာကို စိတ်ဝင်စားလို့ ဆိုပြီး ဘုန်းကြီးကျောင်းမှာ သွားပြီး ဆွေးနွေးလိုက်တာ သဘောတွေကျပြီး တစ်ခါတည်း

mgyoe.com

mgyoe.com
SAMPLE BOOK
တရားပဲ ထိုင်နေတော့တယ်။ ဘာလုပ်ဖို့မှ ခေါ်လို့ မရတော့ဘူး…။ နင်တို့ တကယ် 'ဦးနှောက်ဆေး'(Brain Wash) ကောင်းတာပဲ''လို့။

မကျေနပ်တဲ့ လေသံအပြည့်နဲ့ မမခင်ကို ရန်တွေ့သွားလေရဲ့ ကိုဦးရယ်။

အလုပ်တစ်ခုလုပ်ရင် အကျိုး၊ အပြစ်ဆိုတာကတော့ ကြုံရစမြဲပဲ မဟုတ်လား နော်။ မမခင်လည်း မိတ်အဖွဲ့ ကောင်းလိုက်တာ၊ ရန်တွေ့ခံရတာနဲ့ အဆုံးသတ်လိုက်ရတာမို့ ကိုယ့်ဟာကိုယ်တစ်ယောက်တည်း ပြုံးလိုက်မိသေးတယ်။

ကဲ… မမခင် စာရေးလိုက်တာ ဟိုရောက် သည်ရောက် ကမောက်ကမနဲ့ အခု မတ်လဆိုတော့ ကိုဦးမွေးနေ့ ရောက်ခဲ့ပြီပေါ့။

မမခင် မောင် ကိုဦးတစ်ယောက် အနုပညာနဲ့ တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုး တိုးပြီး ပြုနိုင်ပါစေ…။

ဆန္ဒမှန်သမျှ ပြည့်ဝပြီး စိတ်၏ ငြိမ်းချမ်းမှု ရနိုင်ပါစေလို့ အဝေးရောက်နေတဲ့ အစ်မကြီး အနေနဲ့ ဆုပေးလိုက်ပါတယ်။

ကိုဦးရဲ့ အသက် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ်နဲ့ ကိုယ်ရေး အတ္ထုပ္ပတ္တိကို ခုအချိန်မှာ ရေးထားသင့်တယ်နော်၊ ဘာလို့လဲဆိုတော့ မမခင်ရဲ့ အတွေ့အကြုံအရ ပြောရရင် ကိုယ်တကယ်ခံစားရ၊ ကြုံရတွေ့ရတဲ့ အဖြစ်အပျက်နဲ့ အပြင်လူတွေရဲ့ အမြင်နဲ့ ဝေဖန်ခံရတာက တစ်မျိုး ဖြစ်ဖြစ်နေတတ်တယ်။ ဒီနှစ် ၅၀ အတွေ့အကြုံလေးတွေ ကိုဦးအနေနဲ့ ဘယ်လောက်စုံလိုက်မလဲ။ ခု မမခင် စန္ဒာမှာ ဖတ်ရတဲ့ တစ်ပိုင်းတစ်စ စာလေးတွေတောင် အတော်စိတ်ဝင်စားစရာ ကောင်းတယ်။ ဘဝအကွေ့အကောက်တွေမှာ သင်ခန်းစာ ယူစရာတွေ၊ ခါးသီးတာတွေ၊ အားကျစရာတွေ၊ ဂုဏ်ယူစရာတွေ အများကြီး အများကြီးနေမှာပဲ။

''အသက်ရှင်နေသေးသမျှ နေ့တိုင်း၊ ရက်တိုင်း၊ အချိန်တိုင်း ဘဝရဲ့ သင်ခန်းစာတွေ သင်ယူနေရခြင်းပဲ''လို့ ဆိုတဲ့ စကား ကြားဖူးတယ်။

စာရေးဆရာမကြီး ပါးလ်ဘတ် မကွယ်လွန်ခင် အသက် ၈၁ နှစ်မှာ နောက်ဆုံး အင်တာဗျူးလုပ်တော့ ပါးလ်ဘတ်က ပြောတယ်။

သူ ၈၁ နှစ်အတွင်းမှာ တွေ့ရကြုံရတဲ့ ဘဝသင်ခန်းစာတွေဟာ မနည်းကြီး စုဆောင်းမိပြီး ဖြစ်နေတာမို့ ခုနေမှာ အသက် ၁၈ နှစ်အဖြစ်နဲ့ လဲမလားလို့ မေးလာရင် မလဲနိုင်ပါဘူးလို့ ပြန်ဖြေမှာပဲတဲ့။

၁၈ နှစ်ဆိုတာ နုပျိုလှပတာကလွဲလို့ အသိပညာ မစုံလင်သေးတဲ့ အရွယ်မို့ ပါတဲ့။ ၈၁ နှစ်လုံးလုံး သူ့ရဲ့ ဘဝအတွေ့အကြုံက ရထားတဲ့ ပညာတွေဟာ အလွန်တန်ဖိုးကြီးတာမို့ သူ အသက်ကြီးတာအတွက် သိပ်ပြီး ကျေနပ် ဂုဏ်ယူမိပါတယ်တဲ့။

ဒါ မှန်သော စကားပဲ ကိုဦးရဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ဘဝရဲ့ အတွေ့အကြုံ သင်ခန်းစာဆိုတာ အချိန်နဲ့ စက်၊ ရင်ထဲက ခံစားချက်တွေနဲ့ စက်ပြီးမှ ရယူနိုင်တာ မဟုတ်လား။ အထူးသဖြင့် ကိုဦးလို လူရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိမျိုးက ပို၍ ရှိထားသင့်တာ။

ကိုဦးက အနုပညာနယ်မှာ စွယ်စုံ မဟုတ်လား။

စွယ်စုံဆိုတော့ တို့မောင် ဘီလူးကြီး ဖြစ်သွားပါဦးမယ်။

ဒသဂီရိလို မျက်နှာများတဲ့ ဘီလူးတော့ မဟုတ်ဘူး မဟုတ်လား။ ဒါကြောင့်မို့ ခုထက်ထိ စန္ဒာက လွဲပြီး ကြင်ရမယ့်သူ မရှိ ဖြစ်နေသေးတာမို့လေ။

တကယ်ပါ ကိုဦးလို စွယ်စုံ ရုပ်ရှင်မင်းသား၊ အဆိုတော်၊ စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာ၊ ရုပ်ရှင်လုပ်ငန်း၊ စာပေလုပ်ငန်းပိုင်ရှင် ဆိုတာ တော်ရုံ ပါရမီမျိုးနဲ့ ဖြစ်လာနိုင်တာမျိုးမှ မဟုတ်တာ။ မမခင်တို့ ငယ်စဉ်က ရှိခဲ့ဖူးပါတယ်။ ခင်မောင်ရင်တို့ ရုပ်ရှင်ရော၊ အဆိုရော ရခဲ့ကြတာ၊ စာပေနယ်မှာ ခြေမချကြပါဘူး။ တစ်ခုတော်၊ နှစ်ခုတော်လောက်ပဲ ရှိခဲ့ဖူးတယ်။

ကိုဦးလိုလူက သူတို့တွေ ပြောနေကျ One In A Million "တစ်သန်းမှာ တစ်ယောက်"ဆိုလို့ မလုံလောက်သေးဘူး။ လူဦးရေ ၃၄ သန်းမှာ ကိုဦးလို လူ တစ်ယောက်ပဲ ရှိခဲ့သေးတာမို့ မမခင်က ဆိုချင်တယ်။

"ရာစု တစ်ခုမှာ တစ်ယောက်လို့"

နောက်တစ်ခုက အထက်ကို ရောက်ဖို့၊ ကျော်ကြားဖို့၊ အောင်မြင်ဖို့ ဆိုတာ ခက်တယ်တဲ့။ အဲဒီထက် ပိုပြီး ခက်တာက အဲဒီရောက်တဲ့ နေရာမှာ ကြာကြာမြဲအောင် ထိန်းထားနိုင်ဖို့က ပို၍ ခက်သည်တဲ့…။

ကိုဦး မင်းသားသက် ဘယ်လောက်ကြာပြီလဲ တွက်ကြည့်စမ်းလေ။

မမခင် မှတ်မိတဲ့ ရယ်စရာအဖြစ် ကလေးတစ်ခု စပ်မိလို့ ရေးရဦးမယ်။ မမခင်ရဲ့ သမီးငယ် 'ယမင်းမြလှိုင်'ခြောက်တန်းလောက်တုန်းက တစ်နေ့ အိမ်က ကား ပျက်လို့ သုံးဘီးကားနဲ့ ကျောင်းကို အကြိုလွှတ်လိုက်တာ နမော်နမဲ့နဲ့ သုံးဘီးကားပေါ်မှာ ကျောင်းလွယ်အိတ် ပါသွားပါလေရော။ တစ်ညနေလုံး ရှိုက်ကြီးတငင် ငိုလိုက်တာ ကိုဦးရယ်၊ ထမင်းစားတောင် ခေါ်လို့ မရဘူး။

"ဒါလောက်တောင် ဖြစ်စရာလား သမီးရယ်"နဲ့ တစ်အိမ်လုံး ဝိုင်းချော့လို့လည်း မရတော့၊ မမခင်လည်း စိတ်မရှည်နိုင်တော့ဘူး။

"ကဲ…လာခဲ့၊ ခု ချက်ချင်း ဗိုလ်ချုပ်ဈေးကို သွားပြီး လွယ်အိတ်အသစ်၊ စာအုပ်အသစ် ဝယ်ပေးမယ်၊ မှတ်စုတွေ သူငယ်ချင်းတွေဆီမှာ လိုက်ပြီး ကူးပေးမယ်" ဆိုတော့…

mgyoe.com

mgyoe.com SAMPLE BOOK

"စာအုပ်ကြောင့် ငိုတာ မဟုတ်ဘူး၊ လွယ်အိတ်ကြောင့်လည်း ငိုတာ မဟုတ်ဘူးတဲ့၊ လွယ်အိတ်ထဲမှာ သူ စုထားတဲ့ ကိုဦးရဲ့ ဓာတ်ပုံတွေ ပါသွားလို့တဲ့"

အဲဒါအတွက်တော့ မမခင်လည်း ဘာမှ လုပ်မပေးတတ်တော့ဘူးလေ။

သူ့ကို ကြည့်ပြီး တစ်အိမ်သားလုံးက ဝိုင်းပြီး ဟားကြတယ်။ အဲဒီ သမီး 'ယမင်း'တောင် ခုကလေးနှစ်ယောက်အမေ ဘဏ်တိုက်တစ်ခုရဲ့ Assistant Vice-President ဖြစ်နေပြီ။ သူ ငယ်ငယ်တုန်းက ရူးခဲ့တဲ့ ကိုဦးက ခုထက်ထိ စင်ပေါ်မှာ ရှိဆဲ ဆိုတော့ ထိန်းသိမ်းထားနိုင်တဲ့ ကိုဦးရဲ့ အရည်အချင်းကို လေးစားစရာ၊ ချီးကျူးစရာပဲ မဟုတ်လား။

ကိုဦးက ပြောဦးမယ်...။

"မမခင် တစ်ယောက် ကိုယ့်ငါးချဉ်ကို ကိုယ် အပြတ် သံပရာသီး ညှစ်ပြီး ချဉ်နေပြန်ပါပြီ လို့"

တကယ်ပါ။ ကိုဦးမှာ ရှိတဲ့ အနုပညာတွေက တန်ဖိုးမဖြတ်နိုင်ပါဘူး။ အသက်အရွယ်နဲ့ လိုက်ဖက်တဲ့ နေရာမှာ အသုံးချသွားသမျှ အမြဲတမ်း တန်ဖိုးတက်နေမှာပဲ။

✤

၁၉၈၅ ခုနှစ်၊ ဇွန်လ။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သော ကိုဦးရေ…

မမခင် အမေရိကန်ပြည်ထောင်စုကို ရောက်စတုန်းက အတွေ့အကြုံကလေးတွေကို ဝတ္ထုကလေးသဖွယ် ရေးထားတာ ရှိတယ်။ ကြာတော့ ကြာပြီပေါ့။ ခေတ်မမီတော့ဘူး ဆိုရင် မသုံးပါနဲ့။ မလျော်တာ တွေ့ရင်လည်း ပြင်ဆင်ဖြတ်တောက်ပါ။ ပြီးခဲ့တဲ့ မမခင်ရဲ့ ပေးစာ ဆောင်းပါးတွေကို ဖတ်ပြီးကတည်းက ကိုဦးနဲ့တကွ စာရှု ပရိသတ်အားလုံး အဝေးရောက် ပတ္တမြားခင်ရဲ့ စိတ်ရင်းမှုမှန်ကို သိပြီး နားလည်ပြီးလို့ ယုံကြည်ပါတယ်။ အလွမ်းစာထဲက ဝမ်းစာကလေးတစ်ခုပေါ့ ကိုဦးရယ်။

ကိုင်း…မမခင်ရဲ့ ဝတ္ထုမမည်၊ ဆောင်းပါးမကျ ကိုယ်တွေ့ရသ စာတမ်းကလေးကတော့ ဒီလို ကိုဦးရဲ့။

✦ ✦ ✦

''မတူးရယ်…ငါလေ…တို့အိမ်ရှေ့မှာ ညညအော်အော်ရောင်းတဲ့ 'မုန့်ဖက်ထုပ်ပူပူလေး'ဆိုတာ စားချင်လိုက်တာကွာ''

''ဟင့်အင်း…ငါကတော့ မုန့်ဖက်ထုပ် မစားချင်ပါဘူး။ ၁၉ လမ်းက တစ်ခွက်ပြုတ်ပဲ သောက်ချင်တာ၊ ပြန်လို့သာ လွယ်မယ်ဆိုရင် မြန်မာပြည်ကို တစ်ခွက်ပြုတ်သောက်ဖို့ ပြန်သွားပါတယ် ဖိုးသားရာ။ ငါ့ကို မြန်မာပြည်မှာ ဘယ်သူ့အလွမ်းဆုံးလဲလို့ မေးရင် 'တစ်ခွက်ပြုတ်'လို့ ဖြေမှာပဲ သိလား''

''ယမင်းကော ဘာစားချင်လဲဟင်''

mgyoe.com

mgyoe.com SAMPLE BOOK

"ငါကတော့ လမ်း ၄၀ ထိပ်က ဖျာပုံ ဒေါ်ကြည်ရဲ့ မုန့်ဟင်းခါး လက်သုပ်ကို ငရုတ်ဆီရွှဲရွှဲနဲ့ စားရတာကို သိပ်အောက်မေ့တာပဲ"

မောင်နှမတစ်တွေ အချီအချ ပြောနေကြသည်ကို ကျွန်မ နားစွင့်မိသဖြင့် နိုင်ငံရပ်ခြားတွင် သောင်တင်နေကြသော သူတို့လေးတွေကို သနားသွားသည်။

ကျွန်မကိုယ်တိုင်လည်း မြန်မာပြည်မှ ခွာလာကတည်းက စားနေကျ အညာ ဟင်းကလေးတွေကို တမ်းတမိသည်။ ဆူးပုပ်ရွက်ဟင်းချိုနှင့် မရန်းသီးထောင်းနှင့် စာကလေးချက်နှင့်ဆိုလျှင် တစ်ထိုင်တည်း ထမင်းသုံးပန်းကန်လောက် ချောခနဲဝင်သွား နိုင်သည်။ ယခုတော့ လွမ်းရသည့် အညာဟင်းကလေးများဖြင့် ဝေးလေပြီ။

မရန်းသီးကို စဉ်းစားလိုက်တော့ ကျွန်မ အမေရိကန်ပြည်ထောင်စုကို ရောက်သည့်နေ့ကို သတိရမိသည်။ အမိမြေနှင့် ဝေးနေကြသော ကလေးတွေအတွက် စားစေချင်သည့် စေတနာဖြင့် ကျွန်မက ခွင့်ပြုချက်လျှောက်လွှာဖြင့် သယ်ယူခွင့်ရသမျှ မြန်မာအစားအသောက်များ သယ်လာခဲ့သည်။ တညင်းသီး၊ မရန်းသီး၊ သရက်ကင်း၊ လက်ဖက်၊ ပုစွန်ခြောက်ကအစ ပါလာသည်။

"မာမီကလည်း ဒီမှာစုံအောင် ဝယ်လို့ရတယ်၊ စားစရာတွေကို ခေါ်မလာပါနဲ့ လို့ စာရေးလိုက်သားနဲ့ အပင်ပန်းခံပြီး ခေါ်လာပြန်ပြီ"

ကျွန်မ၏ သားကြီး ဝင်းခန့်က ကျွန်မ စက္ကူပုံးထဲမှ ထုတ်ယူနေသော ပစ္စည်း များကို ကြည့်ပြီး အပြစ်တင်သံနှင့် ဆိုလာသည်။

သူ အမိမြေနှင့် ဝေးနေသည်မှာ ၁၆ နှစ်ခန့်ရှိပြီမို့ မြန်မာစကားကို အချိုးကျ အောင် မပြောတတ်ဖြစ်နေသည်ကို တွေ့ရ၍ ကျွန်မစိတ်ထဲ မောရသည်။

"ဟဲ့…စားစရာက လူမှ မဟုတ်ဘဲ သားရဲ့၊ ခေါ်လာတယ်လို့ ပြောရသလား၊ ယူလာတယ်လို့ ပြောရတာ၊ စကားတွေ မေ့ကုန်ပြီလား"

"ဆောရီး မာမီရယ်၊ သားက ပြောနေမကျလို့ပါ"

'အင်း…ဘဲဥမှည့်မှည့် ရှိသလား ဆိုတာမျိုးနဲ့တော့ တွေ့ရလေပြီ'ဟု ကျွန်မ ပြုံးရသည်။

ပစ္စည်းတွေ လှယ်ရင်း၊ သိမ်းရင်း သူကလည်း ကျွန်မကို ကူသိမ်းပေးနေသည်။ နံရံကပ် ဗီရိုထဲမှ လှမ်းယူလိုက်သော ပလတ်စတစ်ဘူးတစ်ခု သူ့လက်ထဲမှာ ကိုင်ထား သည်ကို မြင်မိသဖြင့်-

"သားရေ၊ အဲဒီဘူး အားသလားဟင်"

"ဘာလဲ မာမီ"

"ပုစွန်ခြောက်တွေ ထည့်ဖို့ ကျန်သေးလို့ အဲဒီဘူး အားသလားလို့"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟား…ဟား…ဟား…ဟား…ယမင်းတို့ မတူးတို့ လာပါဦး၊ ဒီမှာ မာမိက ဘူးကို အားသလားတဲ့…မြန်မာပြည်က ရောက်တာမှ တစ်ရက်ပဲ ရှိသေးတယ်"

ကျွန်မကို ကြည့်ပြီး အူလှိုက်သည်းလှိုက် ဟားတိုက်ပြီး ရယ်ရင်း သူ့ညီမတွေကို လှမ်းခေါ်လိုက်သေးသည်။

ကျွန်မက သူ ဘာရယ်မှန်း မသိ၍ ကြောင်ကြည့်နေမိသည်။

ညီမတွေ သူ့နားရောက်လာမှ-

"ဒီမှာ မာမီရယ်၊ ပုစွန်ခြောက်ထည့်ဖို့ ဘူးကို အားသလားတဲ့။ မအားဘူး။ ဘူးအလုပ်များနေတယ်လို့ ပြောလိုက်၊ လူမှ မဟုတ်တာ ဘူးကို အားသလားတဲ့၊ ဟား… ဟား…ဟား…ဟား"

သည်တော့မှ သူခိုးက လူ လူဟာစ်နေမှန်း သိရသည်။

ကျွန်မက ဘူးအား၊ မအား မေးသည်ကို သူ သဘောမပေါက်ဘဲ ကျွန်မကို တစ်ပြန် စကားမှားသည်ဟု ထင်ပြီး သူကပင် လှောင်ရယ် ရယ်နေလိုက်သေးသည်။

ရှိပါစေတော့-

သားအမိတစ်တွေ ကွဲနေရသမျှ အတိုးချပြီး တစ်ပတ်လုံး ပြောမကုန်နိုင်အောင် ဖြစ်နေကြသည်။

သူ့ခမျာ ၁၆ နှစ်လုံးလုံး မြန်မာစကား မသုံးခဲ့ရသဖြင့် ကျွန်မတို့ ကြားထဲတွင် တစ်ခါတစ်ခါ ကြောင်စီစီ ဖြစ်နေသည်ကို ကြည့်ပြီး ရယ်ရသည်။

"ဒီအကောင်လေ ဖြူဖြူအရောင်၊ သားတို့နောက်က ရေကန်ထဲကို လာလည် တယ်၊ သိပ်လှတာပဲ"

ကျွန်မ အလှထားဖို့ ယူလာသော ကျွဲချိုနှင့် လုပ်သည့် ဗျိုင်းရုပ်မည်းမည်းလေးကို လက်ညှိုးတထိုးထိုးနှင့် လာပြောနေသဖြင့်-

"ဗျိုင်းလား"

"ဟုတ်တယ်… ဟုတ်တယ်… တို့ မေ့သွားလို့"

"စံပဲ"

မတူးက ဝင်ပြီး မှတ်ချက်ချလိုက်သည်။

အမေကို သားက တစ်လှည့်၊ တို့က တစ်လှည့်၊ ညီမတွေကျတော့ ကျွန်တော်က နှင့် ရှိရှိသေသေ ပြောချင်လျှင် ပြောနေပြန်သည်။

ကျွန်မတို့ နေသော ဖလော်ရီဒါတွင် မြန်မာမိသားစု အချို့ ရှိသည်။ သားကြီး ဝင်းခန့် ဖလော်ရီဒါကို ပြောင်းလာသည်မှာ မကြာသေး။ ယခုမှ မြန်မာမိသားစုတွေနှင့် အဆက်အဆံရလာ၍ မြန်မာစကားပြောစရာ အဖော်တွေ တိုးလာသည်မို့ သူ့အတွက် ဝမ်းသာရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ ရောက်သည်ဟု ကြားသည်နှင့် ဒေါက်တာညွန့်လွင် မိသားစု၊ ဒေါက်တာနိုင်ဝင်း မိသားစုတို့ ရောက်လာကြပြီး မြန်မာပြည်အကြောင်း သတင်းကောင်းများ မေးရင်း ထိုင်စကား ပြောလိုက်ကြသည်မှာ မိုးလင်းခါနီး ဖြစ်သွားသည်။ အားလုံး မြန်မာစိတ်ဓာတ် မပျောက်ကြ၊ တစ်ယောက်နှင့်တစ်ယောက် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ရှိကြသည်မို့ ကျွန်မစိတ်တွင် အားရမိသည်။

နောက်တစ်နေ့ ကျွန်မချွေးမနှင့်အတူ ကလေးတွေ ကျောင်းသွားအပ်ရာမှ အပြန် သမီးငယ် ယမင်းက ဆီးပြီး အစ်ကို့အတင်းချသည်။

"မာရီရေ၊ မာမီတို့ ကျောင်းသွားအပ်နေတုန်းက ဒေါက်တာညွန့်လွင်ရဲ့ မိန်းမ မမဂျင်းတာ ဖုန်းဆက်တယ်၊ မာမီရှိလားလို့ မေးတော့ ကိုကိုက မာမီ မရှိဘူး၊ ကျောင်းသွားစိုက်တယ်လို့ ပြောလိုက်တယ် သိလား"

"ဘာစိုက်တာလဲ"

"အင်းလေ… သမီးက ကိုကို မာမီက ကျောင်းသွားအပ်တာပါ၊ စိုက်တယ်ဆိုတာ သစ်ပင်မှ ပြောတာပဲ ဆိုတော့"-

"မဟုတ်ပါဘူး၊ ကျောင်းစိုက်တာပါလို့ ဇွတ်ငြင်းနေတယ်"

ကျွန်မတို့ ရောက်ပြီး သုံးလေးလကြာမှ မြန်မာစကားကို အချိုးကျကျ ပြန်ပြောနိုင်လာသဖြင့် မောင်မင်းကြီးသားကို ကျေးဇူးတင်ရသေးသည်။

တစ်ညနေ နက္ခတ်တာရာ လေ့လာရေးပြပွဲ ဖို့လော်ဒါဒေးလ်တွင် ပြုလုပ်သဖြင့် ကျွန်မတို့အားလုံး သွားကြည့်ကြသည်။

အိမ်ပြန်ရောက်တော့ ဆယ်နာရီကျော်နေပြီ။

သားကြီး ဝင်းခန့်က-

"မာမီတို့ သွားနေတုန်း မစ္စတာဂျမားဆိုတာ ဖုန်းဆက်တယ်၊ ဒီအိမ်မှာ မြန်မာရှိသလားတဲ့၊ သားလည်း ပထမတော့ ကြောင်သွားတာပဲ၊ နောက်မှ သူက မိတ်ဆက်တယ်၊ သူ မြန်မာပြည်က လာတာ အနှစ် ၂၀ ရှိပြီတဲ့၊ မြန်မာတစ်ယောက်မှ မတွေ့ရဘူးတဲ့၊ အဲ့ဒါ တစ်နေ့က သားတို့ ရေကူးကန်ဆေးတဲ့ အလုပ်သမားက သူ့ရေကူးကန် လာဆေးရင်းနဲ့ ဒီမှာ မြန်မာတွေ ရှိတယ်လို့ ပြောပြလို့ အဲဒီလူဆီက လိပ်စာတောင်းထားလိုက်ပြီး ဖုန်းဆက်ကြည့်တာတဲ့၊ သူက ရန်ကုန်കတဲ့၊ ဂျမား ရှပ်ရှင်ရုံပိုင်ရှင်လို့ ပြောတယ်၊ ဇာတ်လိုက်မင်းသား မောင်မောင်တာနဲ့လည်း သူငယ်ချင်းတဲ့၊ သူက အမေရိကန်အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်ပြီး ဒီကို ရောက်လာတာ၊ ခု သူ့မိန်းမကို ခေါ်ပြီး လာလည်ချင်လို့ မေးတာနဲ့ မာမီတို့ ဆယ်နာရီကျော်ရင် ပြန်ရောက်ပါမယ်၊ အချိန်ရှိရင် လာပါ ဆိုတော့ လာခဲ့မယ်တဲ့ မာမီရေ"

mgyoe.com

mgyoe.com
SAMPLE BOOK

ဟု အမောတကော ပြန်ပြောပါသည်။

သူ ပြောသည့်အတိုင်း မစ္စတာဂျမားနှင့် သူ့ဇနီး မေရီနဲလ် နှစ်ယောက်သား ဆယ့်တစ်နာရီလောက် တံခါးလာခေါက်သည်။

"ဝမ်းသာလိုက်တာ ဒေါ်ခင်ကြီးရယ်၊ ကျွန်တော် မြန်မာစကား မပြောရတာ အနှစ်နှစ်ဆယ်လုံးလုံး ရှိပြီ၊ မြန်မာအစာ ငတ်နေတာလည်း အနှစ်နှစ်ဆယ်ရှိပြီ၊ ကျွန်တော့် မိန်းမက အမေရိကန်အစာပဲ နေ့တိုင်း ချက်ကျွေးနေတာဗျာ။

"မဂိုလမ်းက ကြက်ကင်တို့ ဆိတ်နို့အုံသားတို့ ရှိသေးသလားဟင်၊ အဲဒါတွေ စားရတာ တကယ်အရသာရှိတယ်ဗျာ၊ ခုလို မြန်မာလို အားရပါးရပြောရတာလည်း တကယ်ခံတွင်းတွေ့တယ်ဗျာ"

ကျွန်မတို့နှင့် မြန်မာစကားတွေ အားရပါးရပြောလိုက်၊ ကျွန်မတို့ ပြောသမျှကို တစ်လုံးမှ နားမလည်ဘဲ အငေးသား ထိုင်ကြည့်နေတဲ့ သူ့ဇနီးဘက် လှည့်ပြီး ဘာသာ ပြန်လိုက်၊ မြန်မာပြည် ဘယ်လိုသာယာကြောင်း၊ စားစရာတွေ ဘယ်လိုစုံကြောင်း၊ လူတွေ ပျော်ပျော်ရွှင်ရွှင်နှင့် ခင်ခင်မင်မင် နေတတ်ကြောင်း။ မောင်မောင်တာနှင့် မဂိုလမ်းတစ်ဝိုက်၊ ကမ်းနားလမ်းတစ်ဝိုက် ပျော်ပျော်ရွှင်ရွှင် သွားသွားလာလာ လုပ်ခဲ့ကြောင်း သောင်းပြောင်းထွေလာလည်း ပြောပြလိုက်သေးသည်။

ကျွန်မက ဒီမှာ မြန်မာမိသားစုအချို့ ရှိနေကြောင်း၊ အားလုံးနှင့် မိတ်ဆက်ပေး မည့်အကြောင်း ပြောလိုက်သည်တွင် သူ့ခမျာ တော်တော်အားတက်သွားပုံရသည်။

နောက်တစ်နေ့ ကျွန်မက ဒေါက်တာညွန့်လွင်အား မစ္စတာဂျမား ညကြီး သန်းခေါင် ရောက်လာပုံကို ပြောပြရာ-

"ဒါဖြင့်…ဒီလိုလုပ်ရအောင် အန်တီ၊ ကျွန်တော်တို့ မြန်မာတွေ အားလုံး စုပြီး စပင်းနစ် မြစ်ကမ်းသာဥယျာဉ်မှာ ပျော်ပွဲစား ထွက်ရအောင်၊ ဒီတော့ အန်တီလည်း ကျန်တဲ့ မိသားစုတွေနဲ့ တွေ့ရရော၊ မစ္စတာဂျမားကိုလည်း ကျွန်တော်တို့ မြန်မာတွေ ဘယ်လောက်များတယ် ဆိုတာ ကြွားရအောင်ပေါ့"

"ကောင်းသားပဲ၊ ဒါဆို မြန်မာ ထမင်းဟင်း ကိုယ်ကြိုက်ရာ တစ်ခုစီ ချက်ခဲ့ ကြဖို့ စီစဉ်လိုက်တာပေါ့"

ဒေါက်တာညွန့်လွင် အဆိုတင်သည်ကို ကျွန်မ အတည်ပြုလိုက်သည်နှင့် ကျွန်မတို့ မြန်မာမိသားစု မိတ်ဆုံပျော်ပွဲစားပွဲကြီး စီစဉ်ဖြစ်သွားပါတော့သည်။

✦✦✦

mgyoe.com

mgyoe.com SAMPLE BOOK

ဧပြီလ ၃၀ ရက်။

ကြိုတင် ချိန်းဆိုထားကြသည့်အတိုင်း ကျွန်မတို့ မိသားစုနှင့် ဒေါက်တာနိုင်ဝင်း မိသားစု ကားနှစ်စီးဖြင့် မိုင်သုံးဆယ်ခန့်ဝေးသော စပင်းနစ်ရှိ မြစ်ကမ်းသာဥယျာဉ်သို့ သွားကြပါသည်။

ဥယျာဉ်ထဲသို့ ကားဝင်ခွင့်ကို အဝင်ဝကင်းတဲမှ အစောင့်ထံတွင် ကားတစ်စီး လျှင် သုံးဒေါ်လာကျ ပေးပြီး ဝင်ခွင့်ရပါသည်။

သတ်မှတ်ထားသော နေရာတွင် ဆုံကြရန် စီစဉ်ထားရာ ကျွန်မတို့ကား အဆိုက်၊ ဖို့မာယာတွင် နေသော ဒေါက်တာတင်မျိုးသန်း မိသားစုလည်း ကျွန်မတို့ကားနှင့် ဘေးချင်းတိုက်ယှဉ်လျက် ရောက်လာပါသည်။ သည်နောက် ဒေါက်တာလင်းအောင်သက် မိသားစု၊ ဦးခင်မောင်သန်း မိသားစု၊ ဦးခင်မောင်သိန်း မိသားစု စသည်ဖြင့် တဖြည်း ဖြည်းနှင့် ဆက်တိုက်ဆိုသလို ရောက်လာကြရာ လူစုံသလောက် ရှိသွားပါသည်။

ဒေါက်တာ ခင်ဆွေလေးနှင့် အန်တီ ဒေါ်ခင်စုတို့ကိုပါ ဖိတ်ထားရာ ဒေါက်တာ ခင်ဆွေလေးက ဆေးရုံတာဝန်ရှိနေသဖြင့် မလာနိုင်ကြောင်း ဒေါက်တာညွန့်လွင် ပြောပြ၍ သိရပါသည်။

မစ္စတာဂျမားကတော့ အလုပ်ရှိနေသဖြင့် အနည်းငယ် နောက်ကျမည်ဟု ဆိုပါသည်။

ဥယျာဉ်ထဲတွင် ပျော်ပွဲစား လာသူများအတွက် ထိုင်စရာ ခုံတန်းရှည်များနှင့် စားသောက်စရာ ပစ္စည်းများ တင်ဖို့ စားပွဲခုံကြီးများအပြင် စားသောက်ပြီး အိုးခွက် ပန်းကန်ဆေးရန် ရေတိုင်၊ သောက်ရေအတွက် သီးသန့်ရေတိုင်၊ မီးသွေးနှင့် ချက်စရာ မြေစိုက် မတ်တတ်မီးဖိုကအစ အဆင်သင့်ရှိသဖြင့် ချက်စရာ ဖွေးစရာအတွက် အဆင်ပြေ လှပါသည်။

အနီးအနားတွင်လည်း ကိုယ်လက်သန့်စင်ရန် အမျိုးသမီးများအတွက် ရေချိုးခန်း နှင့် အိမ်သာ၊ အမျိုးသားများအတွက် ရေချိုးခန်းနှင့်အိမ်သာ သီးသန့် ထားရှိပေးသည်ကို တွေ့ရပါသည်။ လူထုသုံး ဆိုပေမယ့် သန့်သန့်ရှင်းရှင်း အနံ့အသက်ကင်းကင်း ဖြစ်ပါ သည်။

မြစ်ကမ်းသာဥယျာဉ်မှာ ဒီယားဖီးလ်(Deer Field)(ကိုဦးရေ ဘာသာပြန်ပါ ဦး)ကမ်းခြေနှင့် နီးသဖြင့် ကလေးများ စုပြီး ပင်လယ်သို့ ရေကူးရန် သွားကြပါသည်။ ကျွန်မချွေးမ ဘာဘရာက ကလေးများကို စိတ်မချ၍ စောင့်ရှောက်ရန် လိုက်သွားသည်။

ကျွန်မတို့ မြန်မာတွေမှာ လူနည်းစုဖြစ်သဖြင့် ကိုယ့်မြန်မာအချင်းချင်း တွေ့ဆုံ ကြသည့် အခိုက်အတန့် ကာလကလေးမှာ မြန်မာစကားပြောခွင့် ရသည်ဖြစ်ရာ တွေ့တုန်း ဆုံခိုက် အတိုးချပြီး ပြောရသည့်အတွက် အားရပါးရ ရှိလှပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

မစ္စတာဂျမား မြန်မာစကားပြောချင်လွန်း၍ ညကြီးမိုးချုပ် ရောက်လာသည်ကို လည်း ကိုယ်ချင်းစာမိပါသည်။

ကျွန်မ သမီးငယ် ယမင်း ရောက်စက မြန်မာစကားပြောမည့် အဖော်မရှိ၍ ထိုင်ငိုသည် ဆိုသည်ကိုလည်း ပိုသည်ဟု မထင်မိတော့ပါ။

ကျွန်မကိုယ်တိုင် မြန်မာချင်း တွေ့ကြရသည့် အချိန်တိုင်း စိတ်ရွှင်လန်းမိသည်မှာ အမှန်ပင် ဖြစ်သည်။

ကိုယ့်လူမျိုး၊ ကိုယ့်အစား၊ ကိုယ့်ဘာသာ စကား၏ တန်ဖိုးကို အမိမြေမှ ဝေးရသည့် အခါကျမှ တန်ဖိုးမည်မျှရှိကြောင်း သိနိုင်ပါသည်။

''လာဟေ့… လာဟေ့၊ ဧပြီလ မကုန်သေးဘူး၊ ဒီနေ့ နောက်ဆုံးနေ့ ဆိုတော့ သင်္ကြန်ကျလို့ ရသေးတယ်၊ ရီရီမြင့်နဲ့ မာလေးကို ရေလောင်းရမယ်''

ဟု ဆူဆူညံညံအသံကြား၍ လှည့်ကြည့်လိုက်ရာ–

ဒေါက်တာညွန့်လွင်နှင့် ဒေါက်တာနိုင်ဝင်းတို့ နှစ်ယောက်သားက ရီရီမြင့်နှင့် မာလေးကို ဘယ်အချိန် ဘယ်ကာလက ဖွက်ယူလာမှန်း မသိသော ရေဖလားနှင့် ရွဲနေအောင် တအားလောင်းချလိုက်သဖြင့် အလစ်ခံလိုက်ရသော မာလေးတို့ အော်သံနှင့် ဆူညံ လုံးထွေးသွားသည်။

သည်လိုမြင်ရတော့ တပျော်တပါး ရေကစားကြသည့် ကျွန်မတို့ မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ကို တမ်းတမိသည်။

''ဆွေဆွေတော့ မြန်မာအဘွားကြီးတွေ မတွေ့ရတာ ခြောက်နှစ်တောင် ရှိပြီ၊ ခုမှ တွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ တွေ့တုန်း ကုသိုလ်ရအောင် ကန်တော့ပါရစေ''

ဆိုပြီး ၇၆ နှစ်ရှိသော ကျွန်မ၏ မိခင်ကြီးနှင့် ၆၆ နှစ် ရှိပြီဖြစ်သော ဒေါက်တာ နိုင်ဝင်း၏ မိခင်ကြီးကို ဆွေဆွေက ပုဆစ်တုပ်ပြီး ထိုင်ကန်တော့သည်ကို မြင်ရပြန်တော့ မင်္ဂလာတရားမှ ဂါရဝေါစကို သတိရပြီး သာဓုခေါ်မိပါသည်။

ရေကြည်ရာ မြက်နုရာဖြစ်သော တိုင်းတစ်ပါးမှာ နေကြရပေမယ့် ကိုယ့်မြန်မာ ယဉ်ကျေးမှု မပျောက်တဲ့ စိတ်ဓာတ်တွေကို မြင်ရတိုင်း ကျွန်မအဖို့ ကြည်နူးရပါသည်။

လူကြီးတွေ ယဉ်ကျေးမှု စိတ်ဓာတ် မပျောက်သလို တိုင်းတစ်ပါးတွင် ကြီးရမည့် ကလေးများ၏ စိတ်ဓာတ်တွင်လည်း ကိုယ့်ရိုးရာယဉ်ကျေးမှုများ ကိန်းအောင်းစေဖို့ အရေးကြီးသည်ဟု ထင်ပါသည်။ တချို့ကလေးတွေကတော့ မြန်မာစကားပင် မေ့ကုန်ကြပြီ။

''ရော့… နင် တစ်ဝက်ယူ၊ ငါ နှစ်ဝက် ယူမယ်''

ကျွန်မ လှည့်ကြည့်လိုက်ရာ ကလေးငယ် ညီအစ်မနှစ်ယောက် မုန့်ဝေခြမ်းရေး လုပ်နေကြသည်ကို တွေ့ရသည်။ အစ်မလုပ်သူက မုန့်ကို တစ်ဝက်ဖဲ့ပြီး ညီမကို နင်

mgyoe.com

mgyoe.com SAMPLE BOOK
တစ်ဝက်ယူ'ဟု ပေးပြီး ကျန်တစ်ဝက်ကို 'ငါနှစ်ဝက် ယူမယ်'ဆိုပြီး ပါးစပ်ထဲ ထည့်မည် လုပ်ရာ ကျွန်မက…

''သမီးရဲ့…လာဦး၊ ညီမလေး တစ်ဝက်ယူ၊ မမလည်း တစ်ဝက် ယူမယ်လို့ ပြောရတယ်၊ ညီမလေးနဲ့ သမီးနဲ့ မုန့်တစ်ဝက်ချင်း အတူတူပဲလေ…ဒီမှာ…''

ဟု လက်တွေ့ရှင်းတမ်း လုပ်ပေးလိုက်ရပါသည်။

''ဟော…တို့ ဖိနပ်နှစ်စင်း ထားခဲ့တာ ခု တစ်စင်း ရှာမတွေ့ဘူး၊ ဘယ်ရောက် သွားပြီလဲ''

''မြတ်စွာဘုရား… တစ်ခု ရှင်းလို့မှ မပြီးခင် နောက်ထပ် ရှင်းစရာတစ်ခု ပေါ်လာပြန်ပြီကော''

ကျွန်မ အသံလာရာသို့ လှမ်းကြည့်လိုက်ရာ ဆယ်နှစ်အရွယ် သားငယ် တစ်ယောက် သူ့ဖိနပ်ပျောက် ရှာနေတာ ဖြစ်နေပြန်ပါသည်။

ထိုစဉ် အနားသို့ ဆွေဆွေ ရောက်လာသည်နှင့်–

''ဆွေဆွေရေ…ဒီကလေးတွေတော့ မြန်မာစကား အချိုးတကျ မပြောနိုင်ကြ ဘူးနော်၊ ဆွေဆွေ့ကလေးတွေကော ပြောနိုင်ကြသေးရဲ့လား''

''အန်တီရယ်…ဆွေဆွေလည်း အမြဲလိုက်ပြီး သင်နေရတာပါပဲ၊ သမီးက ညှော်သည် အမျိုးသမီးတစ်ယောက် လာတာကို–

'မေမေ…လေဒီ တစ်ကောင် လာနေတယ်'လို့ ပြောပြီး ခွေးနှစ်ကောင် ကိုက်တာကျတော့…

'မေမေ…ခွေးနှစ်ယောက် ရန်ဖြစ်ကုန်ပြီ' နဲ့ လာပြောတာ စိတ်ကုန်နေရတယ်''

''အေးလေ… သူတို့ကိုလည်း အပြစ်မတင်သာဘူးပေါ့၊ မိဘတွေက နှစ်ယောက်စလုံး အလုပ်တာဝန် ကိုယ်စီနဲ့ ဆိုတော့ သူတို့မှာ ကလေးထိန်းနဲ့ ကြီးကြ ရတာကိုး၊ အမြဲ ကြားနေရတဲ့ ပတ်ဝန်းကျင်က စကားသာ ကောင်းအောင် ပြောနိုင်တော့ တာပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်မြန်မာစကားတော့ မမေ့အောင် ကြိုးစားပါ ဆွေဆွေ ရယ်''

သူတို့လို ကလေးတွေပင် မပြောနှင့်၊ ကျွန်မသားလို ဧရာမ လူကြီးတစ်ယောက် လုံး အသုံးအနှုန်းလွဲပုံတွေမှာ ကိုယ်တွေ့မို့ ခွင့်လွှတ်ရတော့သည်။

''ဂုဏ်ဆိုတာ ငွေကို ခေါ်တယ်၊ ငွေကိုသာ ရေလိုသုံးရင် တစ်ပြည်လုံးက လုပ် သမျှ တင့်တယ်၊ ယောက္ခမကြီးက မျက်နှာချိုတယ်၊ ကိုယ့်မယားက စေတနာပိုတယ်''

ဘယ်အချိန်က ရောက်လာသည် မသိသော မစ္စတာဂျမားနှင့် ဒေါက်တာ ညွန့်လွင်၊ ဒေါက်တာတင်မျိုးသန်း၊ ဒေါက်တာလင်းအောင်သက်တို့ အမျိုးသားတစ်စု ဆရာသုခ၏ 'ဂုဏ်'သီချင်းကို အော်ကြီးဟစ်ကျယ် ဆိုနေကြပါသည်။
mgyoe.com

mgyoe.com
SAMPLE BOOK

ဟိုနားတစ်စု၊ သည်နားတစ်စု ပျော်ပွဲစားထွက်ကြသော အမေရိကန်များ ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားနှင့် အကြီးအကျယ် ဆူညံနေကြသော ကျွန်မတို့မြန်မာတစ်စုကို အကဲခတ် ကြည့်နေကြပါသည်။

"ကဲ...လူစုံပြီ၊ ဟင်းတွေ နွေးကြရအောင် မီးမွေးကြစို့"

ဒေါက်တာညွန့်လွင်၏ဇနီး ဂျင်းတာက ထပြီး မြေစိုက် မတ်တတ်မီးဖိုရှိရာသို့ သွားရင်း မီးသွေးထုပ်ကို ခဲပြားထဲမှ ထုတ်ပြီး မီးမွေးပါသည်။

"ကျွန်မက ဒီပေါက် ပေါက်လာတယ် အမဲသားနဲ့၊ အန်တီ မြည်းကြည့်ပါဦး"

ဂျင်းတာက မီးမွေးရင်း ကျွန်မကို ပြောပြသည်။

"အတော်ပဲ ဂျင်းတာရေ၊ အန်တီက သရက်သီး ဆားစိမ်ကို နှမ်းနဲ့ သုပ်လာတယ်၊ လက်ဖက်သုပ်လည်း ယူခဲ့တယ်"

"ဟုတ်လား...သရက်သီး ရပြီလား...၊ ဆားစိမ် ဘယ်လိုလုပ် ရလဲဟင်..."

ဒေါက်တာနိုင်ဝင်း၏ဇနီး ဂရေ့စ်က ကျွန်မကို မေးရာ-

"တစ်နေ့က အန်တီဒေါ်ခင်စုက သူတို့ခြံထဲက သရက်သီးတွေ လေတိုက်တာနဲ့ ကြွေကုန်လို့ ဆိုပြီး မာယာမီက တစ်သေတ္တာ ပို့ပေးလိုက်တာ၊ အန်တီလည်း များနေတာနဲ့ ဆားစိမ်ထားလိုက်တာလေ"

"ဟုတ်တယ်၊ အချဉ်သုပ်ပါတော့ ဒီပေါက်အအီပြေတာပေါ့နော်။ ကျွန်မကတော့ ဘဲနှစ်ကောင် ကင်လာတယ်"

"ဟယ်...တယ်ဟုတ်ပါလား၊ နှစ်ဆယ့်ရှစ်လမ်းက ပီကင်းဘဲကင်ကို စားချင်နေတာနဲ့ အတော်ပဲ၊ အန်တီ့ကိုလည်း ဘဲကင်နည်း သင်ပေးစမ်းပါဦး"

"ဂရေ့စ်က ဘဲသိပ်နိုင်တာ အန်တီရဲ့"

ဂျင်းတာက ဂရေ့စ်ကို ချီးမွှမ်းရင်း ကျွန်မကို လှမ်းပြောသည်။

"မကျက်သေးဘူးလားဟေ့...ဆာကြပြီနော့၊ သီချင်းဆိုရလို့ မောသွားပြီ"

ဟုပြောရင်း ဒေါက်တာနိုင်ဝင်းတို့ အမျိုးသားတစ်သိုက် မီးဖိုနား လာစုကြပြန်သည်။

"အစ်ကိုနိုင်ဝင်း...မမဂျင်းတာ ပြောတာ ဟုတ်လား၊ မမဂရေ့စ်က အစ်ကို့ကို သိပ်နိုင်တယ်ဆို"

ဒေါက်တာနိုင်ဝင်းတို့၏ ရွှေမှရောက်လာသော ကျွန်မ၏သားလတ် ဖိုးသားက သူ နားစွန်နားဖျား ကြားလိုက်သော စကားကို ပြန်မေးလိုက်ရာ-

"မဟုတ်ပါဘူး ဖိုးသားရ၊ မမဂျင်းက ဂရေ့စ် ဘဲနိုင်တာကို ပြောတာပါ၊ ဒေါက်တာနိုင်ဝင်းကို နိုင်တယ်လို့ ပြောတာ မဟုတ်ပါဘူး"

ဂျင်းတာက ဖိုးသားကို ကပျာကယာ ဝင်ပြီး ဖြေရှင်းပြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

''ဟင်…မမဂျင်းတာ ပြောတဲ့ ဘဲက ဒေါက်တာနိုင်ဝင်းကို ပြောတာ မဟုတ်ဘူးလား''

ဂျင်းတာက သဘောမပေါက်ဘဲ ဖိုးသားကို ခပ်ကြောင်ကြောင် ပြန်ကြည့်နေသည်။

ကျွန်မကတော့ နားလည်လိုက်ပါ၏။ ဖိုးသား ဆိုလိုသည်က သူ့ခေတ် သူ့အခါ ဗန်းစကားဖြစ်သော ဘဲဆိုသည်ကို ယောကျ်ားဟု မှတ်သားထားသည့်အတိုင်း မေးလိုက်ခြင်း ဖြစ်သည်။

ခေတ်ကာလလည်း ကွာဟကာ မြန်မာပြည် ခေတ်ရေစီးကြောင်း၏ အပြင်သို့ ရောက်နေကြသော သည်အမေရိကန်ပြည်ထောင်စုက မြန်မာတစ်စု နားမလည်ကြသဖြင့် ဘဲနှင့် ဒေါက်တာနိုင်ဝင်း စာရင်းရှုပ်သွားကြခြင်း ဖြစ်ပါသည်။

''ဟုတ်တယ် ဂျင်းတာရဲ့၊ မြန်မာပြည်မှာ ယောကျ်ားလေးတွေကို ဗန်းစကားနဲ့ ဘဲလို့ ခေါ်တယ်၊ ဒါကြောင့် ဖိုးသားက ဂျင်းတာ ပြောတဲ့ ဘဲကို ဒေါက်တာနိုင်ဝင်းလို့ ထင်ပြီး မေးနေတာ''

''ဟောဗျ…ဘာဆိုင်လို့လဲ၊ ဘယ်လိုဖြစ်ပြီး…ဘယ်တုန်းက စပြီး လူစင်စစ်က ဘဲတွေ ဖြစ်ကုန်ကြတာလဲ…''

ရင်ဘတ်စည်တီး အံ့သြခြင်းကြီးစွာဖြင့် ယောကျ်ားတစ်သိုက်က ဝိုင်းမေးကြပါသည်။

ဘယ်သောကာလမှစ၍ ယောကျ်ားစင်စစ်က 'ဘဲ'ဖြစ်သွားလိုက်သည်ကို ကျွန်မလည်း မဖြေတယ်။ ကာလပေါ် ဗန်းစကားပဲ အချိန်တန်တော့ ပျောက်သွားမည်ပေါ့။

''ဒါဖြင့်…မိန်းမတွေ ကျတော့ကော''

ဒေါက်တာရီရီမြင့်က သုတေသန လုပ်ပြန်သည်။

ကျွန်မက ပြောပြရသည်။

''ဟောတော့်…''

အမျိုးသမီးထုကြီး ပက်လက်လန်သွားပြီး ဘယ်သူမှ ဆက်မမေးရဲကြတော့။

''အာလူး လာမပေးနဲ့၊ လေကို နည်းနည်းလျှော့၊ ဖြည်းဖြည်းပေါ့''

ကက်ဆက်ခွေမှ အဆိုတော် ဝေမိုး၏ အသံ ထွက်လာသည်။ ကျွန်မ၏ သမီးငယ် မချောက သူ ယူလာခဲ့သော လက်ဆွဲကက်ဆက်ကို ဖွင့်လိုက်ခြင်း ဖြစ်သည်။

''ဘာလဲဟင်…အဲဒီသီချင်း ဆိုနေတာ၊ အာလူးကို လေလျှော့ခိုင်းတာ မာလေး အဓိပ္ပာယ်စဉ်းစားလို့ မရဘူး''

မာလေးက ကျွန်မကို မေးသည်။

စောစောက 'နင်တစ်ဝက် ငါနှစ်ဝက်'တို့၊ 'ဖိနပ်နှစ်စင်း'တို့ထက် ဖြေရှင်းရခက်သော ကိစ္စများ ကျွန်မဘက် ရောက်လာပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒါက ဖြီးတယ်၊ ဖြန်းတယ်၊ ညာတယ်၊ လေလုံးထွားတယ်ပေါ့ မာလေး ရယ်၊ ဒါကြောင့် လေလာပြီး ထွားမနေနဲ့၊ လေကို နည်းနည်းလျှော့ဦးလို့ ဆိုလိုတာ"

အမယ်မင်း…မြန်မာအချင်းချင်း မြန်မာစကားကို အဘိဓာန်ကဲ့သို့ ရှင်းနေရတာ တစ်ဒုက္ခ။

ဟု သည်ခေတ်ကြီးကို ကျွန်မ ရင်မောရသည်။

အာလူးက သည်တစ်ခါတွင်သာ ဒုက္ခပေးသည် မဟုတ်။

ကျွန်မ၏ မတ်များမှာ ပြည်ပသို့ သင်္ဘောလိုက်နေကြသော သင်္ဘောအရာရှိများ ဖြစ်ကြသည်။

သူတို့ မိခင်ပြည်က ထွက်ခွာသွားကြသည်မှာ ကြာပေပြီ။

လွန်ခဲ့သည့် တစ်နှစ်က အစ်ကိုကြီးလုပ်သူ၏ သင်္ဘော မြန်မာပြည်သို့ ပြန်ဝင် လာသည်။ သင်္ဘောပြန်ထွက်သွားတော့ အဖေလုပ်သူက ဂျာမနီ ဟင်းဘတ်ရေကြောင်း ကုမ္ပဏီတွင် ရောက်နေသော သားငယ်ထံ စာရေးလိုက်သည်။

"မင်းအစ်ကို ကိုတူးရဲ့ သင်္ဘောတော့ မြန်မာပြည် ပြန်ဝင်လာပါရဲ့၊ ဘာမှ ပါမလာဘူး၊ နောက်တစ်ခေါက် ပြန်ဝင်လာမှ ကားဝယ်ပြီး သွင်းခဲ့မယ်လို့ အာလူးတော့ ပေးသွားတာပဲ"ဟူ၍-

သည်တော့ သားငယ် ကိုခွေးက အဖေ့ထံ စာပြန်လိုက်သည်။

"အံ့ပါရဲ့ ပါပါရယ်၊ အစ်ကိုက အာလူးပဲ ပေးသွားရအောင် ဒါလောက်ပဲ တုံးရသလား။ မြန်မာပြည်မှာ အာလူးတွေ ပေါလွန်းလို့၊ တကယ်ဆို နိုင်ငံခြားဖြစ် ချောကလက်တို့၊ ချိစ်တို့၊ ဘီစကွတ်မုန့်တို့ ပေးခဲ့ဖို့ ကောင်းတာ"

သည်ဟာသကို ကျွန်မက ရှင်းပြရင်း အားလုံး စုပြီး ဟားကြရသည်။

(ကိုဦးတို့ မဂ္ဂဇင်းတွေ၊ စာစောင်တွေ ဇန်းစကားကို ရှောင်ကြသည်ဟု ယခု သိရသဖြင့် ဝမ်းသာလှပါသည်။)

"ကဲ…အားလုံး နွေးစရာတွေ နွေးပြီးပြီ၊ လာကြတော့၊ စားကြရအောင်"

ဟိုနားတစ်စု၊ သည်နားတစ်စု ဖြစ်နေကြသော ပရိသတ်ကို ကျွန်မက လှမ်းပြီး ဆော်ဩလိုက်သည်။

"ဆွေဆွေက မုန့်ဟင်းခါး ချက်လာတာလား၊ မွှေးလိုက်တာ၊ အတော်ပဲ၊ အန်တီ ရောက်ကတည်းက မုန့်ဟင်းခါး မစားရသေးဘူး"

ကျွန်မက ဆွေဆွေ ချက်လာသော မုန့်ဟင်းခါးအိုးကို ဖွင့်လိုက်ပြီး ပန်းကန်ထဲသို့ ခပ်ရန် ပြင်ရင်း ပြောလိုက်သည်။

"ဟော့…သရက်သီးသုပ်တွေပါလား၊ တို့ရောက်တာ ၁၃ နှစ်ရှိပြီ၊ ဒီတစ်ခါပဲ ဆားစိမ်သုပ်တွေ တွေ့ရသေးတယ်၊ ဘယ်သူ ယူလာတာလဲဟင်…"

mgyoe.com

mgyoe.com
SAMPLE BOOK

ထမင်းပန်းကန် လက်ထဲ ကိုင်ရင်းနှင့် ကျွန်မအနား ရောက်လာသော ဒေါက်တာ ညွှန့်လွင်၏ အမေးကို ကျွန်မက–

‘‘အန်တီ ယူလာတာ၊ အန်တီ ဒေါ်ခင်စု ပို့လိုက်တဲ့ သရက်သီးတွေ များနေတာနဲ့ စိမ်ထားတာလေ၊ ဆရာလွင် ကြိုက်လို့လား’’

‘‘ဟာ…သိပ်ကြိုက်တာပေါ့၊ သရက်သီးပေါ်တိုင်း ကျွန်မက သရက်သီးသနပ် နှစ်ပေါက် လုပ်ပေးထားရတာ၊ ဆားစိမ်သာ မလုပ်ဖြစ်တာ’’

ဒေါက်တာညွှန့်လွင်၏ ဇနီး ဂျင်းတာက ဝင်ပြောသည်။

‘‘ဟုတ်တယ်၊ ကျွန်တော် ကြိုက်လို့ ခြံထဲမှာ အပင်တောင် စိုက်ထားတာ၊ တော်တော်ကြီးလာပြီ၊ မနှစ်ကမှ ချမ်းလို့ သေသွားတယ်’’

လာပြန်ပြီ တစ်ယောက်။

သရက်ပင်က ချမ်းလို့ သေသွားပြန်သည်…တဲ့။

ကျွန်မ စိတ်ထဲမှ မှတ်ချက်ချရင်း ပြုံးရသည်။

ထိုအခိုက် ကျွန်မ၏ သမီးလတ် နှစ်ယောက် ငြင်းကြခုံကြရင်း ကျွန်မအနား ရောက်လာကြသည်။

‘‘ဟုတ်တယ် မတူးရဲ့၊ ဒီက အမေရိကန်တွေက သိပ်ပြီး ပီယဝါစာ ကြွယ်တာ နော်၊ လူတွေ့လိုက်တာနဲ့ သိသိ မသိသိ ‘ဟိုင်း’ဆို နှုတ်ဆက်လိုက်တာပဲ၊ နောက်ပြီး ဟုတ်ဟုတ် မဟုတ်ဟုတ်‘ကောင်းလုချည့်’နဲ့ ချီးမွမ်းလိုက်တာပဲ’’

‘‘တော်စမ်းပါ ယမင်းရယ်၊ နင်ကလည်း‘ဟိုင်း’ဆိုတာနဲ့ မအပ်မစပ် ပီယဝါစာ တွေ ဘာတွေ တင်စားပြီး သုံးနေရတာလဲ’’

‘‘အဲဒါ ပီယဝါစာပေါ့ဟဲ့၊ နှုတ်ချိုတာကို ပီယဝါစာလို့ ခေါ်တာ နင် နားမလည် ဘူးလား’’

‘‘အံမယ်…ငါသိပါတယ်၊ ငါက မြန်မာစာဂုဏ်ထူးနဲ့ အောင်လာတာပါနော်’’

‘‘ဟင်း…မြန်မာစာဂုဏ်ထူးနဲ့ အောင်ခဲ့ပေလို့ပဲ၊ ခြေမျက်စိကို ခြေတံတောင်ဆစ် လို့ ခေါ်တာလေ’’

ညီအစ်မနှစ်ယောက် စကားနိုင်လုပြီး ပြောနေကြသည်ကို ကျွန်မက လှည့်ကြည့် ပြီး–

အင်း…ကြာကြာနေရင် ကျွန်မ သားသမီးတွေလည်း ဘယ်စခန်းကို ဆိုက်ကြ ဦးမယ် မသိ။

‘မြန်မာစကားမှ မြန်မာစကားသို့’ ရှင်းလင်းရေး အတော်လုပ်နေရပါတကား။

✣

၁၉၈၅ ခုနှစ်၊ ဇူလိုင်လ။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုဦးရေ…

ဟိုးတစ်လောက ရေးတဲ့စာကို ပြန်ကောက်ကြဦးစို့။

မမခင်က ကိုဦးကို တော်တော်ကလေး ချီးမွမ်းခန်း ဖွင့်လိုက်တယ်လေ။ ဒါကို ကိုဦးက ရှက်စနိုးနဲ့ ပြန်ပြောမလားပဲ။

'မမခင်တစ်ယောက် ကိုယ့်ငါးချဉ် ကိုယ် အပြတ် သံပရာသီးညှစ်ပြီး ချဉ်နေပြန်ပါပြီ'လို့။

တကယ်ပါ၊ ကိုဦးမှာရှိတဲ့ အနုပညာတွေက တန်ဖိုးမဖြတ်နိုင်ပါဘူး။ အသက်အရွယ်နဲ့ လိုက်ဖက်တဲ့ နေရာတွေမှာ အသုံးချသွားသမျှ အမြဲတမ်း တန်ဖိုးတက်နေမှာပဲ။

ဒီမှာ ရှိကြတဲ့ Bob Hope တို့၊ George Burns တို့တစ်တွေ အသက် ၈၀ ကျော်နေတာတောင် ခုထက်ထိ ပြည်သူ့အချစ်တော်၊ ပြည်သူ့အသည်းစွဲ ဖြစ်နေကြဆဲ မဟုတ်လား၊ ဒါကြောင့် စင်ပေါ်က ဆင်းပြီး စာပဲ ရေးတော့မယ်ဆိုတဲ့ အဆုံးအဖြတ်ကို တော့ မမခင် ကန့်ကွက်ချင်သေးတယ်။

နောက်တစ်ခု မမခင်ရဲ့ အတွေ့အကြုံအရ ပြောပြချင်တာလေးတွေ ရှိသေးတယ်။ မြန်မာပြည်မှာ အသက် ၅၀ ကျော်ပြီဆိုရင် အိုပြီလို့ သတ်မှတ်လေ့ ရှိကြတယ်။ နာရေးကြော်ငြာတွေမှာ အသက် ၅၀ ကျော်တာ တွေ့ရင်-

"အို… ၅၀ ကျော်မှတော့ သေလောက်ပြီပေါ့"လို့ ဆိုလေ့ရှိကြတယ်။

ကိုယ့်ကိုယ်ကိုယ်လည်း ငါ အိုပြီဆိုပြီး စိတ်ကို ချလိုက်တော့တယ်။ စိတ်ကျတာနဲ့အမျှ လူလည်း ကျသွားတယ်။ လှုပ်ရှားမှုလည်း နည်းသွားတယ်။ ဒီတော့ ရောဂါဘယတွေ အလွယ်တကူ ဝင်ရောက် ကြီးစိုးလာပြီး အသက်ငယ်ငယ်နဲ့ ကွယ်လွန်ကြတဲ့ သူတွေ အရေအတွက် များလာတယ်လို့ ထင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီမှာတော့ ဒီလို မဟုတ်ဘူး။

'ဘ၀အစ အသက် လေးဆယ်က' ဆိုတဲ့မူကို လက်ခံထားပြီး အသက် ခုနစ်ဆယ်၊ ရှစ်ဆယ်တွေကလည်း ကားမောင်းကြတုန်း၊ ဂေါက်သီးရိုက်ကြတုန်း၊ တင်းနစ်ကစားကြတုန်း၊ အသက်ခုနစ်ဆယ်၊ ရှစ်ဆယ် အဘွားကြီးတွေဆိုရင် ကိုဦးကို ပြစမ်းချင်တယ်။

မိတ်ကပ်က တစ်ပိဿာလောက်နဲ့၊ နှုတ်ခမ်းနီပါးနီနဲ့၊ ပုတီးတွေ နားဆွဲတွေနဲ့ ဆယ့်ခြောက်နှစ် သမီးက အရှုံးပေးရသေးတယ်။ အထူးသဖြင့် မမခင်တို့ ဖလော်ရီဒါက ပင်စင်စားများ၊ လူအိုများ အနားယူရာ ဒေသဆိုတော့ အဘိုးကြီး၊ အဘွားကြီးတွေ အတော်များများ တွေ့ရ၊ မြင်ရ၊ ကြုံရတယ်။

စိတ်ပျို ကိုယ်နုကြလို့လား မသိဘူး၊ သူတို့လူမျိုးတွေ အသက်ရှည်တာ တွေ့ရတယ်။

စိတ်ပျို ကိုယ်နုဖို့ကလည်း အရေးကြီးသေးတယ်လို့ ထင်တယ်၊ အသက် ဘယ်လောက်ကြီးကြီး လှုပ်လှုပ်ရှားရှားနေပေးမှ ကိုယ်ကာယမျှတပြီး ကျန်းမာတယ်၊ ကိုဦး ပြောသလိုပဲ ရှင်သန် နုပျိုနေဖို့လည်း လိုအပ်တယ်။

ဒီမှာတော့ လှုပ်ရှားမှု လွန်ကဲလို့ ကြောက်နေရသေးတယ် ကိုဦးရေ၊ အသက် ခုနစ်ဆယ်၊ ရှစ်ဆယ်ကြီးတွေလည်း ကားမောင်းလို့ ကောင်းကြတုန်း၊ နှလုံးလေဖြတ်လို့ ကားမောင်းရင်းနဲ့ လမ်းမှာ သေခါမှ သေရောပဲ၊ ဒါကြောင့်မို့ အဝေးပြေးလမ်းပေါ်မှာ မောင်းနေရင်း ဘေးဘီက ကားတွေကို အကဲခတ်ရသေးတယ်၊ အဘိုးကြီး၊ အဘွားကြီး မောင်းနေတဲ့ ကားဆိုရင် ဝေးဝေးက ရှောင်ပေရော့ပဲ။

အဝေးပြေးလမ်းပေါ်မှာ နှလုံးလေဖြတ်လို့ ကားမောင်းရင်းနဲ့ အသက်ပျောက်တဲ့ အဘိုး အဘွားတွေအကြောင်း သတင်းစာမှာ ခဏခဏ ဖတ်ရတယ်၊ သူတို့ဟာ သူတို့ အသက်ပျောက်ရုံ ပျောက်တာက အကြောင်း မဟုတ်ဘူး။ ကားကို မထိန်းနိုင်လို့ ရှေ့က မောင်းနေတဲ့ ကားတွေကို လေးငါးစီးဆင့် ဝင်ဆော်ပြီးမှ ရပ်တော့ အတိုက်ခံရတဲ့ ကားတွေထဲက တစ်ခါတလေ သူတို့နဲ့ အဖော်လိုက်ပြီး အနိစ္စသဘော ကိစ္စချောကြရတာ တွေလည်း တွေ့ရတယ်။

တစ်ခါက မမခင်တို့ သန္တာစမ်းမှာပဲ၊ အသက် ရှစ်ဆယ့်နှစ်နှစ် အဘွားကြီးနဲ့ အသက် ရှစ်ဆယ့်လေးနှစ် အဘွားကြီး ညီအစ်မနှစ်ယောက် ဈေးဝယ်ဖို့ ကားမောင်းပြီး ထွက်လိုက်တာ ကားက လမ်းမပေါ်မရောက်ဘဲ အိမ်နီးချင်းရဲ့ ဝင်းထရံကိုဖြို၊ အိမ်နောက်မှာရှိတဲ့ ရေကူးကန်ထဲ တစ်ကားလုံး ဆင်းသွားလို့ ညီအစ်မနှစ်ယောက်ကို ကားထဲက မနည်းဆွဲထုတ် ယူကြရတယ်။

အိမ်ရှင် အမျိုးသမီးက အဘွားကြီးတွေကို ခင်ပါတယ်၊ ဒီလိုပုံစံမျိုးနဲ့ သူ့အိမ်ကို လာလည်တာတော့ ရင်ထိတ်သည်းဖို ရှိလှပါတယ်လို့ မှတ်ချက်ချ ယူရတာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ပျို့ချင်တဲ့ နေရာမှာ နှစ်ယောက် မရှိကြဘူး ကိုဦးရေ၊ ဘယ်လောက်ပဲ ခင်ခင်၊ အသက်ကို မေးရင်တော့ ချက်ချင်း ရန်သူဖြစ်သွားတာပဲ။ အသက်ကို သူများ ပြောပြဖို့ ဝေးလို့ ကိုယ်ဟာကိုယ်တောင် မေ့ပြီး ထားလိုက်ချင်ပုံရတယ်။

ဒီနေရာမှာတော့ မမခင်တို့ မြန်မာ့ယဉ်ကျေးမှုနဲ့ အတော်ကို ကွာခြားတာပဲ၊ မမခင်တို့ မြန်မာက အစ်ကို အရွယ်ကို အစ်ကို၊ အစ်မ အရွယ်ကျ အစ်မ၊ အဒေါ် အရွယ် အဒေါ်၊ ဦးလေး ဘကြီးအရွယ်ကို ဦးလေး ဘကြီး ဒီလိုဂါရဝနဲ့ ဆက်ဆံကြတာ မဟုတ်လား။

ဒီမှာတော့ မဟုတ်ပေါင် ကိုဦးရယ်၊ မမခင်နဲ့ မျက်နှာချင်းဆိုင် အိမ်မှာနေတဲ့ မလစ်စာ ဆိုတဲ့ သုံးနှစ်သမီး ကလေးမလေးက မမခင်ကို 'ခင်ကြီး' လို့ ခေါ်တာနော်၊ ရောက်ခါစတုန်းကတော့ နားထဲမှာ ကြားရတာ အီလည်လည်ကြီးပေါ့၊ ခုတော့လည်း ကျင့်သားရသွားပြီ၊ သူတို့ကို ကိုယ်က အသက်အရွယ်လိုက်ပြီး ဂါရဝနဲ့ လေးလေးစားစား ခေါ်ရင်လည်း မကြိုက်ချင်ကြဘူး။

တစ်ခါက မြန်မာတွေ ဆုံမိကြတဲ့ စကားဝိုင်းတစ်ခုမှာ ကြားရဖူးတယ်။ အင်ဂျင်နီယာ မြန်မာလေးတစ်ယောက်က သူ့အလုပ်မှာ လုပ်ဖော်ကိုင်ဖက် အဘွားကြီး တစ်ယောက်ကို လေးစားသမှုနဲ့ အန်တီ ခေါ်လိုက်မိတာ အဘွားကြီးက ဒေါသတွေပွပြီး ''နောက်ကို နာမည်ပဲခေါ်ပါ၊ အန်တီလို့ မခေါ်ပါနဲ့''လို့ မျက်နှာထားနဲ့ ပြောသတဲ့။

ဒီတော့ မိန်းကလေး တစ်ယောက်က ဝင်ပြောတယ်။

''ရှင့်ကို ဒေါပွပြီး ဒါလောက်ပဲ ပြောတာ တော်သေးတာပေါ့၊ ကျွန်မတုန်းက ကံကောင်းလို့ ပါးချမခံလိုက်ရတာ''တဲ့။

မမခင်က ''ဇာတ်လမ်းကလေး လုပ်စမ်းပါဦး''လို့ ထောက်ပေးလိုက်တော့ သူ့ကိုယ်တွေ့ ပြောပြတယ်။

အဲဒီမိန်းကလေးက ဆေးရုံမှာ လုပ်တယ်၊ ဓာတ်လှေကား အဆင်းအတက်မှာ အမြဲဆုံတဲ့ လုပ်ဖော်လုပ်ဖက် အဒေါ်ကြီးနဲ့ ရင်းနှီးခင်မင်ပြီး ပြုံးပြုံးရယ်ရယ် စကား ပြောနေကျတဲ့။ တစ်နေ့တော့ အဒေါ်ကြီးမှာ ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ ရောက်လာ တာမို့ မိန်းကလေးက စေတနာနဲ့-

''အန်တီ ကျွန်မ ကူသယ်ပေးမယ်လေ''လို့ လောကွတ်အချော်ကောင်းလိုက်တာ၊ အန်တီအခေါ်ခံလိုက်ရတဲ့ အဒေါ်ကြီးရဲ့ မျက်လုံးက မီးဝင်းဝင်းတောက်ပြီး ပါးထချ တော့မလောက် ဒေါပွသွားတာ ဆိုပဲ၊ အထုပ်တွေသာ လက်ထဲမှာ ပါမလာရင် အဆော် ခံလိုက်ရမှာ သေချာတယ်လို့ ပြောပြတယ် ကိုဦးရဲ့။

သူတို့အသက်ကို အဲသလောက် အထိမခံ ရှေ့ပန်းကန် ဖြစ်ကြတယ်။ လူကြီး လူငယ် လေးစားမှုလည်း မရှိသလောက်ပဲ၊ ကျောင်းတွေမှာဆို ဆရာက သင်ပြနေတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်၊ တပည့်လုပ်တဲ့သူက စားပွဲပေါ် ခြေတင်ပြီး နားထောင်ချင် ထောင်တာ၊ ဆရာ ရှင်းပြတာ နားမလည်ရင်လည်း ဆရာ့ကို မိုက်မိုက်ရိုင်းရိုင်းပြောတဲ့ တပည့်မျိုးလည်း ရှိတယ်တဲ့။ မမခင့်ကလေးတွေ ကျောင်းက ပြန်လာတိုင်း ပြန်ပြောတာ ကြားနေ ရတယ်။ သူတို့တစ်တွေက မြန်မာ့ယဉ်ကျေးမှု စိတ်ဓာတ်အခံလေးတွေ ရှိနေကြတော့-

ဒီလိုမြင်ကွင်းမျိုး ကြုံတိုင်း ကြားထဲက နေမထိ ထိုင်မသာ ဖြစ်ကြရတယ်။

ဆရာသမားရဲ့ ဂုဏ်ကျေးဇူး ဆိုတာ ဝေးလို့… တပည့်ကို နည်းနည်းလေး ပြင်းပြင်းထန်ထန် ဆုံးမမိရင်တောင် မိဘက ဆရာကို တရားစွဲဖို့ ကြံစည်တာ ဆရာများ ခံကြရသေးတာ။

ဒီမှာ တရားကလည်း တကယ်အစွဲသန်ကြတာ ကိုဦးရယ်။ မမခင်တို့ ဖလော်ရီဒါ က ပင်လယ်ထဲမှာ အစွန်းထွက်နေတဲ့ ကျွန်းဆွယ်ကလေး မဟုတ်လား၊ ဘယ်လမ်းကို ထွက်လိုက်ထွက်လိုက် ပင်လယ်ကမ်းခြေကို ဦးတိုက် ရောက်သွားတာပဲ၊ ပင်လယ်ကမ်းခြေ တစ်လျှောက် မြန်မာပြည် ငပလီကမ်းခြေမှာလိုပဲ၊ အုန်းပင်တွေ ကမ်းခြေတစ်လျှောက် စိုက်ထားတာ သိပ်ပြီး လှတာပဲ။ ငပလီသွားတုန်းက ပင်လယ်ထဲ ရေဆင်းပြီး ဆော့ လိုက်ကြ၊ မောလို့ ပြန်တက်လာရင် အုန်းပင်ပေါ်က အုန်းသီးဖွန်းခြစ်တွေ ခူးပြီး အုန်းရည် သောက်လိုက်ကြနဲ့ သိပ်ပြီး အမောပြေတာနော်။

ဒီမှာလည်း မြန်မာပြည်မှာလို အုန်းပင်တွေ ရှိပါရဲ့၊ အုန်းသီးတစ်လုံးမှ မမြင်ရ ဘူး၊ မမခင်က-

"ငပလီမှာတုန်းကလို၊ အုန်းရည်လေး သောက်လိုက်ချင်တာ"လို့ တမ်းတ မိတော့ ပါလာတဲ့ အဖော်က ပြောတယ်။

"ဒီမှာ အုန်းသီးကို တမင်ခြွေပစ်ရတယ်၊ လေတိုက်လို့ အုန်းသီးကြွေလို့ မကောင်းသူထိပ်၊ ကောင်းသူထိပ် ထိမိရင် မြို့တော်ကို တရားစွဲလို့ လျော်ကြေးတွေ တစ်ချိန်လုံး ထိုင်ပြီး ပေးနေရမှာမို့"တဲ့။

ကဲ…ကြည့်ပါဦး ကိုဦးရယ်၊ အုန်းပင်တွေ တစ်တန်းကြီး မြင်နေရပါလျက်နဲ့ အုန်းရည်လေးတောင်မှ သောက်စရာ မရှိတဲ့ အဖြစ်လေ။

တရားစွဲတာကတော့ တကယ်လက်ကုန်ပဲ။

လူ့ အခွင့်အရေးတွေ ပေးထားပြန်တော့လည်း လူတွေက အဲဒီအခွင့်အရေး တွေကို မတရား အလွဲသုံးစား လုပ်ကြပြန်ပါရော။ မေတ္တာတွေ၊ စေတနာတွေ ခေါင်းပါး ကုန်ကြတာလည်း အဲဒီလို တရားစွဲကြတဲ့ အလေ့အထတွေကြောင့်ပဲလို့ မမခင်တော့ ထင်မိတယ်။ ပေါက်ပင် ဘာလို့ ကိုင်းရတယ်၊ ဖျိုင်းနားလို့ ကိုင်းရတယ် ဆိုတဲ့အတိုင်းပဲ၊ တရားစွဲမှာကို ကြောက်ပြီး လူတွေက ဘောင်အတွင်းမှာပဲ နေကြတော့တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဥပမာ မမခင် အိမ်ကို မိတ်ဆွေတစ်ယောက်က လာလည်ရင်း မတော်တဆ ချော်လဲပါပြီတဲ့။ မြန်မာပြည်မှာတော့ မတော်လို့ ဖြစ်တာပဲဆိုပြီး ပြီးသွားလိုက်တာပဲ၊ ဒီမှာတော့ အဲဒါက အခွင့်အရေးတစ်ခု၊ ဆရာဝန် သွားပြဖြစ်တာက မဆိုစလောက်ပေမယ့် လည်း ဆရာဝန် ထောက်ခံချက်တွေနဲ့ ပုံကြီးတွေချဲ့ပြီး တရားစွဲတော့တာပဲ၊ မိတ်ဆွေ ရယ်၊ ဘာရယ် ထောက်ထားတာတွေ၊ စာနာတာတွေ ဘာမှ မရှိကြတော့ဘူး။

မမခင် ရောက်ခါစက အခြေမကျခင်က သားကြီးတို့အိမ်မှာ ခေတ္တနေခဲ့ရသေး တယ်၊ မမခင်ရဲ့ မြေးတွေနဲ့ အဖော်ကလေးတွေ လာပြီး ကစားကြတယ်။ ထမင်းစားချိန် ရောက်လို့ ထမင်းစားပွဲပြင်ပြီ ဆိုရင် မမခင်ရဲ့ ချွေးမက-

"ကဲ...တို့များ ထမင်းစားကြတော့မယ်၊ မင်းတို့လည်း ထမင်းစားဖို့ အိမ်ပြန် ကြတော့"လို့ အဖော်လာကစားတဲ့ ကလေးတွေကို နှင်လွှတ်ရှိတယ်။

မမခင်ရဲ့ ချွေးမက အမေရိကန်မကိုး၊ မမခင်ရဲ့စိတ်ထဲမှာ 'သူတို့ အမေရိကန် မိန်းကလေးတွေ စေတနာနည်းလှချည့်လား၊ ဒီကလေးလေးတွေ တစ်ခါတည်း ကျွေးလိုက် ရင် ဘာမှလည်း ပိုကုန်သွားမှာ မဟုတ်ဘဲနဲ့'လို့ တွေးလိုက်မိသေးတယ်။

မြန်မာပြည်မှာတုန်းက မမခင်ရဲ့အိမ်မှာတော့ သမီးတွေ၊ သားတွေရဲ့ သူငယ်ချင်း အပေါင်းအသင်းမှန်သမျှ နေ့ညမရွေး ဝင်ပြီး စားနေကျ မဟုတ်လား၊ ဒီလိုပဲ ကြုံဖန်များ လာတော့ တစ်နေ့ မမခင်က မနေနိုင်တာနဲ့ ပြောမိတယ်။

"ဘော်ဘီရယ်၊ ဒီကလေးတွေကို ကျွေးလိုက်ပါလား"လို့။ ဒီတော့မှ ချွေးမ လုပ်တဲ့ ဘော်ဘီက မမခင်ကို ရှင်းပြတယ်။

"ဘယ်ကျွေးရဲမလဲ မာမီရယ်၊ သူတို့ စားတာ တစ်လုတ်တစ်ဆုပ်ပါ။ ဘာမှ မကုန်ပါဘူး၊ ဒါပေမဲ့ ဒီမှာ စားသွားကြပြီး အန်မယ်၊ နေထိုင်မကောင်း ဖြစ်မယ်ဆိုရင် သူတို့ မိဘတွေက ဒီအိမ်က ထမင်း ဟင်းကြောင့် သူတို့ကလေး အစာအဆိပ် ဖြစ်ပါတယ် ဆိုပြီး တရားစွဲတာ ခံနေရမှာမို့ မကျွေးရဲဘဲ ပြန်ပြန်လွှတ်နေရတာပါ"ဆိုမှ စောစောက သူ့ကို စိတ်နဲ့ ပြစ်မှားမိတာကို နောင်တရမိတယ်။

နောက်ပြီး မမခင် ပြောတဲ့ မမခင်တို့နဲ့ မျက်နှာချင်းဆိုင်မှာနေတဲ့ မလစ်စာဆို တဲ့ ကလေးမလေးက သိပ်ပြီး ချစ်ဖို့ကောင်းတာပဲ၊ မိုးလင်းလာတာနဲ့ မမခင်တို့ အိမ်ကို ကူးလာပြီး တစ်ချိန်လုံး ခင်ကြီး၊ ခင်ကြီးနဲ့ မမခင်ကို တွယ်ကပ်နေတာ၊ မမခင်က မြန်မာထုံးစံအတိုင်းပေါ့၊ သွားလေရာ တတန်းတန်း၊ သူ့ကို ကားထဲမှာ ထည့်ထည့်ပြီး ခေါ်ခေါ်သွားနေတာ၊ တစ်နေ့တော့ မမခင်ရဲ့ချွေးမက သတိပေးတယ်။

"မာမီ သူ့မိဘမပါဘဲ မလစ်စာကို မာမီ့ကားထဲမှာ ခေါ်ခေါ်သွားနေတာ အန္တရာယ် ရှိတယ်တဲ့။ လမ်းမှာ တစ်စုံတစ်ခု ကားတိုက်မှုဖြစ်လို့ရှိရင် မာမီ့ကို သူ့မိဘက တရားစွဲနိုင်တယ်"ဆိုတာနဲ့ နောက်ကျတော့ သူ့မိဘမပါဘဲ မမခင်လည်း ခေါ်မသွားရဲ တော့ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေ့ပဲ သတင်းစာထဲမှာ ဖတ်လိုက်ရသေးတယ်။ အမျိုးသမီးတစ်ယောက် အိပ်ခန်း သုံးခန်းပါတဲ့ သူ့အိမ်ထဲမှာ ခွေးက ၃၅ ကောင်၊ ကြောင်က သုံးကောင်၊ မြင်းက နှစ်ကောင် အိမ်ထဲမှာ ထည့်ပြီး မွေးထားလို့ အိမ်နီးနားချင်းတွေက ပုလိပ်ကို တိုင်တာနဲ့ အိမ်ကို လာစစ်တော့ အိမ်နဲ့တစ်လုံး အပြည့်မွေးထားတဲ့ တိရစ္ဆာန်တွေကို တွေ့လို့ အဲဒီမိန်းမကို တိရစ္ဆာန်ညှဉ်းပန်းမှုနဲ့ အရေးယူထားတယ်။ တိရစ္ဆာန်တွေဟာ ကျဉ်းကျဉ်းကျပ်ကျပ် ညစ်ညစ်ပတ်ပတ်နေကြရလို့တဲ့ ကိုဦးရယ်။ ကဲ…မမခင်တို့ မြန်မာပြည်မှာ ကြားဖူးရဲ့လား။

ကိုယ့်ဟာကိုယ် မွေးတာပဲ ဘယ်လိုမွေးမွေးပေါ့။ ဒီအနံ့အသက်တွေ ကိုယ်ကျေနပ်လို့ ကိုယ် ခံနိုင်နေရင် ပြီးတာပဲ မဟုတ်လား။ ဒီမှာတော့ အဲဒီလို ကိုယ်ကျေနပ်တိုင်း မပြီးတဲ့ ကိစ္စတွေက အများကြီး။

မမခင်တော့ အရှေ့အမြင်နဲ့ အနောက်ရဲ့ အတွေ့အကြုံတွေကို မြင်ရကြားရတိုင်း တစ်ခါတလေ အသက်ရှူမှားမတတ်ပဲ အံ့သြရ၊ သက်ပြင်းချရ၊ ဟားရ၊ အမျိုးစုံပါပဲ ကိုဦးရယ်။ မမခင်ရဲ့သမီး မတူးရဲ့ လက်ကိုင်မှတ်ချက်ကလေးကိုလည်း ပြေးပြေး သတိရမိသေးတယ်။ သူက အဲဒီလို တစ်ခုခု မဟုတ်မဟတ်ကြုံရ ကြားရတိုင်း 'ဆတ်တလာပဲ' လို့ ပြောလေ့ရှိတယ်။ 'ဆတ်တလာ'ရဲ့ အဓိပ္ပာယ်တော့ မမခင်လည်း သေသေချာချာ မသိဘူး။ သူတို့ညီအစ်မတွေ စိတ်ကုန်စရာကြုံရတိုင်း ပြောနေကျ ဗန်းစကားပဲ။

အဲဒီလို ဆတ်တလာတွေက ဒုနဲ့ဒေး၊ သတင်းစာဖတ်ပြီးတိုင်း တစ်ခုမဟုတ် တစ်ခု ကြားနေရတာပဲ။ ပြီးခဲ့တဲ့ အပတ်တုန်းက မီယာမီကမ်းခြေမှာ လိပ်ဥတွေ တူးပြီး တရုတ်စားသောက်ဆိုင်ကို ရောင်းစားတဲ့ သူတစ်ယောက်ကို မိလို့ ဒဏ်ငွေက ဒေါ်လာ တစ်ထောင့်ငါးရာနဲ့ ထောင်ဒဏ် ခြောက်လကျခံစေလို့ တရားသူကြီးက အမိန့်ချကြောင်း ဖတ်လိုက်ရသေးတယ်။ မမခင်တို့ဆီမှာတော့ လိပ်ဥတွေ စားချင်တိုင်း စားနေကြတာ ဘယ်တော့မှ အမှုမရောက်ဖူးပါဘူးနော်။ ဒီမှာတော့ လိပ်ဥတူးခွင့် မရှိဘူး၊ လိပ်ဥကိုလည်း စားရကောင်းမှန်း မသိကြဘူး။

နောက်ပြီး ဒီမှာ ဘဲဥလည်း မရှိဘူး ကိုဦးရဲ့၊ သူတို့ အမေရိကန်တွေ ဘဲဥမစားကြဘူး။ ကြက်ဥပဲ ရှိတယ်။ အဲဒီကြက်ဥကလည်း မမခင်တို့ မြန်မာပြည်က ကြက်ဥလို အရသာ မရှိဘူး။

ဟဲဟဲ…ကိုဦးက မမခင်ကို ဟားချင်နေပြီလား မသိဘူး။ ကြက်ဥချင်း အတူတူ ဒီက ကြက်ဥ အရသာ မရှိဘူး ဆိုလို့လေ။

မမခင်ကို ရန်ကုန်မှာတုန်းက မမခင်အပေါင်းအသင်းတွေက ဟားတာ ခံရဖူးတယ်။ မမခင်က ရန်ကုန်မှာ နေပြီး တံမြက်စည်းဆိုလည်း မန္တလေးက တံမြက်စည်း

mgyoe.com

mgyoe.com
SAMPLE BOOK

မှ ကောင်းတာ၊ သောက်ရေအိုးဆိုလည်း စစ်ကိုင်း သဲရေအိုးမှ ကောင်းတာနဲ့ အညာစွဲနဲ့ ဘာမဆို မန္တလေး ကောင်းတာချည်း ပြော၊ မန္တလေး ပစ္စည်းတွေချည်း မှာပြီး သုံးနေလို့။

"ဟော့...ခင်ကြီးကို သွားမပြောနဲ့၊ သကြားချင်း အတူတူတောင် မန္တလေး သကြားက ပိုချိုတယ်လို့ ထင်တာဟဲ့"လို့။

မမခင်ရဲ့ ပျော့ညံ့ချက်က ဇာတိစွဲ သိပ်ကြီးတာပဲ။ ဒါပေမဲ့ အခု မမခင် ရေးပြောတာ မမခင်တစ်ယောက်တည်းရဲ့ ထင်မြင်ချက် မဟုတ်ပါဘူးနော်။ ဒီမှာ ရှိရှိသမျှ မြန်မာတိုင်းရဲ့ ပါးစပ်ဖျားမှာ လူတိုင်း ပြောနေကြတဲ့ စကားပါ။

မမခင်တို့ မြန်မာပြည်က မြေဆီမြေနှစ်ကောင်းလို့ပဲလား မသိဘူး။ အသီးအနှံ အားလုံးလည်း တကယ်ချိုတယ်။ ဒီမှာက အလုံးလည်း ကြီးတယ်၊ အမြင်လည်း လှတယ်။ ဒါပေမဲ့ အရသာကျတော့ မမခင်တို့ မြန်မာပြည်က အရသာကို ဘယ်လိုမှ မမီဘူး။

ဖလော်ရီဒါက ဆန်းတယ် ကိုဦးရဲ့။ ရှမ်းပြည်မှာရှိတဲ့ ထင်းရှူးပင်တွေ၊ လိမ္မော် ပင်တွေလည်း ဒီမှာ ရှိတယ်။ အညာမိုးခေါင်ရေရှားမှာ ပေါက်တဲ့ ထန်းပင်တွေလည်း ဒီမှာ ရှိတယ်။ ဖလော်ရီဒါက လိမ္မော်အများဆုံးထွက်တဲ့ နေရာပေါ့။ မြို့ပြင် ထွက်လိုက် တယ် ဆိုရင်ပဲ ကားလမ်းဘေးတစ်ဖက်တစ်ချက်မှာ လိမ္မော်ခြံတွေချည်း မြင်ကွင်းမဆုံး နိုင်အောင် များတယ်။

ခေါ်ပုံကလည်း အဆန်း၊ မမခင်တို့ဆီက လိမ္မော်သီးမျိုးကို ဒီမှာ Tangerine လို့ ခေါ်တယ်။ သူတို့ခေါ်တဲ့ Orange ဆိုတာက မမခင်တို့ မြန်မာပြည်က Sunkist ကို ခေါ်တာ။ အခေါ်အဝေါ်တွေကလည်း တော်တော်ဒုက္ခပေးတယ်။ မမခင် ရောက်ခါ စက Orange ဆိုလို့ လိမ္မော်သီးပဲဟဲ့ ဆိုပြီး ဝယ်လာလိုက်တာ အိမ်ကျတော့ Sunkist တွေ ဖြစ်နေတယ်။ ဒီမှာ ကောင်းလှပါတယ် ဆိုတဲ့ သူတို့အခေါ် Tangerine တောင် မမခင်တို့ တောင်ကြီး ရှမ်းပြည်ဘက်က လာတဲ့ လိမ္မော်အခွံ ပွပွကြီးတွေကို မမီပြန်ဘူး။ ဒီမှာ Tangelo ဆိုပြီး ခေါ်တဲ့ လိမ္မော်နဲ့ Sunkist စပ်ထားတဲ့ တစ်မျိုးလည်း ရှိသေးတယ်။

ဖလော်ရီဒါမှာ ကောင်းတာ တစ်ခုကတော့ (Fresh Squeeze Orange Juice) လို့ခေါ်တဲ့ လတ်လတ်ဆတ်ဆတ် ဘာမှမရောဘဲနဲ့ ညှစ်ထားတဲ့ လိမ္မော်ရည်ပဲ။ အဲဒီလို သစ်သီးရည်မျိုးစုံက Super Market ဈေးကြီးတွေမှာ ရှိတယ်။ ဆီးသီးရည်၊ ပန်းသီးရည်၊ စပျစ်သီးရည်၊ Grape Fruit သီးရည် အစုံပဲ ကိုဦးရယ်။ စက္ကူပုံးကလေးတွေနဲ့ ထည့်ပြီး ရောင်းတယ်။ ဈေးလည်း ပေါတယ်။

မမခင်တို့ မြန်မာပြည်မှာက အသီးအနှံတကယ်စုံတာနော်၊ ရာသီစာတွေ ရာသီ လိုက်ပေါ်တဲ့ ဟင်းသီးဟင်းရွက်တို့၊ အသီးအနှံတို့၊ တို့စရာမြုပ်စရာတို့၊ ဟင်းချိုချက်စရာ တို့ စုံမှစုံပဲ။ မမခင်တို့ မြန်မာနိုင်ငံမှာ သယံဇာတက တကယ်ကို များတာ။ ဆင်းရဲလို့ ငတ်မသေဘူး ဆိုတာ မြန်မာပြည်မှာမှ အစစ်ပဲ။ တောမှာဆို ချုံတန်းတွေမှာ ဟင်းချို

mgyoe.com

mgyoe.com SAMPLE BOOK

ရွက်ကလေး ခူးလို့ အသား ဈေးကြီးလို့ မဝယ်နိုင်ရင် ဖယ်ထား။ တခြားဟင်းသီးဟင်းရွက်တွေက ထွက်ခူးလို့ ရနိုင်တာတွေ အများကြီး ရှိတာပဲ။

ဒီမှာက Super Market မှာ ဈေးဝယ်ရင် တစ်ခါလာလည်း ဂေါ်ဖီထုပ်၊ ဂေါ်ဖီပွင့်၊ သခွားသီး၊ ဥနီ၊ မုန်လာဥ ဒါမျိုးပဲ ထပ်နေတာ။ ရာသီစာရယ်လို့ သိပ်မရှိလှဘူး။ ချဥ်ပေါင်ရွက်တို့၊ ကန်စွန်းရွက်တို့၊ ကင်ပွန်းချဥ်ရွက်တို့၊ ဆူးပုပ်ရွက်တို့၊ မယ်ဇလီရွက်တို့ကို လွမ်းလိုက်တာ ကိုဦးရယ်။

တရုတ်ဆိုင်မှာ တစ်ခါတစ်ခါ ကန်စွန်းရွက် ရတယ်။ သူတို့ အမေရိကန်တွေက ကန်စွန်းရွက်ကို စားရကောင်းမှန်း မသိဘူး၊ ကန်စွန်းရွက်ကလည်း ဈေးအကြီးသား၊ တစ်စည်းကို တစ်ဒေါ်လာခွဲလောက် ပေးရတယ်။ မြန်မာငွေနဲ့ တွက်ရင် ၁၀ ကျော်ပဲပေါ့။ မမခင်တော့ တစ်ခါဝယ်လာပြီး ကိုယ့်ခြံနောက်မှာ ရေကန်လုပ်ပြီး ကန်စွန်းပင်တွေ စိုက်ထားလိုက်တာ စားလို့မကုန်လို့ မြန်မာချင်းချင်း ဝေမျှ စားရသေးတယ်။

မမခင်တို့ မြန်မာတွေ စားတဲ့ အပင်တချို့လည်း ဒီမှာ ရှိတယ်။ ရာသီဥတုက မြန်မာပြည်နဲ့ တော်တော်တူတာမို့ မြန်မာပြည်မှာ ပေါက်တဲ့ အပင်တွေလည်း ဒီမှာရှိမှာပဲ ကိုဦးရဲ့။ သူတို့တစ်တွေ စားရကောင်းမှန်း မသိ၊ အလေ့အထ မရှိလို့ မစားကြ၊ မသိကြတာ ဖြစ်မှာ။ မမခင်တို့ မိတ်ဆွေတစ်ယောက် မီယာမီမှာရှိတဲ့ Parot Jungle 'ကျေးတော'မှာ သွားလည်ရင်း ဒန့်သလွန်ပင်ကို သွားတွေ့မိတယ်တဲ့၊ ဒါနဲ့ သူက ဝမ်းသာအားရနဲ့ အဲဒီက အစောင့်ကို 'ဒါဘာပင် ခေါ်သလဲ' လို့ မေးတော့ သူလည်း မသိဘူး၊ လှလို့ စိုက်ထားတာလို့ ပြောသတဲ့။

သူက အစောင့်ကို 'ဒီအပင် တစ်ကိုင်း ချိုးပေးပါ၊ ဒါ တို့မြန်မာတွေ စားတဲ့ အပင်၊ ဆေးဖက်ဝင်လို့ တောင်းတာပါ။ သွေးတိုးရောဂါ ရှိတဲ့သူတွေ ဟင်းချိုချက် စားရင် သွေးကျတယ်လို့'မပေးချင် ပေးချင်အောင် ပြောတောင်းတော့ အားနာသွားတယ် ထင်ပါရဲ့တဲ့။ သူ့အနေနဲ့တော့ မပေးနိုင်ဘူး၊ မန်နေဂျာကို သွားပြီး ပြောပါ ဆိုတာနဲ့ မန်နေဂျာဆီအထိ တက်ပြီး တောင်းမှ သုံးလေးကိုင်း ချိုးပြီး ပေးလိုက်တယ်တဲ့။

သူ့အိမ်မှာ စိုက်ထားတာ ခုဆို ဧရာမအပင်ကြီး ဖြစ်နေပြီ။ သူတို့ဆီက တစ်ဆင့်ကျန်တဲ့ မြန်မာအိမ်တွေလည်း မျိုးယူစိုက်ကြလို့ ခု မမခင်တို့ ဒီမှာ ဒန့်သလွန်သီး နဲ့ ဒန့်သလွန်ရွက် ဟင်းခါးသောက်လို့ ရတာ ကိုဦးရေ။

ပြည်ပန်းညိုပင်လည်း ဒီလိုပဲ၊ မိတ်ဆွေတစ်ယောက် ကားမောင်းသွားရင်း လမ်းဘေးမှာ ပေါက်နေတဲ့ အပင် ပြည်ပန်းညိုနဲ့ တူပါတယ် ဆိုပြီး ဆင်းတူး ယူလာခဲ့တာတဲ့၊ ဒီလိုနဲ့ တစ်အိမ်မှာ တစ်မျိုးရှိရင် ဖလှယ်ကြရတယ်။

ဖလော်ရီဒါမှာ သရက်လည်း ရတယ် ကိုဦးရဲ့။ မချစ်စုလို အလုံးမျိုးကြီးတွေရော၊ မန္တလေးကျောက်ဆည်ဘက်က ထွက်တဲ့ ပန်းဆွဲလို ဟာမျိုးရော၊ သရက်ကတော့

mgyoe.com

mgyoe.com SAMPLE BOOK
မျိုးစုံတယ်။ အမေရိကန်တွေက သရက်ကို အဆိပ်ရှိတဲ့ အပင်ဆိုပြီး မစားကြဘူး။ သရက်စေးက လောင်တတ်တယ် မဟုတ်လား။ အမေရိကန် လူမျိုးက ပိုတဲ့ နေရာမှာတော့ ပုရွက်ဆိတ် ကိုက်ရင်တောင် ဆရာဝန်ဆီ သွားတာ၊ တကယ် တကယ်။ မယုံမရှိနဲ့၊ သူတို့ ကိုယ်သူတို့ နည်းနည်းလေးမှ အနာမခံဘူး။ ပုရွက်ဆိတ်ကလည်း မမခင်တို့ မြန်မာ ပုရွက်ဆိတ်လို မဟုတ်ဘူး၊ သူတို့ ပုရွက်ဆိတ်က သိပ်ပြီး အဆိပ်ပြင်းတာ။ Fire Ant ဆိုတဲ့ မီးပုရွက်ဆိတ် ကိုက်လိုက်ပြီ ဆိုရင် ပြည်တွေဘာတွေတောင် တည်ပြီး အနာဖြစ်ယူတဲ့ ထိ ခံရတတ်တယ်။

သရက်ပင်ရှိတဲ့ မမခင် မိတ်ဆွေတစ်ယောက်က–

"နင် စားချင်ရင် ကြိုက်သလောက် လာပြီး ခူးယူလှည့်၊ ငါတော့ ခူးမပေးနိုင်ဘူး။ ငါ့မှာ သရက်စေးလောင်လို့ ဆရာဝန် သွားပြထားရတာ" ဆိုပြီး သူ့လက်မောင်းက ဒဏ်ရာကို ပြပြီး ပြောဖူးတယ်။

အနောက်ကမ်းခြေ Fr.Myers လျှပ်စစ်မှာရှိတဲ့ ခာတ်မီးသီး တီထွင်သွားတဲ့ အက်ဒီဆင်ရဲ့ ခြံထဲမှာလည်း အရှေ့တိုင်းမှ သီးနှံသစ်ပင်များ ဆိုပြီး ကမ္ဘာလှည့်ခရီးသည် များကို ကြည့်ဖို့ ဝင်ကြေးပေးပြီး လိုက်ပြတဲ့ အစီအစဉ်တစ်ခု ရှိတယ် ကိုဦးရဲ့။ အဲဒီမှာ ပြတဲ့သူက သစ်ပင် တစ်ခုစီရဲ့အကြောင်း အကျဉ်းချုပ်ကလေးတွေ ပြောပြောသွားတယ်။ သရက်ပင်ကျတော့ ဒီအပင်က အဆိပ်ရှိတဲ့အကြောင်း၊ အစေးက အသားကို လောင်တယ်။ အသီးကို စားရင် မတည့်သူတွေ ဝမ်းလျှောတယ် ဘာညာပေါ့။ နောက်ပြီး ကမ္ဘာမှာ အကြီးဆုံး သစ်သီး သီးတဲ့အပင်ကို ပြမယ် ဆိုတော့ မမခင်က ဘယ်လို အထူးအဆန်း အပင်မျိုး ကြည့်ရတော့မလဲ ဆိုပြီး အားခဲပြီး ကြည့်လိုက်တာ–

ကိုဦး ဘာပင်လို့ ထင်သလဲ။

ပိန္နဲပင် ဖြစ်နေလေရဲ့။ အဲဒါကို ဝင်ကြေး ခြောက်ဒေါ်လာ ပေးပြီး ကြည့်ရတာ တော့ နာလေခြင်းပဲနော့။ ကမ္ဘာလှည့် ခရီးသည် တစ်စုကတော့ ရင်သပ်ရှုမော အံ့သြစွာနဲ့ ကြည့်နေကြလေရဲ့။ မတူး ပြောနေကျ 'ဆတ်တလာ'ပဲလို့သာ ပြောလိုက်ချင်တော့တယ်။

နောက်ပြီး ငှက်ပျောပင်၊ ထန်းပင်၊ မန်းကျည်းပင်၊ ညောင်ပင် မမခင်တို့ မြန်မာပြည်က လမ်းဘေးပေါက်နေတဲ့ အပင်မျိုးတွေပေါ့ ကိုဦးရယ်၊ အဲဒါကို တကူးတက ပိုက်ဆံပေးပြီး လာကြည့်ကြတာနော်။ မန်ကျည်းပင်မှာ မန်ကျည်းသီးတွေ တွေ့တော့ မမခင်တို့ မြန်မာအချင်းချင်း မြန်မာစကားနဲ့ ကွိကွကွိကွ လုပ်နေတာကို ကြားသွားတော့ ပြတဲ့ ဆရာကြီးက မမခင်ကို–

"နင်...ဒီအပင် အကြောင်း သိသလားတဲ့"

မမခင်က "သိတာပေါ့၊ ဒါ ငါတို့ မြန်မာပြည်မှာ ရှိတဲ့ အပင်ပဲ" ဆိုတော့–

"ပြောစမ်းပါဦး၊ ဒီအပင် အကြောင်းကို" တဲ့။
mgyoe.com

mgyoe.com SAMPLE BOOK

ဒါနဲ့ မမခင်လည်း ခပ်တည်တည်နဲ့ ဒီအပင်က အရိပ်လည်း ကောင်းတာမို့ အရိပ်ရဖို့လည်း စိုက်ဖို့ ကောင်းတယ်။

အရွက်ကို ဟင်းချို၊ ချဉ်ရည် Soup လို ချက်လို့ ရတယ်။ သုပ်စားလို့လည်း ရတယ်။ အသီးကို မှည့်တဲ့အခါ Venegar လို အချဉ်အတွက် သုံးနိုင်တယ်။ မန်ကျည်း ရည်ကို ဖျော်ရည်လုပ်ပြီး နွေအခါမှာ သောက်ရင် ရင်အေးတယ်၊ ဝမ်းမှန်တယ်။ နုတဲ့ အချိန်မှာ ထောင်းစား၊ ချက်စားလို့ ရတယ်။ မန်ကျည်း အခေါက်ကို ခေါင်းကိုက်ရင် သွေးပြီး လိမ်းရလို့ ဆေးဖက်ဝင်တယ်။ ဘာညာနဲ့ လေပေးလိုက်ရတာပေါ့။

နောက်တစ်ခု ထူးထူးဆန်းဆန်း Rangoon Creeper ဆိုပြီး ဆိုင်းဘုတ် ရေးထားလို့ သွားကြည့်တော့ ထားဝယ်မှိုင်းပင် ဖြစ်နေလေရဲ့ ကိုဦးရယ်။ ကိုယ့်မြန်မာ လူမျိုးချင်း တွေ့ရတာ မပြောနဲ့၊ ကိုယ့်မြန်မာပြည်က သစ်ပင်လေးတွေ တွေ့ရတာတောင် မမခင်ဖြင့် အူမြူးလိုက်မိသေးတယ်။ ဒါကြောင့် သစ်ပင်၊ ပန်းပင်ကလေးတွေကအစ လွမ်းရပါတယ်လို့ မမခင် ပြောခဲ့တာပေါ့။

ငှက်ပျောပင်က ဒီမှာ သီးမွှေးတစ်မျိုးပဲ ရှိတယ် ကိုဦးရဲ့။ မမခင်တို့ မြန်မာ ပြည်မှာတော့ ငှက်ပျောဆို မျိုးစုံမှ စုံနော်။ ဖီးကြမ်းတို့၊ ရခိုင်တို့၊ ရွှေငှက်ပျောတို့၊ စာကလေးတို့၊ ငှက်ပျောချဉ်တို့၊ ဆင်အန်တို့ တချို့ နာမည်တောင် မဖော်တတ်တော့ဘူး။

ဒီမှာ ဆိုင်တင် ရောင်းတာက သီးမွှေးတစ်မျိုးပဲ ရှိတာ။ အဲဒါလည်း မမခင်တို့ ဆီမှာလို အဖီးလိုက်ဈေးနဲ့ ရောင်းတာ မဟုတ်ဘူး။ အချိန်နဲ့ ရောင်းတာ။ တစ်ပေါင်ကို ပေါ်ရင် ၂၉ ပြား၊ ရှားရင် ၃၅ ပြား ပေးရတယ်။ ရောက်ခါစကတော့ အဲ့ဒီလို ငှက်ပျောသီးကို ပေါင်ချိန်နဲ့ ဝယ်ရတာ အူကြောင်ကြောင်ကြီး ကိုဦးရယ်။ ခုတော့လည်း ဝယ်တတ်သွားပြီ၊ ကာလံဒေသံပေါ့။ မမခင် သားကြီးက ဘယ်ဆီကနေပြီး မျိုးရထား လည်း မသိပါဘူး။ သူ့ခြံထဲမှာတော့ ဖီးကြမ်းငှက်ပျောပင်တွေ ရှိလို့ သူ ချီကာဂို ပြောင်းသွားတော့ မမခင် ခြံထဲမှာ ရွှေ့စိုက်ပေးခဲ့တာနဲ့ ခု မမခင်ခြံထဲမှာ ဖီးကြမ်းငှက်ပျော ရှိတယ်။ အထက်ဘက်က လာတဲ့ မြန်မာတွေ ပြန်တဲ့အခါ ဖီးကြမ်း ငှက်ပျောခိုင်နဲ့ မုန့်ဟင်းခါး ချက်စားဖို့ ငှက်ပျောအူ ပေးရတာ တကယ်လက်ဆောင်မွန် တစ်ခုပဲ။

အထက်ဘက်မှာ အေးတော့ ငှက်ပျောတို့၊ သရက်တို့ မဖြစ်ဘူး ကိုဦးရဲ့၊ တစ်ခါ တလေ အပေါင်းအသင်းတွေက ဖုန်းဆက်ပြီး-

"ခင်ကြီး၊ နင့်ခြံထဲက ငှက်ပျောအူ ပို့ပေးလိုက်စမ်းပါဟယ်။ တို့ မုန့်ဟင်းခါး ချက်စားချင်လို့"

ဆိုပြီး တောင်းတတ်ကြသေးတာ။

အဲဒီအခါမှာ သေပေတော့ပဲ၊ ငှက်ပျောအူကတော့ ခြံထဲ ဆင်းခုတ်လိုက်ရုံပါပဲ။ ပါဆယ်ခက ငှက်ပျောအူ တစ်သေတ္တာကို ခုနစ်ဒေါ်လာ၊ ရှစ်ဒေါ်လာ ချောသွားတာ၊

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဦးတလေဆိုရင်လည်း အကြောင်းမဟုတ်ဘူး။ ကာလီဖိုးနီးယားက တောင်းလိုက်၊ ဝါရှင်တန်က ခေါ်လိုက်၊ တက်ဆက်က မှာလိုက်နဲ့ သုံးဦးလောက် ဆုံတဲ့ လဆိုရင် မိခင် ကြီးတို့ မွဲပေါက်ပဲပေါ့။

အမယ်… မမခင်တို့လည်း ဒီကျမှ အကြီးအကျယ် ပညာတွေ တိုးနေတာ၊ မြန်မာပြည်မှာတုန်းကတော့ အိမ်ထဲမှာ ကူဖော်လောင်ဖက်တွေနဲ့မို့ ထမင်းတစ်လုံး အပေါက်တည့်အောင် မချက်တတ်လည်း အကြောင်း မဟုတ်ဘူးပေါ့။

ဒီမှာတော့ ဘာအိမ်ဖော် ဘာလောင်ဖက်မှ မရှိတာမို့ အားလုံး ငါကိုယ်တော်တစ်ယောက် ထမင်းချက်လည်း ကိုယ်၊ ပန်းကန်ဆေးလည်း ကိုယ်၊ တံမြက်စည်းလှည်းလည်း ကိုယ်၊ ကြမ်းတိုက်လည်း ကိုယ်၊ အားလုံး အားလုံး ကိုယ့်ဟာကိုယ်ချည်းပဲ။ တစ်ခါ တစ်ခါများ ကိုယ့်အားကိုယ်ကိုးရလွန်းလို့ ထိုင်ပြီး ငိုလိုက်ချင်တဲ့ အခါမျိုးတောင် ရှိတယ်။ စက်တွေနဲ့ လုပ်နေရလို့သာ တော်တော့တယ်။ မြန်မာပြည်မှာလိုလည်း လက်နဲ့လည်း လုပ်ရ၊ အိမ်ဖော်လည်း မရှိ ဆိုရင်တော့ ပိုဆိုးမယ်။

ကိုယ်စားချင်တဲ့ မြန်မာအစားအသောက်ကလေးတွေလည်း တတ်တဲ့ သူတွေဆီက လိုက်ပြီး သင်ထားရတယ်။ မြန်မာပြည်မှာတော့ မုန့်ဟင်းခါး စားချင်တယ်ဟေ့ဆိုတာနဲ့ ကားကလေးနဲ့ လမ်း ၄၀ ထိပ်က ဖျာပုံဒေါ်ကြည့် မုန့်ဟင်းခါးဆိုင်ရှေ့ သွားရပ်ပြီး စားလိုက်ရုံပဲ။

ဒီမှာတော့ ဖျာပုံဒေါ်ကြည်လည်း မရှိမို့ ကိုယ့်အားကိုယ်ကိုးပြီး ချက်တတ်အောင် သင်ထားလို့ မုန့်ဟင်းခါးတို့၊ ကြာဆံဟင်းတို့၊ အုန်းနို့ခေါက်ဆွဲတို့၊ ဒံပေါက်တို့ အိပ်စပါတ်ဖြစ်နေပြီ ကိုဦးရဲ့။ မုန့်ဟင်းခါးဖတ်ဆိုလည်း ဂျပန်ကလာတဲ့ မုန့်ဖတ်ကို ရေနွေးဖျောလိုက်ရုံပဲ။ ဘူးသီးက တစ်ခါတလေမှ ရတော့ ဂေါ်ရခါးသီးတို့ Squash တို့ကို ဘူးသီးအဖြစ် ကြော်ပြီး အစားထိုးရတာပဲ။ ပစ္စည်းတော်တော်စုံအောင် ဝယ်လို့ရပါတယ်။

တရုတ်တွေက စီးပွားရေးမျက်စိကျယ်တယ် မဟုတ်လား။ တရုတ် ကုန်စုံဆိုင်၊ ယိုးဒယား ကုန်စုံဆိုင်၊ ဗီယက်နမ် ကုန်စုံဆိုင်တွေမှာ လိုတာ စုံအောင် ရတယ်။ မမခင်က မသိလို့ တို့လာတုန်းက ပုစွန်ခြောက်ကအစ မဆလာ၊ နနွင်းမှုန့် စုံအောင် ယူလာမိတာ သားကြီးက ကြည့်ပြီး မမခင်ကို အလေးခံပြီး သယ်လာရ ကောင်းလားနဲ့ ဆီးပြီး ဆူပါလေရော။

တစ်လောက မိတ်ဆွေတစ်ယောက်နဲ့ တွေ့လို့ မြန်မာပြည်က သူ့အမေက လူကြုံလို့ ငရုတ်သီးမှုန့်တွေ ထည့်ပေးလိုက်တယ် ဆိုတာ ပြောကြပြီး မမခင်တို့ စုဟားလိုက်ရသေးတယ်။ ဒါကလည်း အတွေ့အကြုံရှိမှပဲ သိနိုင်တာကိုး ကိုဦးရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီမှာ မှျင်ငါးပိ ပုစွန်သုံးကောင်တံဆိပ်မှ ချိုပြီး မွှေးနေတာကို ရတယ်။ ယိုးဒယား က သွင်းတာတွေပေါ့။ အဲဒီယိုးဒယားက ပို့သမျှသွင်းကုန်တွေဟာ မမခင်တို့ မြန်မာပြည်မှာ ရှိတဲ့ ပစ္စည်းမျိုးတွေချည်းပဲ၊ မတန်တဆ ဈေးပေးပြီး ဝယ်သုံးနေရတာမို့ ဒါတွေဟာ မြန်မာပြည်ကသာ လာရင် ကိုယ့်မြန်မာ နိုင်ငံခြားငွေ တိုးဖို့ အကြောင်းတစ်ခု အထောက် အကူရတာပေါ့။

တစ်နေ့က ခုနစ်အောင်စပါတဲ့ ဆူးပုပ်ရွက် ပုလင်းတစ်ခုကို တစ်ဒေါ်လာ ၇၅ ဆင့် ပေးပြီး ဝယ်ခဲ့ရတယ်။ ငါးပိရေကျို ဆိုရင်လည်း ပုလင်းနဲ့ လာတာ၊ ငါးပြေမ တံဆိပ်နဲ့ ကျိုလိုက်ရင် မွှေးကြိုင်သွားတာပဲ။ တညင်းသီး၊ ဒူးရင်းသီးကအစ အကုန် ရတယ် ကိုဦးရယ်။

လေးမြွာပါတဲ့ ဒူးရင်းသီးတစ်ပေါင် တစ်ဘူးကို ၁၀ ဒေါ်လာ ပေးပြီး စားရတယ်၊ ကိုဦး မြန်မာငွေနဲ့ တွက်ပြီးသာ ကြည့်တော့၊ ပုစွန်ခြောက်၊ ငါးပုပ်ခြောက်လည်း ရတယ်။ အရှေ့တိုင်းသားတွေ ပြည်ပမှာ များများရောက်နေလေ ယိုးဒယားတို့၊ တရုတ်တို့က စီးပွား ဖြစ်လေလေပဲ။ ပစ္စည်းမှန်သမျှ ကြည့်လိုက်ရင် ဟောင်ကောင်မှာ လုပ်သည်တို့၊ ယိုးဒယားမှာ လုပ်သည်တို့ပဲ တွေ့နေရတယ်။

မမခင်ရဲ့ သူငယ်ချင်း တစ်ယောက်က စာရေး မေးတယ်။

"ခင်ကြီးတို့ ဟိုမှာ နေ့တိုင်း ဘာတွေ စားနေလဲဟင်...ထမင်း၊ ဟင်း မြန်မာလို ချက်စားစရာ ရှိရဲ့လားတဲ့"

အမေရိကား ရောက်နေတာနဲ့ မမခင်ကို အမေရိကန်မကြီး ဖြစ်သွားပြီး ပေါင်မုန့် တွေ၊ ချိစ်တွေနဲ့ စခန်းသွားနေသလား။ မြန်မာထမင်း ဟင်းလေးမှ မှန်မှန်စားရပါရဲ့လား နဲ့ စိတ်ပူလို့ မေးရှာတာ ဖြစ်မှာပေါ့ ကိုဦးရယ်။

မမခင်တို့ မြန်မာတွေ အားလုံး နေ့တိုင်း မြန်မာထမင်း ဟင်းပဲ ချက်စားနေကြ တာပါ။ တစ်ခုပဲ ရှိတယ်။ အများအားဖြင့် မမခင် အပါအဝင် ထမင်းကို ညနေစာ တစ်နပ် ပဲ စားဖြစ်ကြတော့တယ်။ ဒါကလည်း လူနေမှုစနစ်အရ ပြောင်းသွားရတာပဲ ကိုဦးရဲ့။ မြန်မာပြည်မှာတော့ နေ့လယ်စာလည်း ထမင်း၊ ညစာလည်း ထမင်း၊ ထမင်းကို နှစ်နပ် စားကြတာ မဟုတ်လား။

ဒီမှာတော့ မနက်လင်းတာနဲ့ ကျောင်းသားကလည်း ကျောင်း၊ အလုပ်သမား ကလည်း အလုပ်၊ ခုနစ်နာရီဆိုရင် အိမ်က ထွက်ကြရတာ၊ ကျောင်းတွေက ခုနစ်နာရီခွဲစပြီး အလုပ်တွေက အများအားဖြင့် ရှစ်နာရီ စကြတယ်။ ဒီတော့ မနက်စာကို ကမ္ဘလာသီးရည် လေး တစ်ခွက်၊ ကော်ဖီလေး တစ်ခွက်လောက်နဲ့ ပြီးလိုက်ကြပြီး နေ့ခင်းစာကို အလုပ်မှာ စားကြတာ များတယ်။ အလုပ်မှာဆိုတော့ လွယ်လွယ်ကူကူ အမေရိကန်စာပဲပေါ့။ အဲ...ညနေ အိမ်ပြန်လာကြပြီဆိုမှ အိမ်ရှင်မ ဖွယ်ဖွယ်ရာရာ ချက်ထားတဲ့ မြန်မာထမင်း

mgyoe.com SAMPLE BOOK
ဟင်းကို ကုန်းပြီး လွေးကြရတာ။ ဒါကြောင့်မို့ မမခင်တော့ ညနေ မိသားစုအားလုံး စုံစုံညီညီ စားကြတဲ့အခါမျိုးမှာ မြန်မာထမင်းဟင်းကို ဖွယ်ဖွယ်ရာရာ ချက်ဖြစ်တော့တယ်။

ဒါပေမဲ့ ခုတစ်လော သင်္ကြန်အတွက် အလုပ်များနေလို့ ညနေစာ လွတ်တဲ့ရက် တွေတောင် ရှိတယ် ကိုဦးရဲ့။

✣

၁၉၈၅ ခုနှစ်၊ ဩဂုတ်လ

mgyoe.com

mgyoe.com SAMPLE BOOK

ကိုဦးရေ…

ဖလော်ရီဒါမှာ သင်္ကြန်လုပ်ဖြစ်တာ ဒီနှစ်ပါနဲ့ဆိုရင် ရှစ်နှစ်ရှိပြီ။ အဲဒီရက်မှာတော့ မြန်မာပြည်ကို ပြန်ရောက်သွားသလားလို့ အောက်မေ့ရတယ် ကိုဦးရယ်။

မြန်မာသီချင်းသံတွေ ဆူလို့ ညံလို့။

မြန်မာပုဆိုး၊ မြန်မာထဘီနဲ့ မြန်မာတွေ တစုတရုံး တဝုန်းဝုန်း ဖြစ်လို့။ မြန်မာ အစားအသောက် မုန့်ဟင်းခါး၊ ကြာဆံ၊ လက်ဖက်သုပ်၊ ချင်းသုပ်၊ ရွှေရင်အေး စတဲ့ မုန့်မျိုးစုံတွေလည်း အလျှံပယ်ကျွေးလို့။

မြန်မာစကားသံတွေလည်း လက်ပံပင် ဆက်ရက်ကျသလို အလုအယက် ပြောကြလို့။

ပျော်သည် ပျော်သည်၊ တို့ပျော်သည် ဆိုတဲ့အတိုင်း-

လူတိုင်းလူတိုင်း ပျော်ကြ၊ အော်ကြ၊ ကလော်ကြတဲ့ နေ့ပေါ့။

မမခင်တို့ ဖလော်ရီဒါ မိသားစုအဖွဲ့အပြင် ဂျော်ဂျီယာပြည်နယ်က အဖွဲ့၊ တက်ဆက်ပြည်နယ်က အဖွဲ့တွေပါ ဖလော်ရီဒါကို ဆင်းလာကြပြီး သင်္ကြန်ပွဲ ဆင်နွှဲကြတာမို့ တကယ်ကို ပျော်စရာကောင်းတဲ့ နေ့ပဲ ကိုဦးရယ်။

ကိုဦးသာ သီချင်းလာဆိုပေးမယ် ဆိုရင် ဒီထက်စည်တဲ့ ပွဲကြီး၊ ပွဲကောင်း ဖြစ်သွားမှာပေါ့။

မမခင်တို့ သင်္ကြန်ပွဲကို တစ်နှစ် တစ်နေရာစီ ပြောင်းပြောင်းပြီး လုပ်ဖြစ်ကြတယ်။ မြန်မာအသင်းသား တစ်ယောက်ယောက်ရဲ့အိမ်မှာ တာဝန်ယူပြီး လုပ်တယ်။ လက်ခံရတဲ့ အိမ်ရှင်တွေလည်း မသက်သာလှဘူး ကိုဦးရဲ့။ စုလိုက်ရင် လူက တစ်ရာနီးပါး ရှိတာ

mgyoe.com

mgyoe.com SAMPLE BOOK

မို့ အဲဒီလူတစ်ရာရဲ့ စားရေးသောက်ရေး၊ အိပ်ရာ နေရာ၊ ကိုယ်လက်သန့်စင်ရေးကအစ အဝဝ တာဝန်ယူကြရတာ။ ဒီထက်ဆိုးတာက အပြင်ခြံထဲမှာ ရေကစားဖို့ စီစဉ်ထားပေမယ့် အပျော်လွန်ပြီး ရေကူးကန်ထဲကို အတင်း မ မပြီး ပစ်ချကြတာမို့ ရွဲတာမှ နစ်နေအောင် စိုတာ။ အဲဒီ ရေစိုဝတ်တွေနဲ့ အိမ်ထဲကို ဝင်ကြတော့ ခင်းထားတဲ့ ကော်ဇော တွေပါ အကုန်ရွဲ၊ နောက်တစ်ပတ်၊ ဆယ်ရက်နဲ့ အိမ်ရှင်တွေမှာ သိမ်းရ ရှင်းရတဲ့ အလုပ်က မကုန်နိုင်ကြတဲ့အပြင် အိမ်လည်း ပျက်စီးသေးတာမို့ တစ်နှစ် သင်္ကြန်လက်ခံပြီးတာနဲ့ နောက်တစ်နှစ်တော့ "ကန်တော့ဆွမ်းပါ" လို့ တညီတညွတ်တည်း ဆလံသထားကြတာ ကြုံနေရလို့ မမခင်တို့မှာ နောက်တစ်နှစ်အတွက် ကံဆိုးသူ မောင်ရှင် အိမ်အဖြစ် ဘယ်အိမ်ကို မဲခွဲရမလဲ ဆိုတာ ဦးနှောက်ခြောက်ခံပြီး အတော်စဉ်းစားကြရတယ်။

ဒီနှစ်သင်္ကြန်တော့ ဂျော်ဂျီယာတို့၊ တက်ဆက် ပြည်နယ်တို့ဘက်က လာတဲ့ လူတွေအဖို့လည်း နီးအောင် နှစ်ဦးနှစ်ဖက် လမ်းတစ်ဝက်ဖြစ်တဲ့ ဖလော်ရီဒါ အနောက်ကမ်းခြေ Tampa မြို့မှာရှိတဲ့ ဒေါက်တာသန်းမြင့် အိမ်မှာ လုပ်ဖို့ ရွေးလိုက်တာမို့ သူ့အဖို့ ဒီနှစ်အတွက် ကံဆိုးသူ မောင်ရှင်စာရင်း ဝင်သွားပြန်တာပေါ့။

သင်္ကြန်မတိုင်ခင်လည်း မမခင်တို့ အမှုဆောင်အဖွဲ့တစ်စု ဖိတ်စာရိုက်ဖို့ လုပ်ရ၊ ရက်ရွေးရ၊ အစားအသောက်အတွက် တာဝန်ပေးရ၊ တစ်ဖွဲ့ကို တစ်ဖွဲ့ အနိုင်ဆော်ဖို့၊ ကလော်ဖို့၊ သံချပ်တိုက်ဖို့တွေလည်း စီစဉ်ကြရသေးတယ်။

အတွင်းရေးမှူးလုပ်တဲ့ ဒေါက်တာညွန့်လွင်ကလည်း ဖိတ်စာအရေးကောင်းကိုဦးရဲ့။ ဖိတ်စာကို ဖတ်လိုက်တာနဲ့ သင်္ကြန်ကို လာချင်စိတ်ပေါက်သွားအောင် ရေးနိုင်တယ်။ သူ့ ဖိတ်စာကိုလည်း ဖတ်ကြည့်ပါဦး။

ရေကစားဖို့ ရေမွှေးနဲ့ ငွေဖလားကိုယ်စီ ယူလာကြပါ။

သင်္ကြန်ပွဲမှာ သင်နှစ်သက်မယ့်သူ ကြင်ဖော်လောင်း တွေ့နိုင်မည့်အပြင် သင့်အမေ၏ ပျောက်နေသော ချွေးမကိုပင် တွေ့ချင် တွေ့ရဦးမည်။

သင့်မျက်စိကို အတတ်နိုင်ဆုံးဖွင့်ပြီး ရှာဖို့ မမေ့ပါနှင့်။

နေ့လယ်စာ ဆူးပုပ်ရွက်ဟင်းချို၊ ပုစွန်ချဉ်သုပ်၊ တညင်းသီးတို့ ငါးပိချက်နှင့် အအီပြေ ဒူးရင်းသီး။

ဒါတွေကို အဟုတ်မှတ်ပြီး စားကြဖို့ရာ ရောက်မလာပါနှင့်။ မြန်မာပြည် အလွမ်းပြေ သွားရည်ကျရုံမျှ ရေးပြခြင်း ဖြစ်ပါသည်။

တကယ်က မုန့်ဟင်းခါး၊ ကြာဆံဟင်း၊ လက်ဖက်သုပ်၊ ချင်းသုပ်နှင့် ရွှေရင်အေး သာ ကျွေးမည် ဖြစ်ပါသည်။

ညနေစာ ဒံပေါက်၊ စာမူဆာ၊ ဗယာကြော်နှင့် ကြက်ကင်။ ဖျော်ဖြေရေး တေးသီချင်းများ၊ အဆို ဒေါက်တာ မခင်အုန်း၊ အဆို ဒေါက်တာဒါတ်ခ၊ အက မတူး (ကေသီခန့်)၊ ဖို့လော်ဒါဒေးလ်၊ ခွဲ့ခွဲ့သွင်(ဟူစတန်-တက်ဆက်)

mgyoe.com

mgyoe.com SAMPLE BOOK

အားလုံးစုဆို… အသံကျယ်ကျယ် အော်နိုင်သူတိုင်း ဝင်ဆိုနိုင်သည်။

နားချိန်…မိတ်ဆွေဟောင်းများနှင့် ရှေးဟောင်းနှောင်းဖြစ် ပြောကြပြီး မိတ်ဆွေသစ်များနှင့် လိပ်စာများ၊ ဖုန်းနံပါတ်များ လဲလှယ်နိုင်ပါသည်။

ထုပ်ဆီးတိုး…အောင်သူရွေး။

ညောင်ပင်တစ္ဆေ ဝေလေလေနှင့် ရွှေစွန်ညို ကစားပါမည်။ အားလုံး မြန်မာဝတ်စုံ ဝတ်လာကြပါရန်။

မှတ်ချက်

ပုဆိုး၏ တန်ဖိုးကို သိပါ။

ပုဆိုးကို ပုံစံမလို။ မည်သူမဆို လွယ်လွယ်ကူကူ ချုပ်နိုင်သည်။ ဝတ်ထားလျှင် လေဝင်သည်။ အေးအေးလူလူ ရှိသည်။

လက်သုတ်ပဝါ ရှာမရလျှင် လက်ကို ပုဆိုးနှင့် လွယ်လွယ်ကူကူ သုတ်လို့ရသည်။ မျက်နှာသုတ်ပဝါ ရှာမရလျှင်လည်း မပူပါနှင့်။ မျက်နှာကို ပုဆိုးနှင့် သုတ်လို့ရသည်။

ခုန်လိုလွှားလိုလျှင်လည်း ခါးတောင်ကျိုက်လိုက်တာနှင့် ဘောင်းဘီတို ဝတ်ထားသကဲ့သို့ လွတ်လပ်စွာ ခုန်လွှားနိုင်သည်။

ပေလျှင်လည်း ပုဆိုးကို လှည့်ဝတ်၍ ပေသည့်နေရာကို ဖုံးလို့ရသည်။ နောက်ဆုံး ရုပ်ရှင်ရုံဘေး အခင်းလေးသွားလို့ လူမိသွားလျှင်လည်း သင်မှန်းမသိအောင် မျက်နှာကို အုပ်ထားလိုက်လို့ ရသေးသည်။

ပုဆိုးဋီကာကို သူရေးပြမှပဲ မမခင်တို့လည်း ကျကျနန စဉ်းစားမိပြီး "အင်း…ဟုတ်ပေသားပဲ" လို့ ပုဆိုး အသုံးဝင်ပုံ အလုံးစုံကို သတိပြုမိတော့တယ်။

အဲ…ဖိတ်စာကိစ္စပြီးတော့ သံချပ်ရေးဖို့၊ တိုက်ဖို့ကိစ္စတွေနဲ့ ရှုပ်ကြပြန်ရောလေ။ အဲဒီသံချပ်မှာလည်း ရောက်လာကြမယ့် တက်ဆက်အဖွဲ့တို့၊ ဂျော်ဂျီယာအဖွဲ့တို့၊ အနောက်ဘက်ကမ်းခြေ တင်ပါအဖွဲ့တို့ကို အဓိကထားပြီး ဆော်ဖို့၊ ကလော်ဖို့ ဉာဏ်နီဉာဏ်နက်တွေ အပြတ်ထုတ်ကြရသေးတယ်။

**Lauderdale က ရေပက်လာ၊ မေသက်ကညာ ဆီးလို့ကြိုလိုက်။ Lauderdale က ပက်တဲ့ရေ၊ သီတာရေလို အေးမြစေသား။ မြန်မာနှစ်ဆန်းသင်္ကြန်မှာ မင်္ဂလာဝေဖြာ တိုးကြစေသား။ ဂါဝန်ဝတ်တဲ့ မြန်မာပျို၊ ဒူးကိုပေါင်ကို လုံအောင်ဖုံးကြ။ စိတ္တဓဆရာဝန်ကြီးဥက္ကဋ္ဌ၊ Disco ကတော့ ခွကျကျ။ ဥက္ကဋ္ဌကတော်လည်း ဆရာဝန်ဆို၊ ဥက္ကဋ္ဌကြီးကို ကုပေးပါဦး။ မနှစ်ကတော့ Ft,Myers၊ ဒီနှစ် Tampa ပျော်လို့မဆုံး။ အမှုပိုတဲ့ Houston သူ၊ ပင်လယ်လေကို ရှူဖူးရဲ့လား။ အမှုပိုတဲ့ Georgia သူ၊ ပင်လယ်လေကို ရှူဖူးရဲ့လား။ Houston မြို့ရဲ့ အပူဒဏ်၊ ကုန်းခံနေတာ စိတ်မညစ်ဘူးလား။ Houston မြို့မှာ မပျော်ရင်၊ ဖလော်ရီဒါကို ပြောင်းခဲ့၊ ပြောင်းခဲ့။**

mgyoe.com

mgyoe.com SAMPLE BOOK

နွားကျောင်းသူနဲ့ နွားကျောင်းသား၊ လိမ္မော်သီးချိုချို စားဖူးရဲ့လား။

လူပျိုကြီး ကိုကိုလေး၊ စဉ်းစားပါတော့ အိမ်ထောင်ရေး။ ဈေးကိုင်လွန်းတဲ့ နွဲ့နွဲ့သွင်၊ သိပ်ရွေးလွန်းရင် ဟိုင်းသွားမှာပဲ။ အချိန်ရှိတုန်း မလွန်ခင်၊ ဆုံးဖြတ်ချင်ရင် သူ့ကို ရွေးလိုက်။ သကြားမြေက ဖွားဖွားသက်၊ စကားပြောတော့ ခပ်သွက်သွက်။ ညှိသည်နှိပ်စက် ထမင်းချက်၊ မကျွေးရင်လည်း ခပ်ခက်ခက်။ Peanut နယ်က မဂျယ်ရီ၊ ဟိုအရင်လို ချောတုန်းပါပဲ။

မဂျယ်ရီရဲ့ ခေါင်းကိုက်နှာ၊ ဥက္ကဋ္ဌကြီးနဲ့ ကုခိုင်းပါဦး။ ဆဗားနားက ဘရူးချား၊ ကလပ်ဂေဘယ်လ်နဲ့ မတူလား။ သူ့ဇနီး ရာဇီယား၊ စိတ်ထင်မှာတော့ ရွှေမင်းသား။ Tampa မြို့ကြီး ပျော်စရာ၊ Polution ကြောင့် တစ်မှောင့် တစ်မှောင့်။

Tampa မြို့ထွက် Budwieser သောက်လို့ ပေါက်လို့ ကောင်းတယ်ဗျာ။

Tampa သူတွေ ထိတ်ထိတ်ကြဲ၊ ယောကျ်ားတွေက မိုက်ရွဲရွဲ။ မိုက်ရွဲတာဟာ ဘာကြောင့်လဲ၊ Budwieser ရဲ့ ကျေးဇူးပဲ။

စားလို့သောက်လို့ ပြီးပြီဗျာ၊ Tampa စေတနာ ကျေးဇူးပါပဲ။ ပျော်စေ ပြက်စေ ရယ်စရာ၊ အမှားပါရင် ခွင့်လွှတ်ပါတော့။ ဒီတစ်နှစ်တော့ ပြီးပြီဗျာ၊ နောက်နှစ်ခါလည်း ဆုံကြဦးစို့။

သင်္ကြန် သင်္ကြန်–Ra, Ra, Ra, Let's Enjoy it Ha, Ha, Ha, Okeechobi Big enough. We Can Play it Rough and Tough. ဟေးလား မောင်တို့ဝါး။

မမခင်တို့ အရှေ့ကမ်းခြေ Ft. Lauderdale အဖွဲ့က အနောက်ကမ်းခြေက မြန်မာအသင်းရဲ့ ဥက္ကဋ္ဌ စိတ္တဇဆရာဝန်ကြီးကိုလည်း ဆော်ရ၊ Tampa မြို့က မိုက်ရွဲရွဲ ယောကျ်ားတွေကိုလည်း ကလော်ရ။ ဂျော်ဂျီယာပြည်နယ်က လာတဲ့ မဂျယ်ရီတို့၊ ဘရူးချား တို့ အဖွဲ့ကိုလည်း နှက်ရ။ တက်ဆက်ပြည်နယ် Houston မြို့က လာကြတဲ့ သက်သက်တို့၊ ကိုကိုလေးတို့၊ နွဲ့သွင်တို့ကိုလည်း ထုရ။

သူတို့တွေကလည်း မမခင်တို့ အဖွဲ့ကို အပြတ်ချတာပဲ ကိုဦးရဲ့။ အပြန်အလှန် ပေါ့။

ဘယ်လောက် ဆော်ကြ၊ ကလော်ကြပေမယ့် သင်္ကြန်စိတ်ဓာတ်နဲ့ အပြုံးမပျက် တဝါးဝါး တဟားဟား ရယ်ကြရသေးတယ်။

ပထမဆုံးအစီအစဉ်အနေနဲ့ မမခင်တို့ မြန်မာနိုင်ငံတော်အလံကို တင်တယ်။ ပြီးတော့ နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းကို ဆိုကြတယ်။ နောက် မြန်မာအသင်း ဥက္ကဋ္ဌကြီးက သင်္ကြန်ဖြစ်လာရပုံ၊ သင်္ကြန်ပွဲတော်ရဲ့ အကြောင်းကို အနည်း အကျဉ်း ပြောပြတယ်။ ဘာလို့လဲဆိုရင် သင်္ကြန်ပွဲကို လာကြတဲ့အထဲမှာ မြန်မာတွေ တင် မကဘူး။ အမေရိကန်၊ ဂျာမန်၊ ကနေဒီယန် လူမျိုးစုံ ပါသေးတာကိုး။

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာကို လက်ထပ်ထားတဲ့ အမေရိကန်တို့၊ မြန်မာပြည်မှာ တာဝန်ထမ်းဆောင်နေခဲ့ဖူးပြီး မြန်မာလူမျိုးနဲ့ မြန်မာ့ယဉ်ကျေးမှုကို ခုထက်ထိ မြတ်နိုးပြီး တန်ဖိုးထားလေးစားတဲ့ အမေရိကန်တွေလည်း လာကြတယ်။ နောက်ပြီး စိတ်ဝင်စားစွာနဲ့ တစ်နှစ်မပြတ် လာနေကျ ဧည့်သည်တော် သုံးဦးကလည်း ရှိသေးတယ်။ အနောက်ကမ်းခြေ Ft.Myers က သတင်းစာဆရာ ဇနီးမောင်နှံ ဂျာမန်လူမျိုး နှစ်ယောက်ရယ်၊ မမခင်တို့ ကုမ္ပဏီက မန်နေဂျာ ဂျာမန်လူမျိုး Jim ဆိုတာရယ်။

Jim ကတော့ မမခင်တို့ လက်တစ်ဆုပ်စာ မြန်မာလေး ရှိသမျှနဲ့ လုပ်တဲ့ သင်္ကြန်ကိုတင် အားမရသေးဘူး။ မနှစ်က ရန်ကုန်မှာ ကျင်းပတဲ့ သင်္ကြန်ပွဲအစီအစဉ် ဗွီဒီယိုတိပ်ခွေမှာ ကိုဦးတို့ သီချင်းဆိုထားတာတွေ၊ အစိုးရဌာန မဏ္ဍပ်တွေက ကလေးမလေးတွေ ကကြတာတွေ၊ ရေပိုက်တွေနဲ့ အပြတ်ပက်ကြတာတွေကို ဖွင့်ပြပြီး ကြွားလိုက်မိတာနဲ့ အခု ပိုက်ဆံစုနေလေရဲ့။ မြန်မာပြည် သင်္ကြန်ပွဲကို ဆင်နွှဲဖို့ သွားလည်ဦးမှာတဲ့။

ဥက္ကဋ္ဌကြီး မိန့်ခွန်းပြောပြီးတဲ့နောက် ရောက်လာကြတဲ့ အဖွဲ့တစ်ဖွဲ့စီ ဦးဆောင်သူတွေက မိတ်ဆက်စကားပြောပြီး အလှည့်ကျ သံချပ်ထိုးကြတယ်။ ဖလော်ရီဒါပြည်နယ်ကို အစိုးရပညာတော်သင် လွှတ်ထားတဲ့ သူတွေ တချို့ရော၊ ပြင်ပရောက်နေကြတဲ့ မြန်မာမိသားစုတချို့ရဲ့ သားသမီးတွေ၊ အမေရိကန်နိုင်ငံကို ပညာသင်ဖို့ ပို့ထားတဲ့ မြန်မာကျောင်းသားလေးတွေကလည်း နားစွန်နားဖျား ကြားကြပြီး မေးမြန်းစုံစမ်းပြီး ရောက်လာကြပြန်တော့ ပိုပြီး ပျော်စရာ ကောင်းသွားတာပေါ့။ ဒေါက်တာ ခင်လှိုင်ရယ်၊ ဒေါက်တာချို့နွယ်ဦး သားလေး ပညာတော်သင် နေလှိုင်ဦးက သူပိုင် ဂစ်တာယူလာပြီး အဆို၊ အတီးနဲ့ ဝင်ဖျော်ဖြေပေးသွားသေးတယ်။

ခဏနားကြပြီး နေ့လယ်စာစားဖို့ စီစဉ်ကြတယ်။ အဝေးက လာကြတဲ့ ဂျော်ဂျီယာတို့၊ တက်ဆက်ပြည်နယ်တို့က လူတွေကတော့ ဧည့်သည်တော်အဖြစ် သတ်မှတ်ထားလို့ သူတို့ကိုတော့ တာဝန်မပေးဘူး။ မမခင်တို့ ဖလော်ရီဒါက အိမ်ခံမိသားစုတွေက တစ်အိမ်ထောင်မှာ စားစရာတစ်မျိုးစီ ယူလာခဲ့ဖို့ စီစဉ်ထားတာမို့ ဖိုလော်ဒါဒေးလ် အဖွဲ့အနေနဲ့ လက်သုပ်စုံ၊ ရွှေရင်အေး၊ ဖို့မာယာက မုန့်ဟင်းခါး၊ လက်ဖက်သုပ်၊ ချဉ်းသုပ်။ တင်ပါက မိုးကုတ်မြို့သား အင်ဂျင်နီယာ ဂန္ဓိမိသားစုက တစ်ခါတည်း ဒယ်အိုးကြီးနဲ့ သစ်ပင်အောက်မှာ အကြော်စုံပူပူနွေးနွေးကြော်ပြီး ကျွေးတာမို့ အဲဒီ အကြော်ဒယ်အိုးရှေ့မှာ တန်းစီပြီး တိုးနေကြတော့တယ် ကိုဦးရယ်။

စားလို့ပြီးကြတော့ အတွင်းရေးမှူးက ရေကစားဖို့ အချိန်ကျပါပြီလို့လည်း ကြေညာရော ပထမတော့ ငွေဖလားထဲမှာ ရေမွှေးထည့်ပြီး သပြေခက်နဲ့ ပက်တာက စရာက ခြံထဲက ရေပိုက်ကို ပြေးဆွဲတဲ့သူက ဆွဲ၊ ရေပုံးနဲ့ တအားလောင်းတဲ့သူက လောင်းနဲ့ သောင်းကျန်းကုန်ကြတာပါပဲ။ ရေစိုမခံချင်ကြလို့ ထွက်ပြေးတဲ့သူက ပြေး၊

mgyoe.com

mgyoe.com SAMPLE BOOK

အမိလိုက်ပြီး လောင်းတဲ့သူက လောင်း၊ မိသွားလို့ အသံကုန်အော်တဲ့သူက အော်၊ ကျေနပ်လို့ ဟားတိုက်ရယ်တဲ့သူက ရယ်နဲ့ အဝီစိပွက်မျှ ဆူညံနေတာပါပဲ။

တဖြည်းဖြည်းနဲ့ အရှိန်တက်လာတော့ လူတစ်ကိုယ်လုံးကို သိမ်းကျုံး အတင်း မသွားပြီး ရေကူးကန်ထဲ ပစ်ချကြတဲ့အထိ ဆိုးတော့တာပဲ၊ ရွဲ့ရုံမကဘူး၊ တစ်ကိုယ်လုံး ကို နစ်နေအောင် မရှုမလှခံကြရတာ။

တစ်နေ့ခင်းလုံး ညနေထိ ရေကစားကြပြီး ညနေစာ စားကြတယ်။ အိမ်ရှင် ဒေါက်တာသန်းမြင့်တို့ ဇနီးမောင်နှံက သဒ္ဓါတရားကောင်းကောင်းနဲ့ လူတစ်ရာကျော်ကို ဒံပေါက်ထမင်းမှာပြီး ကျွေးတယ်။ လာသမျှ လူတွေလည်း တအားကစားပြီး မောထား ကြတာမို့ ကျွေးသမျှလက်ကျန်မရှိအောင် ပြိုက်ခနဲ ကုန်သွားတော့တာပဲ။

မမခင်တို့ မြန်မာအသင်းမှာ ကင်မရာဆရာက ဒေါက်တာနိုင်ဝင်းလေ။ ပွဲတော် မှန်သမျှ ဗွီဒီယိုကင်မရာကြီး ထမ်းပြီး စိတ်ရှည်လက်ရှည်ရိုက်၊ သကြန်မှာတော့ ကမ်းကုန် လမ်းကုန် သောင်းကျန်းကြတာတွေကို တကွက်မလွတ်အောင် ရိုက်နေရတာနဲ့ သူ့မှာ ညနေစာ ထမင်းတောင် ငတ်တော့မလို့ ကိုဦးရယ်။ စားလို့ပြီးကြတော့ ဖျော်ဖြေရေး အဖွဲ့က ပရိသတ်ကို ဖျော်ဖြေတယ်။

ဒေါက်တာ မခင်အုန်းကလည်း အဆိုကောင်း ကိုဦးရဲ့၊ သူက ရှေးဟောင်း သီချင်း မေမြင့်ရဲ့ 'ကျောင်းပိတ်ရက်' သီချင်းကို ဆိုတယ်။

ပင်ဆယ်ဘေးနီးယားက အလည်ရောက်လာတဲ့ ဒေါက်တာနီနီခင်နဲ့ ဖြူဖြူခင် ညီအစ်မက မှုန်ရွှေရည်သီချင်းနဲ့ ကကြတယ်။ မှုန်ရွှေရည်သီချင်းက မြိုင်တော့ ယောကျ်ား လေးအဖွဲ့က တစ်ပြုံကြီး နောက်ကဝင်ပြီး သူတို့ပါ မျောက်ဖိုးစိန် အက ကကြပြန်ရော။

မမခင်ရဲ့ သမီးအလတ် မတူး(ခန့်ကေသီ)က မြစန္ဒာ သီချင်းနဲ့ အငြိမ့်ကတယ်။ လူပြက်တွေကတော့ ဒေါက်တာသန်းမြင့်တို့၊ ဂျမားတို့ပေါ့။ ဒေါက်တာသန်းမြင့်က ပုဆိုးကွင်းသိုင်းပြီး ဆရာဝန်ဆိုတဲ့ သိက္ခာတွေ ဘာတွေ ဘယ်ရောက်ကုန်လည်း မသိပါ ဘူး ကိုဦးရာ။ တကယ့်လူပြက်အတိုင်း ပြက်လုံးတွေလည်း ထုတ်လိုက်သေးတယ်။

မင်းသမီး ခေါ်တာလည်း အကျ ကိုဦးရဲ့။

မခင်ရဲ့ သမီးအကြီး ခန့်ကေခိုင်က စင်တော် ကတယ်။ Houston နွဲ့နွဲ့သွင် ကလည်း တစ်ပင်တိုင် ကတယ်။ မြန်မာအကနဲ့ ဝေးနေကြတဲ့ ပရိသတ်က လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ ဩဘာပေးလို့ ကောင်းနေကြတာပေါ့။ အမျိုးသား အဆိုတော်ကလည်း မြန်မာသီချင်း၊ ဂျပန်သီချင်း၊ တရုတ်သီချင်းနဲ့ အမျိုးစုံအောင် ဖျော်ဖြေတာ။ ပရိသတ်ရဲ့ အာရုံကို ရာခိုင်နှုန်းပြည့် ဆွဲဆောင်နိုင်တာပဲ။

ဖျော်ဖြေတာတွေ ပြီးတော့ နားချိန်ခဏ ပေးတယ်။ အဲဒီမှာ မတွေ့ရတာ ကြာတဲ့ မိတ်ဆွေဟောင်းတွေနဲ့လည်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ။ ခုမှ တွေ့ရသိရတဲ့ မိတ်ဆွေသစ်တွေနဲ့လည်း ဖုန်းနံပါတ်တွေ၊ လိပ်စာတွေ ဖလှယ်ကြပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီအခါကျမှ ရောက်လာတဲ့ သူတွေ တချို့က လန်ဒန်၊ တချို့က ကနေဒါ၊ တချို့က တခြား အမေရိကန်ပြည်နယ်တွေက ဖြစ်နေကြတယ် ဆိုတာ သိရတယ်။ ဖလော်ရီဒါကို ခေတ္တခဏ အလည်အပတ် ရောက်နေကြခိုက် သင်္ကြန်ဘယ်မှာလဲ? ဆိုတဲ့ သတင်းစကားကြားတော့ မနေနိုင်ဖြစ်ပြီး စုံစမ်းမေးမြန်းပြီး ရောက်လာကြတာလေ။

လူမျိုးကလည်း အစုံ၊ တရုတ်၊ ကုလား၊ မြန်မာ၊ ယိုးဒယား၊ အမေရိကန်၊ ဂျာမန် အားလုံး မြန်မာ့ဟန်နဲ့ နှစ်သစ်ကူးကြတာ တပျော်တပါးပဲ ကိုဦးရဲ့။ ခေတ္တနားပြီးတော့ အုပ်စုသုံးစုခွဲပြီး ထုပ်ဆီးတိုး အောင်သူရွေးတဲ့ အဖွဲ့။ ညောင်ပင်တစ္ဆေ ဝေလေလေ ကစားမယ့်တစ်ဖွဲ့၊ ရွှေစွန်ညိုကစားမယ့် တစ်ဖွဲ့ ခွဲပြီး ကစားကြပြန်ရော။ ဒီတော့လည်း ငြင်းကြ ခုံကြ၊ ရန်တွေ့ကြနဲ့ မြန်မာစကားသံတွေ ဝေလျှံနေအောင် ကြားနေရတာကို မမခင်ဖြင့် အလိုလိုနေရင်း ကြည်နူးနေမိတယ်။

တကယ်ပွဲသိမ်းတော့ ညနှစ်နာရီထိုးနေပြီလေ။

တချို့လည်း ကားနဲ့ တောက်လျှောက်ပြန်ကြတယ်။ တချို့လည်း ဒေါက်တာသန်းမြင့်အိမ်မှာ အိပ်တဲ့သူက အိပ်။ နီးရာတည်းခိုခန်းတွေမှာ သွားအိပ်နေတဲ့သူက အိပ်။ မနက်ကျမှ စောစောထပြန်ကြမယ့် သူက ပြန်ပေါ့။ တစ်နှစ်စာ ပျော်ပြီး လမ်းခွဲကြပြန်ရော။

ဒီမှာက မမခင်တို့ မြန်မာပြည်မှာလို သုံးရက် မကစားနိုင်ကြဘူး ကိုဦးရဲ့။ စတိအဖြစ် တစ်ရက်ပဲ၊ သင်္ကြန်ကို စနေနေ့မှာ လုပ်ကြပြီး တနင်္ဂနွေနေ့ မနက်စောစော ပြန်၊ တနင်္လာနေ့မှာ အလုပ်ပြန်ဝင်ကြရမှာ မဟုတ်လား။

ကယ်လီဖိုးနီးယားနဲ့ မမခင်တို့ ဖလော်ရီဒါကတော့ ဧပြီ ၁၃ ရက်ဝန်းကျင်မှာ ရှိတဲ့ စနေနေ့ကို ရွေးပြီး ကျင်းပတယ်။ ဝါရှင်တန်ဘက်ကတော့ ဧပြီလမှာ ရာသီဥတုက တော်တော်ကြီး အေးသေးတာမို့ ရေမကစားနိုင်လို့ အအေးသက်သာတဲ့ မေလကုန် Memorial Dayနဲ့ ဆုံတဲ့ ရုံးပိတ်ရက်မှာ သင်္ကြန်ပွဲ ကျင်းပတယ်တဲ့။ သူ့နေရာနဲ့ သူ့ဒေသ အလိုက်ပေါ့။

မြန်မာပြည်က သင်္ကြန်ကိုတော့ ဗီဒီယိုတိပ်ခွေကနေ တစ်ဆင့်ကြည့်ပြီး လွမ်းရ၊ တမ်းတရတယ် ကိုဦးရယ်။

မြန်မာပြည်ကို ပြန်အလာချင်ဆုံး အချိန်ဟာ သင်္ကြန်အချိန်ပဲ။

ဒါကြောင့်မို့ မြန်မာပြည်က ပွဲတော်ကလေးတွေကိုလည်း လွမ်းရတယ်လို့ မမခင်ရဲ့ စာအစမှာ ရေးခဲ့တာပေါ့။

✣

၁၉၈၅ ခုနှစ်၊ စက်တင်ဘာလ။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သော ကိုဦး

ဘာလိုလိုနဲ့ ၈၅ မေ တစ်လတော့ ကျော်ခဲ့ပြန်ပြီ။

မမခင်လည်း အသက်တစ်နှစ် ကြီးသွားပြန်ပြီပေါ့။ ကိုဦးရဲ့ ၅၀ မြောက် မွေးနေ့ သတင်းဓာတ်ပုံတွေ စန္ဒာမှာ တွေ့လိုက်ရတယ်။ ပျော်စရာကြီးနော်။ ကိုဦးက ၅၀ ပြည့်သွားပြီ ဆိုပေမယ့် အရင်က အတိုင်းပါပဲ၊ ဘာမှ မပြောင်းလဲပါဘူး။

အန့်ကယ်ဦးဘညွန့်နဲ့ အတူတူ ဆုထူးရွယ် ဆိုကြတယ်ဆိုလို့ နားထောင်ချင် လိုက်တာကွာ။ ဗွီဒီယို ရိုက်ထားတာ ရှိရင် ပို့ပေးပါဦး။ မမခင်တို့ တစ်တွေလည်း အဝေးကနေပြီး ခွဲဝေပျော်ကြရအောင်ပေါ့။ အန့်ကယ်ဦးဘညွန့်ဆိုလို့ တစ်ခါတုန်းက ကြုံခဲ့ရတဲ့ အဖြစ်ကလေး တစ်ခုကို ကိုဦးကို ပြောပြဦးမယ်။

ဦးလှထွန်းရဲ့သမီး မင်္ဂလာပွဲမှာ ထင်တယ်။ အန့်ကယ်ဦးဘညွန့်နဲ့ မမခင်တို့ တစ်စားပွဲတည်း ထိုင်ဖြစ်ကြတယ်။ မမခင်ရဲ့ သမီးလတ် ယမင်းလည်း အတူပါသပေါ့။ အန့်ကယ်က ဝင်းဦးဆိုတဲ့အကောင် ဘယ်လို အသုံးမကျတာ။ ဘာညာနဲ့ တမင် ယမင်း ကို စချင်လို့ ပြောနေတာကိုး။ ယမင်းက မသိဘဲ စားပွဲအောက်ကနေ မမခင်ကို လက်ကုတ်ပြီး တိုးတိုးလေး-

''ဒီလူကြီးကို သမီးမုန်းတယ်၊ စားပွဲပြောင်း ထိုင်ရအောင်''တဲ့။

ဒီတော့မှ မမခင်က ''အဲဒါ ဝင်းဦးရဲ့ အဖေ ပါမောက္ခ ဦးဘညွန့် ဆိုတာဟဲ့၊ သမီးကို စချင်လို့ တမင်ပြောနေတာ'' ဆိုမှ-

ကျေနပ်သွားပြီး ''ဝင်းဦးအကြောင်းတွေ ပြောပြပါဦး အန့်ကယ်ရဲ့''နဲ့ အဖြစ် သည်းနေတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါနဲ့ မမခင်က''ကဲ…သမီးရေ၊ စားပွဲပြောင်းကြရအောင်လေ''ဆိုတော့ မမခင်ကို မျက်စောင်းထိုးတယ် သိလား။

ကိုဦး မွေးနေ့ပွဲက ဓာတ်ပုံတွေ မြင်တော့ အဲဒီအဖြစ်ကို သတိရတာနဲ့ ကာလီဖိုးနီးယား ရောက်နေတဲ့ သူ့ကို အဝေးပြောဖုန်းနဲ့ ဆက်ပြီး စရင်း ရယ်ကြရသေးတယ်။

ဟုတ်တယ်၊ ကိုဦးနဲ့ အဲဗစ်ပရက်စလေ ရွယ်တူပဲ။ မမခင်လည်း မဂ္ဂဇင်းထဲမှာ ဖတ်တုန်းက သတိထားလိုက်မိသေးတယ်။ ကိုဦးကိုတောင် မင်းသားဖြစ်ခါစက မမခင်တို့က မြန်မာပရက်စလေလို့ ကင်ပွန်းတပ်ခဲ့သေးတာပဲ။ ကိုဦးနဲ့ ရွယ်တူက ပရက်စလေတင် မဟုတ်သေးဘူးနော်။ ကမ္ဘာကျော် ကာတွန်းဝိဇ္ဇာ ဝေါ့လ်ဒစ္စနေရဲ့ ဇာတ်ကောင်၊ ကလေးတွေရဲ့ အသည်းစွဲ'ဘဲကလေးဒေါ်နယ်'လည်း ဒီနှစ်မှာ အသက် ၅၀ပြည့်လို့ ဒစ္စနေ ကမ္ဘာမှာ သူ့မွေးနေ့ပွဲကို အကြီးအကျယ် လုပ်ပေးခဲ့တာ ရုပ်မြင်သံကြားမှာ တွေ့လိုက်ရသေးတယ်။

ဒီမှာတော့ ကိုယ့်မွေးနေ့ရောက်ရင် မွေးနေ့ပွဲ ကျင်းပရုံတင် မပြီးသေးဘူး။ တခြားလုပ်ရတဲ့ ကိစ္စလေးတွေလည်း ရှိသေးတယ် ကိုဦးရဲ့။

ကားမောင်းလိုင်စင်တို့၊ မော်တော်ကား မှတ်ပုံတင်တို့က ကိုယ့်မွေးနေ့နဲ့ သွားတာလေ။ မွေးနေ့ ရောက်ခါနီး တစ်လအလိုမှာ ယာဉ်ထိန်းရုံးက မှတ်ပုံတင်လဲဖို့ အချိန်ရောက်တော့မယ် ဆိုတဲ့ သတိပေး စာလွှာလေးကို စာတိုက်ကနေပြီး ကြိုတင်ပို့ထားပေးတယ်။ အဲဒီ သတိပေးစာလွှာလေးနဲ့ အတူမှာလည်း အကယ်၍ အလုပ်ရှုပ်၊ အချိန်ကုန်ခံပြီး ကိုယ်တိုင် မှတ်ပုံတင်ရုံးကို သွားမလဲချင်ရင် စာတိုက်ကနေပြီး လဲလို့ရအောင် ပုံစံလေးတစ်ခုနဲ့အတူ လိပ်စာတပ်ပြီး ပြန်စာအိတ်တစ်ခုပါ ထည့်ပေးလိုက်တယ်။

ပေးလိုက်တဲ့ ပုံစံလေးကို ဖြည့်၊ အဲဒီပုံစံနဲ့အတူ ကျသင့်တဲ့ ငွေချက်လက်မှတ်တစ်ခုရယ်၊ မော်တော်ယာဉ်အတွက် အာမခံထားတဲ့ အာမခံကုမ္ပဏီက ထုတ်ပေးထားတဲ့ အာမခံပုံစံလေးရယ်ကို ပူးတွဲပြီး စာတိုက်ကနေ မော်တော်ယာဉ်ရုံးကို ပါလာတဲ့ လိပ်စာတပ်ပြီးသား စာအိတ်နဲ့ ပြန်ပို့လိုက်ရုံပဲ ကိုဦးရဲ့။ အဲဒါက အချိန်ကုန် သက်သာတဲ့ နည်းပေါ့။

မမခင်တော့ အချိန်ကုန် မခံချင်တာနဲ့ အမြဲတမ်း စာတိုက်ကနေပြီးပဲ မော်တော်ယာဉ် မှတ်ပုံတင်ကို လဲတယ်။ လူကိုယ်တိုင် သွားပြီး လဲနေရင် ဟိုမှာ တန်းစီဦးနဲ့ အချိန်လည်း အပိုကုန်၊ လူလည်း အလုပ်ရှုပ်တယ် မဟုတ်လား။ ကိုယ်တိုင် သွားပြီး လဲရင်တော့ မှတ်ပုံတင်ကို တစ်ခါတည်း ရလာခဲ့တာပေါ့။ စာတိုက်က ပို့လိုက်ရင်တော့ အနည်းဆုံး တစ်ပတ်လောက် စောင့်ရသေးတယ်။ တစ်ပတ်လောက်ကြာမှ စာတိုက်ကနေပြီး မှတ်ပုံတင် စာရွက်ကလေးရယ်၊ နောက်ပြီး ကားနံပါတ်မှာ ကပ်ဖို့ ဘယ်နေ့ကုန်ဆုံးမယ် ဆိုတဲ့ ကတ်ပြားလေးရယ်၊ အာမခံပုံစံရယ်ကို ပြန်ပို့ပေးလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒါနဲ့ ပတ်သက်ပြီး ရောက်ခါစက အ တီး အ တ အဖြစ်တစ်ခုကိုလည်း ကိုဦးကို ပြောပြရဦးမယ်။ မမခင်တို့ မြန်မာပြည်မှာ မှတ်ပုံတင် ကုန်ဆုံးရက်က စာရွက် အဝိုင်းကလေးပေါ်မှာ ရေးပြီး ပေးလိုက်တာ မဟုတ်လား။ အဲဒီ စာရွက်အဝိုင်းကလေး ကို ကားရှေ့က မှန်မှာ ကပ်ထားရတယ်လေ။ လမ်းမှာ ရဲက စစ်ရင် အဲဒီအဝိုင်းကလေး ထဲက ရက်ကို ကြည့်တာပဲ။ ရက်လွန်ရင် ဒဏ်ရိုက်ခံရတယ်။

မမခင် ရောက်ခါစကပေါ့၊ မှတ်ပုံတင် သွားလဲလာခဲ့ပြီး အိမ်ရောက်တော့ အဲဒီ ကုန်ဆုံးရက် စာရွက်ကလေးကို မြန်မာပြည်မှာ လုပ်ခဲ့တဲ့အတိုင်း ရှေ့ကမှန်မှာ ခပ်တည် တည် ကပ်ထားလိုက်တယ်။ တစ်နေ့ မမခင်ရဲ့ သားအလတ်က ကျောင်းကို ကားယူ သွားမယ် ဆိုလို့ ပေးလိုက်တာ။ ကျောင်းက ပြန်လာလာချင်း-

"မာမီ လုပ်လိုက်တာ သားတော့ ကောင်းကောင်းထိလာခဲ့တာပဲ"

ဆိုတဲ့ အပြစ်တင်သံကို ကြားလိုက်ရတော့-

"ဟဲ့...ငါက ဘာလုပ်မိလို့လဲ"

လို့ မမခင်ကလည်း နားမလည်တာနဲ့ ပြန်မေးလိုက်တယ်။

"ဒီမှာ လာကြည့်ပါဦး၊ မှတ်ပုံတင်ကို ရှေ့က မှန်မှာ ကပ်ထားတာလေ"

"အေး... အဲဒါ ဘာဖြစ်လဲ၊ ဒီလိုပဲ ကပ်ရတဲ့ ဥစ္စာ"

မမခင်ကလည်း မလျှော့သေးဘူး၊ ဇွတ်ငြင်းနေလိုက်သေးတယ်။

"မဟုတ်ဘူး မာမီရဲ့၊ လမ်းမှာ သားကို ရဲက ရပ်ခိုင်းတယ်၊ မှတ်ပုံတင် ရက် လွန်ပြီး ကားကို မောင်းလို့တဲ့၊ သားက လဲပြီးပါပြီ ဆိုပြီး ရှေ့မှာ ကပ်ထားတဲ့ ကတ်ပြားကို ပြတော့ ရဲက အဲဒီမှာ ကပ်ရတာ မဟုတ်ဘူး၊ နောက်က နံပါတ်ပလိတ်ပြားပေါ်မှာ ကပ်ရတာလို့ပြောပြီး ရှေ့က မှန်ပေါ်က ခွာပြီး နောက်မှာ ပြန်ကပ်ပေးလိုက်တယ်။ မာမီ လုပ်ထားတာနဲ့ သား ဒုက္ခရောက်တာ"

ဒီတော့မှ မမခင်တို့လည်း ဒီက စနစ်ကို နားလည်ရတော့တယ်။

မမခင်တို့ မြန်မာပြည်မှာ ကားနံပါတ်ပြားက ရှေ့မှာတစ်ခု၊ နောက်မှာတစ်ခု ထည့်ရတာ မဟုတ်လား။ ဒီမှာတော့ ရှေ့မှာ မထားဘူး။ နံပါတ်ပြားက နောက်မှာပဲ ထားတယ်။ ရှေ့က နေရာမှာ တချို့က ကိုယ့်နာမည် ကပ်တဲ့သူလည်း ရှိတယ်။ မမခင်တောင် အရင်ကရှိတဲ့ ဟွန်ဒါလေးမှာ 'ခင်' လို့ ကပ်ထားဖူးသေးတယ်။ တချို့ကလည်း သမီးက အမေကို လက်ဆောင်ပေးတဲ့ 'မိခင်သာ ပထမ' ဆိုတာမျိုး၊ တွန်နှင့် လစ်ဖ်လို အမျိုးသားနဲ့ အမျိုးသမီး အဖြစ်သည်းပြီး တွဲထားတဲ့ နာမည်မျိုးလည်း ထည့်ကြသေးတယ်။

ကားမှတ်ပုံတင် ဘယ်နေ့ကုန်ဆုံးမယ် ဆိုတဲ့ စာရွက်ကလေးက မမခင်တို့ ဆီကလို အဝိုင်းလေး မဟုတ်ဘူး ကိုဦးရဲ့။ ဆိုပါတော့ မမခင်က မေလမှာ မွေးတာမို့

mgyoe.com

mgyoe.com SAMPLE BOOK
မမခင်ရဲ့ ကားမှတ်ပုံတင်ကလည်း မေလ-၁၉၈၅ မှာ ကုန်ဆုံးတယ်။ မေလ ဆိုတာက ကားနံပါတ်ပြားရဲ့ ဘယ်ဘက် အထက်ထောင့်ကလေးမှာ ကပ်ပြီး ၁၉၈၅ ဆိုတာက ညာဘက် အထက်ထောင့်ကလေးမှာ ကပ်ထားရတယ်။ အရွယ်က တစ်လက်မစီလောက်ပဲ ရှိတယ်။

အဲဒီ တစ်လက်မအရွယ် ပိစိကွေးကလေးတွေ ကပ်ထားလို့ ရဲက မမြင်နိုင်ဘူးလို့ မထင်လေနဲ့ ကိုဦးရဲ့။ ရှေ့က မောင်းသွားတဲ့ ကားဟာ ရက်လွန်နေသလား၊ မလွန်ဘူး လား ဆိုတာ အဝေးကပင် မြင်နိုင်ပါ၏ လို့ ပြောနိုင်တယ်။ ဘာလို့လဲဆိုရင် ၈၄ နှစ် ကုန်ဆုံးတဲ့ ကတ်ပြားက အဝါ၊ ၈၅ ခုနှစ် ကုန်ဆုံးတဲ့ ကတ်ပြားက အနီ၊ ၈၆ ခုနှစ်ကျရင် အပြာ။ အဲဒီလို နှစ်နဲ့လိုက်ပြီး အရောင်တွေ သတ်မှတ်ထားတာမို့ အနီးကပ် ကြည့် စရာ မလိုဘူး။ ရဲကား နောက်က ပါလာလို့ မနှစ်က သတ်မှတ်ထားတဲ့ အရောင်ဟာ ဒီနှစ်အထိ ရှိနေသေးတာ တွေ့ရင် မသက်သာဘူးမှတ်။

မမခင် ရောက်ခါစ တစ်ပတ်လောက်မှာ မြေးတွေ တစ်အုပ်ကြီး ကားပေါ် တင်ပြီး ညဘက် မောင်းသွားတာ နောက်က ရဲကား လိုက်လာတာလည်း သတိမထားမိဘူး။ သူက မမခင်ကို ကားရပ်ပေးဖို့ သူ့ရဲ့ကားခေါင်မိုးပေါ်က မီးလုံးတွေကို ဖျိုးဖျိုးဖျပ်ဖျပ် ဖွင့်လိုက်ပြီး အချက်ပေးလိုက်တာကိုလည်း နားမလည်တော့ ခပ်တည်တည် ဆက်မောင်း သွားတာပေါ့။

ရဲက စိတ်မရှည်နိုင်တော့ မမခင်ကားရှေ့ကို ကျော်တက်ပြီး ပိတ်ရပ်လိုက်တော့မှ မမခင်ကလည်း ရပ်လိုက်ရတယ်။

ရဲက ဆင်းလာပြီး "နင့်ကို ကားရပ်ဖို့ မီးအချက်ပြနေတာ ဘာလို့ မရပ် သလဲ"လို့ မေးတယ်။

"ငါ့ကို ရပ်ခိုင်းနေမှန်းမှ မသိတာ"လို့ ပြောတော့…

"နင့်လိုင်စင် ကြည့်ပါရစေ"တဲ့။

မမခင်မှာ အဲဒီအချိန်က မြန်မာပြည်က ယူလာတဲ့ အင်တာနေရှင်နယ် လိုင်စင်ပဲ ရှိသေးတာကို ထုတ်ပြတော့-

"ဒါနဲ့ မောင်းလို့ မရဘူး၊ နင်ဘယ်တုန်းက ဒီကို ရောက်သလဲ"တဲ့။

"ငါရောက်တာ တစ်ပတ်လောက် ရှိပြီ"

"မနက်ဖြန်ကျရင် ချက်ချင်း ယာဉ်ထိန်းရုံးမှာ သွားပြီး ဖလော်ရီဒါ လိုင်စင် သွားလုပ်ပါ။ အခုလည်း နင် မြို့ထဲမှာ ရှေ့မီးကြီးနဲ့ မောင်းနေတာ မောင်းခွင့် မရှိဘူး။ မီးပြောင်းပြီး မောင်းပါ"တဲ့။

မမခင်ကလည်း သမီး 'ခန့်ကေသီ'ရဲ့ကားကို ဆွဲလာတာ ဆိုတော့ ရှေ့မီးကြီး ဘယ်နေရာက ပိတ်ရမှန်း ရှာလို့မတွေ့ဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒါနဲ့ သူ့ကားဆီကို ပြန်လှည့်သွားနေတဲ့ ရဲကို လှမ်းခေါ်ရတယ်။

“လာပါဦး၊ နင်ပြောတဲ့ မီးကို ဘယ်နေရာက ပိတ်ရမယ် ဆိုတာ ငါရှာလို့ မတွေ့ဘူး၊ ငါ့သမီးရဲ့ကားကို ယူမောင်းလာတာမို့ နင်ပဲ ကူပြီး ပိတ်ပေးပါဟယ်”လို့ ဆိုတော့-

ရဲက မမခင်ကို စိတ်ကုန်ပါတယ် ဆိုတဲ့ အကြည့်နဲ့ လှမ်းကြည့်ပြီး မမခင်ရဲ့ ကားမီးကြီး ဘယ်မှာ ရှိတယ် ဆိုတာ ပြပေးတယ်။

“နင် မြန်မြန် အိမ်ပြန်ရောက်ရင် ကောင်းမယ်၊ ကိုယ် မသိတဲ့ ကားကို မောင်းပြီး မကျွမ်းသေးတဲ့ လမ်းပေါ်မှာ ကလေးတစ်ပြုံကြီးနဲ့ သွားနေတာ နင်တို့အားလုံးအတွက် အန္တရာယ်ရှိနိုင်တယ်”

လို့ သတိပေးသွားလေရဲ့။

သူ့စိတ်ထဲမှာတော့ ဘယ်လိုမြန်မာနဲ့ ငါ လာတွေ့နေရပါလိမ့်လို့ အောက်မေ့လေမလား မသိဘူး ကိုဦးရေ။

အတွေ့အကြုံတွေကတော့ အမျိုးစုံပါပဲ။ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် ဥပဒေတွေ၊ စနစ်တွေ မတူတာကတော့ ထားပါတော့။ အမေရိကန်ပြည်ထောင်စုထဲမှာကို ပြည်နယ်များဟာ တစ်ခုနဲ့တစ်ခု ဥပဒေတွေ တူကြတာ မဟုတ်ဘူး။ ကိုယ့်ပြည်နယ်ရဲ့ အခြေအနေကို လိုက်လို့ ဥပဒေတွေ၊ စည်းကမ်းတွေက ထားကြရတာ။ မမခင်တို့ ဖလော်ရီဒါပြည်နယ်က နံပါတ်ပြားကို နောက်ဘက်မှာ ထားပေမယ့် တချို့ပြည်နယ်တွေကျတော့ မြန်မာပြည်မှာလိုပဲ ရှေ့ရော၊ နောက်ရော ထားတာ ရှိတယ်လို့ ကြားဖူးတယ်။

အဲ… နံပါတ်ပြားအပြင် တခြားဟာသနှောတဲ့ ပလိတ်ပြားတွေလည်း ကပ်ကြတာ ရှိသေးတယ် ကိုဦးရဲ့။

“အသက်ရှင်လျက် ပြန်ရောက်ပြီ”ဆိုတာမျိုး။ အဓိပ္ပာယ် နှစ်မျိုး ထွက်တဲ့-

(ငါ့နောက်ပိုင်းကို လာမနမ်းပါနဲ့)(မတော်တဆ အဖြစ်နဲ့ မတွေ့ကြ မဆုံကြပါစေနဲ့)ဆိုတာမျိုး၊ (ကားကြွေးဆပ်ဖို့ အလုပ်သွားရဦးမယ်)လို့ သနားစရာ အခြေအနေကို ဖော်ပြတဲ့ စာတန်းမျိုး။ တချို့ကားအစုတ်ကို မောင်းနေတဲ့ ငနဲသားကလည်း(ငါ့ရဲ့ နောက်ကားတစ်စီးက ရိုးလ်ရွိုက်စ်ပါလို့ အသားလွတ် ကြွားထားတာမျိုး)

(ကားစုတ်လို့ ငါ့ကားကို ကြည့်ပြီး မလှောင်ပါနဲ့ဟယ်၊ စုတ်ပေမယ့် ပိုက်ဆံနဲ့ ပေးဝယ်ထားရတာပါ။ ငါမောင်းတာ နှေးပေမယ့် နင့်ထက်တော့ ရှေ့မှာ ရောက်နေပါသေးတယ်လို့ အနိုင်ယူတဲ့ စာတန်းမျိုး။) (ငါက နွားသိုးကျတဲ့ အဘိုးကြီး မဟုတ်ပါဘူး၊ မက်စရာကောင်းတဲ့ အဘိုးကြီးပါလို့ ပြိတ်တီ လုပ်တဲ့စာတန်းမျိုး)အစုံပါပဲ ကိုဦးရယ်၊ ဘာသာရေးကိုင်းရှိုင်းတဲ့ သူတွေကျတော့လည်း (ယေရှုကို ချစ်သည် ဆိုတာမျိုး) ကား

mgyoe.com

mgyoe.com
SAMPLE BOOK

နောက်က စာတန်းတွေကို ဖတ်တာနဲ့ ကားရှင်ရဲ့ စရိုက်ကို အကဲခတ်နိုင်တာပေါ့၊ နောက် တစ်ခုကလည်း ကားနံပါတ်ပြားပေါ်မှာ ဘယ်ပြည်နယ်က ဆိုတာ တစ်ခါတည်း ပါပြီးသားမို့ ရှေ့က မောင်းသွားတဲ့ ကားဟာ ကိုယ့်နယ်ခံကားလား၊ တခြားပြည်နယ်က ခေတ္တရောက် နေတဲ့ ကားလား ဆိုတာ နံပါတ်ပြားကို ကြည့်တာနဲ့ တစ်ခါတည်း သိနိုင်တယ်။ အဲဒီ နံပါတ်ပြားပေါ်မှာလည်း ကိုယ်နေတဲ့ ပြည်နယ်ရဲ့ အခြေအနေကို ဖော်ပြတာ ပါလိုက် သေးတယ်။

မမခင်တို့ ဖလော်ရီဒါဆိုရင် Sun shine state လို့ နေခြည်ခြယ်တဲ့ ပြည်နယ် ဆိုတာ ရေးထားသလို Michigan (မီချီဂန်) ကားနံပါတ်ပြားမှာ Great Lakes (မဟာနန္ဒာ)လို့ ရေးထားတယ်။

နောက်ပြီး အငှားကားလား၊ ကိုယ်ပိုင်ကားလား ဆိုတာလည်း နံပါတ်ပြားကို ကြည့်တာနဲ့ သိနိုင်တယ်။ အပြင် နေ့ပေး၊ လပေး၊ နှစ်ပေးနဲ့ ငှားတဲ့ ကားတွေလည်း ရှိတယ် ကိုဦးရဲ့၊ မမခင်တို့ဆီမှာ အငှားကားက နံပါတ်အနီ မဟုတ်လား။ နံပါတ်အနက်နဲ့ လပေး ငှားစီးကြတာမျိုးတွေလည်း ရှိတယ်လေ။ ကိုယ်ပိုင်ရယ်၊ အငှားရယ် မသိနိုင် မဟုတ်လား။ တချို့များ ကားငှားစီးပြီး ကိုယ်ပိုင်ကားလို အကြွားပိုပြီး အယောင်ဆောင် သူဌေးလုပ်နေကြတာတွေ မမခင် တွေ့ဖူးတယ်။ ဒီမှာတော့ အငှားကားမှန်သမျှက အက္ခရာစဉ် သုံးလုံးမှာ ရှေ့ဆုံးအလုံးက အားလုံး Z အက္ခရာနဲ့ချည်း စတယ်။ ရိုးရိုး ကိုယ်ပိုင်ကားတွေက အက္ခရာစဉ် သုံးလုံးနဲ့ စတယ်။

တစ်ခါ နံပါတ်ပြားကို အများသုံးရိုးသုံးစဉ်ဖြစ်တဲ့ ပုံစံနဲ့ မထားဘဲ၊ ဆိုပါတော့ မမခင်ရဲ့ ကားနံပါတ်က ဒီလို မထားချင်ဘူး၊ အဲဒီနံပါတ်အစား မမခင်ရဲ့ နာမည်က တစ်လုံးတည်း 'ခင်'လို့ပဲ ထားချင်တယ်ဆိုရင် ရသေးတယ်။ အဲဒီလို စပါယ်ရှယ်ချင်ရင် ပိုက်ဆံတော့ အပိုကုန်ရတယ်။ မှတ်ပုံတင် မလဲခင် တစ်လအလိုက ကြိုပြီး ဒီလက်ရှိ နံပါတ်ပြားက အက္ခရာတွေ၊ နံပါတ်တွေအစား ငါ့နာမည်တစ်ခုပဲ ထားပါရစေလို့ နာမည် ကို ပေးပြီး နာမည်သုံးခ ၃၅ ဒေါ်လာ ပေးလိုက်ရင် ဘာနံပါတ်မှ မပါတော့ဘဲ 'ခင်' ဆိုတာ တစ်လုံးတည်းနဲ့ ပြီးရော။ ကိုယ့်ကားနံပါတ် ကိုယ်မှတ်နေဖို့ မလိုတော့ဘူးပေါ့။

မမခင့်ရဲ့ မန္တလေးက သူငယ်ချင်း လှလှမြင့် ဆိုရင် ဘယ်တော့မှ သူ့ကားနံပါတ် တို့၊ သူ့ဖုန်းနံပါတ်တို့ မမှတ်မိတတ်ဘူး။ တစ်ခါက မန္တလေး မြို့ဂုဏ်ရောင်ရုံမှာ ရုပ်ရှင် သွားကြည့်ပြီး ရုပ်ရှင်ရုံရှေ့မှာ ရပ်ထားတဲ့ ကားကို အိမ်က ကားနဲ့ တူလိုက်တာလို့ စဉ်း စားပြီး အိမ်ကို ကုန်းကြောင်းလျှောက်ပြီး ပြန်လာတယ်တဲ့၊ တော်သေးတာပေါ့ အိမ်က နီးပေလို့ပဲ။

အိမ်ရောက်မှ သားက ''မာမီ့ကားကော''လို့ မေးမှ။

mgyoe.com

mgyoe.com SAMPLE BOOK

"အေး… ဟုတ်သားပဲ၊ ငါ ကားနဲ့သွားတာ မေ့သွားလို့၊ ရုံးရှေ့မှာ ရပ်ထားတဲ့ ကားတော့ အိမ်ကကားနဲ့ တူသားပဲ၊ နံပါတ် မမှတ်မိတော့ မကြည့်မိဘူး၊ မာမီက ခါတိုင်း လမ်းလျှောက်လာနေကျမို့ ဒီနေ့လည်း ကားမယူခဲ့မိဘူးလို့ ထင်တာ"

ဆိုပြီး ပြန်ပြောသတဲ့ ကိုဦးရယ်။

ကိုယ့်ဟာကိုယ် ကားနဲ့သွားမိလား၊ ခြေကျင်သွားမိလား စဉ်းစားမရအောင်ကို မေ့တတ်တာ၊ မေ့တတ်လွန်းတဲ့ မြင့်အတွက် မမခင်က သူ့နာမည်နဲ့ နံပါတ်ပြား တစ်ခု လောက် လက်ဆောင်ပို့ပေးလိုက်ချင်ပါရဲ့။ ဒီမှာ မမခင်ရဲ့သမီး ခန့်ကေသီရဲ့ သူငယ်ချင်း တစ်ယောက် သူ့မှာ ကားသုံးစီးရှိတော့ သူ့နာမည်နဲ့ အတိုကောက် ဂျီဂျီ ၁၊ ဂျီဂျီ ၂၊ ဂျီဂျီ ၃ ဆိုပြီး ကားတွေကို နံပါတ်တပ်ထား လိုက်သေးတယ်။

အဲ… မွေးနေ့မှာ မှတ်ပုံတင် ကိစ္စပြီးတော့ ကားမောင်းလိုင်စင်ကိစ္စ လုပ်ရ ပြန်ရော။ ဒီမှာက ကားမှတ်ပုံတင်သာ နှစ်စဉ် လဲရပြီး ကားမောင်းလိုင်စင်ကတော့ နှစ်စဉ် လဲဖို့ မလိုဘူး။ လေးနှစ်တစ်ခါ လဲရတယ်။ မမခင်က ပြီးခဲ့တဲ့ လေးနှစ်ပြည့်လို့ လိုင်စင်လဲရတုန်းက ကားတိုက်မှု တစ်ခါမှ မဖြစ်ဖူးလို့ စိတ်ချရတဲ့ ယာဉ်မောင်း (Safe driver) ဆိုပြီး ကားလိုင်စင်ပေါ်မှာ စာတန်းလေးတစ်ခု အပိုထည့်ပေးတာ ရခဲ့တယ်။ အဲဒါကလည်း အလုပ်တော့ ဖြစ်သား ကိုဦးရဲ့။ တစ်ခါက မမခင် အလုပ်နောက်ကျနေ တာနဲ့ အမြန်မောင်းသွားတာ ရဲနဲ့တန်းပြီး တိုးပါလေရော၊ လိုင်စင်တောင်းလို့ ပြလိုက်တော့။

"ဟင်… နင်က စိတ်ချရတဲ့ ယာဉ်မောင်းဆိုပြီး ခုမောင်းလာတာ ၂၅ မိုင် ပေးတဲ့ လမ်းမှာ ၅၅ မိုင် မောင်းနေတာတဲ့။ ၅၅ မိုင် ဆိုတာ အဝေးပြေးလမ်းပေါ်မှာမှ မောင်းတဲ့နှုန်း ဆိုတာ နင်သိတယ် မဟုတ်လား"တဲ့။

"အေးပါဟယ်။ ငါ အလုပ်နောက်ကျလို့ အမြန်မောင်းမိတာပါ"လို့ တောင်းပန် လိုက်တော့–

"ဒီတစ်ခါတော့ နင့်ကို လွှတ်လိုက်မယ်။ နင် စိတ်ချရတဲ့ ယာဉ်မောင်းအဖြစ် ဆက်လက် ထိန်းသိမ်းထားချင်ရင်တော့ သတ်မှတ်ထားတဲ့ မိုင်နှုန်းကို မမေ့နဲ့" လို့ သတိပေးရုံလောက်နဲ့ပဲ လွှတ်လာခဲ့ရဖူးတယ်။ မဟုတ်ရင် ဒဏ်ငွေတစ်စောင်ကို အနည်း ဆုံး ဒေါ်လာ ၄၀၊ ၅၀ ပဲ ကိုဦးရဲ့။

အခုနှစ်မှာ လိုင်စင်က လေးနှစ် တစ်ခါထပ်ပြီး ပြည့်သွားပြန်တော့ ကားမောင်း လိုင်စင်လဲဖို့ သွားရတယ်။ ရှစ်နှစ် အတွင်းမှာ ကားတိုက်မှုမရှိလို့ စိတ်ချရတဲ့ ယာဉ် မောင်းအဖြစ် ထိန်းသိမ်းဆဲမို့ ရိုးရိုးလိုင်စင်ကိုင်သူတွေလို ကားမောင်း စစ်ဆေးတာ မသွားရတော့ဘဲ မျက်စိကောင်း၊ မကောင်း တစ်ခုပဲ စစ်ဆေးတာ ခံရပြီး ကိုယ်ခန္ဓာတွင်း အစိတ်အပိုင်း လှူချင်ရင် ဖြည့်ဖို့ ပုံစံတစ်ခုပေးတယ်။ အကယ်၍ မမခင်က လှူချင်ပါတယ်

mgyoe.com

mgyoe.com SAMPLE BOOK
ဆိုရင် အဲဒီပုံစံကို ဖြည့်၊ မျက်လုံးဆိုရင်လည်း မျက်လုံး၊ နှလုံးတို့ ကျောက်ကပ်တို့ စသည်ဖြင့် တစ်မျိုးစီ နှစ်မျိုးစီ ကိုယ်ကြိုက်ရာ အစိတ်အပိုင်းကို ရွေးပြီး လှူချင်ရင်လည်း ရတယ်။ ဒါမှမဟုတ် အားလုံးသော အစိတ်အပိုင်းတွေကို တစ်ခုမကျန် လှူချင်တယ် ဆိုရင်လည်း ရတယ်။ မမခင်ကတော့ အားလုံးအစိတ်အပိုင်း မှန်သမျှ လှူပါ့မယ်လို့ ဖြေလိုက်တယ်။

ဒီတော့ မမခင် လှူတာကို အသိသက်သေတစ်ယောက်က မှန်ကန်ကြောင်း အထောက်အထားအဖြစ် လက်မှတ်ထိုးပေးလိုက်တာနဲ့ ပထမအဆင့် ဒါနတော့ မြောက်သွားတာပေါ့။ ဒီမှာ ကိုယ်ခန္ဓာအစိတ်အပိုင်း လှူတာ သိပ်ပြီး ခေတ်စားနေတယ်။ ရုတ်တရက် ကွယ်လွန်သည်ဖြစ်စေ၊ ရောဂါတစ်ခုခုကြောင့် ကွယ်လွန်သည်ဖြစ်စေ ကျန်တဲ့ ကိုယ်ခန္ဓာတွင်း အစိတ်အပိုင်းတွေဟာ တစ်ဦးတစ်ယောက်အတွက် အသုံးဝင်ပြီး အသက်ဆက်နိုင်ခွင့် ရတာမို့ ဒီအလှူမျိုးဟာ သိပ်ပြီး မြတ်တာပေါ့နော်၊ ဟိုတစ်နှစ်က သေနတ်ထဲမှာ ဗလာကျည်ဆန်နဲ့ ကစားပြီး ကိုယ့်ဟာကိုယ် ပစ်လိုက်တဲ့ တီဗွီမင်းသား ဂျွန်အဲရစ်ရဲ့ ခန္ဓာကို သူ့အမေက ဒီလိုပဲ အစိတ်အပိုင်းမှန်သမျှ လှူလိုက်တယ် ဆိုတာ သတင်းစာမှာ ဖတ်လိုက်ရသေးတယ်။ ပြီးခဲ့တဲ့ ရက်အတွင်းတုန်းကလည်း ကားတိုက်ပြီး ဆုံးသွားတဲ့ ၁၉ နှစ် သားလေးရဲ့ ကိုယ်ခန္ဓာတွင်း အစိတ်အပိုင်းတွေကို လှူလိုက်တာ လူ၁၆ ယောက်ရဲ့ အသက်ကို ဆက်ခွင့်ရလိုက်တာမို့ အမေလုပ်တဲ့သူက သူ့သားလေး သေသွားပြီလို့ မယူဆဘဲ သူ့သားဟာ ကိုယ်ပွား ၁၆ ယောက်အဖြစ်နဲ့ အသက်ရှင်လျက် ရှိနေဆဲလို့ ခံယူပြီး နှစ်သိမ့်နေရပါတယ်လို့ ရုပ်မြင်သံကြား သတင်းမှာ ပြောပြသွားတာ တွေ့လိုက်ရလို့ မမခင် သာဓုခေါ်လိုက်မိသေးတယ်။

မမခင်လည်း စကားရှည်သွားလိုက်တာ လိုင်စင်ကိစ္စ တစ်ပိုင်းတစ်စ ဖြစ်သွားတယ်။ အဲဒီ ကိုယ်ခန္ဓာတွင်း အစိတ်အပိုင်း လှူတဲ့ပုံစံ ဖြည့်ပြီးတာနဲ့ ဓာတ်ပုံရိုက်ဖို့ သတ်မှတ်ထားတဲ့ ခုံမှာ သွားထိုင်ရတယ်။ တာဝန်ကျသူက ခလုတ်ကလေး နှိပ်လိုက်တာနဲ့ ငါးမိနစ်အကြာမှာ မော်တော်ကားလိုင်စင် ပလတ်စတစ်ကတ်ပြားလေး ထွက်လာတော့တာပဲ။ အဲဒီ ကတ်ပြားပေါ်မှာက မမခင်ရဲ့ ဓာတ်ပုံရယ်၊ ဓာတ်ပုံရဲ့ ညာဘက်ဘေးမှာက ဖလော်ရီဒါပြည်နယ် ကားမောင်းလိုင်စင် ဆိုတဲ့ ခေါင်းစီးပါတယ်။ ခေါင်းစီးရဲ့အောက်မှာက ကားမောင်းလိုင်စင်နံပါတ် ထုတ်ပေးတဲ့ နေ့စွဲ၊ ကုန်ဆုံးမယ့်နေ့စွဲ၊ နာမည်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ကျား-မ-အရပ်၊ အသားအရောင်၊ မွေးနေ့၊ ထိုးမြဲလက်မှတ်နဲ့ ညာဘက်ဆုံး ထောင့်တစ်နေရာမှာ ကိုယ်အင်္ဂါအလှူရှင်ဆိုတဲ့ အနီရောင် တံဆိပ်ကလေးပါ အပြည့်အစုံ ပါလာတာပဲ။
mgyoe.com

mgyoe.com SAMPLE BOOK

ကားမောင်းလိုင်စင်ထဲမှာ ကိုယ်ရေးရာဇဝင် အတိုချုပ် တစ်ခါတည်း ပါလာတာမို့ မမခင်တို့ဆီက မှတ်ပုံတင်ကတ်ပြားကို အထောက်အထားအဖြစ် သုံးသလို ဒီမှာက ကားမောင်းလိုင်စင်ရယ်၊ (လူမှုဖူလုံရေး) နံပါတ်ရယ် လိုအပ်တယ်။ အဲဒါက အမေရိကန်ပြည်ထောင်စုမှာ နေတဲ့သူမှန်သမျှ ရှိကြရတဲ့ မှတ်ပုံတင်ပဲ၊ အဲဒီကတ်ပြားကတော့ နာမည်နဲ့ နံပါတ် ဒီနှစ်မျိုးပဲ ပါတယ်။ အများအားဖြင့်ကတော့ ကားမောင်းလိုင်စင်တစ်ခုနဲ့ပဲ လုံလောက်တယ်။

ကားမောင်းလိုင်စင်ရဖို့ကလည်း အဆင့်ဆင့်ပဲ ကိုဦးရဲ့။ ပထမဆုံး သူတို့ယာဉ်ထိန်းဌာနက ထုတ်တဲ့ လက်စွဲစာအုပ်ကလေးကို တောင်းပြီး ယာဉ်ထိန်း ဥပဒေတွေ၊ စည်းကမ်းတွေ၊ လမ်းမှာ ပြထားတဲ့ လမ်းစည်းကမ်း ဆိုင်းဘုတ်တွေကို နားလည်အောင် ဖတ်ရတယ်။ နားလည်ပြီဆိုတော့မှ ယာဉ်ထိန်းရုံးကို သွားပြီး စာမေးပွဲဖြေခွင့်ပုံစံ တောင်းရတယ်။ စာမေးပွဲဖြေတိုင်း ဖြေခက သုံးဒေါ်လာ ပေးရတယ်၊ တစ်ခါနဲ့ မအောင်သေးရင်လည်း သုံးဒေါ်လာ၊ သုံးဒေါ်လာ အကုန်ခံပြီး အထပ်ထပ် မအောင်မချင်း ဖြေနေလို့ရတယ်။ ရေးဖြေကတော့ လူတိုင်းလို တစ်ခါတည်းနဲ့အောင်ကြတာ များပါတယ်။ မောင်းပြပြီး ဖြေရတဲ့ဟာကျမှ အကျများကြတာ ကိုဦးရဲ့။

ရေးဖြေမှာက ကားမောင်းတဲ့ဥပဒေ မေးခွန်း ၂၀နဲ့ လမ်းစည်းကမ်းလမ်းညွှန်ဆိုင်းဘုတ် ၅ခုအပါအဝင် ၂၅ ခု ရှိတယ်။ အဲဒီမေးခွန်း ၂၅ ခုထဲမှာ ကားမောင်းဥပဒေ ၁၅ ခုမှန်အောင် ဖြေရတယ်။ ၅ခုထဲမှာ ၄ခုမှန်အောင် ဖြေနိုင်မှ စာမေးပွဲ အောင်တယ်။ မေးခွန်းတွေက လွယ်မယောင်နဲ့ အနီးစပ်လှည့်ကွက်ကလေးတွေ ထည့်မေးထားတတ်တာမို့ တကယ် နားမလည်ရင်တော့ အောင်ဖို့ မလွယ်လှဘူး။ ရေးဖြေအောင်ပြီဆိုတော့ တစ်ခါ မျက်စိကောင်းမကောင်း အစစ်ဆေးခံရပြန်ရော။ မျက်စိလည်း အောင်ပြီဆိုမှ ကားမောင်းပြရတဲ့ အဆင့်ကို ရောက်တယ်။

ကားမောင်းပြဖို့ ဘေးမှာ ယာဉ်ထိန်းအရာရှိ တစ်ယောက်က ကားပေါ်မှာ လိုက်လာပြီး သူခိုင်းတဲ့အတိုင်း မောင်းပြရတယ်။ အဲဒီမှာ အတွေ့အကြုံတွေကို စမြုံ့ပြန်ပြီး ဟားကြရတာလည်း ပျော်စရာ အကောင်းသား။

ဒီမှာ ကားမောင်းရင် ခါးပတ်ပတ်ကြတယ်။ အရင့်အရင်က ဒီလို အတွေ့အကြုံ မရှိဖူးတော့ မိတ်ဆွေတစ်ယောက်က ပြောပြတယ်။ သူကားမောင်း စာမေးပွဲသွားဖြေတော့ အရာရှိက ခါးပတ်ပတ်ခိုင်းတော့ ခါးပတ်ကို ဘယ်မှာ ချိတ်ရမယ်ဆိုတာ ရှာမတွေ့ဘူးတဲ့။ ခါးပတ်က ပခုံးပေါ်ကနေ ရင်ကို သိုင်းပြီးခါးမှာ ချိတ်ရတာကို မသိတော့ ပခုံးနားမှာ တွေ့တဲ့ ခါးပတ်ကို အနီးဆုံး လည်ပင်းက ယူပြီး ပတ်လိုက်တာနဲ့ စာမေးပွဲ တချီတည်း ကျရောတဲ့။ စာမေးပွဲကျရုံကျတာ တော်သေးတာပေါ့ ကိုဦးရယ်၊ သူလုပ်ပုံက ကြိုးဆွဲချသလို လည်းပင်းအစ် မသေတာ ကံကောင်းပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

နောက်ပြီး ဒီမှာ ရပ်တန့်ဖို့ အချက်ပြမှတ်တိုင်တွေက အများကြီးပဲ။ လမ်းယာဉ်ထိန်းမီး မရှိတဲ့ နေရာ လမ်းဆုံလမ်းခွဲတွေမှာ 'ရပ်ပါ' တွေရှိတယ်။ 'ရပ်ပါ' ကို တွေ့ရင် ၄ ဘီးစလုံး ရပ်ရတယ်။ လုံးဝရပ်ပြီး ရှင်းပြီဆိုမှ ထွက်ရတယ်။ 'ရပ်ပါ' မှာ လုံးဝ မရပ်ဘဲ ဘရိတ်ကလေး ထိရုံ တို့ပြီး ရပ်လိုက်ရင်လည်း စာမေးပွဲကျပြန်ရော ကိုဦးရဲ့။

အဲဒါတွေကလည်း ဒုက္ခအပေးသား။ ယာဉ်ထိန်းမီးမှာ မီးနီပြထားတဲ့အခါ Walk ဆိုတဲ့ 'ဖြတ်ပါ'အဓိပ္ပာယ်ရတဲ့ မီးစိမ်းကလေး လူဖြတ်လျှောက်ဖို့ မျဉ်းကျားထိပ်မှာ ပေါ်လာတယ်။ ဒီအခါမှာ မြန်မြန်ကလေး ဖြတ်ကူးကြရတယ်။ မီးစိမ်းပြထားတဲ့အခါကျတော့ 'Don't Walk' (မဖြတ်နဲ့)ဆိုတဲ့ စာတန်းကလေး မျဉ်းကျားထိပ်မှာ ပေါ်လာပြန်ရော။ တစ်ခါက မိတ်ဆွေတစ်ယောက်က 'Don't Walk 'ဆိုတဲ့ မီးပေါ်လာတာမြင်တော့ တအားပြေးပြီး ဖြတ်လိုက်တယ်တဲ့။ ရဲက လမ်းတစ်ဘက်လည်း ရောက်ရော သူ့ကို ဆီးပြီးဖမ်းလိုက်ပြီး ဘာလို့ 'Don't Walk 'ပြနေလျက်နဲ့ ဖြတ်ရသလဲ၊ မမြင်ဘူးလား မေးတော့။

''အေးလေ ငါမြင်ပါတယ်။ Don't Walk (မလျှောက်နဲ့)ဆိုလို့ ငါ လမ်းမလျှောက်ဘဲ ပြေးလာခဲ့တာပဲ''

လို့ ပြန်ဖြေလိုက်သတဲ့။ အပြေးကောင်းလို့သာ ကားအောက်ရောက်ပြီး ပွဲချင်းမပြီးခဲ့တာပေါ့။ မဖြတ်နဲ့…နဲ့ မလျှောက်နဲ့…နားလည်မှု လွဲသွားတာကိုး။

နောက်တစ်ခုက သာပြီး ဆိုးသေးတယ် ကိုဦးရဲ့။ မိတ်ဆွေနှစ်ယောက် ဟိုတယ်တစ်ခုမှာ တွေ့ကြဖို့ ချိန်းထားကြပြီး တစ်ဦးက ရောက်မလာတော့ လှမ်းပြီး ဖုန်းဆက်လိုက်တယ်တဲ့။

''စောင့်နေတာ နာရီဝက်တောင် ရှိပြီ။ ခင်ဗျားက ခုထက်ထိ ဆင်းမလာသေးဘူးလား''လို့ မေးတော့-

''ကျွန်တော် လာလို့မရတာနဲ့ အပေါ်ပြန်တက်လာတာ၊ စောစောက ခင်ဗျားဆီလာဖို့ လမ်းထိပ်ရောက်တော့ လမ်းမလျှောက်ပါနဲ့ ဆိုတဲ့ အချက်ပြမီးကို တွေ့လို့ လမ်းလျှောက်လို့ မဖြစ်တော့ဘူး ဆိုပြီး ပြန်တက်လာခဲ့တာ''

လို့ ပြန်ပြောသတဲ့။ ဘာသာပြန် မှားကြတာတွေလည်း ရှိသေးတယ်နော့။

လမ်းယာဉ်ထိန်းမီးတွေကလည်း ချိတ်ထားတာ တာဝတိံသာမှာ ကိုဦးရဲ့။ မမခင် ရောက်စက အပေါ်မှာ ရှိနေတဲ့ လမ်းမီးတွေကို သတိမထားမိဘဲ အခါခါ မီးနီကို ဖြတ် မောင်းမိတာ ကံကောင်းလို့ ကိစ္စမချောတာပဲ။ ကားမောင်း စာမေးပွဲ ကျတဲ့ နေရာမှာ မျဉ်းပြိုင်ရပ်နားမှုက အများဆုံးပဲ။ ကားတစ်ကားစာသာ ဝင်နိုင်တဲ့ တိုင်ကလေး လေးတိုင် စိုက်ထားတဲ့ အတွင်းကို ကား ကျကျနန အချိုးကျကျ ဝင်နိုင်အောင် သွင်းပြီး ပြရတယ်။ အဲဒီလို ကျကျနန သွင်းပြနိုင်ပြီ ဆိုရင်တော့ စာမေးပွဲ အောင်ပြီပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ရေးဖြေရော၊ မျက်စိ စမ်းတာရော၊ ကားမောင်းရော အောင်ပြီးပြီဆိုမှ ဓာတ်ပုံရိုက်ပြီး လိုင်စင် ခြောက်ဒေါ်လာခွဲ ပေးသွင်းလိုက်တာနဲ့ ကားမောင်းလိုင်စင် ရတော့တာ။ ဖလော်ရီဒါမှာ ထုတ်ပေးတဲ့ လိုင်စင်ဟာ တခြားပြည်နယ်အတွင်း မောင်းခွင့် ရှိပေမယ့် နယ်ပြောင်းပြီး အခြေတကျနေတော့မယ် ဆိုရင် ကိုယ်နေတဲ့ ပြည်နယ်လိုင်စင် ပြန်ပြီးလုပ်ကြရတယ်။ ပြည်နယ်တွေက တစ်ခုနဲ့တစ်ခု ဥပဒေတွေ၊ စည်းကမ်းတွေ မတူကြဘူး ကိုဦးရဲ့။ ဖလော်ရီဒါက ကားတိုက်မှု အများဆုံးဖြစ်တဲ့ ပြည်နယ်မို့ ဥပဒေကလည်း ပိုပြီး တင်းကျပ်ထားတယ်။

မမခင်တို့ဆီမှာ "မူးရင် မမောင်းနဲ့၊ မောင်းရင် မမူးနဲ့" ဆိုတဲ့ စာတန်းဟာ ဒီမှာ ပိုပြီး အသုံးဝင်မယ် ထင်တယ်။ ရဲကစစ်လို့ မူးပြီး မောင်းတဲ့ သူတွေကို အပြစ်ကြီးကြီး ပေးလေ့ရှိတယ်။ အရက်သောက်ခွင့်ရှိတဲ့ အသက်က ၁၉ နှစ် သတ်မှတ်ထားတာ ခု ၂၁ နှစ် တိုးမြှင့်သတ်မှတ်ဖို့ ဥပဒေပြင်တာ အတည်ပြုလိုက်ပြီးတာမို့ လာမယ့် ဇူလိုင် ၁ ရက်ကစပြီး ကျင့်သုံးတော့မယ်လို့ သိရတယ်။

ဒီမှာ အရက်တို့၊ ဆေးလိပ်တို့ သောက်ခွင့်ပြုတဲ့ အသက်ကို သတ်မှတ်ထားတယ်။ ၁၅ နှစ်မပြည့်သေးတဲ့ ကလေးတစ်ယောက်ဟာ စီးကရက်ဝယ်ခွင့် မရှိဘူး။ အကယ်၍ ဆိုင်က ရောင်းလိုက်ရင်လည်း ရောင်းတဲ့သူမှာ တာဝန်ရှိတယ်။ ရဲက သိလို့ အရေးယူရင် ဒဏ်ငွေ ဒေါ်လာ ၅၀၀ ပေးဆောင်ရတယ်။ မပေးနိုင်ရင် ထောင်ဒဏ် ခြောက်လ ကျခံရတယ်။ အရက်တို့၊ ဘီယာတို့လည်း ဒီလိုပဲ၊ ၁၉ နှစ် မပြည့်သေးရင် မရောင်းရဘူး။ သောက်တာတွေ့ရင် ရဲက အရေးယူနိုင်သလို၊ ရောင်းတာတွေ့ရင်လည်း ရောင်းသူကို အရေးယူတာ ခံရတယ်။ နောက်တစ်ခုက သူတို့ အထွတ်အမြတ်ထားတဲ့ ဘုရားရှိခိုးကျောင်း တက်ရတဲ့ တနင်္ဂနွေနေ့မှာလည်း အရက်ကို နေ့ခင်း တစ်နာရီအထိ ရောင်းခွင့်မရှိဘူး ကိုဦးရဲ့။ အရက်တို့၊ ဘီယာတို့ ဝယ်ချင်ရင် နေ့ခင်း တစ်နာရီကျော်မှပဲ ဝယ်လို့ ရတယ်။ မမခင်တော့ ဒီစည်းကမ်းတွေကို သဘောကျမိတယ်။

ဒါလောက် ကြပ်မတ် သတ်မှတ်ထားတဲ့ အထဲကလည်း မူးပြီး မောင်းကြလို့ ကားတိုက်မှုတွေကလည်း သောက်သောက်လဲပါပဲ။ ရဲက ကြပ်မတ်သလောက် လူတွေကလည်း ထွက်ပေါက်ရှာတတ်ကြသေးတယ်။ မြို့တွင်း ၃၅ မိုင်၊ မြို့ပြင် ၄၅ မိုင်၊ အဝေးပြေး ၅၅ မိုင် သတ်မှတ်ထားပေမယ့်၊ အထူးသဖြင့် အဝေးပြေး လမ်းပေါ်ကို ကားဘီးချမိတာနဲ့ ၇၀-၈၀ တင်ကြတော့တာပဲ။ ရဲကလည်း ရေဒါနဲ့တိုင်းပြီး သတ်မှတ်တဲ့ မိုင်ကျော်တာ တွေ့တာနဲ့ လိုက်ပြီး ဖမ်းတယ်။ တချို့များ ခရီးတစ်ခေါက်ကို ဒဏ်ဆောင်လွှာ သုံးလေးစောင် ရကြတဲ့ သူတွေလည်း ရှိတယ်။ ရဲက ရေဒါနဲ့ တိုင်းပြီး ဖမ်းတာကိုသိတော့ မောင်းတဲ့ သူတွေကလည်း ကားထဲမှာ ရေဒါဖမ်းကိရိယာ တပ်ထားပြီး ဘယ်နေရာမှာ ရေဒါ ရှိနေသလဲ ဆိုတာ သိရအောင် လုပ်ကြပြန်ရော ကိုဦးရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ရေဒါဖမ်း ကိရိယာကလည်း တရားဝင်ဝယ်နိုင်ခွင့်၊ သုံးနိုင်ခွင့် ရှိတယ်။ လျှင်သူ စားတမ်းပေါ့။ တစ်ခါတလေကျတော့လည်း ရဲကားမရှိဘူးဆိုပြီး အဝေးပြေး လမ်းပေါ်မှာ အရမ်း မောင်းကြတာ။ အပေါ်မှာ ကင်းလှည့်နေတဲ့ ဟယ်လီကော့ပတာကို သတိမထားမိလို့ ခံလိုက်ကြရတဲ့ သူတွေလည်း ရှိတယ်။ ယာဉ်ထိန်းရဲကို မမခင်တို့ မန္တလေးကျတော့ 'ထုံးပေသီး'လို့ ခေါ်တယ် ကိုဦးရဲ့။ မန္တလေးက ဂေါ်လီကို ပေသီးလို့ ခေါ်တာလေ။ သူတို့ဆောင်းတဲ့ ဦးထုပ်က ဂေါ်လီလို လုံးလုံးကလေးဖြစ်ပြီး အဖြူရောင်မို့ ထုံးပေသီးလို့ နာမည်ပေးထားသလို ဒီမှာလည်း ယာဉ်ထိန်းရဲကို Pig (ဝက်) တို့၊ Heat (အပူ)တို့၊ Fuzz (အဆူ) လို့ ခေါ်ကြတယ်။

ဒီမှာ ကားမောင်းရင် (ထိုင်ခုံခါးပတ်)ကို ပတ်ကြရတယ်။ ခါးပတ် ပတ်ထားရင် ကားတိုက်မှု ဖြစ်တဲ့အခါ ထိခိုက်မှု သက်သာတယ်။ ခါးပတ်ကို လူကြီးတွေအနေနဲ့ မပတ်မနေရ ဥပဒေမရှိပေမယ့် ကားတိုက်တဲ့ အခါမှာ ပတ်မထားလို့ ဒဏ်ရာရတဲ့အခါ အာမခံကုမ္ပဏီတွေက အကြောင်းတစ်ခုအနေနဲ့ ကြေးများတာ၊ လျော်ကြေး ရသင့်သလောက် မရတာတွေ ကြုံရတတ်လို့ ကိုယ့်အသက်ဘေး အတွက်ရော၊ လျော်ကြေး အတွက်ရော အထောက်အကူဖြစ်တဲ့ ထိုင်ခုံခါးပတ်ကို ပတ်သင့်တာပေါ့။

ကလေးတွေကတော့ ထိုင်ခုံခါးပတ် မပတ်ရင် ရဲက ဖမ်းနိုင်ခွင့် ဥပဒေ ထုတ်ထားတာမို့ အားလုံး ကားပေါ်မှာ ကလေးပါလာရင် ပတ်ကြရတယ်။ နောက်ပြီး မြန်မာပြည်မှာလို အိမ်ဖော်လည်း မရှိကြတော့ မိခင်တွေ သွားစရာရှိတဲ့အခါ ကလေးပိစိကွေးကလေးတွေကိုလည်း သွားလေရာ ခေါ်လာခဲ့ကြရတယ်။ အဲဒီအခါမှာ ကားထဲမှာ ကလေးထိုင်ခုံကလေးကို တင်၊ ကလေးကို ထည့်ပြီး ပြုတ်မကျ၊ လိမ့်မကျအောင် ခါးပတ် ပတ်ပေးထားကြရတယ်။

ကလေးချည်း ကားထဲမှာ ထားခွင့်လည်း မရှိဘူး။ ကားထဲမှာ လှောင်ပိတ်ပြီး အပူဒဏ်ကြောင့် အသက်အန္တရာယ် ရှိနိုင်တာမို့ ကလေးတို့၊ ခွေးတို့ကို ကားထဲမှာ သူတို့ချည်း ထားခဲ့တာ တွေ့ရင် အရေးယူ ခံရတတ်သေးတယ် ကိုဦးရဲ့။ ကားရပ်တဲ့ သီးသန့်နေရာတွေမှာ ဆိုရင်လည်း မစွမ်းမသန်သူများအတွက် ဦးစားပေးပြီး အဆောက်အအုံနဲ့ အနီးဆုံးနေရာမှာ ဘီးတပ်ကုလားထိုင်ပုံစံနဲ့ sign တွေ တပ်ပြီး သူတို့အတွက် သီးသန့်ရပ်စရာ ပေးထားတယ်။ အဲဒီလို နေရာမျိုးမှာ လူကောင်းတွေ ဝင်ရပ်ရင်လည်း အရေးယူ ခံရပြန်ရော။ မစွမ်းမသန်သူတွေကလည်း ကားမောင်းကြတာပဲ ကိုဦးရဲ့။ ဒီမှာတော့ အရာရာ ကိုယ့်အားပဲ ကိုယ်ကိုးနေကြရတာ များတယ်။ အဲဒီလို မစွမ်းမသန်သူတွေ မောင်းတဲ့ ကားဆိုရင်လည်း ကားနောက်က နံပါတ်ပြားမှာ ဘီးတပ်ကုလားထိုင် ပုံစံနဲ့ အမှတ်အသားလေး ထည့်ထားတာ တွေ့ရတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

လုံး၀ လမ်းမလျှောက်နိုင်ပေမယ့်လည်း ကားကတော့ မောင်းလျက်ပဲ၊ အဲဒီလို မောင်းနိုင်အောင် အထူးစီစဉ်ထားတဲ့ ကားတွေလည်း ရှိတယ်။ မောင်းတဲ့နေရာမှာ ထိုင်ပြီး မောင်း၊ ရပ်တဲ့နေရာကျတော့ ဘေးမှာပါလာတဲ့ ဘီးတပ်ကုလားထိုင်ပေါ် လက်ကိုင်ကို အားပြုပြီး ဖင်ရွှေ့ထိုင်လိုက်ရော၊ ပြီးတော့ မြေပြင်ပေါ်ထိ တစ်ပြေးညီဖြစ်သွားအောင် ခလုတ်ကလေးကို နှိပ်လိုက်တော့ သူထိုင်ထားတဲ့ ဘီးတပ် ကုလားထိုင်ဟာ အောက်ကို နိမ့်ဆင်းသွားပြီး မြေနဲ့ တစ်ပြေးညီ ဖြစ်တာနဲ့ ကားတံခါးလည်း အလိုအလျောက် ပွင့်သွားတယ်။ ဒီတော့မှ သူ့ဘီးတပ်ကုလားထိုင်လေးကို လက်ကိုင်မှာပါတဲ့ ဂီယာနဲ့ လိုသလို မောင်းပြီး အဆောက်အအုံထဲကို ၀င်တယ်။ ပြန်တော့လည်း ဒီအတိုင်းပဲ၊ ခလုတ်ကလေး နှိပ်လိုက်တာနဲ့ လိုသလို အရွှေ့အပြောင်းတွေ လုပ်ပြီး မောင်းသွားတော့တာပဲ။

သူတို့ကိုယ်သူတို့ ဒုက္ခိတရယ်လို့ သဘောမထားဘူး၊ အားကိုးရာမဲ့လို့လည်း စိတ်အားမငယ်ဘူး။ ကိုယ့်အားကိုယ်ကိုးပြီး ဖြေရှင်းသွားကြတာပဲ။ သူတို့ကို သနားပါတယ် ဆိုတာမျိုး ပုံစံနဲ့ ဆက်ဆံရင်တောင် ကြိုက်ကြတာ မဟုတ်ဘူး။ သူတို့ရဲ့ စိတ် ဓာတ်ကြံ့ခိုင်မှုတွေကိုတော့ တကယ်ပဲ ချီးကျူးဖို့ ကောင်းတယ်နော်။

နောက်တစ်ခု ဒီမှာ ခရီးအနီးအဝေးကို မေးရင်၊ မမခင်တို့ မန္တလေးမှာတော့ တစ်ပြ၊ နှစ်ပြ၊ သုံးပြဆိုပြီး ပြောကြတယ် မဟုတ်လား။ ဒီမှာတော့ (မီးပွိုင့်) ဘယ်နှခု ကျော်ပြီးရင် ဆိုတာမျိုးနဲ့ ပြောကြတယ်။ မမခင်တို့ဆီမှာ ရန်ကုန်က ပဲခူးကို ဘယ် လောက်ဝေးလဲလို့ မေးလာရင် မိုင် ၅၀ လို့ ပြန်ဖြေသလို ဒီမှာက မိုင်နဲ့ မပြောဘဲ တစ်နာရီ ခရီး၊ မိနစ် ၃၀ ခရီးလို့ အချိန်နဲ့တိုင်းပြီး ဖြေကြပြန်တယ်။

အိမ်နံပါတ်၊ လမ်းနံပါတ်တွေ ရှာချင်ရင်လည်း လွယ်တဲ့စနစ် လုပ်ထားသေး တယ်။ (လမ်းရိုးရိုး)တွေက အရှေ့နဲ့အနောက် ပြေးပြီး ရိပ်သာလမ်း (ရိပ်သာလမ်းမကြီး) တွေက တောင်နဲ့မြောက် ပြေးတယ်။ အိမ်နံပါတ်တွေက လမ်းနံပါတ်တွေပေါ်မှာ မှီတယ်၊ ဆိုပါတော့ မမခင်ရဲ့ အိမ်နံပါတ်က ၄၁၂၆၊ လမ်းနံပါတ်က ၇၉ ရိပ်သာလမ်း။ မမခင်ရဲ့ အိမ်ကို ရှာချင်ရင် ၇၉ ရိပ်သာလမ်းနဲ့ ၄၁ ဆုံတဲ့နေရာက ၀င်လိုက်ရင် တွေ့တယ်၊ လမ်း ၃၀ အတွင်းမှာ အိမ်နံပါတ်တွေလည်း ၃၀နဲ့ စတဲ့နံပါတ်တွေပဲ ဖြစ်တယ်။ ဆေးရုံတို့၊ ရုံးတို့လို မိုးပျံအဆောက်အအုံတွေ ကျရင်လည်း အခန်းနံပါတ် ၂၀၆ လို့ ပြောလိုက်ရင် နှစ်ထပ်မှာရှာ၊ ၃၀၀ ဆိုရင် သုံးထပ်၊ အဲဒီလို အစနံပါတ်ဟာ အထပ်နံပါတ်နဲ့ အတူတူ ပဲမို့ ရှာလို့ လွယ်တယ်။

ဓာတ်လှေကားက ဒီမှာ တံခါးကို အလုံပိတ် ကိုဦးရဲ့။ သံတံခါးကြားကနေ အပြင်ကို ကြည့်ပြီး ဘယ်အထပ် ရောက်ပြီ ဆိုတာ သိရတာ မဟုတ်ဘူး။ ဓာတ်လှေကားရဲ့ ထိပ်မှာပဲ မီးနီလေးတွေက ဘယ်အထပ်ရောက်ပြီ ဆိုတာကို ပြပြသွားတာ။ တစ်ခါက မမခင်ရဲ့ မိတ်ဆွေတစ်ယောက် ဒီကိုလာတာ ဟောင်ကောင်မှာ တစ်ညနားရတော့ လေယာဉ် ရုံးက သက်ဆိုင်ရာ ဟိုတယ်မှာ ညအိပ်ဖို့ ပို့ပေးလိုက်တယ်။ ဓာတ်လှေကားနဲ့ တက်

mgyoe.com

mgyoe.com SAMPLE BOOK
သွားတော့ ဓာတ်လှေကားကလည်း အလုံ၊ အပေါ်မှာရှိတဲ့ မီးပြနေတဲ့ နံပါတ်ကိုလည်း ကြည့်ရကောင်းမှန်း မသိတော့ ''ငါတော့ ခက်ပြီ၊ ဘယ်ရောက်လို့ ရောက်နေမှန်းလည်း မသိဘူး၊ နိုင်ငံခြားလာမိတာ မှားလေခြင်း''လို့ တစ်ချီတည်း ဓာတ်လှေကား စီးရင်း နောင်တရသွားတာပဲလို့ ပြောပြဖူးတယ်။

ကဲ-မမခင်လည်း ကားလိုင်စင် လဲတဲ့အဖြစ်ကနေ လျှာတွေ ရှည်သွားလိုက်တာ ဒီလတော့ ဒီမျှနဲ့ တော်လေဦးမှပဲ။

✣

၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သော ကိုဦး...

ခုတစ်လော မိုးတွေက အရမ်းသည်းတာပဲ ကိုဦးရယ်။

မိုးတွေညို့ပြီး မိုးသားတွေ တလိပ်လိပ် တက်လာပြီဆိုရင် ရင်ထဲမှာလည်း မြန်မာပြည်ကို လွမ်းရတဲ့ စိတ်တွေက တလိပ်လိပ် တက်လာတော့တာပဲ။

ဖလော်ရီဒါက မမခင်တို့ မြန်မာပြည်နဲ့ ရာသီဥတု တော်တော်တူတယ်။

မြန်မာပြည်က ရာသီဥတု သမပိုင်းနိုင်ငံ၊ ဖလော်ရီဒါက အအေးနဲ့ သမကြားထဲကလို့ ပြောတယ်။ မြန်မာပြည်မှာ ရှိတဲ့ သစ်ပင်တွေ တော်တော်များများ ဒီမှာ တွေ့ရတယ်။ အထူးသဖြင့် ပင်လုံးကျွတ်ပွင့်တဲ့ ငုတို့၊ စိန်ပန်းနီတို့၊ စိန်ပန်းပြာတို့၊ မန်ကျည်းတို့၊ ထန်းပင်တို့၊ သရက်ပင်တို့ အကုန်ရှိတယ်။ မမခင်တို့ နေတဲ့ လမ်းထိပ်မှာ ဆိုရင် သပြေပင်တွေ တန်းစီနေတာပဲ။ ဒါကြောင့်မို့ သင်္ကြန်တုန်းက ငွေဖလားထဲ ရေမွှေးထည့်ပြီး သပြေခက်နဲ့ ရေပက်တဲ့ မမခင်တို့ ရွှေမန်းသင်္ကြန် ပုံစံတောင် လုပ်နိုင်ခဲ့သေးတယ်။

အံ့သြစရာကောင်းတာ တစ်ခုက ရှမ်းပြည်မှာလို တောင်ပေါ်ဒေသ မဟုတ်ဘဲ ထင်းရှူးပင်တွေ၊ ယူကလစ်ပင်တွေ၊ လိမ္မော်ပင်တွေလည်း ရှိတယ်။ ဖလော်ရီဒါက လိမ္မော်အများဆုံးထွက်တဲ့ နေရာပေါ့။ မြို့ပြင်ထွက်လိုက်ရင် အဝေးပြေးလမ်း တစ်ဖက်တစ်ချက်မှာ လိမ္မော်ခြံတွေ မျှော်မဆုံးအောင် တွေ့ရတယ် ကိုဦးရဲ့။

တစ်ခါက အညာ မိုးခေါင် ရေရှားမှာမှ ပေါက်တဲ့ ထန်းပင်တွေလည်း ရှိပြန်သေးတယ်။

တစ်ခါတုန်းက ကနေဒါမှာ နေတဲ့ မြန်မာမိသားစုကို မမခင် မီယာမီလေဆိပ်မှာ သွားကြိုပြီး ခေါ်လာတော့ လေဆိပ်ကလည်း ထွက်ရော လမ်းတစ်ဖက်တစ်ချက်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ထန်းပင်တွေကို တွေ့တော့ ကလေးတွေက ဝမ်းသာအားရနဲ့ ထန်းပင်တွေကို မမြင်ဖူးလို့ အထူးအဆန်းလုပ်ပြီး ကားပေါ်က ထွက်ကျမတတ် ပြူးပြဲပြီး ကြည့်ကြတယ်။ အဖေလုပ်တဲ့ သူက မမခင်တို့ မန္တလေးသား။ ကနေဒါမှာ အခြေကျပြီး ကလေးတွေက ဒီမှာမွေး၊ ဒီမှာ ကြီးတာမို့ အဖေက မင်းတို့ကို ဖလော်ရီဒါ ခေါ်သွားပြီး ဖေဖေတို့ မြန်မာပြည်မှာရှိတဲ့ ထန်းပင်တွေ ပြမယ်ဆိုလို့ အားခဲပြီး လိုက်လာကြတာဆိုပဲ ကိုဦးရဲ့။

ကိုဦး တစ်ခါက ရေးဖူးသလိုပေါ့။ ကိုယ်အမှတ်မထင် လုပ်တာလေးတွေဟာ တစ်ဦးတစ်ယောက် ရင်မှာ စွဲငြိစေတာ သိရရင် ပီတိဖြစ်ရသလိုပဲ။ မြန်မာပြည်မှာ ထန်းပင်ဟာ ဘာမှမဟုတ်ပေမယ့် ရေခြား၊ မြေခြား ဝေးနေတဲ့အခါ ကိုယ့်တိုင်းပြည်မှာ ရှိတဲ့ အပင်လေးကို မြင်ရတာနဲ့ ရင်မှာ ခိုက်တာကို တွေ့တော့ မမခင် ပီတိ ဖြစ်ရသေးတယ်၊ မြန်မာပြည်မှာ ရှိကြတဲ့ သူတွေအဖို့တော့ ဒီလို ခံစားချက်တွေကို ယုံမှယုံနိုင်ပါ့ မလား မသိဘူး။

ဒီထက်ပိုတဲ့ အဖြစ်ကလေးကို ပြောပြရဦးမယ်။ မီချီဂန်က ပြောင်းလာတဲ့ ဒေါ်လှကြည်နဲ့ စကားဆုံမိကြတော့…

"ညီမရယ်၊ မမလေ မီချီဂန်မှာတုန်းက ခု ဖလော်ရီဒါမှာလို မြန်မာမိသားစု လည်း တစ်ယောက်မှ မရှိဘူး။ အိမ်နီးချင်း ဆိုတာတွေလည်း သူတို့ အလုပ်သွား၊ အလုပ်ပြန်ချိန်လောက်ပဲ ခဏမြင်ရတွေ့ရတာမို့ ကိုယ့်မိသားစုကလွဲပြီး ဘယ်သူမှ မရှိဘူး ဆိုပြီး အားငယ်လိုက်တာ။

"တစ်နေ့ကျတော့ သမက်လုပ်တဲ့သူက မာမီ ပျင်းနေပြီ၊ ပန်းသီးခြံမှာ ပန်းသီးခူး သွားကြရအောင် ဆိုပြီး ခေါ်သွားတော့ အဲဒီမှာ စာကလေးငှက်တွေ တွေ့ရတယ် ညီမရယ်၊ မမလေ စာကလေးတွေ မြင်တော့ မြန်မာပြည်ကို လွမ်းတာနဲ့ မျက်ရည်ပေါက်ပေါက် ကျတော့တာပဲ"တဲ့။

ကဲ…ကိုဦးရေ၊ ဒီမှာ ရောက်နေကြတဲ့ မြန်မာတွေရဲ့ လွမ်းချင်းက ဋီကာဖွဲ့ ရလောက်အောင်ကို စုံတယ် မဟုတ်လား။ သူများအကြောင်းတွေသာ မမခင်က ဖော်ကောင် လုပ်နေတာ၊ တစ်လောကတင် မမခင် တူလေးက ဗွီဒီယိုတိပ်ခွေတစ်ခု ပို့ပေး လိုက်လို့ မမခင်လည်း ငိုရတဲ့အဖြစ် ကြုံရသေးတယ်။ အဲဒီတိပ်ခွေထဲမှာ မန္တလေးရာဇဝင် မှတ်တမ်းတင် ပါလာတယ်။ ကျုံးတို့၊ မြို့ရိုးတို့ မန္တလေးရဲ့ ရှုခင်းတွေ ပြနေတာ ကြည့်ရင်း ရင်ထဲမှာ တနင့်နင့် ဖြစ်လာတာ။ မဟာမြတ်မုနိကိုယ်တော်ကြီး မျက်နှာသစ်တော်ရေကပ် တာကိုလည်း တွေ့ရော မထိန်းနိုင်တော့ဘဲ ဟီး-ဟီးနဲ့ ငိုချလိုက်တော့တယ်။ မမခင် သားက လန့်ဖျပ်ပြီး-

"မာမီ…မာမီ၊ ဘာဖြစ်တာလဲ"နဲ့ ပျာပျာသလဲ လာမေးပြီး ဗွီဒီယို ကြည့်ရင်း ငိုမှန်း သိတော့မှ-

mgyoe.com

mgyoe.com
SAMPLE BOOK
''ငါ့အမေ ဘာကြောင်တာလဲ''ဆိုတဲ့ ပုံစံမျိုးနဲ့ ကြည့်ပြီး...

''မာမီကလည်း ဆပ်တလာပဲ''လို့ သူတို့ မောင်နှမတွေ ပြောနေကျ ဗန်းစကားနဲ့ မှတ်ချက်ချသွားလေရဲ့။

လွမ်းရတာတွေသာ ပြောရရင် ပြောလို့ မကုန်နိုင်အောင်ပဲ။ ခု ဗွီဒီယိုခေတ်ရောက်လာတော့ ပိုပြီး ဆိုးသေးတယ်။

လွမ်းလို့ မြန်မာပြည်က ရိုက်ထားတဲ့ ဗွီဒီယိုကို ကြည့်ချင်တယ်။ ဗွီဒီယိုကို ကြည့်လို့ တစ်ခါ လွမ်းရပြန်တယ်။

လွမ်းသံသရာတွေလည်း ဂျာအေး သူ့အမေရိုက်တဲ့ ဇာတ်လမ်းမျိုး ဖြစ်နေတော့တယ်။

ပြီးခဲ့တဲ့ အပတ်ထဲမှာတော့ အလွမ်းပြေရတဲ့ ကြုံခေါင့်ကြုံခဲ အဖြစ်ကလေးကို ပြောရဦးမယ်။ တောင်ပုလု ဆရာတော်ကြီးနဲ့ အဖွဲ့ ဖလော်ရီဒါကို ကြွလာတယ် ကိုဦးရဲ့။ မမခင့်အိမ်မှာပဲ ကျောင်းအဖြစ် သီတင်းသုံးသွားတာမို့ မမခင် ဘယ်လိုဝမ်းသာမှန်း၊ ပျော်မှန်း မသိဘူး။ မြန်မာပြည်မှာတော့ ဘုန်းကြီးရဟန်းကို ဆွမ်းလုပ်ကျွေးချင်လို့ ပင့်ချင်သပ ဆိုရင်လည်း ကျောင်းကို ပြေးလျှောက်ပြီး ပင့်လိုက်ရုံပဲ မဟုတ်လား။

ဒီမှာတော့ ရဟန်း သံဃာက ရှားရှားပါးပါး။ ဒီလိုဆရာတော်ကြီးလို ပုဂ္ဂိုလ်မျိုးကတော့ ပြောဖွယ်ရာ မရှိ။ ပို၍ ရှားပါးသည်ပေ့ါ။ ကြုံခေါင့်ကြုံခဲ အဖြစ်မျိုးမို့ ဆရာတော်ကြီးကို ဖူးဖို့ လာကြတဲ့ သူတွေကလည်း မနည်းဘူး။ ကနေဒါတို့၊ လန်ဒန်တို့က အထိ တကူးတက ရောက်လာကြတာမို့ သူတို့ရဲ့ သဒ္ဓါစိတ်ကို မမခင် အကြိမ်ကြိမ်သာဓုခေါ်မိတယ်။

ဆရာတော်ကြီးက ရောက်လာတော့ မမခင်ကို–

''ခင်ခင်ကြီး ဒီည ဘယ်မှာ အိပ်မလဲ''တဲ့။ ''သံဃာတွေနဲ့ တစ်မိုးအောက်မှာ အတူမအိပ်ရဘူးဆိုတာ သိတယ် မဟုတ်လား''တဲ့။

''တင်ပါ့ဘုရား''လို့သာ လျှောက်လိုက်ရတယ်။ ကိုယ့်ဟာကိုယ် ဘယ်မှာအိပ်မယ်ဆိုတာ အစီအစဉ်လည်း မရှိသေးဘူး ကိုဦးရဲ့။

သမီး မီးချောကို ''နင် သူငယ်ချင်း အိမ်မှာ သွားအိပ်ချေ''လို့ ခိုင်းလိုက်ပြီး မမခင်ကတော့ မနက် ဆွမ်းကပ်ဖို့လည်း ချက်ရမယ်။ လာသမျှ ဧည့်သည်တွေကိုလည်း မနက်စာ၊ နေ့လယ်စာ၊ ညစာ ကျွေးချင်သေးတာမို့ အိမ်က ခွာလို့ မရသေးဘူး။ နောက်တစ်ခုကလည်း မနက် လေးနာရီမှာ ဆရာတော်ကြီးတစ်ပါးတည်း ဆေးနဲ့ ကပ်ဖို့ နွားနို့ပူပူတစ်ခွက် ကပ်ရမယ်လို့ ကပ္ပိယဒေးဗစ်က မှာထားတာကလည်း ရှိနေပြန်တယ်။

ကပ္ပိယနာမည်က ဒေးဗစ်ဆိုလို့ ကိုဦး နားရှုပ်သွားပြီလား။
mgyoe.com

mgyoe.com SAMPLE BOOK

ဆရာတော်ကြီးနဲ့ အဖွဲ့ ရောက်လာကြတော့ သံဃာတွေနဲ့အတူ အမေရိကန် တစ်ယောက် ပါလာတယ်။ ဆရာတော် ဦးပဏ္ဍိတက-

''ခင်ကြီး... ဒါက ဒေးဗစ်၊ ဘုန်းကြီးတို့ရဲ့ ကပ္ပိယ''

လို့ မိတ်ဆက်ပေးထားလို့ မမခင်ကတော့ သိနေနှင့်ပြီပေါ့။

မမခင့် သမီး မတူးက ရောက်လာတော့''အဲဒီ အမေရိကန်က ဘယ်သူလဲ'' လို့ မေးတာနဲ့''ကပ္ပိယ''လို့ ဖြေလိုက်တယ်။

''ဟင်...ကပ္ပိယကလည်း အမေရိကန်ကြီးလား''တဲ့။

''နှင့်ဘိုး...ကပ္ပိယ ဘာလူမျိုး ဖြစ်ရမယ်လို့ ဘုရားက ဟောခဲ့လို့လား''

လို့ မမခင်ကလည်း သူ့ကို ခွပြန်ပြောလိုက်ရတယ်။

အဲဒီ ဒေးဗစ်က တကယ်ချီးကျူးဖို့ ကောင်းတယ် ကိုဦးရယ်။ ဆရာတော်တွေ အလိုရှိသမျှ ပျာနေအောင်ကို လုပ်ပေးတာနော်။ သူ့မျက်နှာမှာလည်း အင်မတန်ကို လေးလေးစားစား ရိုကျိုးပါတဲ့ အမူအရာ ပေါ်လွင်နေတယ်။ ညကျလို့ ဧည့်သည်တွေ ပြန်သွားတော့ သူ့ကို ပုဆိုးကြီး တကားကားနဲ့ မြင်ရလို့ မမခင် ပြုံးရသေးတယ်။

မမခင့် သားက''မင်း ပုဆိုးဝတ်တာ တယ်အချိုးကျပါလား၊ ကြိုက်သလား'' လို့ မေးတော့-

''အစတုန်းကတော့ ကောင်းကောင်းမဝတ်တတ်ဘူး၊ ပူတဲ့အခါ ဘောင်းဘီတို ဝတ်တော့ ဆရာတော်တွေက ဘောင်းဘီတိုဝတ်တာ သံဃာတွေနဲ့ သွားတဲ့အခါ မလျော် ဘူးလို့ အမိန့်ရှိလို့ ပုဆိုးဝတ်ရတာ၊ ပုဆိုးက အေးအေးလူလူ ရှိလို့ ကြိုက်တယ်''

လို့ ပြန်ဖြေတယ် ကိုဦးရဲ့။

သူက ဆရာတော်တွေရဲ့ ဝေယျာဝစ္စတင် အသုံးကျတာ မဟုတ်သေးဘူး။ လေယာဉ်လက်မှတ် ယူတာတို့၊ ဆရာတော်တွေ တစုတစည်းတည်း ထိုင်ခုံ ရနိုင်ရေးတို့၊ ပစ္စည်းတွေ အချိန်မီ ရောက်ရေးတို့ စတဲ့ ပြင်ပအလုပ်တွေလည်း ပိုင်ပိုင်နိုင်နိုင် လုပ်နိုင် တာမို့ ကပ္ပိယတစ်ယောက်အနေနဲ့ တကယ် အားထားလောက်တယ်။

မမခင်လည်း ဘာတွေ လုပ်ပေးရမယ်၊ ဘာတွေ လိုတယ် ဆိုတာ ဒေးဗစ်ကိုပဲ မေးရတာပေါ့။ ကျန်တဲ့ သံဃာတွေကတော့ အရုဏ်ဆွမ်းလည်း ဘုဉ်းမပေးဘူး။ တစ်ထပ် တည်းသော နေ့ဆွမ်းကိုပဲ ပတ္တပိုဏ် ဘုဉ်းပေးတယ်လို့ ပြောတယ်။ ဆရာတော်ကြီးတောင် မှ သက်တော် ၈၉ နှစ် ရှိနေတာမို့ ဆေးနဲ့ ဘုဉ်းပေးဖို့လိုလို့ နို့တစ်ခွက်ပဲ ဘုဉ်းပေးတာ တဲ့ ကိုဦးရဲ့။ မမခင်က သဒ္ဓါလွန်ပြီး-

''ဆန်ပြုတ်ကလေး တစ်ခွက်၊ ကော်ဖီကလေး တစ်ခွက်လောက် ကလေးမှ ကပ်လို့ မရဘူးလား''မေးတော့-

mgyoe.com

mgyoe.com SAMPLE BOOK

"မရဘူး"လို့ပဲ ဖြေတယ်။

ဧည့်သည်တွေ ပြန်လို့ သိမ်းရ ဆည်းရတာနဲ့ပဲ ညဥ့်သန်းခေါင်ကျော်နေပြီ။ အိမ်နီးချင်းအိမ် သွားအိပ်ပြန်ရင်လည်း မနက် လေးနာရီ တစ်ခါ ထပြီး လာရဦးမှာ ဆိုတော့ ကိုယ့်အတွက်နဲ့ သူများ အနှောင့်အယှက်လည်း မဖြစ်စေချင်တာနဲ့။ ကဲ…မထူးပါဘူး လေ၊ တစ်ညလုံး နောက်တစ်နေ့စာ ဆွမ်းနဲ့ ဧည့်သည်တွေအတွက် ချက်တော့မယ် ဆိုပြီး မီးဖိုထဲမှာပဲ ငိုက်ရင်း အချိန်ကုန်လိုက်တော့တယ်။

ဆရာတော်ကြီးနဲ့ သံဃာတော်တွေကိုလည်း ဆွမ်းလုပ်ကျွေးခွင့်ရ၊ ဆရာတော်ကြီးကို အရပ်ရပ်က သဒ္ဓါစိတ်နဲ့ လာဖူးကြတဲ့ သူတွေကိုလည်း ကျွေးခွင့်ရလို့ မမခင်ဖြင့် ပျော်လိုက်တာ ကိုဦးရယ်။ ဒီကို ရောက်လာတဲ့ ရှစ်နှစ်ခွဲ အတွင်းမှာ မမခင်အဖို့ ဒီရက်တွေဟာ တကယ့်ကို အပျော်ဆုံး အချိန်တွေပါပဲ။

မမခင် ပျော်တယ် ဆိုတာ မြန်မာပြည်က လူတွေကတော့ နားလည်နိုင်ပါ့မလား မသိဘူး။ ပစ္စည်းတစ်ခုဟာ ရှိနေရင် တန်ဖိုး မသိဘူး ကိုဦးရဲ့။ အဲဒီပစ္စည်း ပျောက်ဆုံးသွားမှ၊ အထူးသဖြင့် ကိုယ်မြတ်နိုး ခုံမင်တွယ်တာတဲ့ ပစ္စည်းမျိုး ပျောက်သွားပြီ ဆိုရင်တော့ ရင်ကျိုးလောက်အောင်ကို တန်ဖိုးသိတော့တာပဲ မဟုတ်လား။

မမခင်က ရဟန်း သံဃာတွေကို ဆွမ်း၊ ကွမ်း လှူချင်တယ်။ အပေါင်းအသင်း မိတ်ဆွေတွေကိုလည်း ဖိတ်ပြီး ကျွေးချင် မွေးချင်တဲ့ ဝါသနာရှိတယ်။ မြန်မာပြည်မှာ တုန်းကတော့ စိတ်ရှိတိုင်း လုပ်နိုင်သပေါ့ ကိုဦးရဲ့။ ဒီမှာကျတော့ ပင့်ချင်လို့မှ ပင့်စရာ သံဃာကလည်း မရှိ။ အလှူအတန်း လုပ်ချင်လို့မှ ဖိတ်စရာ မြန်မာမိသားစု များများ စားစားကလည်း မရှိ။

ဒီနေ့ ဒီရက်ကတော့ ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးကြောင့် သံဃာအပါး များများလည်း ဆွမ်းကပ်ရ၊ လာသမျှ ပရိသတ်ကလည်း နယ်စုံမို့ ကြုံခေါင့်ကြုံခဲ အလှူတစ်ခု အထမြောက်ရတာမို့ ရင်ထဲမှာ ပီတိလှိုင်း ထနေတာပဲ ကိုဦးရယ်။ မမခင်က အစားသာ အပျက်ခံနိုင်တာ။ အအိပ်ကို နည်းနည်းလေးမှ အပျက်ခံနိုင်တာ မဟုတ်ဘူး။ မမခင်ရဲ့ ဘွားလေးက မမခင်ကို ကျွဲကြီးလို့ နာမည်ပေးထားတာ။ အိမ်သားတွေ ဝိုင်းဖွဲ့ပြီး စကားပြောလို့ စကားဝိုင်း မဆုံးသေးဘူး၊ မမခင်က ဖုတ်ခနဲ ခုတင်ပေါ်မှာ အိပ်ပျော်သွားပြီ။

ဘွားလေးက ကလေးတွေကို "ဟိုမှာကြည့်၊ နင်တို့အမေ ကျွဲကြီးလို တစ်နေ့ လုံး အတင်းရုန်းထားပြီး ညကျ ဟန်တောင် မဆောင်နိုင်ဘူး၊ ဗုန်းခနဲ လဲပြီး အိပ်ပျော် သွားပြီနဲ့" ပြောနေကျတဲ့။

တကယ်ပဲ ကိုဦးရဲ့။ ခုကျ နေ့ဆက်ရက်ဆက် အိပ်ရေးတွေ ပျက်တာလည်း အိပ်ချင်တဲ့စိတ် တစ်စက်ကလေးမှ မဖြစ်ဘူး။ လူသုံးဆယ်စာလောက် တစ်ယောက်တည်း

mgyoe.com

mgyoe.com SAMPLE BOOK
ဒိုင်ခံချက်လည်း မမောဘူး။ စိတ်က ပျော်နေလို့လား မသိဘူး။ လန်းဆန်းကြည်ရွှင်နေတာပဲ။ ကလေးတွေကလည်း အဖော်ရကြတယ်။ နေ့စာ၊ ညစာ ဆက်သွားတာတွေ ဒိုင်ခံဆေးကြ၊ ဒိုင်းခံရှင်းကြ၊ လာတဲ့ ဧည့်သည်တွေကလည်း ဝိုင်းဝန်း ကူကြတော့လည်း အဆင်ပိုပြီး ပြေတာပေါ့။

ပြောရဦးမယ်။ နေ့ခင်း ဆရာတော်ကြီးတွေ နားနေတဲ့ အချိန်ကျတော့ အချိန်မီ ရောက်လာတဲ့ မမခင့် တူလေး ပို့ပေးတဲ့ ဗွီဒီယိုကို ဖွင့်ပြီး ဖျော်ဖြေရတယ်။ အဲဒီ တိပ်ခွေထဲမှာ ရန်ကုန်မှာ ကျင်းပတဲ့ ၁၉၈၅ ခုနှစ် သင်္ကြန်ရယ်။ နောက်ပြီး ကိုဦးနဲ့ စန္ဒရားတင်ဝင်းလှိုင် တွဲပြီး ဆိုထားတဲ့ သီချင်း အစီအစဉ်တွေ ပါလာတာကို တွေ့တော့ ပရိသတ်က သိပ်ကျေနပ်ကြတာပဲ။ "ဝင်းဦးကို မမြင်ရတာ ကြာပြီ။ အဲဒီ အခန်းကလေး ပြန်ပြီး ဖွင့်လိုက်စမ်းပါဦး"နဲ့ ပွဲတောင်းကြတယ်။

မမခင့် သမီး မတူးကတောင်"မာမီရေ…ဝင်းဦးဆီ စာရေးရင် ထည့်ရေးလိုက်စမ်းပါ၊ ဝင်းဦး ပရိသတ် အမေရိကားမှာ အများကြီး ရှိတယ်လို့"ဆိုပြီး ပြောလို့ မမခင် ကိုဦးအစား ဂုဏ်ယူမိသေးတယ်။

မြန်မာပြည်မှာဆိုရင် လူတွေ ရာထောင်ဖိတ်ပြီး မဏ္ဍပ်ကြီး ထိုးပြီး သံဃာစင်မှာ သံဃာတွေ အပြည့်တင်ပြီး လှူဒါန်းရနေကြတာ တကယ် အားရစရာ ကောင်းတယ် နော်။ ဒီလိုအခွင့်အရေးတွေ ဆုံးပါးပြီဆိုမှ အဲဒီတန်ဖိုးကို သိရတာ ကိုဦးရဲ့။ ခု မမခင်မှာ လူကလေး သုံးလေးဆယ်ရှိတဲ့ အလှူပွဲကလေးမျိုး လုပ်ရဖို့တောင်မှ ကြုံခေါင့်ကြုံခဲ အလှူဖြစ်နေတာမို့ ယှဉ်ကြည့်ပြီး မြန်မာပြည်မှာ ရှိကြတဲ့ သူတွေ သံဃာတော်တွေကို စိတ်ရှိတိုင်း လှူဒါန်းရနေတာ တကယ် ကံကောင်းကြပါလား ဆိုတာ ခုမှ သဘောပေါက် နားလည်ရတော့တယ်။

ဆရာတော်ကြီး ရှိနေခိုက်မှာ တရားပွဲတွေ လုပ်၊ တရားနာ၊ ပရိတ်ရွတ်နဲ့ ကုသိုလ် စိတ်နဲ့ အချိန်ကုန်ရတာမို့ အချိန်တိုင်းဟာ မမခင်တို့ အားလုံးအတွက် တန်ဖိုးရှိနေတာပဲ။ အထူးသဖြင့် ဒီကုသိုလ် အားလုံးကို ဘဝတစ်ပါး ရောက်နေကြတဲ့ မမခင်ရဲ့ မိခင်ကြီး နဲ့ သားလေး ဇာနည်မြလှိုင်ကို ရည်စူးပြီး လှူတာဖြစ်လို့ ရင်ထဲမှာ သူတို့ကိုလည်း တမ်းတနေမိတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီရက်ဟာ မမခင်ရဲ့ မိခင်ဆုံးတာ ခုနစ်နှစ်မြောက် ဖြစ်သလို သားလေး ဇာနည်မြလှိုင်ရဲ့ ၂၃ နှစ်မြောက် မွေးနေ့လည်း ဖြစ်တယ် ကိုဦးရဲ့။

သားလေးသာ အသက်ထင်ရှား ရှိသေးရင် ဒီအလှူပွဲမှာ ကျန်တဲ့ မောင်နှမ တစ်တွေနဲ့အတူ သူလည်း လှုပ်ရှားနေမှာပဲလို့ စိတ်ကူးထဲမှာ သူ့ပုံသဏ္ဌာန်ကို မြင်ယောင် နေမိတယ်။ အထူးသဖြင့် သူ မကွယ်လွန်ခင် နောက်ဆုံးတစ်ခေါက် အိမ်ပြန်ရောက် လာတုန်းက သူ့ အသက် ၂၀ ပဲ ရှိသေးတယ်။
mgyoe.com

mgyoe.com
SAMPLE BOOK

"မာမီ၊ သား အသက် ၂၁ နှစ်ပြည့်တဲ့ မွေးနေ့ကျရင် မာမီ့အတွက် တောင်ပုလု ဆရာတော်ကြီးဆီမှာ သား ရဟန်းခံပေးမယ်နော်"လို့ ပြောသွားတာကိုလည်း ကြားယောင်နေမိတယ်။ သူ ဆုံးတော့ အသက် ၂၀ နဲ့ ခြောက်လပဲ ရှိသေးတယ်။ သူ ဆန္ဒရှိသလို ရဟန်းခံခွင့်တောင် မရလိုက်ရှာဘူး ကိုဦးရယ်။ မမခင်တော့ ရင်ထဲမှာ နာလာတိုင်း အဘိဓာသုတ်ကို နာနာရွတ်ပြီး စိတ်ကို ဖြေနိုင်အောင် ကြိုးစားရတယ်။ ခုလို မှတ်မှတ်ရရ နေ့မျိုးမှာ ဆရာတော်ကြီးလို ပုဂ္ဂိုလ်မျိုးရဲ့ ခြေတော်စုံမှာ ဦးခိုက်ပြီး သူတို့အတွက် ကုသိုလ်ကောင်းမှု လုပ်ခွင့်ရတာ အတွက်တော့ တစ်ဖက်က ဝမ်းသာရပြန်တယ်။

ဆရာတော်ကြီးနဲ့ အဖွဲ့က ဖလော်ရီဒါကနေ တက္ကဆက်ပြည်နယ်ကို ကြွကြမယ်။ အဲဒီကနေပြီး ဝါရှင်တန်ကို ကြွမယ်။ ဝါရှင်တန်ပြီးတော့ ချီကာဂို ကြွပြီး ဝါဝင်အမီ ကျောင်းရှိတဲ့ ဆန်ဖရန်စစ္စကိုကို ကြွဖို့ အစီအစဉ်ရှိတယ်။ ဆရာတော်ကြီးဟာ သက်တော် ၈၉ နှစ် ရှိပေမယ့် အင်မတန် ကျန်းမာရေး ကောင်းသေးတယ်။ ပြန်ကြွမယ့် မနက် ဆရာတော်ကြီး ခြေတော်စုံကို ဦးခိုက်ပြီး ကန်တော့ရင်း မမခင် ငိုလိုက်ရတာ ကိုဦးရယ်။ နောက်တစ်ခါ ဆရာတော်ကြီးကို ဖူးခွင့်မှ ကြုံပါဦးမလား တွေးပြီး ဝမ်းနည်းသွားတာလေ။ အမေရိကားနဲ့ မြန်မာပြည် ခရီးကလည်း နီးတာ မဟုတ်ဘူး ကိုဦးရဲ့။

ကမ္ဘာရဲ့ ဟိုဘက်တစ်ခြမ်းနဲ့ ဒီဘက်တစ်ခြမ်းပဲ။ လေယာဉ်ခရီးနဲ့ လာတာတောင် တစ်နေ့နဲ့ တစ်ဝက် ပျံသန်းချိန် ၃၂ နာရီ စီးရတာမို့ သက်တော်ကြီးတဲ့ ဆရာတော်ကြီး အနေနဲ့ နောက်တစ်ခေါက်မှ ပြန်ကြွလာဖို့ ကျန်းမာရေးက အခြေအနေ ပေးပါဦးမလားလို့ စဉ်းစားမိတယ်။

တစ်ခါက မမခင် ကမ္ဘာလုံး မြေပုံပေါ်မှာ လိုင်းဆွဲပြီး ကြည့်မိတယ်။ မမခင်တို့ နေတဲ့ သန္တာစမ်းဟာ ကမ္ဘာရဲ့ ဟိုဘက်တစ်ခြမ်းမှာ ရှိတဲ့ မြန်မာပြည်ရဲ့ မြစ်ကြီးနားမြို့နဲ့ တစ်တန်းတည်း သွားကျနေတာ တွေ့ရတယ်။ မြေပုံ အနေအထားက ကမ္ဘာရဲ့ တစ်ဖက်တစ်ခြမ်းစီ ကွာဝေးနေလို့ အချိန်ကလည်း နေ့နဲ့ည ကွာတယ်။ ခု မမခင်တို့ရဲ့ နေ့ဟာ ကိုဦးတို့ဆီမှာ ညပေါ့။ မမခင်တို့ ရောက်ခါစ တစ်ပတ်လောက်အထိ နေ့နဲ့ည မှားပြီး ညကျ မျက်စိတွေ ကျယ်ပြီး မနက်ကျ ခေါင်းထူလို့ မရအောင် အိပ်ချင်တော့တာပဲ။

အတိအကျ ပြောရရင် ၁၁ နာရီခွဲတိတိ ကွာတယ်။ တစ်လောလေးကပဲ မမခင်ကို ညီမလေးလို ချစ်တဲ့ အစ်မကြီး ဒေါ်မြစိန်က သူ အမေရိကားကို အလည်လာမှာမို့ မြန်မာပြည်က မမခင် လိုချင်တာရှိရင် မှာဖို့ ဖုန်းလှမ်းဆက်တယ် ကိုဦးရဲ့။ သူကတော့ ဟိုဘက်မှာ နေ့ခင်း နှစ်နာရီခွဲပေါ့။ မမခင်က ဒီမှာ အိပ်လို့ ကောင်းတုန်း။ မနက် အရုဏ်တက် လေးနာရီလောက်မှာ အိပ်ရာဘေးက တယ်လီဖုန်းက မြည်တော့ အိပ်ချင်မူးတူးနဲ့ ကောက်ကိုင်လိုက်တာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

သူက ပြောရင်းနဲ့ မမခင်ရဲ့ အသံက အိပ်ရာက နိုးတစ်ဝက်နဲ့ အသံမို့ နဂိုသံ မဖြစ်တော့…

''ဟဲ့…ခင်ကြီး၊ နေကောင်းရဲ့လားဟင်''နဲ့ ထပ်တလဲလဲ မေးနေတယ်။

''နေကောင်းပါတယ် အစ်မကြီးရဲ့''ဆိုတာကို မယုံနိုင်ဘူး။

''ခင်ကြီး အသံ တစ်မျိုးဖြစ်နေပါတယ်''နဲ့ ပြောမှ မမခင်က–

''အစ်မကြီးရဲ့ ခုဒီမှာ မိုးမလင်းသေးဘူး၊ လေးနာရီပဲ ရှိသေးတယ်၊ အိပ်ရာထဲက ပြောနေလို့ပါ''ဆိုမှ–

''ဟေ…ဟုတ်လား''ဆိုပြီး ဖုန်းချသွားလေရဲ့။

ကမ္ဘာတစ်ခြမ်း ခြားပေမယ့် တယ်လီဖုန်းက အဆင်သင့်တဲ့အခါ အနားမှာ ထိုင်ပြောနေသလား အောက်မေ့ရအောင် အသံကြည်တဲ့အခါလည်း ရှိတယ်။ လိပ်ခေါင်းတင် မကဘူး၊ လိပ်တစ်ကိုယ်လုံး ပဉ္စငါးပါးမကျန် ထွက်လောက်အောင် ကုန်းအော်နေတာတောင် တစ်ခါတလေကျတော့လည်း မကြားရတဲ့အခါ ရှိသေးတယ်။

မမခင်တို့ ပြည်တွင်းမှာတော့ အလွန်အဆင်ပြေတယ်။ အားလုံး အဝေးပြော ဖုန်းတွေရော၊ ပြည်နယ်တွင်း ဖုန်းတွေပါ အလိုအလျောက်ဆိုတော့ အော်ပရေတာကို လိုခါမှ ခေါ်ရတယ်။ ဒီမှာက စက်နဲ့ သုံးသမျှ အကုန်ဈေးသက်သာပြီး လူနဲ့ သုံးသမျှ အကုန်ဈေးကြီးတယ် ကိုဦးရဲ့။ တယ်လီဖုန်းနှုန်းကလည်း အချိန်အခါလိုက်လို့ ကွာသေးတယ်။ နေ့ခင်းအလုပ်ချိန် မနက် ရှစ်နာရီကနေပြီး ညနေ ငါးနာရီအထိ ဈေးနှုန်းက အပြည့်ပေးရတယ်။ ညနေ ငါးနာရီကနေပြီး ည ၁၁ နာရီအထိကျတော့ အလုပ်ပြီးချိန် ကာလမို့ ၃၅ ရာခိုင်နှုန်း သက်သာတယ်။ အဲ… လူခြေတိတ်လို့ သူများအိပ်တဲ့ အချိန် ည ၁၁ နာရီကနေပြီး မနက် ရှစ်နာရီထိကျတော့ ၆၅ ရာခိုင်နှုန်း သက်သာပြန်ရော။

အဲ… သီတင်းပတ်ကုန်ရက်ဖြစ်တဲ့ စနေနဲ့ တနင်္ဂနွေရယ်၊ သတ်မှတ်ထားတဲ့ ရုံးပိတ်ရက်တွေရယ် ကျတော့လည်း ၆၅ ရာခိုင်နှုန်း သက်သာတယ်။ သီတင်းပတ်ကုန်ရက်ကို သောကြာနေ့ည ၁၁ နာရီကစပြီး တနင်္ဂနွေနေ့ ညနေ ၅ နာရီအထိ သတ်မှတ်တယ်။ အဲဒီအချိန်အတွင်း ခေါ်တာ ဈေးနှုန်းအသက်သာဆုံးမို့ မမခင်လည်း ဖုန်းပေါ်က မဆင်းရတော့ဘူး။

အဝေးမှာ ရှိနေကြတဲ့ သားကြီး ဝင်းခန့်ရယ်၊ သမီးကြီး ခန့်ကေခိုင်ရယ်၊ ယမင်းမြလှိုင်ရယ်က မမခင်ဆီကို စနေ၊ တနင်္ဂနွေတိုင်း ဖုန်းဆက်ကြတယ်။ တစ်ပတ်တစ်ခါ သူတို့မှာ ပြောစရာတွေက မကုန်နိုင်ဘူး။ တစ်ခါတလေ အဝေးပြော ဖုန်းပေမယ့် တစ်နာရီ၊ နှစ်နာရီကြာအောင် ပြောတတ်ကြသေးတယ်။ ပြောတဲ့သူက တစ်ယောက်ချင်းမို့ မထောင်းတာပေမယ့် နားထောင်ရတဲ့သူက တစ်ယောက်တည်းမို့ တစ်ခါတလေ

mgyoe.com

mgyoe.com
SAMPLE BOOK
မမခင်ဖြင့် တယ်လီဖုန်းခွက်နဲ့ ကပ်ထားရလွန်းလို့ တကယ်ကို နားပူပြီး ကျန်ရစ်ခဲ့တာ ကိုဦးရယ်။ မမခင်တို့ သားအမိတစ်တွေရဲ့ ဆက်ဆံရေးကလည်း သူငယ်ချင်းလိုတစ်ပိုင်း ဖြစ်နေတာမို့ သူတို့ရင်ထဲ ရှိသမျှ ပျော်တာတွေရော၊ စိတ်ညစ်တာတွေရော၊ ဒေါသဖြစ်တာတွေရော၊ မကျေနပ်တာတွေကိုရော အပ်ကျတာကအစ အမေကို ပြန်ပြောပြ ရင်ဖွင့်ကြတဲ့ အကျင့်က ရှိနေတော့ ပြောစရာတွေက မကုန်နိုင်ကြဘူးပေါ့။

အဲ… အားလပ်ရက် တစ်ခုလုံးက မမခင်အတွက်တော့ ကလေးများနေ့လို့ သတ်မှတ်ထားရလောက်အောင် အလုပ်ရှုပ်တယ်။ စနေနေ့ မနက်ကစပြီး မြည်လိုက်တဲ့ ဖုန်းသံဟာ တစ်နေ့ခင်းကုန်တဲ့ထိ မစဲတော့ဘူး။ ဒီကြားထဲ ရင်းနှီးခင်မင်တဲ့ ကိုယ့်မြန်မာမိတ်ဆွေချင်းကလည်း ဈေးသက်သာတဲ့ အားလပ်ရက်လေးကိုပဲ စောင့်ခေါ်ပြီး စကားပြောကြရတာမို့ စနေ၊ တနင်္ဂနွေဟာ တယ်လီဖုန်းနဲ့ အလုပ်အရှုပ်ဆုံးနေ့လို့ ဆိုနိုင်တယ်။

တနင်္ဂနွေနေ့ကျတော့ မမခင်တို့ မိသားစု ဆုံကြတဲ့နေ့ ကိုဦးရဲ့။ သားကြီး ဝင်းခန့် ဖလော်ရီဒါမှာ ရှိတုန်းကတော့ ပိုပြီး စည်ကားတယ်လို့ ဆိုရမှာပေါ့။ သူက အမေရိကန်မနဲ့ အိမ်ထောင်ကျထားတာမို့ အိမ်မှာ မြန်မာ ထမင်းဟင်း စားခွင့် သိပ်ကြုံတာ မဟုတ်ဘူး။ သူ သင်ပြထားလို့ အမေရိကန်မလေးက မြန်မာ ထမင်းဟင်းကို တော်တော်လေး ချက်တတ်နေပါပြီ။ ဒါပေမဲ့ သူတို့ အမေရိကန်စာကိုသာ အဓိက စားတာ ဖြစ်လို့ မြန်မာ အစားမက်တဲ့ သားကြီးက အမေ့အိမ်ကို ရောက်လာပြီ ဆိုရင် မီးဖိုထဲ တန်းဝင်သွားပြီး ရှိသမျှ ဟင်းအိုးတွေ ဖွင့်တော့တာပဲ။ တနင်္ဂနွေနေ့ ရောက်ရင်တော့ သူနဲ့အတူ သူ့မိန်းမရော၊ သားလေးကောင်ရော မ လာပြီး အမေချက်ထားတဲ့ အုန်းနို့ခေါက်ဆွဲတို့၊ ထမင်းသုပ်တို့၊ မုန့်ဟင်းခါးတို့ကို အပြတ်အုပ်တော့တာပဲ။

ဒီမှာက အားလုံးလို အလုပ်လုပ်ကြရတယ်။ ကျောင်းသားကလည်း သူ စီးတဲ့ ကားဖိုး ပေးဖို့၊ သူလိုချင်တာ ဝယ်ဖို့ ငွေပိုရှာကြရတာမို့ မမခင်ရဲ့ ကလေးတွေလည်း ကျောင်းသွားရင်း အချိန်ပို အလုပ်တွေ လုပ်ကြတယ်။ ဒီတော့ ကျောင်းသွားချိန်၊ အလုပ်သွားချိန်နဲ့ မိသားစု တစ်ယောက်နဲ့ တစ်ယောက် ဆုံကြဖို့ အတော်အချိန်ရှားတယ် ကိုဦးရဲ့။ သီတင်းပတ် ရက်အားလေး တစ်ခုမှာပဲ အတူတကွ ဆုံခွင့်ရကြတာမို့ မမခင်ကလည်း အားလုံး ဖလော်ရီဒါမှာ နေကြတဲ့ ကလေးတွေ စုမိတဲ့ စနေ၊ တနင်္ဂနွေဆိုရင် စပယ်ရှယ် စားစရာတစ်ခုခု ချက်ပြီး ကျွေးရတယ်။ မောင်နှမတွေ စုမိ ဆုံမိကြတော့ တစ်ယောက်ကို တစ်ယောက် အပြတ်နှိမ်ကြ၊ ငြင်းကြ ခုံကြနဲ့ ပျော်စရာကြီး။

သူတို့တွေကို ကြည့်ပြီး မမခင်လည်း ပီတိဖြစ်ရတယ်။ သားကြီးက ခု ချီကာဂိုကို ပြောင်းသွားတော့ ဖလော်ရီဒါမှာ မမခင်နဲ့အတူ ကလေး လေးယောက်ပဲ ကျန်တော့တာပေါ့။ ရှိသမျှကလေးတွေပဲ စုပြီး အစဉ်အလာအတိုင်း စနေ၊ တနင်္ဂနွေမှာ မိသားစုပွဲကတော့ ကျင်းပဆဲပဲ။ အဝေးရောက်နေတဲ့ အကောင်တွေက ဖုန်းဆက်လာရင်–
mgyoe.com

mgyoe.com SAMPLE BOOK

"ဟော့…ဒီမှာ တို့ ဘာစားနေလဲ သိလား၊ မန္တလေး မြီးရှည်ရယ်၊ ဝက်စာဥ ကြော်ရယ် မာမီက လုပ်ထားတယ်"နဲ့ မိုင်ပေါင်းထောင်ကျော်ဝေးတဲ့ နေရာက အစ်ကို၊ အစ်မတွေ သွားရည်တများများကျအောင်လည်း ပြောတတ်ကြသေးတယ် ကိုဦးရဲ့။

ဖုန်းတစ်ခု ရှိနေတော့ ဝေးပေမယ့်လည်း မဝေးဘူးလို ဖြစ်နေတာပေါ့။

တယ်လီဖုန်း အသုံးချပုံ အမျိုးမျိုးရှိသလို ဈေးနှုန်းတွေကလည်း အမျိုးမျိုး ရှိတယ်။ အကယ်၍ မမခင်က တခြားတစ်နေရာမှာ ရောက်နေတယ်။ မမခင် အိမ်ကို ဖြစ်စေ၊ တခြားကိစ္စ တစ်ခုခုအတွက် ဖြစ်စေ အဝေးပြောဖုန်းကို သုံးချင်ရင် ရောက်နေတဲ့ အိမ်ရှင် အိမ်လာခေါ်ရရင် အားနာစရာ ဖြစ်မယ် မဟုတ်လား။ ဒါမှမဟုတ် ပြည်သူသုံး ဖုန်းကနေပြီး ခေါ်ချင်တယ် ဆိုရင်လည်း အဲဒီအဝေးပြောဖုန်းအတွက် ကျသင့်ငွေဟာ မမခင်ရဲ့ ဖုန်းနံပါတ် စာရင်းထဲမှာပဲ ရောက်အောင် အော်ပရေတာကို ခေါ်ရတယ်။ သူ့ညကို နှိပ်လိုက်ရင် အော်ပရေတာက ချက်ချင်း ဖြေတယ်။

ဒီတော့ အခု ဘယ်နံပါတ်ကို အဝေးပြောဖုန်းနဲ့ ခေါ်ချင်ပါတယ်။ မမခင်ရဲ့ ဖုန်းနံပါတ်…မှာ အဲဒီစာရင်းတင်ပေးပါလို့ ပြောလိုက်ရုံပဲ။ အော်ပရေတာက ချက်ချင်း မမခင် လိုတဲ့ နံပါတ်ကို ဆက်သွယ်ပေးလိုက်တယ်။ အဲဒါက ကိုယ့်ဟာကိုယ် အလိုအလျောက် ဖုန်းနဲ့ ဆက်တာထက် အော်ပရေတာကို ခေါ်ရတာမို့ အလုပ်ပိုတဲ့အတွက် ဈေးပိုကြီးတယ်။

မမခင် မှတ်မိသေးတယ်။ မြန်မာပြည်မှာတုန်းက ဒါမျိုးတွေ အလီလီခံခဲ့ရ တာပေါ့။ အိမ်မှာ အထူးသဖြင့် အညာအပေါင်းအသင်းက များတော့ ညှော်က ပြတ်တယ် လို့ မရှိဘူး။ သိတတ်သူတွေ ရှိသလို မသိတတ်သူတွေလည်း ရှိတယ် ကိုဦးရဲ့။ တချို့ ဆိုရင် နေ့တိုင်းနီးပါး ကိုယ့်အိမ်ကို အဝေးပြောဖုန်းနဲ့ ခေါ်ပြီး အရေးကြီးတဲ့ စကား ပြောရင်လည်း ဟုတ်သေးရဲ့။ "ဟော့…မင်းတို့ ထမင်းစားပြီးကြပြီလား"ဆိုတဲ့ စကား မျိုးကို နာရီဝက်၊ တစ်နာရီ ပြောပြီး နေရပ်ဌာနီ ပြန်သွားကြရော၊ မမခင်မှာတော့ လကုန်ရင် ရောက်လာတဲ့ တယ်လီဖုန်း ကြွေးစာရင်းကြီးနဲ့ နပန်းလုံးရပါလေရော။

ခုလို ကိုယ့်ဖုန်းနံပါတ်မှာ ကိုယ်ပြောတာကို စာရင်းသွင်းလို့ရတော့ သူများကို လည်း အားမနာရလို့ အဆင်ပြေတာပေါ့။ ဒါပေမဲ့ အဲဒီကောင်းတဲ့ စနစ်ကို အလွဲသုံးစား လုပ်တဲ့အခါကျတော့လည်း ဒေါသတွေ ဖြစ်ရပြန်ရော ကိုဦးရဲ့။

တခြားလူ ဟုတ်ပါရောလား။ မမခင်ရဲ့သား ကိုဇာနည်ပေါ့။ မမခင်နဲ့ သူနဲ့ အမြဲတမ်း အချီအချ စကားများကြရတဲ့ ကိစ္စက တယ်လီဖုန်းအတွက်နဲ့ပဲ။ သူ ဒီကို ရောက်လာတော့ မမခင်က ပြောပြထားတယ်။ ဒီမှာ တယ်လီဖုန်းပြောတာ အဝေးပြော ကို သုံးရင် ဈေးကြီးတယ်။ နေ့ခင်း ရုံးချိန်မှာ လုံးဝ မပြောရဘူး။ ပြောချင်ရင် ဈေး သက်သာတဲ့ ည ၁၁ နာရီကျော်မှာ ခေါ်ရင်ခေါ်၊ ဒါမှမဟုတ် စနေ၊ တနင်္ဂနွေမှာ ပြော ဆိုပြီး မှာထားတယ်။ ဘသားချောက ဘာလုပ်လဲ ဆိုတော့ ကျောင်းပိတ်ရက်မှာ

mgyoe.com

mgyoe.com
SAMPLE BOOK

ခရီး ထွက်နေတဲ့ သူ့ရည်းစားဆီကို နေ့ခင်းဘက် တစ်နေ့လုံး ဖုန်းထိုင်ဆက်ပါလေရော။ မမခင်တို့ကလည်း အလုပ်သွားနေတော့ ဒါတွေကို မသိဘူးပေါ့။ လကုန်လို့ တယ်လီဖုန်းကြွေးစာရင်း ရောက်လာတော့ ဒေါ်လာ ၇၀၀ ဖြစ်နေတယ် ကိုဦးရေ။

မမခင် ဒေါပွလိုက်ပုံတော့ မပြောနဲ့။ ဒေါ်လာ ၇၀၀ ဆိုတာ ဒီမှာ ကားသန့်သန့်လေးတစ်စီး ဝယ်စီးလို့ ရတယ်။ မမခင့် အပေါင်းအသင်းတွေကို ပြောပြတော့ ကြားကြရတဲ့ သူတိုင်းက -

''မြတ်စွာဘုရား''လို့ ဘုရားကို တ ရလောက်တဲ့ထိ အံ့သြကြတယ်။

ကိုဇာနည်ကတော့ သူသေတဲ့ထိ တယ်လီဖုန်းကို လုပ်ကျွေးသွားတာ ကိုဦးရဲ့။ သူ အထက်တန်းအောင်ပြီးတော့ တက္ကဆက်ပြည်နယ်မှာရှိတဲ့ ရေနံကုမ္ပဏီတစ်ခုမှာ အလုပ်ရတယ်။ အဲဒီရေနံကုမ္ပဏီက ပင်လယ်ထဲမှာ၊ ဘယ်နေရာမှာ ရေနံရှိသလဲ ဆိုတာကို ကွန်ပျူတာစက်တွေနဲ့ လိုက်ရှာပြီး ရေနံရှိတဲ့ နေရာမှန်သမျှကို မြေပုံကူးပြီး ရေနံတူးတဲ့ ကုမ္ပဏီတွေကို တစ်ဆင့် မြေပုံရောင်းစားတဲ့ အလုပ်တွေ လုပ်တယ်။ ဒီတော့ သူလည်း ကုမ္ပဏီက ပေးတဲ့ သင်္ဘောတစ်စီးနဲ့ နေရာအနှံ့ ခရီးထွက်ရတယ်။ ခြောက်ပတ် ပင်လယ်ခရီးထွက်ပြီး သုံးပတ် အိမ်မှာ နားခွင့်ရတယ်။ တစ်ခါတလေလည်း အကြောင်းအမျိုးစုံနဲ့ ကမ်းခြေက မြို့တကာကို ဝင်ရတာလည်း ရှိသေးတယ်။ ကမ်းပေါ်ကို ခြေချမိတာနဲ့ ပထမဆုံး သူလုပ်တဲ့ အလုပ်က အိမ်ကို ဖုန်းခေါ်တယ်။

''သားတို့ ခုဘယ်မြို့ရောက်နေတယ် မာမီ၊ ဘယ်လောက်ကြာမယ်၊ ဘာတွေ သင်္ဘောပေါ်မှာ လုပ်ခဲ့တယ်''ဆိုတာ အသေးစိတ် ပြောပြတတ်တယ် ကိုဦးရဲ့။ ဒီလို အခါမျိုးမှာ အမေဆိုတာ အဝေးရောက်နေတဲ့ သားလေးရဲ့ အသံကို ကြားရတော့ ပီတိဖြာစမြဲပေါ့။

ဒါပေမဲ့ အဲသလို ဆက်တာမျိုးက တစ်နေ့ တစ်ခါလောက် မဟုတ်ဘူး။ သူ စိတ်ရတိုင်း တစ်နေ့ တစ်ဆယ့်ခြောက်ခါ ကုန်းပေါ်က မခွာမချင်း ဆက်နေတော့တာ။ ပြောတဲ့ စကားကလည်း…

''မာမီ ဘာလုပ်နေလဲ''ဆိုတာမျိုး ရေးကြီးခွင့်ကျယ် မဟုတ်တာတွေပေါ့။ ဒီတော့ သူခေါ်သမျှက ကြား တတိယတစ်ဆင့်ခံနဲ့ ခေါ်ရတာမို့ ဈေးက ကြီးတာမို့ သူ ခေါ်တာအတွက် ဝမ်းသာမိပေမယ့် အရည်မရ အဖတ်မရ လေပေးခအတွက် သူ့မှာ ငွေကုန်ရတာကိုတော့ မထောက်ခံချင်ဘူးပေါ့။ တစ်ဘက်မှာ ဒေါမနဿ ဖြစ်ရပြန်တယ်။ မမခင်ဆီတင် ခေါ်သလား ဆိုတော့ မဟုတ်သေးဘူး။ အရပ်တကာက ရှိသမျှ သူနဲ့ ရင်းနှီးတဲ့ မြန်မာမှန်သမျှတွေကိုလည်း ဆက်တယ် ကိုဦးရဲ့။

တစ်ခါက ဟူစတန်က သက်သက်ဝင်းကို ဆက်ပြီး-

''မမမသက် ဘာလုပ်နေလဲ''လို့ မေးတော့-

mgyoe.com

mgyoe.com SAMPLE BOOK
''ငါ ထိုင်နေတယ်''လို့ ဟိုက ဖြေသတဲ့။

အဲဒါကို သူက သဘောကျပြီး မမခင်ဆီကို တစ်ခါ ပြန်ဆက်ပြီး-

''မာမီ သားက မမသက်ကို ဘာလုပ်နေလဲလို့ မေးတာ ငါထိုင်နေတယ်လို့ ဖြေတယ်၊ ဖြေစရာလား၊ ဝါး…ဟား ဟား''နဲ့ ဖုန်းပေါ်မှာ ကျေနပ်စွာနဲ့ အော်ပြီး ရယ်နေလေရဲ့။

အဲဒီ ဖုန်းကြေးတွေ မှန်သမျှက မမခင်ရဲ့ နံပါတ်ပေါ်မှာ ခေါ်တာမို့ လကုန်လို့ ကြွေးစာရင်း ရောက်လာပြီ ဆိုရင် ရာဂဏန်းက အောက်တဲ့အခါ တစ်ခါမှ မရှိဖူးဘူး။ ကျသင့်တဲ့သူ ခေါ်သမျှကို အကုန်ပြန်ပို့ပေးပါရဲ့။ မမခင်က ပြောရတယ်။

''သားရယ်၊ သူများတကာက သားစာ မယားစာ ရှာတယ်လို့ပဲ မာမီကြားဖူးပါတယ်၊ မင်းကတော့ ဖုန်းစာရှာနေတဲ့ သူပါလား''လို့ ပြောတော့…

သူ့အစ်မ မတူးက ဝင်ပြီး ''အေးဟဲ့၊ နင့်ကို ဘဲလ်ကုမ္ပဏီက သူတို့ကို လုပ်ကျွေးသမှုပြုတဲ့ ဖောက်သည်ကောင်း တစ်ယောက်အနေနဲ့ ဂုဏ်ပြုပါတယ် ဆိုတဲ့ ပန်းစည်း အကြီးကြီး ပို့ပေးသင့်တယ်''လို့ ထောက်ခံတယ်။

ဒါက နံပါတ်ကို ငွေကောက်တဲ့ အကြောင်း ကိုဦးရဲ့။ နောက်တစ်မျိုးက စုပေါင်းခေါ်တယ် ဆိုတာ။ သူက ပိုပြီး ဈေးကြီးပြန်ရော။ သူကလည်း အော်ပရေတာကို သုံးရတာကိုး။ စုပေါင်းခေါ်လို့သူက မမခင်ဆီကို ဆက်ချင်တယ်။ သူကလည်း ပိုက်ဆံ မရှိလို့ ဖြစ်စေ၊ ပိုက်ဆံအကုန်မခံချင်လို့ဖြစ်စေ ဒီဖုန်းခကို မပေးချင်ဘူး ဆိုတော့ သုည ကို နှိပ်လိုက်ပြီး ဒီနံပါတ်နဲ့ ခင်ကြီးကို ခေါ်ပါရစေလို့ ပြောတဲ့အခါ အော်ပရေတာက မမခင်ကို ခေါ်ပြီး ဒီနာမည်နဲ့ လူက မင်းကို စုပေါင်းနဲ့ ခေါ်နေတယ်၊ မင်း လက်ခံမလား လို့ မေးတယ်။

မမခင်က လက်မခံချင်ရင် ရတယ်။ 'နိုး'လို့ တစ်ခွန်းပဲ ပြောလိုက်ရုံပဲ။ အဲ ရက်(စ်)လိုက်ရင်တော့ ကျသင့်တဲ့ ပုံမှန်နှုန်းထက် နှစ်ဆ ဆော်ပြီသာ မှတ်တော့။ ဒါမျိုး တွေလည်း မမခင် ဒီမှာ အကြိမ်ကြိမ်ခံရတယ် ကိုဦးရေ၊ အထူးသဖြင့် မြန်မာပြည်က ရောက်လာတဲ့ ပညာတော်သင်တွေပေါ့။ သူတို့ခမျာမှာ အစိုးရက ပေးတဲ့ငွေနဲ့ ပြန်တော့ လည်း ပစ္စည်းလက်ဆောင် ကလေးတွေ ဝယ်သွားချင်သေးတာမို့ ငွေကို ချွေတာခြိစ်ခြုတ် သုံးကြရတယ်။ ဒီတော့ ဖလော်ရီဒါမှာ မမခင်တစ်ယောက် ရှိလေရဲ့လို့ သိထားကြတဲ့ သူတွေက မမခင်ကို စုပေါင်းဖုန်းနဲ့ ခေါ်ပြီး နှုတ်ဆက်ကြ၊ အလာပသလ္လာပ ပြောကြ တယ်။ မမခင်ကလည်း သိသိ မသိသိ၊ မြန်မာနာမည်နဲ့သာ တပ်ခေါ်တာ ကြားလိုက်ရင် အမြဲတမ်း ရက်စ်လိုက်တာမို့ တစ်ခါတစ်ခါ ကြွေစာရင်းလာရင် မသက်သာဘူး။

တစ်နေ့ကပဲ ဂျော်ဂျီရာကနေပြီး ကျွန်တော် စာရေးဆရာမ ခင်နှယ်တင်ရဲ့သား ပါဆိုပြီး ဖုန်းခေါ်လာလို့ ပြောလိုက်ရသေးတယ်။ ဟိုတုန်းက မမခင် ဓာတ်ပုံရိုက်ပေးခဲ့
mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ ချာတိတ် ငချွတ်ကလေးတွေလည်း ခုကျ ဗိုလ်မှူးတွေ၊ ဗိုလ်ကြီးတွေဖြစ်လို့ ကိုဦးရဲ့။ အချိန်တွေဟာ အမှတ်မထင် ကုန်ဆုံးတာ သိပ်မြန်တာပဲနော်။

အဲ… စုပေါင်းဖုန်းကို ပြန်ပြီး လူလည်လုပ်လို့ရတဲ့ ပညာလည်း ရှိသေးတယ် ကိုဦးရဲ့။ ဆိုပါတော့ မမခင်က ရက်စ်လို့ ဖြေလိုက်တာနဲ့ သူတို့ကစပြီး စကားပြောချိန်ကို ကွန်ပျူတာနဲ့ မှတ်လိုက်တာ။ ဒီတော့ တစ်ဖက်လူကို ''ဟော့… မင်း ဘယ်နံပါတ်က ခေါ်နေတာလဲ ပြောစမ်း၊ ငါ ခုချက်ချင်း ပြန်ခေါ်မယ်'' လို့ ပြောပြီး ဖုန်းချလိုက်တော့ နှစ်ဆ ပေးရချိန် နည်းသွားတာပေါ့။ ချက်ချင်း ကိုယ့်ဖုန်းကနေပြီး သူစောင့်နေတဲ့ နံပါတ်ကို ပြန်ခေါ်တော့ ရှိုးရှိုးပုံမှန်နှုန်းအတိုင်း ပြောခွင့်ရတော့ ဈေးသက်သာတယ်လေ။ တစ်ခါတလေ မမခင် ခရီးသွားရင်ဖြစ်စေ၊ ကလေးတွေ ခရီးသွားရင်ဖြစ်စေ ကိုယ်ရှိမယ့်၊ သူတို့ရှိမယ့်နေရာက ဖုန်းနံပါတ်ကို ကိုယ်က သိထားတယ်။ အဲဒီအိမ်ရှင်ကိုလည်း တာဝန်မဖြစ်စေချင်ဘူး။ စုပေါင်းဖုန်းဆိုရင် နှစ်ဆပေးရမယ် ဆိုတော့ မမခင်က အိမ်ကို ပြန်ပြီး စုပေါင်းဖုန်းနဲ့ မတူးကို ခေါ်ချင်တယ်လို့ ပြောလိုက်တယ်။ မတူးက 'နိုး' ဆိုပြီး လက်မခံလိုက်ဘူး။ ဒါပေမဲ့ ဟိုဘက်ဖုန်းမှာ မမခင် အဆင်သင့်ရှိနေပြီ ဆိုတာကို မတူးက သိထားလိုက်တော့ အော်ပရေတာ ဖုန်းချသွားတာနဲ့ အဲဒီ မမခင် ရှိမယ့်နံပါတ်ကို လှမ်းဆက်လိုက်တော့ ရှိုးရှိုးနှုန်းထားနဲ့ ပြောလို့ ရသွားရော။ ဒါတွေကတော့ လူလည်လုပ်တဲ့ နည်းတွေပေါ့ ကိုဦးရယ်။

ဒီမှာ နံပါတ်မသိလို့ စုံစမ်းချင်ရင် လေးခါထိ အလကား စုံစမ်းခွင့် ပေးတယ်။ စုံစမ်းတာကို ဖြေတဲ့ ဖုန်းနံပါတ်က ၄၁၁ ကို ခေါ်ရတယ်။ လေးခါက ကျော်ရင် တစ်ခါမေးတိုင်း ၁၅ ဆင့် ပေးရတယ်။ အရေးပေါ် ခေါ်ချင်ရင် ၉၁၁ ကို ဆက်ရတယ်။ မီးလောင်တာဖြစ်စေ၊ သူနာပြုဖြစ်စေ အရေးပေါ်မှန်သမျှပေါ့။ ၉၁၁ က တကယ် အားကိုးရတယ်။

မမခင်ရဲ့ အမေ နှလုံးရောဂါနဲ့ အိမ်မှာပဲ အသက်ပျောက်တယ်။ အသက်ပျောက်ခါနီး မမခင် သားကြီးက ၉၁၁ ကို ဖုန်းဆက်ထားလိုက်တော့ ၁၀ မိနစ်လောက်အတွင်း ရဲကား နှစ်စီး ရှေ့ဆင့် နောက်ဆင့် ရောက်လာကြတယ်။ ဒီမှာ ရဲကားကလည်း ရှေးဦးသူနာပြု ပြုလုပ်ရတယ် ကိုဦးရဲ့။ သူတို့ ရောက်လာပြီး သူနာပြု အရေးပေါ်ကား ရောက်လာပြီး စက်တွေနဲ့ တပ်ပြီး နှလုံးခုန်အောင် လုပ်ကြတာ။ မမခင်အမေ အသက်ပြန်ရှူလာတာနဲ့ ဆေးရုံကို ချက်ချင်း ပို့တယ်။ ဆေးရုံကို ရောက်ပြီး ၁၇ မိနစ်ကြာမှ အသက်ရှူ ပြန်ရပ်သွားတယ်။ အမှန်က မမခင် အမေရဲ့ ရောဂါက ကုမရတော့လောက်အောင် လမ်းဆုံးကို ရောက်နေလို့သာ ကယ်ခွင့် မရလိုက်တာ။ တချို့ နှလုံးရောဂါရတာမျိုးဟာ ၉၁၁ အချိန်မီရောက်တာနဲ့ အသက်ကယ်ခွင့်ရလို့ အသက်ကို ဆက်နိုင်တဲ့ သူတွေ အများကြီး ရှိတယ် ကိုဦးရဲ့။ ဒီတော့ တယ်လီဖုန်းဟာ ဒီမှာ မရှိရင်ကို မဖြစ်တဲ့ ပစ္စည်း ဖြစ်နေတာ။

mgyoe.com

mgyoe.com
SAMPLE BOOK

နောက်တစ်ခုက ကြေးနန်း ရိုက်ချင်ရင်လည်း ကြေးနန်းရုံးဆိုတာ ဒီမှာ မရှိဘူး၊ မမခင် ရောက်ခါစက ချွေးမကို "ငါ့ကို အရေးကြီးတဲ့ ကြေးနန်းရုံးနဲ့ စာတိုက်ကို ဘယ်လို သွားရမလဲ ဆိုတာ ပြထားပေးပါ" ပြောတော့ သူက ပြုံးပြီး "ကြေးနန်းရုံး ဒီမှာ မရှိဘူး၊ ဖုန်းဆက်ပြီး ကြေးနန်းပို့လို့ ရပါတယ်" တဲ့၊ ဟုတ်တယ် ကိုဦးရဲ့။ ကြေးနန်းပို့ချင်ရင် ကြေးနန်းနံပါတ်ကို လှည့်ပြီး ရိုက်ချင်တဲ့ အကြောင်းအရာနဲ့ လိပ်စာကို ဖုန်းပေါ်က ပြောလိုက်ရုံပဲ။ လကုန်တော့ ကြွေးစာရင်းလာရင် အဲဒီကျသင့်ငွေပေါ်မှာ ပါလာတာပဲ။ အကယ်၍ ပို့တဲ့ မိတ္တူ လိုချင်တယ် ဆိုရင် တစ်ခါတည်း မိတ္တူပါ ပို့ပါလို့ ပြောလိုက်ရတယ်။ သုံးလေးရက်ရှိတော့ အဲဒီ မိတ္တူစာရွက် စာတိုက်က ရောက်လာ တာပဲ။ အဲသလောက် လွယ်တယ်။

ကြေးနန်းတင် မဟုတ်ဘူး။ ငွေလည်း အရေးပေါ် ပို့ချင်ရင် ခုလိုပဲ ဖုန်းဆက်ပြီး ကြေးနန်းရုံးကို မမခင်ရဲ့ ဗီဇာကတ်နံပါတ် ဒီလောက်နဲ့ ငွေဘယ်မျှ အဲဒီအထဲက ဘယ်သူ့ကို ပေးပါဆိုရင် နာရီပိုင်းအတွင်း ငွေသွားထုတ်ယူလို့ ရတယ်။

လွယ်သည်ထက် လွယ်အောင် စနစ်တွေ ထွင်ကြလို့ ခံရတာတွေလည်း ရှိသေးတယ် ကိုဦးရဲ့။ တယ်လီဖုန်း ကုမ္ပဏီက အကြွေးစနစ်နဲ့ သုံးလို့ရတဲ့ လက်မှတ်ကတ်ပြား ဆိုတာကို ထုတ်ပေးထားတယ်။ အဲဒီ ကတ်ပြားရှိနေရင် ဘယ်ပြည်သူသုံး ဖုန်းကဖြစ်ဖြစ်၊ ဘယ်နေရာကဖြစ်ဖြစ် ကိုယ့်ကတ်ပြား နံပါတ်ကို ဆက်ပြီး ပြောလို့ ရတယ်။ တစ်ခါက အဖေလုပ်တဲ့သူရဲ့ ကြွေးကတ်ပြားကို ယူပြီး သားနဲ့ သူငယ်ချင်း လေးယောက်က ပျော်တာပေါ့ဆိုပြီး တစ်လလုံး ဖုန်းတွေ ပြောလိုက်ကြတာ လကုန်လို့ စာရင်းရှင်းတော့ ဖုန်းခ တစ်သောင်းကျော် ကျသတဲ့။

အဖေလုပ်တဲ့သူက ပြုံးပြုံးပြီး-

"ဟဲ့…လုပ်ကြပါဦး၊ ဒါကတော့ ကုမ္ပဏီက စာရင်းမှားတာပဲ ဖြစ်ရမှာပါ" ဆိုပြီး လိုက်ကြည့်တော့မှ-

သားနဲ့ အပေါင်းအပါများ ပျော်ရွှင်စွာနဲ့ အရပ်တကာကို ဖုန်းခေါ်ထားတာ အဖြေပေါ်တဲ့အကြောင်း သတင်းစာမှာ ဖတ်လိုက်ရတယ်။ ကိုဇာနည်ထက် သာသွားတာမို့ မမခင် သတင်းစာဖတ်ရင်း ပြုံးလိုက်မိသေးတယ်။

သိပ္ပံပညာ တိုးတက်နေတဲ့ ခေတ်ဖြစ်လို့ တစ်နေ့တစ်မျိုး အသစ်အဆန်းတွေလည်း ထွင်နေကြတာပဲ ကိုဦးရဲ့။ အခု နောက်ဆောက်တဲ့ အိမ်တွေမှာဆိုရင် တယ်လီဖုန်းနဲ့ တွဲပြီး ဖုန်းဖြေစက်ပါ အသင့်ထည့်ပေးထားတယ်။ သူကလည်း တကယ် အသုံးဝင်တယ်။ ကိုယ်အပြင်သွားနေတုန်း တယ်လီဖုန်း ဆက်သူရှိရင် ဖုန်းဖြေစက်က သူပြောသမျှတွေ အသံဖမ်းထားလိုက်ပြီး ကိုယ် ပြန်ရောက်တဲ့အခါ ခလုတ်ကို ဖွင့်ပြီး နားထောင်ရင် ဘယ်သူတွေက ဆက်ပြီး ဘယ်လို အမှာစကားတွေ ထားခဲ့တယ် ဆိုတာ သိရတော့

mgyoe.com

mgyoe.com SAMPLE BOOK

အထူးသဖြင့် စီးပွားရေးသမားတွေအနေနဲ့ အသုံးဝင်တာမို့ စီးပွားရေးလုပ်သူတိုင်းလို ဖုန်းဖြေစက် ရှိကြတယ်။ တစ်ဦးတည်း နေသူတွေလည်း သုံးကြတယ်။

ဆရာဝန်တွေကျတော့ လူနာအရေးကြီးရင် ကြီးသလို ဆက်သွယ်နိုင်အောင် ခါးပတ်မှာ လက်သုံးလုံးလောက်ရှိတဲ့ အသံမြည်စက်လေး ချိတ်ထားကြတယ်။ အရေးပေါ်ကိစ္စ လူနာရှင်ဆီကဖြစ်စေ၊ ဆေးရုံကဖြစ်စေ လိုအပ်လို့ သူတို့ဆီကို ဖုန်းဆက်လိုက်ရင် ဆေးခန်းမှာ မရှိတဲ့အခါ ဖုန်းဖြေစက်က အသံဖမ်းထားလိုက်ပြီးတာနဲ့ ဆရာဝန်ရဲ့ ခါးမှာ ချိတ်ထားတဲ့ အသံမြည်စက်လေးက တီ-တီ-တီနဲ့ အသံမြည်လာရော။ ဒီတော့ ဆရာဝန်ကို တစ်စုံတစ်ယောက်က အရေးပေါ် လိုအပ်နေပြီ ဆိုတာ ချက်ချင်း သိနိုင်တယ်။

ဆရာဝန်က နီးရာ တယ်လီဖုန်းကနေပြီး သူ့ရုံးခန်းက နံပါတ်ကို ခေါ်လိုက်ရတယ်။ ဒီတော့ ဖုန်းဖြေစက်က သူစောစောက အသံဖမ်းထားလိုက်တာကို ပြန်ဖွင့်ပြတယ် ကိုဦးရဲ့။ ဒီတော့ ဆရာဝန်အနေနဲ့ ဘယ်လူနာရှင်က ခေါ်တယ်။ ဘယ်လို ပြဿနာတွေ ပေါ်တယ် ဆိုတာ မိနစ်ပိုင်းအတွင်း သိနိုင်တော့ လိုအပ်တဲ့ ညွှန်ကြားချက်တွေကို ချက်ချင်းပေးနိုင်တာမို့ လူနာရှင်တွေအတွက် သိပ်ပြီး အထောက်အကူ ဖြစ်တာပေါ့။

အခု နောက်ဆုံးပေါ်တဲ့ အသံမြည်စက်ဆိုရင် ဖုန်းဖြေစက်ကို ပြန်ပြီး ဘယ်ကလဲလို့ ရှာစရာတောင် မလိုတော့ဘူး။ ဘယ်ဆေးရုံ၊ ဘယ်လူနာက အရေးပေါ် ဘာကိစ္စနဲ့ ခေါ်နေတယ် ဆိုတာ တစ်ခါတည်း ပြောပြတယ်။ တချို့ ဆရာဝန်တွေကျတော့ ဖုန်းဖြေစက်ကို မသုံးဘဲ ဖုန်းဖြေဌာန ဆိုတာကို သုံးတယ်။ ဖုန်းဖြေဌာနကတော့ လူကိုယ်တိုင် တာဝန်ယူပြီး ဖြေပေးတဲ့ အဖွဲ့ရုံးပေါ့။ အဲဒီမှာက ၂၄ နာရီ တာဝန်ကျသူ ထားပြီး ခေါ်သမျှ ပြဿနာတွေကို မှတ်ထားပြီးတော့ ဆရာဝန်ဆီကို ဖုန်းဆက်လိုက်တဲ့အခါ အသံမြည်စက်မှာ လာမြည်တာပေါ့။ ဒီတော့ ဆရာဝန်က သက်ဆိုင်ရာ ဖုန်းဖြေဌာနကို ပြန်ပြီး နီးရာဖုန်းက ခေါ်ပြီး မေးရတယ်။

မမခင်တို့ မြန်မာတွေ စုပြီး ပါတီလုပ်တဲ့အခါ ဆရာဝန်တွေက ခပ်များများမို့ ဟိုလူ့ခါးက အသံမြည်စက်က မြည်လိုက်၊ ဒီလူ့ခါးက မြည်လိုက် တတီတီနဲ့ တစ်ချိန်လုံးလို မြည်နေတာ ကိုဦးရဲ့။ သူတို့ခမျာများ စိတ်လွတ်လက်လွတ် နေကြရတဲ့ အချိန်ကို မရှိရှာကြပါဘူး။ နောက်တစ်မျိုး ရှိသေးတာက အကယ်၍ မမခင်က တစ်ယောက်ယောက်နဲ့ ဖုန်းပြောနေတယ် ဆိုပါတော့။ ဒီအတွင်းမှာ တခြားတစ်ဦးက မမခင်ရဲ့နံပါတ်ကို ခေါ်ရင် လိုင်းမအားသေးတဲ့အခါ မြည်တဲ့ တီ-တီ-တီ-တီ ဆိုတဲ့ အသံကို ကြားကြရတော့ ဖုန်းကို ပြန်ချပြီး နောက်တစ်ခါ ပြန်ခေါ်ဖြစ်ချင်ရင်လည်း ဖြစ်မယ်။ မခေါ်ဖြစ်တော့တဲ့အခါ ရှိချင်ရင်လည်း ရှိမယ် မဟုတ်လား။ ပြောနေတဲ့ မမခင်ကလည်း တစ်ဖက်က ဘယ်သူ ခေါ်နေတယ် ဆိုတာကို သိလိုက်မှာလည်း မဟုတ်ဘူးလေ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒါမျိုး မဖြစ်ရအောင် စောင့်ဆိုတဲ့ ခလုတ်ကလေး ထည့်ထားရင် တစ်လကို သုံးဒေါ်လာ ပိုပေးတာနဲ့ ရတယ်။ ဒီတော့ ကိုယ် ပြောနေတုန်းမှာ တခြားတစ်ဦးက ခေါ်လိုက်တာနဲ့ ကိုယ့်လိုင်းမှာ ခေါ်သံဝင်လာတာရော၊ တစ်ဖက်မှာ တစ်ယောက်ယောက်က ခေါ်နေပြီ ဆိုတာသိလို့ ပြောလက်စလူကို "ခဏလေး ကိုင်ထားဦးနော်၊ ဟိုတစ်ဦး ခေါ်တာကို မေးလိုက်ဦးမယ်"ဆိုပြီး၊ စောင့်ခလုတ်ကလေးကို နှိပ်လိုက်တာနဲ့ နောက်ခေါ်သူနဲ့ ပြောလို့ရတယ်။ အဲဒီလူက အရေးကြီးတဲ့ကိစ္စ ဆက်ပြောရမှာ ဆိုရင်လည်း ပြန်နှိပ်၊ ပထမစောင့်နေသူကို "ကဲ··· နောက်မှ အေးအေးဆေးဆေး ပြောကြစို့" ဆိုပြီး သူ့ကို လုံးဝစကားဖြတ်၊ နောက်လူနဲ့ ဆက်ပြော။

ဒီလိုမှ မဟုတ်လို့ နောက်လူက အရေးမကြီးဘူး ဆိုရင်" ဟေ့··· နောက်မှ တို့ ပြန်ခေါ်မယ်ကွာ၊ ဒီမှာ စကားပြောရက် တန်းလန်းမို့" ဆိုပြီး အရင်လူနဲ့ ဆက်ပြောလို့ ရတယ်၊ အဲသလို စောင့်ဆိုတဲ့ ခလုတ်လေး ရှိထားတော့ ခေါ်သမျှလူတွေ လွတ်မသွားအောင် ပြောလို့ ရတာမို့ အရေးကြီးတဲ့ ကိစ္စရှိရင်လည်း အသုံးဝင်တာပေါ့ ကိုဦးရယ်။

အဲဒါက ခေါ်သမျှ လူတွေကို မလွတ်တမ်း ပြောချင်သူတွေအတွက် အသုံးဝင်စေတဲ့ နည်းပေါ့။ လောကကြီးမှာ လူအမျိုးမျိုး၊ စိတ်အထွေထွေ ဆိုတာလိုပဲ လူတကာ ခေါ်နေတာကို မပြောချင်တဲ့ သူတွေအတွက်ကျတော့ ကိုယ့်ဖုန်းနံပါတ်ကို လျှို့ဝှက်လုပ်ထားကြပြန်ရော ကိုဦးရဲ့။ ထုံးတမ်းစဉ်လာဆိုရင် ကိုယ့်နာမည်နဲ့ ဖုန်းနံပါတ်က နှစ်စဉ်ထုတ်တဲ့ တယ်လီဖုန်းစာအုပ်မှာ ပုံနှိပ်ပြီး ပါလာတာ မဟုတ်လား။ အဲသလို ပုံနှိပ်ထားတော့ လူတကာက ကိုယ့်နံပါတ်ကို သိပြီး ခေါ်သမျှ လက်ခံစကား ပြောနေရတော့ အလုပ်လည်း ရှုပ်၊ အချိန်လည်း ကုန်သပေါ့။ ဒါထက်ဆိုးတာက ဒီမှာ အရင်းရှင်စနစ်မို့ သူ့ထက်ငါ အပြိုင်ရောင်းကြတဲ့ ကုန်သည်တွေကလည်း ဒုနဲ့ဒေး။

အရောင်းကိုယ်စားလှယ်တွေက တယ်လီဖုန်းနံပါတ် ရှိသမျှကို မှတ်ထားပြီး သူတို့ပစ္စည်း ကောင်းကြောင်းကို အညောင်းအောင် ပုံကြီးတွေချဲ့၊ ဖွဲ့နွဲ့ပြီး ပြောတာကိုလည်း တစ်ခါတလေ နားငြီးအောင် နားထောင်ရတဲ့ အဖြစ်တွေကလည်း ရှိသေးတယ် ကိုဦးရဲ့။

ဒါမျိုးကို မမခင်လည်း အခါခါ ကြုံရတယ်။ တစ်ခါတုန်းက ကြုံရပုံကလေးကို ကိုဦး ရယ်ရအောင် ပြောပြရဦးမယ်။ မမခင် ရောက်ခါစ သုံးနှစ်လောက်ကပေါ့။ ကိုယ်ရေးကိစ္စတစ်ခုနဲ့ အကြီးအကျယ် စိတ်ညစ်စရာ ကြုံနေတုန်း တစ်ညနေမှာ တယ်လီဖုန်းက မြည်လာလို့ ကိုင်လိုက်တော့။

"ဟိုင်း···ခင်ကြီးပါလား"လို့ တစ်ဖက်က အမျိုးသမီးက မေးလာတယ်။

"ဟုတ်ပါတယ်"လို့ ဖြေတော့-

"ခင်ကြီး အသက် ၅၅ နှစ်ကျော်ပြီလား"တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

‘‘ဟုတ်ကဲ့၊ ကျော်ပါပြီ’’

‘‘ဒါဆိုရင် အတော်ပဲ၊ ခု သင်္ချိုင်းမြေတွေ စောစောက ကြိုပြီး ဝယ်ထားမယ် ဆိုရင် တစ်နေရာကို ဒေါ်လာ ၅၀၀ တည်းနဲ့ ရနိုင်တာမို့ ခင်ကြီးအနေနဲ့ ဘယ်လို စဉ်းစား ပါသလဲ’’တဲ့။

ကဲ...ကိုဦးရေ စိတ်ညစ်စရာ ကြုံနေပါတယ် ဆိုမှ သင်္ချိုင်းမြေ ရောင်းတဲ့ အရောင်းကိုယ်စားလှယ် အမျိုးသမီးနဲ့ တိုးနေတာလေ၊ အချိန်အခါကတော့ အံကိုက်ပဲ ကိုဦးရဲ့၊ မမခင် သဘောကို ကျသွားတာပဲ၊ ဒါနဲ့ မမခင်က အမျိုးသမီးကို–

‘‘ရှင်ခေါ်တဲ့ အချိန်အခါကတော့ အံကိုက်ပါပဲ၊ ဒါပေမဲ့ ကျွန်မ သေရင် မြေမမြှုပ်ဘဲ မီးသင်္ဂြိုဟ်ဖို့ ဆန္ဒရှိတာမို့ ရှင့်မြေဈေး သက်သာတာတော့ ကောင်းပါတယ်။ ကျွန်မအတွက် မလိုတာမို့ ဆောရီးပါပဲ’’လို့ ဖြေလိုက်ရတယ်။

နောက်တစ်နေ့ အလုပ်ကို ရောက်တော့ မမခင်ရဲ့ လုပ်ဖော်ကိုင်ဖက် အမျိုးသမီး ကို–

‘‘မာတီရယ်၊ ညနေက တို့စိတ်တွေ ညစ်နေတုန်း သင်္ချိုင်းမြေ ရောင်းတဲ့ အမျိုးသမီးက ဆက်တယ်ဟဲ့၊ တစ်နေရာစာကို စောစောဝယ်ထားမယ်ဆိုရင် ဒေါ်လာ ၅၀၀ တည်းနဲ့ ပေးမယ်တဲ့၊ ဘယ်လောက် အံကိုက်လဲ’’လို့ ပြောတော့။

မာတီက‘‘မင်း အဲဒါ တော်သေးတယ်။ တစ်ခါတုန်းက ငါ့ကို ခေါင်းရောင်းတဲ့ သူက ခုကတည်းက ခေါင်းတစ်လုံး အဆင်သင့် ဝယ်ထားမယ် ဆိုရင် ဒေါ်လာ ၃၀၀ လျှော့ပေးမယ်လို့ ဆက်တယ်။ ငါက ဒေါပွပွရှိတာနဲ့ အေး... ငါတော့ မလိုသေးဘူး၊ မင်းပဲ မင်းအတွက် ဈေးသက်သာတုန်း ဝယ်ထားလိုက်ပေါ့လို့ ပြောလိုက်တယ်၊ ပြီးရော’’

အဲသလို စိတ်ညစ်စရာတွေကလည်း ရှိသေးတာမို့ တချို့လူတွေ လျှို့ဝှက်လုပ် တာ အပြစ်မဆိုသာဘူး။ မမခင်လည်း စိတ်ကုန်ကုန်ရှိလို့ မမခင့်ဖုန်းကို လျှို့ဝှက်လုပ်ထား တယ်။ ဒီမှာကလည်း အဆန်းသား ကိုဦးရဲ့၊ သူတို့ အစဉ်အလာကို ပယ်ပြီး ကိုယ့်ဆန္ဒ ရှိရာကို လုပ်ချင်သမျှ ပိုက်ဆံအပိုပေးကြရတယ်။ ကိုယ့်နံပါတ်ကို တယ်လီဖုန်းစာအုပ် မှာ ပုံမနှိပ်ဖို့ နှစ်ဆယ့်ရှစ်ဒေါ်လာ ပေးရသေးတယ်။ အဲဒီလို လုပ်ထားရင် သူများက ဖုန်းစာအုပ်မှာ ရှာမတွေ့လို့ စုံစမ်းရေးမှာ အော်ပရေတာကို မေးရင်လည်း အော်ပရေတာ က ယဉ်ကျေးစွာနဲ့–

‘‘ကျွန်မ ဖြေခွင့် မရှိပါဘူးရှင်၊ အဲဒီနံပါတ်က လျှို့ဝှက်ထားလို့ပါ’’လို့ ပြောပြီး သူကလည်း နံပါတ်ကို ပေးခွင့်မရှိလို့ မေးသူကို မပေးရဘူး၊ ဒီတော့မှ အရောင်းကိုယ်စား လှယ်တွေရဲ့ လေဘေးကလည်း ကင်းလွတ်ခွင့် ရတယ်။ အချိန်မတော်မှာ ခေါ်တတ်ကြ တဲ့ ဖုန်းသရဲတွေရဲ့ ဘေးကလည်း ကင်းတယ် ကိုဦးရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလို နည်းမျိုးစုံတာအပြင် ပါတီလိုင်း ဆိုတာလည်း ရှိသေးတယ်။ အဲဒီ ပါတီလိုင်းက တစ်ပြိုင်တည်း သုံးဦးအတူ ပြောလို့ ရတယ်။ သုံးယောက် တစ်ခါတည်း ပြောရတော့ ပိုပြီး ပျော်စရာကောင်းတာပေါ့။ ဆိုပါတော့ မန္တလေးက တစ်ဦးရယ်၊ ရန်ကုန်က တစ်ဦးရယ်၊ မော်လမြိုင်က တစ်ဦးရယ်၊ ဖုန်းပေါ်မှာ တစ်ချိန်တည်း ဆုံပြီး အပြန်အလှန် ပြောလို့ ရတာမျိုးလေ၊ တက္ကသိုလ်မှာ ရှိတဲ့ မမခင့်သမီး ခန့်ကေခိုင်က ခေါ်ရင် သန္တာစမ်းမှာ ရှိတဲ့ မမခင်ရယ်၊ ဖွဲ့ဒ်လော်ဒါဒေးလ်မှာ နေတဲ့ မတူး(ခန့်ကေသီ)ရယ်၊ သုံးယောက်အတူ ပြောကြတော့ ညီအစ်မတစ်တွေ အမေနဲ့ တစ်ယောက်ကို တစ်ယောက် ပြောင်ကြ၊ နောက်ကြနဲ့ ဟားကြရတယ်။

နောက်ပြီး ကားထဲမှာလည်း တယ်လီဖုန်း ထည့်ထားလို့ ရတယ်။ ခရီးများများ သွားရတဲ့ သူတွေရဲ့ ကားထဲမှာ အများအားဖြင့် တယ်လီဖုန်း ရှိကြတော့ အရေးရယ် အကြောင်းရယ် လမ်းခုလတ်မှာ ပေါ်တဲ့အခါ ဖုန်းဆက်ပြီး ပြောလို့ရတော့ အထောက် အကူ ရတာပေါ့။

နောက်ဆိုရင် ခရီးသွားရင်း လေယာဉ်ပေါ်ကနေပြီး ကိုယ့်အိမ်ကို ဖုန်းပြန်ဆက် ချင်ရင် ရတော့မယ် ဆိုတာ တစ်လောက သတင်းစာမှာ ဖတ်လိုက်ရတယ်။ မနှစ်က စပြီး ကြိုးမဲ့ဖုန်းတွေလည်း ပေါ်နေပြီ ကိုဦးရဲ့။ ကြိုးမဲ့ဖုန်းကတော့ ဘာဝါယာကြိုးမှ မပါဘဲ သုံးလို့ရတာမို့ ပိုပြီး အဆင်ပြေတာပေါ့။ ဒီမှာက အိမ်တိုင်းမှာ တယ်လီဖုန်းက အနည်းဆုံး နှစ်လုံး၊ သုံးလုံး ရှိကြတာ။ အိပ်ခန်းတိုင်းမှာ တစ်ခုစီနဲ့ မီးဖိုထဲမှာ တစ်ခု ရှိတတ်ကြတယ်။ တယ်လီဖုန်း အသံမြည်လို့ ဖုန်းရှိရာကို အပြေးသွားစရာ မလိုဘဲ ကိုယ်နဲ့နီးရာ ဖုန်းကို ကောက်ကိုင်လိုက်ရုံပဲမို့ အဆင်ပြေသပေါ့။ ဒီလောက် အဆင်ပြေ နေတာကို ပို၍ အဆင်ပြေအောင်များ ကြိုးမဲ့ဖုန်းကို ထပ်ပြီး ထွင်ကြပြန်တယ်။

ကြိုးမဲ့ဖုန်း ပေါ်လာတော့ မမခင်ရဲ့သား ကိုဇာနည် အသေစောလေခြင်းလို့ အောက်မေ့မိတယ်။ သူသာ ရှိမယ်ဆိုရင် ဈေးဦးပေါက် အရင်သွားဝယ်မှာ သေချာတယ်။ ဒါမှ ဖုန်းတစ်လုံး ပခုံးမှာ ချိတ်ပြီး ရောက်လေရာ အရပ်က ဖြစ်နိုင်ရင် စကြဝဠာ တစ်ခုလုံးက ရှိသမျှလူတွေကို ခေါ်နေမှာ မဟုတ်လား ကိုဦးရယ်...။

✣

၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သော ကိုဦး…

စက်တင်ဘာ လဆန်းတာနဲ့ နွေကျောင်းပိတ်ရက် ကုန်ဆုံးပြီမို့ ကျောင်းတွေလည်း ပြန်ဖွင့်ကြဖို့ တာစူနေကြပြီ။ ဒီစာ ကိုဦးဆီ ရောက်တဲ့အခါမှာ ကျောင်းဖွင့်နေကြပြီပေါ့။

လမ်းထိပ်မှာ စာအုပ်ကလေးတွေ ပိုက်ပြီး ကျောင်းကား စောင့်နေကြတဲ့ ကျောင်းသား၊ ကျောင်းသူကလေးတွေရဲ့ ပြုံးပြုံးရွှင်ရွှင် မျက်နှာလေးတွေလည်း မြင်ရတော့မယ်။

ကျောင်းစာအုပ်၊ ကျောပိုးအိတ်ကလေးတွေကို လွယ်ပြီး စက်ဘီးကိုယ်စီနဲ့ ကျောင်းသွားကြတဲ့ ကလေးသူငယ်လေးတွေကိုလည်း လမ်းပေါ်မှာ တွေ့ရဦးမယ်။

ကျောင်းကားဝါဝါကြီးတွေ တန်းစီပြီး မောင်းနေတာ ကြုံရင်လည်း နောက်ကနေ ဖြည်းဖြည်းမောင်းပြီး လိုက်ရဦးမယ်။

ဟုတ်တယ် ကိုဦးရဲ့၊ ဒီမှာ ကျောင်းကားကြီးတွေက အဝါရောင်တွေလေ၊ လမ်းပေါ်မှာ ကျောင်းကားနဲ့ ဆုံမိရင် မလွယ်ဘူးသာ မှတ်တော့ပဲ။ ဥပဒေက ကျောင်းကားကို ကျော်မတက်ရဘူး။ သူက ရှေ့က ဖြည်းဖြည်းမောင်းနေရင် ကိုယ်က စိတ်မရှည်ပေမယ့်လည်း ကျော်မတက်ရဲဘူး။ သူ့ကို စောင့်ပြီး မောင်းရတယ်။ ကလေးတွေကို တကယ်ဦးစားပေးတာပဲ။ ဒီကလေးတွေဟာ တစ်နေ့သော တစ်နေ့ တိုင်းပြည်ကို အကျိုးပြုကြမယ့် ပုဂ္ဂိုလ်လောင်း သေးသေးလေးတွေ ဆိုပြီး သူတို့ကို အင်မတန် အရေးထားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းကားရပ်လို့ ကလေးတွေ အတက်၊ အဆင်းလုပ်တဲ့ နေရာမှာဆိုရင် အားလုံးသော ကားတွေက သူတို့ တက်လို့၊ ဆင်းလို့ မပြီးမချင်း ဆက်မမောင်းကြရဘဲ စောင့်နေရတယ်။ အဲသလောက်အထိ ကလေးများကို ဦးစားပေးရတာနော်။ ကျောင်းကား ရဲ့ ထိပ်ဘေးနှစ်ဖက်နှစ်ချက်မှာ ဆင်နားရွက်လို ရပ်(Stop)ဆိုတဲ့ စာတန်းဟာ ကားရပ် လိုက်တာနဲ့ တစ်ဖက်စီ ပွင့်ထွက်လာပြီးသား ဖြစ်နေတယ်။ ကားပြန်ထွက်ပြီ ဆိုခါမှ တံခါးရွက်လေး အလိုအလျောက် ပြန်ပိတ်သွားတယ်။

ကျောင်းကားမောင်းသူတွေက အများအားဖြင့် အမျိုးသမီးတွေပဲ ကိုဦးရဲ့။ ယောကျ်ားအလုပ်၊ မိန်းမအလုပ်ရယ်လို့ သိပ်ပြီး မခွဲခြားကြပါဘူး။ ကုန်တင်ကားတွေ လည်း မိန်းမတွေ တက်မောင်းနေတာ တွေ့ရတာပဲ။

မမခင်တို့ မြန်မာပြည်မှာ ယေဘုယျအားဖြင့် နွေကျောင်းပိတ်ရပ်က သိပ်ပြီး ပူတဲ့ အချိန်ကစပြီး မိုးဦးကျပြီဆိုမှ ကျောင်းပြန်ဖွင့်တာနော်။ ဒီမှာက ရာသီက မတူဘူး။ မတ်လ၊ ဧပြီလ၊ မေလ ဆိုရင် အထူးသဖြင့် ဖလော်ရီဒါက နေလို့ကောင်းတဲ့ အချိန်ပဲ။ မပူ၊ မအေး ကာလလေးပေါ့။ လေတဟူးဟူးတိုက်ပြီး လေအေးစက် ပေးထားတဲ့ အအေး မျိုးလောက်မို့ နေသာထိုင်သာ ရှိတယ်။ အဲ··· ဇွန်လကစပြီး စက်တင်ဘာအထိကတော့ ''ပူတယ်လေ ဆယ်နေစင်း''လို့ ထပြီး ဟစ်ရလောက်အောင်ကို ပူတာ ကိုဦးရေ။

အဲ··· ပူတယ် ဆိုတာထက် အိုက်တယ် ဆိုတာက ပိုပြီး မှန်မလား မသိဘူး။ ဘာလို့လဲဆို အပူချိန်က ၁၀၀ ကျော်ခဲမှုပဲ။ အပူချိန် ၉၀ ကျော်နဲ့လည်း တအားအိုက်ချင် အိုက်နေတာ။ နွေရောက်ပြီ ဆိုရင်တော့ အိမ်တိုင်း လျှပ်စစ်ဌာနကို အကြီးအကျယ် လုပ်ကျွေးသမှု ပြုကြရပြီသာ မှတ်တော့ပဲ။ အအေးစက် မဖွင့်ဘဲ မနေနိုင်အောင်ကို ပူတော့တာ ကိုဦးရေ။ နေ့လယ် နေ့ခင်းများ အပြင်ထွက်ဖို့ ဖြစ်လာရင် လူစင်စစ်က မုန့်လေပွေ ဖြစ်သွားအောင်ကို ကြွပ်ကြွပ်ပူတာမျိုးမို့ ကားပေါ်ရောက်ရင်လည်း အအေး စက် ဖွင့်မှ၊ အိမ်မှာနေရင်လည်း အအေးစက်ဖွင့်မှ။ ဒီတော့ လကုန်လို့ လျှပ်စစ်ဌာနက ရှင်းတမ်းလာပြီ ဆိုရင်တော့ မမခင်ဖြင့် မျက်စိမှိတ်ပြီး ဖွင့်ရတယ်ကွာ။

မြန်မာပြည်က လာပြီး ဒါလောက်တောင် အဖြစ်သည်းနေရသလား မမခင်ရဲ့လို့ ကိုဦးက စောဒကတက်ချင်မလားပဲ။

မြန်မာပြည် ပူပုံနဲ့ တူကို မတူဘူး ကိုဦးရဲ့။ ပင်လယ်နား နီးလို့လား မသိဘူး။ ဒီမှာက ရေငွေ့ပြန်တာ သိပ်ပြီးကို မြင့်လွန်းတာ မခံသာဘူး။ ဒါကြောင့် ကျောင်းတွေ လည်း နွေကျောင်းပိတ်ကို ဇွန်လကနေပြီး ဩဂုတ်လကုန်သည်အထိ ပိတ်ကြတယ်။ စက်တင်ဘာလဆန်းမှ ကျောင်းတွေ အားလုံး ပြန်ဖွင့်ကြရော။

ကျောင်းမဖွင့်ခင် ဩဂုတ်လဆန်း ရောက်ပြီ ဆိုတာနဲ့ တစ်ပြိုင်နက်တည်း ရှိရှိသမျှ ကုန်မျိုးစုံတိုက်ကြီးတွေက ကျောင်းဖွင့်လျှော့ဈေး (Back To School Sales) တွေ

mgyoe.com

mgyoe.com

အကြီးအကျယ်ကြေညာပြီး ရောင်းတော့တာပဲ။ ကျောင်းဖွင့်ရင် မသုံးမဖြစ် ဝယ်ကြရမယ့် ဘောင်းဘီတို့၊ အင်္ကျီတို့၊ ခြေစွပ်တို့၊ ဖိနပ်တို့စသည်ဖြင့် အဝတ်အစားမျိုးစုံတွေရော၊ ကျောင်းသုံးပစ္စည်းဖြစ်တဲ့ စာအုပ်၊ ခဲတံ၊ ဖိုင်တွဲ၊ ဖောင်တိန်၊ ကျောင်းလွယ်အိတ်၊ ထမင်းဘူး စသည် စသည်တို့ရော၊ တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင် လျှော့ဈေးတွေ ရောင်းကြတာ တစ်ခါတလေ ၅၀ ရာခိုင်နှုန်းထိတောင် သက်သာတယ်။ ကျောင်းသား မိဘတွေခမျာ ဒီလိုအခါမှာ အသက်သာဆုံးမို့ လိုအပ်သမျှ ကျုံးပြီး ဝယ်ကြရတာပဲ ကိုဦးရဲ့။ ခုလို အချိန်အခါအလိုက် သက်သာမှုရအောင် လုပ်ပေးထားတဲ့ စနစ်ကတော့ ချီးကျူးစရာ ကောင်းတယ်နော်။

ကျောင်းစနစ်ကလည်း ဒီမှာ ကျောင်းက သုံးကျောင်း ခွဲထားတယ်။ သူငယ်တန်းကနေ ငါးတန်းအထိက မူလတန်းကျောင်း၊ ခြောက်တန်းကနေ ရှစ်တန်းအထိက အလယ်တန်းကျောင်း၊ ကိုးတန်းကနေ ၁၂ တန်းအထိက အထက်တန်းကျောင်း ဆိုပြီး သုံးမျိုး ရှိတယ်။

ဒီမှာ ကျောင်းထားရင် အထက်တန်းအထိ ကျောင်းလခ၊ စာအုပ်ဖိုး၊ ကျောင်းကားခ တစ်ပြားမှ မပေးရဘူး။ အားလုံး အစိုးရက တာဝန်ယူတယ်။

အကယ်၍ ဝင်ငွေမပြည့်မီတဲ့ မိဘများရဲ့ သားသမီးများဆိုရင် ကျောင်းက နေ့လယ်စာ မုန့်ကို အလကားကျွေးသေးတယ်။ တတ်နိုင်တဲ့သူများက ဝယ်စားလို့ ရတယ်။ ဈေးနှုန်း အထူးသက်သာပြီး အာဟာရဖြစ်စေမယ့် အစာမျိုးကို တစ်နေ့ အစီအစဉ်တစ်မျိုးစီ ပြောင်းပြီး ကျွေးလေ့ရှိတယ်။ နောက်ပြီး ကျောင်းမုန့်စားဆင်းချိန်မှာ မမခင်တို့ မြန်မာပြည်က ကျောင်းတွေလို ကျောင်းဝင်းထဲက ထွက်ခွင့် မရကြဘူး။ ကျောင်းပုံစံအနေအထား ကိုက အပြင်က လုံးဝမြင်လို့ မရအောင် တည်ဆောက်ထားတယ်။ ကျောင်းသားတစ်ယောက် ဟာ ကျောင်းထဲ ရောက်ပြီးတာနဲ့ အပြင်ကို ကျောင်းမဆင်းမချင်း ထွက်ခွင့် မရတော့ဘူး ကိုဦးရဲ့။

အဲဒီတော့ အပြင်ဈေးသည်တွေလည်း လာရောင်းဖို့ အကြောင်း မရှိသလို ကျောင်းသားအနေနှင့်လည်း အပြင်ဈေးသည်ဆီက ဝယ်စားခွင့် မရနိုင်တော့ဘူးပေါ့။ ကျောင်းကင်တင်း စားသောက်ဆိုင်က ရောင်းတဲ့ မုန့်ကိုပဲ စားကြရတယ်။ ဒီလိုမှ မစားချင်ရင် အိမ်က မုန့်ထည့်ယူလာပြီး စားကြတယ်။ အဲဒီလို တင်းကျပ်မှုရှိတာ၊ တစ်ခုက ကျောင်းသားများရဲ့ ကျန်းမာရေးအတွက် အလွန်ကောင်းတဲ့ စနစ်ပဲလို့ မမခင် ထင်မိတယ်။

ကျောင်းသားတစ်ယောက် ကျောင်းပြေးရင်လည်း မိဘက ချက်ချင်း သိတယ် ကိုဦးရဲ့။ ကျောင်းသားက နေမကောင်းလို့ ကျောင်းမလာနိုင်ရင် မိဘကိုယ်တိုင်က ကျောင်းကို ဖုန်းဆက်ပြီး ဘယ်အတန်းက ကျောင်းသား ကျောင်းသူ ကျွန်မသား၊ သို့မဟုတ် သမီးဟာ နေမကောင်းလို့ ကျောင်းမလာနိုင်ပါဘူး ဆိုတာ ခွင့်တိုင်ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မိဘခွင့်တိုင်ခြင်းမရှိဘဲ ကျောင်းပျက်တာတွေ့ရင် ကျောင်းရုံးခန်းက အိမ်ကို ဖုန်းဆက်ပြီး ဒီနေ့ ကျောင်းသား မောင်…ဘယ်သူ ကျောင်းမလာဘူး ဆိုတာ မိဘကို အသိပေးတယ်။

အဲဒီစနစ်ကြောင့် အဖြစ်ဆန်းလေး တစ်ခု၊ ကံရဲ့လှည့်ကွက်ကလေး ကြုံရပုံကို ကိုဦးကို ဖောက်သည်ချရဦးမယ်။ မမခင်တို့ မြို့နဲ့ သိပ်မဝေးလှတဲ့ ဟောလီးဝုဒ်ဆိုတဲ့ မြို့ကလေးက သူငယ်ကလေးတစ်ယောက်ရဲ့ စက်ဘီး ပျောက်သွားတယ်တဲ့။ အဲဒီသူငယ်လေးခမျာ မိဘလည်း မရှိရှာဘူး။ မွေးစားမိခင်နဲ့ အတူနေရတဲ့ ဆင်းဆင်းရဲရဲထဲကပေါ့ ကိုဦးရယ်။ ဒီတော့ သူ့ခမျာ ပျောက်သွားတဲ့ စက်ဘီးလေးကို တသသ နှမြောနေရှာ တာပေါ့။

စက်ဘီးပျောက်တဲ့အကြောင်း ရဲကို တိုင်ထားပြီး ဖြစ်ပေမယ့် သူ့စိတ်ထဲမှာ မကျေမနပ်နိုင်လို့ အဲဒီနေ့က ကျောင်းပြေးပြီး သူ့စက်ဘီးကို တွေ့လိုတွေ့ငြား တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ လိုက်ရှာလိုက်တာ ခြေကုန်လက်ပန်းသာ ကျတယ်။ သူ့စက်ဘီးနဲ့ တူတဲ့ အရိပ်အယောင်တောင်မှ မတွေ့ရဘူးတဲ့။ အချိန်ကလည်း တဖြည်းဖြည်း မှောင်လာပြီ။ ဒီတော့မှ စက်ဘီးဇောကပ်နေတဲ့ သူငယ်လေးခမျာ အိမ်ပြန်ချိန်ရောက်ပြီ ဆိုတာ ကို သတိရမိတယ်ပေါ့။

အိမ်ပြန်ဖို့ စဉ်းစားမိခါမှ တစ်ဆက်တည်း သတိရတဲ့ကိစ္စက ဒီကနေ့ သူ ကျောင်းမတက်ဘဲ စက်ဘီးပျောက် ရှာနေမိတာကို တွေးမိတယ်။ ဧကန္တ ကျောင်းရုံးခန်း တာဝန်ရှိသူက အိမ်က မွေးစားအမေကို ခုချိန်မှာ သူ ကျောင်းမလာဘဲ ပျက်ကွက်နေတယ် ဆိုတာကို အကြောင်းကြားပြီးရော့မယ်။

စည်းကြီးတဲ့ သူ့အမေဟာ သူကျောင်းပြေးတယ် ဆိုတာ သိရင်တော့ ယမ်းပုံ မီးကျ ဒေါပွတော့မယ်။ ဒါကို ရင်ဆိုင်ဖို့ ဝန်လေးပြီး ကြောက်အားပိုမိတဲ့ သူငယ်လေးဟာ အိမ်ကို မပြန်ရဲတော့တာနဲ့ ခြေဦးတည့်ရာကိုပဲ လျှောက်သွားနေမိတော့တယ်။ ဘယ်လောက် ထိများ သွားလိုက်သလဲဆိုရင် မြို့စွန်မြို့ဖျား မီးရထားလမ်းတစ်လျှောက်၊ ရောက်ချင် ရာရောက် ဆိုပြီး ခရီးပေါက်လာလိုက်တာ တစ်နေရာကျတော့ အထုပ်ကြီး တစ်ထုပ်ကို မြင်မိလို့ ကောက်ပြီး ဖွင့်ကြည့်လိုက်တာ အထဲမှာ စိန်တွေ၊ ရွှေတွေ၊ ကျောက်သံ ပတ္တမြား တွေ စုံမှစုံ ဆိုပဲ ကိုဦးရဲ့။

သူလည်း မျက်လုံးအပြူးသားနဲ့ ဒါတွေကို ဘာလုပ်ရမှန်း မသိတော့"အမေ့ဆီ ကို ယူသွားပြီး ပြတာပဲ ကောင်းပါမယ်။ ကျောင်းပြေးလို့ အမေရိုက်ရင်လည်း ရိုက်"လို့ ဆုံးဖြတ်ပြီး သူကောက်ရတဲ့ စိန်ရွှေထုပ်ကြီးကို ပိုက်ပြီး အိမ်ကို ပြန်လာတယ်တဲ့။ အမေလုပ်တဲ့သူက တစ်နေ့လုံး၊ တစ်ညလုံး ပျောက်နေတဲ့ သားကို ရွှေထုပ်ကြီးပိုက်ပြီး ပြန်လာတာတွေ့တော့ အမေရိကန် သုဝဏ္ဏသျှံ ဇာတ်ခင်းမိသား ဖြစ်နေတာပေါ့ ကိုဦးရယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သား ဖြေပြတဲ့ ရွှေထုပ်ကြီး တွေ့တော့ အမေခများလည်း လန့်သွားတာပေါ့။ ဒါလောက် များပြားတဲ့ စိန်ရွှေတွေဟာ တစ်ဦးတစ်ယောက် ပိုင်ဆိုင်တဲ့ ပစ္စည်းများပဲ ဖြစ်ရမယ်။ နောက်ပြီး လမ်းပေါ်မှာ ကောက်ရတယ် ဆိုတိုင်းလည်း ကိုယ်ပိုင်ပြီလို့ မယူဆကောင်းဘူး။ ပိုင်ရှင်ကို ပြန်ပေးခြင်းသာ အမှန်ဆုံး ဖြစ်မယ်လို့ သားကို ပြောပြပြီး ပစ္စည်းပိုင်ရှင် ရှာနိုင်ဖို့ ရဲကို အကြောင်းကြားလိုက်တယ်တဲ့။ ဆင်းရဲပေမယ့် စိတ်ထားဖြူစင် မြင့်မြတ်တာကို ချီးကျူးစရာပဲနော် ကိုဦး။

ရဲက သူငယ်လေးကို ခေါ်ပြီး ကောက်ရတဲ့ နေရာတစ်လျှောက် လိုက်ပြီး စစ်ဆေးကြည့်ရှုပေမယ့် ဘယ်လို အဆက်အစပ်မှ ရှာလို့မတွေ့ဘူးတဲ့။ တစ်နေရာရာမှာ ခိုးပြတိုက်ခဲ့တဲ့ ပစ္စည်းလား၊ မတော်မတရား ပစ္စည်းလားလို့ တစ်နိုင်ငံလုံးက မှုခင်း ဆိုင်ရာ မှတ်ချက်တွေ ပြန်ရှာလည်း ဘယ်လိုမှ ရှာလို့ မတွေ့ဘူး။ ဒီတော့ သတင်းစာ ကြော်ငြာထည့်ပြီး ပိုင်ရှင်များ ပေါ်ပေါက်ခဲ့သော် ပြန်ပေးနိုင်ဖို့ ပစ္စည်းများအားလုံးကို ရုံးတော်က တံဆိပ်ထုပြီး Trust မှာ အပ်ထားဖို့ ဆုံးဖြတ်ကြတယ်။ ခြောက်လကြာလို့မှ ပိုင်ရှင်အနေနဲ့ မပေါ်ပေါက်ခဲ့ရင် ကောက်ရတဲ့ သူငယ်လေး ပစ္စည်းအားလုံးကို ရစေလို့ ဆိုတယ်။

မကြာခင်က သူတို့သတ်မှတ်တဲ့ ခြောက်လပြည့်သွားတာနဲ့ ပစ္စည်းအားလုံးကို သူငယ်လေး ရစေဆိုပြီး အမိန့်ချမှတ်လိုက်တယ်။ ပစ္စည်းတန်ဖိုး စစ်လိုက်တော့ (၁.၇) မီလျံ ဒေါ်လာဖိုး ရှိသတဲ့။ နေရင်း ထိုင်ရင်း ချာတိတ်လေးက သန်းကြွယ်မီလျံနာ ဖြစ်သွားပုံလေ ကိုဦးရဲ့။ ကံရဲ့ လှည့်ကွက်ကလေးတွေဟာ အံ့မခန်းပါပဲနော်။ ဒါပေမဲ့ ခုချက်ချင်း ခံစားခွင့် မရသေးဘူး ကိုဦးရဲ့။ သူငယ်လေး ၁၈ နှစ်ပြည့်တဲ့နေ့မှ သူ့ လက်ကို အားလုံး ရောက်မယ်။ ခုတော့ သူ့ဝတ်လုံနဲ့ ပစ္စည်းတွေကို ထိန်းသိမ်းထားရဆဲပဲ။ စက်ဘီးပျောက်လိုက်ခြင်းဟာ သူ့အတွက်တော့ မီလျံနာဖြစ်ဖို့ လမ်းမပေါ်မှာလျှောက်ဖို့ ဖြစ်သွားရပုံ။ ယုံနိုင်စရာ မရှိအောင်ပဲ ဆန်းကြယ်လှတယ်နော်။

ဒါပေမဲ့ ကျောင်းပြေးလို့ ရတာ မဟုတ်ဘူး၊ စက်ဘီးပျောက်ရှာလို့ ရတာ၊ ကံကောင်းလို့သာ ဖြစ်တာ။ ဒီ့ပြင် ကျောင်းသားတွေ ကျောင်းပြေးကြည့်၊ အသိပဲလို့ ဆိုင်ရာက သတိပေးချက် ပေးသတဲ့။ ဒါပေါ့။ ဒါမျိုးက လူတစ်သန်းမှာ တစ်ယောက် ဖြစ်ခဲဘိခြင်းပဲဟာနော်။

အဲ...ကျောင်းဝင်ခွင့် ရဖို့ကလည်း လွယ်တယ် ကိုဦးရဲ့။ မမခင်တို့ မြန်မာ ပြည်က ရောက်ပြီးတဲ့ နောက်တစ်ရက်မှာ မမခင် ကလေးတွေကို ချွေးမလုပ်တဲ့သူက လိုက်ပြီး ကျောင်းအပ်ပေးတယ်။ အငယ်ဆုံး ညီညီက အလယ်တန်းကျောင်းကို သွားရပြီး ညီညီ့အထက် မီးချောက အထက်တန်းကျောင်းကို သွားရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျူရှင်လည်း မရှိဘူး ကိုဦးရဲ့၊ နိုင်ငံတကာက လာကြတဲ့ ကလေးတွေ၊ တချို့က အင်္ဂလိပ်စာ လုံးဝမတတ်ဘဲ ကိုယ့်ဘာသာစကား တစ်မျိုးတည်းကိုသာ တတ်ကြတော့ ရောက်ခါစမှာ ပြဿနာဖြစ်တာပေါ့။ အဲဒီလို ကလေးမျိုးအတွက် သူတို့ စနစ်နဲ့ အဆင့်အတန်းမီ လိုက်နိုင်ဖို့ အထူးသင်တန်းတွေ လုပ်ပေးတယ်။ ဥပမာ–ဂျပန်စကား တစ်မျိုးသာ တတ်တဲ့ ကလေးအတွက် ဆိုရင် ဂျပန်–အင်္ဂလိပ်စာပြ ဆရာမကို သီးခြား ငှားပေးတယ်။ သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်တဲ့ ဆရာမမျိုး ကျောင်းမှာ မရှိခဲ့ရင်တောင် အပြင်က ငှားပြီး ကျောင်းမှာ သင်စေတယ်။ ကလေး စာတတ်ဖို့က အစိုးရရဲ့ တာဝန်၊ ကျောင်းရဲ့ တာဝန်လို့ သူတို့က ယူဆတာမို့ စရိတ်စက အားလုံးကို ကျောင်းကပဲ ယူတယ်။

မမခင်တို့ မြန်မာကလေးတွေဟာ ကျောင်းမှာ ထူးချွန်ကြတာ များတယ်။ အထူးသဖြင့် သင်္ချာမှာ ပိုပြီး တော်ကြတယ်။ ဒီမှာက ဂဏန်းပေါင်းစက်ကို အတန်းထဲမှာ ကိုင်ခွင့်၊ သုံးခွင့် ပြုထားတော့ သူတို့ကလေးတွေက ခေါင်းနဲ့ မတွက်ဘဲ စက်နဲ့ပဲ တွက်တာကို အကျင့်ပါနေတာ ကိုဦးရဲ့။ မမခင်တို့ မြန်မာပြည်မှာတော့ ကလေး စကား တတ်တဲ့ အရွယ်ရောက်တာနဲ့ အဘိုး၊ အဘွားတို့၊ အမေ၊ အဖေတို့က နှစ်နဲ့နှစ်ပေါင်းရင် ဘယ်လောက်လဲ ဆိုတာမျိုးကို လက်ညှိုးမထောင်တတ် ထောင်တတ်တဲ့ အရွယ်၊ စကား မပီကလာ ပီကလာ အရွယ်ကစပြီး သင်ပေးထားတာ မဟုတ်လား။ တစ်တန်း၊ နှစ်တန်း ရောက်ရင်လည်း ကျက်လိုက်ရတဲ့ အလီလေ။ ကိုဦး မှတ်မိမှာပေါ့။

မမခင်တို့ ငယ်ငယ်ကများ အသံကို ပြာလောက်အောင်ထိ အော်အော်ပြီး ကျက်ခဲ့ရတာ။ အဲဒါဟာ ခေါင်းထဲမှာ အမြဲစွဲနေတော့ အပေါင်း၊ အနုတ် ကြုံလိုက်တာနဲ့ ဒက်ခနဲ ဒက်ခနဲ ဖြေလိုက်နိုင်တာပဲ။

သူတို့တွေကတော့ အရေးဆိုရင် ဂဏန်းပေါင်းစက်ကိုပဲ အားကိုးနေကြတာ၊ နောက်တစ်ခုကလည်း အများအားဖြင့် မြန်မာကလေးတွေ လက်ရေးလှကြတာ တွေ့ရတယ်။ သူတို့ကလေးတွေ လက်ရေးညံ့တာ များတယ်။ ဘာလို့လဲဆိုရင် ဒီမှာ အများ မေးခွန်းတွေက အမှားနဲ့ အမှန်ကို ဖြေရတာပဲ များတယ်။ မြန်မာပြည်မှာလို ပြည့်ပြည့်ဝဝ ရေးဖြေရတာမျိုးက နည်းလို့လား မပြောတတ်ဘူး။ စာသင်တဲ့ နေရာမှာလည်း မြန်မာပြည်မှာ ဆရာတွေက အာပေါက်အောင် သင်ကြတာအပြင် တပည့်တွေ ကျက်ရမှတ်ရ လွယ်အောင် ကိုယ်တိုင်ကိုယ်ကျ မှတ်စုတွေ ထုတ်ပေးထားတော့ တပည့်က အဆင်သင့် ကလေး ကျက်လိုက် မှတ်လိုက်ရုံပေါ့။ ဒီမှာတော့ ဆရာက မှတ်စုထုတ်ပေးတာ မဟုတ်ဘူး ကိုဦးရဲ့။ သင်ရိုးစာအုပ်မှာ ကိုယ့်ဟာကိုယ်ပဲ မှတ်စုထုတ်ရ၊ လိုအပ်ရင် စာကြည့်တိုက်ကို ကိုယ်တိုင်ပြေးပြီး အကိုးအကားရှာရနဲ့ စာသင်တဲ့ နေရာမှာလည်း ကိုယ့်အားကိုယ်ကိုး ကြရတယ်။ စာမေးပွဲစစ်ပုံ စနစ်ချင်းလည်း မတူဘူး။ မြန်မာပြည်မှာက အစမ်းစာမေးပွဲကို ဖြေ၊ ကျရင်လည်း တစ်နှစ်ထပ်ပြီး နေ၊ အောင်ရင်လည်း ပြီးရော မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီမှာက ကိုးပတ် တစ်ခါ စာမေးပွဲ စစ်သွားတယ်။ အဲဒီအမှတ်တွေ စုပေါင်းထားပြီး အတန်းတင်စာမေးပွဲမှာ အဆုံးအဖြတ် ပေးတယ်။ မအောင်ရင် တစ်နှစ်လုံး ပြန်နေပြီး နေဖို့ မလိုဘူး။ ကျတဲ့ဘာသာရပ်ကိုပဲ ပြန်ဖြေရတယ်။ နွေကျောင်းပိတ်ရက်မှာ ကျောင်းဆက်တက်ပြီး လိုတဲ့ ဘာသာရပ်က အမှတ်ကို ဖြေရတယ်။ နောက်ပြီး သုံးလတစ်ခါ မိဘများနဲ့ ဆရာများ တွေ့ဆုံပွဲလုပ်ပြီး တပည့်ရဲ့အရည်အသွေး တော်ရင်လည်း တော်သလို၊ ညံ့ရင်လည်း ညံ့သလို မိဘတွေကို ရှင်းပြတယ်၊ လိုအပ်တဲ့ အကူအညီ ဘယ်လိုပေးသင့်တယ် ဆိုတာမျိုး ဆွေးနွေးကြရတယ်။ ဆရာနှင့် မိဘ တစ်ဦးချင်း၊ တစ်ယောက်ချင်းဆွေးနွေးရတာမို့ တကယ် အထောက်အကူ ဖြစ်စေတယ်။

အတန်းထဲမှာ စာတော်တဲ့ ကလေး သိသိသာသာ အဆင့်ကျသွားရင် သူ့မှာ ဘယ်လို ပြဿနာရှိသလဲ ဆိုတာ မိဘကို ချက်ချင်းအသိပေးပြီး မေးတယ်။ ကူညီပြီး ဖြေရှင်းတယ်။ မမခင် အမေ ဆုံးပြီးစတုန်းက မမခင်တို့ မိသားစု တော်တော်လေး ထိခိုက်သွားကြတယ်။ အထူးသဖြင့် မမခင်ရဲ့ အနေနဲ့ပေါ့၊ အမေတစ်ခု သမီးတစ်ခု နှစ်ပေါင်းငါးဆယ်ကျော် တစ်ခါမှ မခွဲမခွာ နေလာရာက ရုတ်တရက် ဖြစ်သွားလိုက်တော့ တရားကို သိပေမယ့် တရားရှိဖို့က မလွယ်လှဘူး မဟုတ်လား ကိုဦးရယ်။ အမေ စိတ်ထိခိုက်နေမှန်း သိတော့ အငယ်ဆုံးကောင် ညီညီကလည်း အမေကို အကပ်ဆုံးမို့ သူလည်း စိတ်မကောင်း ဖြစ်ပါလိမ့်မယ်။

ဒီရက်ထဲ သူ့အဆင့်တွေ သိသိသာသာ ကျသွားတော့ ကျောင်းက ဆရာက မမခင်ကို လာတွေ့ဖို့ ရုံးခန်းက စာနဲ့ ခေါ်တာကို မမခင် သွားတွေ့တယ်။ ဆရာက ညီညီ အဆင့်တွေ ကျသွားတယ်၊ ကျောင်းမှာ သူ့အနေအထိုင် အကဲခတ်တာလည်း ဘာမှ ပြောင်းလဲတာ မတွေ့ရဘူး။ ကလေးဟာ အိမ်မှာ ဘာပြဿနာများ ရှိပါသလဲတဲ့။ ဒီတော့မှ မမခင်အမေ မကြာခင်လေးမှာ ဆုံးသွားလို့ စိတ်မကောင်းစရာအနေနဲ့ ဒီတစ်ခုပဲ ရှိပါတယ်လို့ ပြောပြတော့၊ ဒါဖြင့် ညီညီကို စိတ်ဘက်ဆိုင်ရာ အကြံပေးအရာရှိနဲ့ တွေ့ဆုံခွင့် စီစဉ်ပြီး သူတို့ ညီညီ စိတ်ပြေရာပြေကြောင်းဖြစ်အောင် ကူညီပါမယ်လို့ ပြောပြီး မမခင်ကို ပြန်လွှတ်လိုက်တယ်။

ပြောတဲ့အတိုင်းပဲ နောက်တစ်နေ့မှာ ညီညီ့ကို သေခြင်းတရားနဲ့ ပတ်သက်ပြီး ဒါဟာ နိယာမတရားပဲ၊ ဘာပဲ ဆိုတာမျိုးတွေနဲ့ စိတ်ပြေအောင် စိတ်ဘက်ဆိုင်ရာ အကြံပေးအရာရှိက နှစ်နှစ်နာနာရှိလောက်ကြာအောင် နှစ်သိမ့်လွှတ်လိုက်တယ်တဲ့။

အခုနောက်ပိုင်းဆိုရင် ဆေးဝါးသုံးစွဲတာတို့ ဘာတို့ အထက်တန်းကျောင်းတွေမှာ ပြန့်ပွားလာလို့ တော်တော်တင်းကျပ်နေရတယ်။ တချို့ကျောင်းတွေမှာ ဆီးကိုစစ်ကြည့်ပြီး ဒီကလေး ဆေးသုံးသလား၊ မသုံးသလား ခွဲခြားနိုင်တာမို့ အကယ်၍ ဆေးသုံးခဲ့ရင် ကျောင်းက ခေတ္တထုတ်ပယ်ခွင့် လုပ်တဲ့အထိ အရေးယူတာ ခံကြရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ခုလို ကျောင်းဖွင့်ချိန်ဆိုရင် မမခင်တို့ မြန်မာပြည်မှာ အင်္ကျီဖြူ၊ လုံချည်စိမ်း ဝတ်စုံနဲ့ ကလေးတွေ လမ်းပေါ်မှာ မြင်ရတွေ့ရတာ စိတ်နှလုံး သိပ်ပြီး ချမ်းမြေ့တာပဲ။ မျက်စိထဲမှာ အဲဒီမြင်ကွင်းကိုလည်း တမ်းတမိတယ် ကိုဦးရယ်။ ဒီမှာတော့ ပရိုက်ဗိတ် ကျောင်းတွေလောက်ပဲ ဝတ်စုံဝတ်တာ တွေ့ရတယ်။ အစိုးရကျောင်းတွေ အားလုံးကတော့ ကိုယ်ကြိုက်ရာ အဝတ်အစား ဝတ်ကြတာ၊ ကျောင်းသား၊ ကျောင်းသူရယ်လို့ ခွဲခြားမသိ နိုင်ဘူး။

ကျောင်းကားကလည်း ကိုယ်နေတဲ့ အိမ်နဲ့ ကျောင်းနဲ့ နှစ်မိုင်အတွင်းမှာ ဆိုရင် စီးခွင့် မရဘူး။ နှစ်မိုင်ကျော်မှ စီးခွင့်ရှိတာမို့ ကျောင်းကားဆိပ်တွေမှာ သွားစုပြီး ကျောင်း ကားကို စီးကြရတယ်။ မမခင်ဖြင့် ကလေးတွေ တစ်လှေကြီး မွေးထားလိုက်တာ၊ တစ်နေ့ တစ်နေ့ ကျောင်းကြို ကျောင်းပို့ လုပ်ရတဲ့ အလုပ်ကို အနှစ်သုံးဆယ်လုံးလုံး လုပ်လာခဲ့ရတာ ကိုဦးရဲ့။ အကြီးဆုံး ကောလိပ်ရောက်သွားရင် အငယ်ဆုံးတစ်ယောက်က မူလတန်းမှာပဲ ရှိသေးတာမို့ မမခင်အဖို့တော့ ကျောင်းကိစ္စက ဘယ်တော့မှ ပြတ်ရတယ် မရှိတော့တာ။ ဒီကျမှပဲ အဲဒီဝဋ်က ကျွတ်ပေတော့တယ်။

ကျောင်းကားက ရပ်ကွက်လိုက် သွန့်ပါတ်စဉ်နဲ့ ရှိပြီးသားမို့ မိဘတွေ တကူး တက ကျောင်းကြို ကျောင်းပို့ လုပ်တယ် ဆိုတာ သိပ်ပြီး မရှိကြဘူး။ နှစ်မိုင်အတွင်း ကျောင်းကားစီးခွင့် မရတဲ့ ကလေးတွေကျတော့ စက်ဘီးကိုယ်စီနဲ့ ကျောင်းတက်ကြတယ်။ ဒီမှာ စက်ဘီးကလည်း ပေတစ်ရာကားလမ်းပေါ်မှာ တက်စီးလို့မရဘူး ကိုဦးရဲ့။ စက်ဘီး စီးဖို့ ကားလမ်းနဲ့ လူသွားလမ်းကြားမှာ စက်ဘီးလမ်းကလေးပါ ဖောက်ပေးထားတယ်။ ဒါလောက်များတဲ့ ကားတွေ ရေစီးသလို မောင်းနေတဲ့ လမ်းပေါ်မှာ စက်ဘီးတက်စီးရင် လည်း အမြန်ဆုံးကိစ္စချောမှာ သေချာတယ် မဟုတ်လား။ ဒီတော့ အဲလို ဥပဒေကို ချိုး ဖောက်ပြီး ကားလမ်းပေါ်မှာ စက်ဘီးစီးတာကို ရဲက တွေ့ရင် စက်ဘီးသမားကို ဒဏ် ဆောင်လွှာ ပေးတယ်။ အဲဒီ ဒဏ်ဆောင်လွှာ ရပြီ ဆိုရင်တော့ ကလေးသောဘာသော မရဘူး၊ ရုံးကို တက်ပြီး ဖြေရှင်းရတယ်။ ဒဏ်ငွေ အနည်းဆုံး ငါးဒေါ်လာ၊ ဆယ်ဒေါ်လာ ပေးကြရတယ်။

ဒီက ကလေးတွေ ကျောင်းနေရင်းလည်း ပိုက်ဆံရှာကြတယ်။ ကိုယ့်အားကိုယ် ကိုးချင်ကြတာ အလွန်ပဲ ကိုဦးရဲ့။ အဲဒါကလည်း လူနေမှုစနစ်နဲ့ အလေ့အထအရ ဖြစ် ကြတာလား မပြောတတ်ဘူး။ ဒီမှာက အူဝဲဆိုကတည်းက ကိုယ့်အားကိုယ်ကိုးကြတာပဲ ကိုဦး။ ပြောရဦးမယ်။ မမခင်တို့ အရှေ့တိုင်းနဲ့ကတော့ တကယ့်ဖီလာပဲ။ ဒီမှာ ကလေး ကိုယ်ဝန်ရှိပြီ ဆိုကတည်းက ကလေးအတွက် သီးသန့်အခန်း ပြင်တော့တာပဲ။ ကလေး အိပ်ဖို့ ခုတင်၊ ကလေးအဝတ်ထည့်ဖို့ ဗီရို၊ကလေးကစားစရာထားဖို့ နေရာ၊ တစ်ခါတည်း ဖိတ်ဖိတ်လက်ပါပဲ။ မွေးလို့ အိမ်ရောက်လာတာနဲ့ အဲဒီ နီတာရဲလေးက ကိုယ့်အခန်း၊ ကိုယ့်ခုတင်မှာ ကိုယ့်ဟာကိုယ် နေကြရတာ။ အချိန်တန်မှ နို့တိုက်၊ အချိန်တန်မှ ရေတိုက်။ မမခင်တို့ ဆီမှာလို အနှီးတွေ ဘာတွေ ပေးရမှာလည်း မကြောင့်ကြရဘူး။ ကလေး

mgyoe.com

mgyoe.com SAMPLE BOOK
အောက်ပိုင်းကို ရေလုံဒိုင်ယာပါ ခေါ်တဲ့ ပလတ်စတစ်နဲ့ ဝှမ်းနဲ့ လုပ်ထားတဲ့ဟာကို ဘောင်းဘီဝတ်သလိုဖြစ်အောင် တပ်ပေးထားလိုက်တာပဲ။ အဲဒါကလည်း ကလေးအရွယ် အစားလိုက်လို့ ဘယ်နှလသားအတွက် ဆိုတာ ဘူးမှာ ပါပြီးသားမို့ ကြည့်ပြီးဝယ်ရုံပဲ။ ကလေး ဆီး ဝမ်း သွားထားရင် အပြင်က အိပ်ရာတို့၊ အိပ်ရာခင်းတို့ လုံးဝမစိုဘူး။ အချိန်နဲ့ ပေမပေ ကြည့်ပြီး လဲပေးရုံပဲ။ စိုပြီး ညစ်ပြီးသားတွေဟာ လျှော်ဖို့ မလိုဘူး။ တစ်ခါသုံးပြီး အမှိုက်ပုံးထဲ ထည့်ပစ်လိုက်ရုံပဲ။

ဒီမှာတော့ အရာရာကို လွယ်သည်ထက် လွယ်အောင် ရှာကြံလုပ်ထားကြရတာ ပေါ့ ကိုဦးရယ်။ မမခင်တို့ဆီမှာလို အချိန်ကို မပေးနိုင်ကြဘူး မဟုတ်လား။ နောက်ပြီး အိမ်ဖော်တို့၊ နာနီတို့ဆိုတဲ့ ကိုယ်ခွဲမျိုးလည်း ဒီမှာ မရှိကြဘူး။ မိဘကလည်း ကိုယ့်အား ကိုယ်ကိုး၊ သားသမီးကလည်း အူဝဲဆိုကတည်းက ကိုယ့်အားကိုယ်ကိုးပဲ။ မမခင်တို့ အရှေ့တိုင်းသားတွေကတော့ သားသမီးရယ်လို့ ရလာရင် အဖေကြီး တော်ရာသွားအိပ် ပေဦးတော့၊ အမေက သားကို တပိုက်ပိုက်နဲ့ ရင်ခွင်ထဲ အမြဲထားသိပ်ကြတာ မဟုတ်လား။ သားသမီးအတွက်ဆိုရင် အင်မတန် အကာအကွယ်လွန် တတ်ကြတယ်။ အဖြစ်လည်း သည်းတတ်ကြတယ်။

အမြင့်တက်မယ် ဆိုရင် ''ဟဲ့သား မတက်နဲ့၊ လိမ့်ကျမယ်''ဆိုပြီး တားလိုက်။ ဟိုဟာကိုင်မယ် လုပ်လည်း ''ဟဲ့သား မကိုင်နဲ့၊ ကွဲမယ် ရှမယ်''နဲ့ ဆူလိုက်၊ တဟဲ့တည်း ဟဲ့ထားလို့ ကလေးက တစ်ခုခုလုပ်ချင်ပြီ ဆိုရင် သူ့သဘောနဲ့သူ မလုပ်ရဲ တော့ဘဲ အမေ့မော့်ကြည့်လိုက်၊ အဖေ့ မော့်ကြည့်လိုက်နဲ့ ဘာကိုမှ ရဲရဲမလုပ်ရဲတော့ဘူး။ မတော်တဆ လိမ့်ပြုကျသွားရင်လည်း ''အမယ်လေး၊ သားလေး ဘယ်နာသွားလဲ ဟင်'' အုံ့ဖွဲ့နဲ့ မန်းရ မှုတ်ရ ချော့ရ။

ကလေးက အမေ အဖြစ်သည်းနေတာ မြင်တော့ တော်ရုံနာတာပေမယ့်လည်း ဗြဲခနဲ အော်ငိုပြီး အချော့ခံလိုက်ရော၊ ဟော… အမေနဲ့ သားတော့ ဟုတ်လို့ပဲ။ အရှေ့တိုင်းက ဒီလိုမျိုးနဲ့ ကြီးခဲ့ရတာလေ ကိုဦးရဲ့။ အဲဒီမှာ ကောင်းတာလည်း ရှိ၊ မကောင်းတာလည်း ရှိပဲ။ ဘယ်ဟာမဆို အကောင်းနဲ့ အဆိုးက ဒွန်တွဲနေလျက်ပဲ။

ကောင်းတာကတော့ မိဘနဲ့သားသမီး သံယောဇဉ်ပိုပြီး ကြီးကြတယ်။ သံယောဇဉ် ကြီးတဲ့အလျောက် တစ်ဦးတစ်ဦး အထောက်အကူ အဖေးအမ အမြဲရှိကြတယ်။ ချစ်ခင် ရင်းနှီးလို့ မိဘနဲ့ သားသမီး လောကဓံမျိုး ကြုံရင်လည်း စိတ်အား၊ လူအားနဲ့ အားထားသမှု ရနိုင်တယ်။ စိတ်ရဲ့ အာဟာရကို အပြည့်အဝ ခံစားကြရတယ်။

အဆိုးဘက်က ကြည့်ရင်တော့ တစ်ယောက်တစ်ယောက် အားထားမှီခိုလွန်းလို့ ကိုယ့်စွမ်းကိုယ်စ ရှိသလောက် မပြကြတော့ဘူး။ မိဘက'ဟဲ့' တဲ့ ဒဏ်တွေကြောင့် တွန့်ဆုတ်နေတတ်ကြတယ်။ စူးစမ်းမှုတွေ နည်းသွားလို့ တိုးတက်သင့်သလောက် မတိုး တက်ဘူးပေါ့။
mgyoe.com

mgyoe.com SAMPLE BOOK
ဒီမှာကတော့ ဒီလို မဟုတ်ဘူး။ ကလေးက မွေးကတည်းက ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခုတင်လေးထဲမှာပဲ မိခင်ရဲ့ ပူနွေးတဲ့ ရင်ခွင်ရဲ့ အရသာကို မသိကြရှာဘူး။ ကလေးက သူ့တစ်ယောက်တည်း သူ့ဟာသူ မလုံခြုံတော့ အားထားရာ အနားမှာ ရှိတဲ့ စောင်ကလေးကို တစ်ချိန်လုံး ပိုက်ရင်ပိုက်၊ ဒါမှမဟုတ် သူ့ဝက်ဝံရုပ်ကလေးကို ပိုက်ရင်ပိုက်နဲ့ ကြီးတဲ့အထိ အဲဒီစောင်တို့၊ အရုပ်တို့ အစွဲအလမ်း ဖြစ်နေကြတာမျိုးလေ။

မမခင်ရဲ့ သမီးကြီး 'ခန့်ကေခိုင်' လက်ထပ်တော့ သူ့ယောကျ်ား ဘာနီနဲ့အတူ သူငယ်ငယ်က ပိုက်ခဲ့တဲ့ နားရွက်တစ်ဖက် မရှိတော့တဲ့ ဟင်နရီဆိုတဲ့ ခွေးရုပ်ကြီး ပါလာသတဲ့ ကိုဦးရဲ့၊ မမခင် သွားတုန်းက ထုတ်ပြလိုက်လို့ သားအမိနှစ်ယောက် ခွေးရုပ်ကြီးကို ကြည့်ပြီး ရယ်ကြရသေးတယ်။

အမေ့ရဲ့ ရင်ခွင်မှာ မကြီးခဲ့ရတော့ အမေ မိဘနဲ့ နီးစပ်မှုလည်း နည်းကြတယ်။ ဒီတော့ စိတ်ရဲ့ အာဟာရကို အပြည့်အဝ မရကြဘူး။ စိတ်အားနဲ့ ပတ်သက်လာတဲ့အခါ မှီခိုရာ အားထားရာ မရှိတော့ လောကဓံနဲ့ ကြုံလာတဲ့ အခါမျိုးမှာ ခံနိုင်ရည် မရှိတတ်ကြဘူး၊ စိတ်ပင်ပန်းတဲ့ ဒဏ်ကို မခံနိုင်ကြလို့ အမေရိကန်လူမျိုးတွေဟာ နှလုံးရောဂါ အရဆုံး လူမျိုး ဖြစ်တယ်ဆိုတာ ဖတ်လိုက်ရဖူးတယ်။

ကောင်းတဲ့ဘက်ကို ပြောရရင်တော့ လက်တွေ့ကျတဲ့ လူမျိုးမို့ ထွန်းထွန်းပေါက်ပေါက် ဖြစ်ကြတယ်။ ကိုယ့်အားကိုယ်ကိုးတယ်။ အတားအဆီးမရှိဘဲ ကြီးတာမို့ စူးစမ်းတတ်၊ လေ့လာတတ်တာနဲ့အမျှ တိုးတက်မှု ရတယ်။

တစ်နေ့ကပဲ သတင်းစာမှာ ဖတ်လိုက်ရသေးတယ်။ ကျောင်းဆရာတွေထဲက အာကာသကို လွှန်းပျံနဲ့ ခြောက်ရက်ကြာ လေ့လာရေး ခရီးထွက်ဖို့ လျှောက်လွှာများခေါ်တော့ လျှောက်တဲ့သူပေါင်း တစ်နိုင်ငံလုံးမှာ တစ်သောင်းတစ်ထောင် ရှိတယ်တဲ့ ကိုဦးရဲ့၊ သွားမှာက ခြောက်ရက် ကြာမယ်၊ ကမ္ဘာကို ပတ်မှာ တစ်နာရီကို မိုင်တစ်သောင်းခုနစ်ထောင်နှုန်းနဲ့ သွားမှာလေ။ အာကာသယာဉ်မှူး ငါးယောက်နဲ့ အတူလိုက်ရမှာ၊ လိုက်ခွင့်ရွေးချယ်ခံရတဲ့ ဆရာက အမျိုးသမီး။ ကလေးနှစ်ယောက် အမေ။ နာမည်က ရှယ်ရိုန်ခရစ်တာ မကောလစ် (Sharon Christa Mc,Auliffe) တဲ့။ ခရီးထွက်မယ့် ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်မတိုင်မီ ဂျွန်ဆင် အာကာသစခန်းမှာ နာရီပေါင်း ၁၁၄ နာရီကြာမျှ လေ့ကျင့်ရေးတွေ လုပ်ရဦးမယ်လို့ ဆိုတယ်။

မမခင်ဖြင့် သတင်းစာဖတ်ပြီး စဉ်းစားမိတယ်။ ဆရာမက လူလွတ်ဆိုရင် ထားပါတော့၊ ခု အိမ်ထောင်နဲ့ ကလေးနှစ်ယောက်ရဲ့ မိခင်၊ သူတို့မို့ သတ္တိရှိရှိ စွန့်စားနိုင်တဲ့ စိတ်ဓာတ်ကို အံ့မခန်း ဖြစ်မိတယ်။ မမခင်တို့တော့ အာကာသ မပြောနဲ့၊ ခုနေခါ သူတော်သူမြတ် အရိယာပုဂ္ဂိုလ်ကြီးတစ်ဦး ကြွလာပြီး-

"ဟဲ့၊ ခင်ကြီး၊ နင် လောကမှာ နေရတာ ဒုက္ခတွေ များလှတယ်။ ကဲ··· ခု ငါနဲ့အတူ လိုက်ခဲ့ပြီး တရားအားထုတ်ရင်း ငြိမ်းချမ်းမှုကို ယူပေတော့လို့" လာခေါ်ရင်တောင်-
mgyoe.com

mgyoe.com SAMPLE BOOK

''အရှင် လိုက်ချင်လှပါတယ်။ ဒါပေမဲ့ တပည့်တော်ရဲ့ သားငယ် ညီညီ ဘွဲ့ရပြီးသည်အထိတော့ ခဏလေး စောင့်လိုက်ပါရစေဦး''လို့ လျှောက်မိမှာ သေချာတယ် ကိုဦးရဲ့။

ခုလို သားသမီးတွေ ထားပြီး စွန့်စားသွားရမယ့် ခရီးမျိုးဆို ဝေးပါသေးတယ်။ သူတို့ကတော့ တွေးပူမနေပါဘူး။ ဒီလိုစွန့်စားတတ်ကြလို့လည်း သူတို့တွေ သိပ္ပံပညာမှာ တိုးတက်မှု ရနေကြတာပေါ့ မမခင်တို့ အရှေ့တိုင်းက အမေတွေကတော့ တွေးပူတတ်ကြတာ။ ကြောင့်ကြတတ်ကြတာ လွန်ပါလေရော။

တစ်ခါကအဖြစ် ရင်တုန်စရာ၊ ခုတော့လည်း ရယ်စရာပေါ့၊ မမခင် ကိုယ်တွေ့ကလေး ပြောပြရဦးမယ်။ မမခင်တို့ ရောက်စက သားကြီး မိသားစုနဲ့အတူ တစ်နှစ်ခွဲလောက် နေကြသေးတယ်။ မမခင့် သားကြီးက မွေးထားတာ ယောကျ်ားလေးချည်းလေးယောက် ရှိတယ်။ အဲဒီအချိန်တုန်းက အငယ်ဆုံးကောင် ခန့်မောင်မောင်ကို မမွေးသေးဘူး။ လက်ရှိ သုံးယောက်က အရွယ်အစားစားပေါ့။ အကြီးဆုံး ခန့်ကိုကိုက ရှစ်နှစ်၊ အလတ် ခန့်ညီညီက ခြောက်နှစ်၊ အငယ် ခန့်အောင်အောင်က တစ်နှစ်၊ ယောကျ်ားလေးတွေလည်း ဖြစ်၊ အရွယ်ကလည်း ဆော့တဲ့ အရွယ်တွေပေါ့ ကိုဦးရယ်။

ဒီမှာက ကလေးတွေကို ခြောက်လသားကစပြီး ရေကူးသင်ကြတယ်။ ဒီတော့ကလေးသုံးယောက်စလုံးက ရေကူးကောင်းကောင်း တတ်နေကြပြီ။ ဖလော်ရီဒါက ပူတဲ့နေရာလည်း ဖြစ်လို့ အိမ်တိုင်းနီးပါး ရေကူးကန် ရှိကြတယ်။ ဒါ့အပြင် မမခင်တို့နေတဲ့ ''သန္တာစမ်း''က မြို့သစ် ကိုဦးရဲ့၊ ခုမှ မြို့သက် ၂၂နှစ်ပဲ ရှိသေးတယ်။ ''သန္တာစမ်း''ကို အထူးပြုထားတာက ဆည်မြောင်းတွေပဲ၊ မြို့တည်စဉ်က မြို့ရဲ့ ပသာဒရှိအောင် ဆိုပြီး ဆည်မြောင်း တော်တော်များများ တူးထားတယ်။ ဒီမှာ ရေမျက်နှာစာရှိတဲ့ အိမ်ကလည်း တန်ဖိုးပိုတက်တယ်၊ လူကြိုက်များတယ်။

မမခင်တို့ အိမ်ရဲ့နောက်မျက်နှာစာက ဆည်မြောင်းအကြီးကြီး ရှိတယ်။ တစ်ညနေကျတော့ ခန့်ကိုကိုနဲ့ ခန့်ညီညီ နှစ်ယောက်သား သူတို့ ရေကူးကန်ထဲမှာ ဆော့ကစားဖို့ ဝယ်ပေးထားတဲ့ ရော်ဘာလှေကို ဆည်မြောင်းထဲ ဆွဲချပြီး လှော်သွားပါလေရော၊ မမခင်က အထိတ်တလန့်နဲ့ သူတို့ အမေကို-

''ဟဲ့-ဘော်ဘီ ဟိုမှာ ကြည့်ပါဦး၊ ခန့်ကိုနဲ့ ခန့်ညီ ဆည်မြောင်းထဲ ရောက်သွားကြပြီ၊ ရော်ဘာလှေနဲ့ ဖြစ်ပါ့မလား''လို့ မေးတော့။

''ဖြစ်ပါတယ် မာမီ၊ သူတို့ လှော်တတ်တာပဲတဲ့''ဘာမှ ဟန်မပျက်တဲ့ လေသံနဲ့ အေးအေးဆေးဆေးပဲ ပြန်ပြောတယ် ကိုဦးရဲ့။

''လှော်တတ်တာတော့ ဟုတ်ပါရဲ့၊ ရော်ဘာလှေဆိုတော့ မတော်တဆ ပေါက်သွားမှဖြင့်''လို့ မမခင်က တစ်ဆင့်တက်ပြီး စိတ်ပူလို့ ပြောပြန်တော့။

mgyoe.com

mgyoe.com SAMPLE BOOK
"သူတို့ ရေကူးတတ်တာပဲ"တဲ့။

အဲဒီတော့မှ မမခင် ရင်ထဲမှာ ပိုပူသွားတာ ကိုဦးရယ်။ ဘာလို့လဲ ဆိုတော့ ဒီဆည်မြောင်းတွေထဲကို မိချောင်းတွေက လာစမြဲ၊ "မတော်လို့ မိချောင်းနဲ့ တွေ့သွားမှဖြင့်" ဆိုတာ ခေါင်းထဲ ရောက်လာတော့ ဒါလောက် အေးအေးဆေးဆေး ရှိနေတဲ့ သူတို့အမေကိုလည်း ဆက်ပြီး မပြောလိုတော့ဘူးလေ။

ဒါနဲ့ ကဲ "သတ္တဝါတစ်ခု ကံတစ်ခု"လို့ ဘုရားက ဟောထားခဲ့တာကိုပဲ အတင်း ယောနိသော လိုက်ရပြီး ဆက်ကြည့်နေမိရင် သူတို့ မိချောင်းနဲ့ တွေ့မှာက နောက်၊ မမခင်က အရင် နှလုံးရောဂါရမှာမို့ ကိုယ့်ဟာကိုယ် လိမ္မာစွာနဲ့ အိမ်ခန်းထဲ ဝင်လာပြီး စိတ်အပြောင်းအလဲ ဖြစ်သွားအောင် ဓာရဏပရိတ်ကို ရွတ်နေလိုက်ရတယ်။

ခဏကြာမှ ဆူဆူညံညံ အသံတွေ ပေးပြီး ပျော်ရွှင်စွာနဲ့ ညီအစ်ကိုနှစ်ယောက် အိမ်ပေါ်တက်လာကြတာ ကြားခါမှ မမခင့်မှာ သက်ပြင်းချရတော့တယ်။ အမေကတော့ မပူရေးချ မပူပါပဲ။

တစ်ခါကလည်း အငယ်ကောင် ခန့်အောင်က သံကြီးတစ်ချောင်းကို ခုံပေါ် တင်ပြီး သူ့လက်သေးသေးလေးနဲ့ ကိုင်ထားပြီး တစ်ဖက်က ရောမတူကြီးကို မနိုင့် တနိုင်နဲ့ မ ပြီး ထုဖို့ ကြံစည်နေတာ မြင်တော့ မမခင်က ဒီကောင် လက်တော့ ထုမိ တော့မှာပဲ ဆိုပြီး အော်ဖို့ စိတ်ကူးသေးတယ်၊ နောက်မှ သူ့အမေလည်း ရှေ့မှာ ငုတ်တုတ် ရှိနေတာပဲ၊ သူ ကြည့်နေလည်း ပြီးတာပဲလို့ သဘောရပြီး မပြောလိုက်တော့ဘူး။

မမခင် တွက်တဲ့အတိုင်း ထုလိုက်တာ သံကို ချော်ပြီး သူ့လက်သူ ထုမိတာပေါ့ ကိုဦးရယ်။ ဗြဲခနဲ အော်ငိုလိုက်မလား အောက်မေ့ပါတယ်။ မအော်ဘူး သိလား။ မျက်နှာ ကြီးတော့ ရဲခနဲဖြစ်သွားပါရဲ့၊ တော်တော်လည်း အီသွားပုံရတယ်။ တူကြီးကို ချပြီး သူ့လက်ကလေး သူ အသာပွတ်နေတယ်။ အမေကလည်း စာဖတ်တောင် မပျက်ဘူး။ သူ့သားကို တစ်ချက်မျက်လွှာလှန်ကြည့်ပြီး ဖတ်မြဲဖတ်နေတယ်။

ဘာအုံ၊ ဘာဖွမှလည်း မလုပ်ပါဘူး။

"ဒီကောင်တော့ မှတ်သွားပြီး နောက် ထုရဲတော့မှာ မဟုတ်ဘူး"လို့ မမခင့် စိတ်က အောက်မေ့လိုက်တာ၊ ဘယ်ဟုတ်မလဲ ကိုဦးရဲ့၊ သူ့လက် အနာပြေသလောက် ရှိတော့ သံချောင်းကို ထပ်ပြီး ထောင်ပြန်တယ်။ မမခင်လည်း အတွေ့အကြုံတွေအရ နှုတ်ပိတ်ရေငုံ နေတတ်လာပြီလေ။ အသာပဲ ကြည့်နေတော့ ဒီတစ်ခါ ထုလိုက်တာ ဆိုက်ဆိုက်မြိုက်မြိုက် တန်းတန်းမတ်မတ် သံကို ထိပြီး စိုက်လို့ ရသွားလေရဲ့။

ဒီကောင်တွေရဲ့ ဖွဲ့တော့ ချီးကျူးဖို့ ကောင်းတယ်။ မျက်စိမှိတ်၊ နှုတ်ပိတ် နေနိုင်တဲ့ အမေ့ရဲ့ စိတ်ဓာတ်ကိုလည်း ချီးကျူးဖို့ ကောင်းတယ်။ မတော်တဆ လိမ့်ပြုကျလို့ များတော့ ဘယ်လိုမှ မရှိဘူး၊ လူးလဲထပြီး ပြန်တက်မြဲ တက်၊ ဆော့မြဲ ဆော့တာပဲ။
mgyoe.com

mgyoe.com SAMPLE BOOK

"ပူမနေပါနဲ့ မာမီရယ်၊ သူတို့ ဒါလုပ်ရင် ဒါဖြစ်မယ် ဆိုတာ တွေ့ပါများလာရင် ကြာတော့ နားလည်သွားလိမ့်မယ်"တဲ့ ချွေးမလုပ်တဲ့ သူက မမခင်ကို ဖျောင်းဖျတယ်။

ဟုတ်တော့လည်း ဟုတ်တယ်။ အတွေ့အကြုံဆိုတာ အကောင်းဆုံး ဆရာဆိုတာ အမှန်ပဲ ကိုဦးရဲ့။ ကိုယ်ဖြစ် ကိုယ်ခံရမှ ကိုယ်သိတာ၊ သူများ ပြောလို့ကတော့ အပိုပဲ၊ နားဝင်ခဲမှာ။ ဒီလိုနဲ့ ကြီးခဲ့ရတဲ့ ကလေးတွေအဖို့ ကိုယ့်အားကိုယ်ကိုးချင်ကြတာ ဘာဆန်းတော့မလဲ။

ဒီမှာ ခုနစ်နှစ်သားလောက် ဆိုရင်ကို သတင်းစာဝေတဲ့ အလုပ်ကို စပြီး လုပ်ကြပြီ။ ဒီမှာ မြို့တိုင်း ဌာနေသတင်းစာ ရှိတယ် ကိုဦးရဲ့။ အဲဒီသတင်းစာက အခမဲ့ဝေတယ်။ ဒါတွေက မြို့သူမြို့သားများ ပေးထားကြတဲ့ အခွန်အကောက်ထဲမှာ ပါပြီးသားတဲ့။ အဲသလို အခမဲ့ဝေတော့ ရပ်ကွက်လိုက်ဝေဖို့ လူက လိုတယ်။ ဒီအခါမှာ ကျောင်းသားကလေးတွေကို ဦးစားပေးပြီး ခန့်လေ့ရှိကြတယ်။

ကိုယ့်ရပ်ကွက် အကန့်အသတ်အလိုက် စောင်ရေ ဘယ်လောက်ပေါ်မှာမူတည်ပြီး အခကြေးငွေ ရတယ်။ များတော့ မများဘူးပေါ့။ ထုတ်ဝေတာကလည်း တစ်ပတ်မှ တစ်ကြိမ်ပဲကိုး။ ကလေးတွေ အတွက်တော့ တပတ်ကို ဒေါ်လာ ၁၀- ၁၅ ရလည်း မနည်းဘူးပေါ့။ အဲသလို ရတဲ့ငွေကို စုထားပြီး ကိုယ်ပိုင်စက်ဘီးလေးကို ကိုယ့်ငွေနဲ့ကိုယ် ဝယ်တတ်ကြတယ်။

မိဘ ပိုက်ဆံချမ်းသာတာ၊ တတ်နိုင်တာကို သူတို့ အရေးမထားဘူး။ ကိုယ်ရှာနိုင်တဲ့ အင်အားကိုပဲ ကိုယ် အားထားတယ်။

"အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဆိုတာ ဒီမှာ တကယ်ကျင့်သုံးတာ ကိုဦးရဲ့။ သူဌေးသားရယ်၊ ဆင်းရဲသားရယ် မခွဲခြားဘူး။ အများအားဖြင့် ကျောင်းသားတိုင်း ကျောင်းချိန်ပြီးရင် အချိန်တို အလုပ်ရှာပြီး လုပ်ကြတာပဲ။

အလုပ်ရှင်တွေကလည်း ကျောင်းသားလေးတွေကို ဦးစားပေးပြီး ခန့်တတ်ကြတယ်။

စားသောက်ဆိုင်တွေမှာ ပန်းကန် ဆေးတယ်၊ စားပွဲ ထိုးတယ်၊ သန့်ရှင်းရေး လုပ်တယ်၊ ကုန်မျိုးစုံဆိုင်တွေမှာ ပစ္စည်းဖြည့်တယ်၊ Super Market တွေမှာ ဝယ်သူ့ပစ္စည်းကို ကားအထိ တွန်းလှည်းနဲ့တင်ပြီး လိုက်ပို့ပေးတယ်၊ ဓာတ်ဆီဆိုင်မှာ ဓာတ်ဆီထည့်တယ်၊ ပေါင်မုန့်ဆိုင်မှာ ပေါင်မုန့်လှီးတယ်၊ မုန့်ဆိုင်မှာ မုန့်ဖုတ်တယ်၊ အို… အလုပ်ကတော့ မျိုးစုံပဲ ကိုဦးရဲ့၊ ဒီအလုပ်ဟာ အောက်ကျတယ်လို့ ကိုယ်ကိုယ်တိုင်လည်း မတွက်ဘူး။ အများကလည်း အောက်ကျတယ်လို့ မမြင်ကြဘူး။ "သမ္မာအာဇီဝ ဖြစ်နေသမျှ ဂုဏ်ရှိစွ"လို့ သဘောထားကြတာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေရာမှာ စပ်မိလို့ကိုဦးကို ဖောက်သည်ချရဦးမယ်။ ဘယ်လောက်ထိများ ဂုဏ်ရှိစွသလဲ ဆိုရင်၊ ဒီမှာ သုဘရာဇာ ဘွဲ့ယူဖို့ ကောလိပ်တက်နေတဲ့ သားကို အမေက ဂုဏ်ယူစွာနဲ့ မမခင်တို့ကို မိတ်ဆက်ပေးဖူးတယ်။

'သုဘရာဇာ'ဆိုလို့ အဲဒီအကြောင်းကို နောက်ပိုင်းမှာ အသေးစိတ် တစ်ကဏ္ဍ မမခင် ရေးပါဦးမယ်။ ဒီမှာ တစ်ယောက်ယောက် အနိစ္စရောက်ရင် မမခင်တို့ မြန်မာပြည်မှာလို အိမ်မှာ မထားကြဘူး ကိုဦးရဲ့၊ မြန်မာပြည်မှာတော့ ဆေးရုံမှာ ကွယ်လွန်ရင် ဆေးရုံကနေ သင်္ဂြိုဟ်၊ အိမ်မှာ ကွယ်လွန်ရင် အိမ်မှာပဲ အလောင်းထားပြီး အိမ်မှာပဲ အသုဘချကြတယ် မဟုတ်လား။ ဒီမှာတော့ (Funeral Home) ဆိုပြီး "သင်္ဂြိုဟ်ဂေဟာ"ရယ်လို့ သီးခြား ရှိတယ်။

အဲသလို သင်္ဂြိုဟ်ခြင်းဆိုင်ရာ ကိစ္စအဝဝ လုပ်ကြသူများကို မမခင်တို့ဆီမှာတော့ တစ်ခေတ်တစ်ခါက သုဘရာဇာရယ်လို့ အဆင့်အတန်း ခွဲခြားချင်ကြတယ်။ ဒီခေတ်မှာတော့ ခွဲခြားသူတွေ ပပျောက်နေပါပြီ မဟုတ်လား။

ဒီမှာ အဲဒီ'သင်္ဂြိုဟ်ဂေဟာ'မှာ အလုပ်လုပ်ဖို့က တက္ကသိုလ်မှာ ဘွဲ့ယူကြရသေးတာ ကိုဦးရဲ့။ "မမခင်ကလဲဗျာ သုဘရာဇာဘွဲ့ရယ်လို့ "လို့ ကိုဦး မှတ်ချက် ချချင်နေပြီလား၊ တကယ် တကယ်၊ အဲဒီအတတ်ပညာကလည်း အလွန်စိတ်ဝင်စားစရာကောင်းတာ၊ နောက်မှ မမခင် သတ်သတ်ရေးပြဦးမယ်။ ခုတော့ ထားဦး။

ကလေးတွေ ကျောင်းပြီးချိန် အလုပ်လုပ်လို့ရသမျှကို စုထားကြပြီး ၁၀ နှစ်သားအရွယ် ကလေးငယ်တွေကျတော့ တန်ရာတန်ရာ စက်ဘီးဝယ်၊ နည်းနည်းလေး ကြီးလာတော့ ကားကို မှန်းကြပြန်တယ်။ ၁၆ နှစ်လောက်ကျရင် ကားမောင်းခွင့် လိုင်စင်လည်း ယူလို့ရပြီမို့ ကားဖိုးတစ်ခါ စုကြပြန်ရော။ ကားပြီးတော့ လိမ္မာတဲ့ ကလေး၊ သိတတ်တဲ့ ကလေးတွေက ကောလိပ်ဖိုး စုကြပြန်တယ်။

ဒီမှာက အထက်တန်းအထိသာ ကျောင်းလခ အခမဲ့တာနော်၊ တက္ကသိုလ်ရောက်ပြီ ဆိုရင်တော့ သိပ်ကို ဈေးကြီးတာ။ အမယ်… တယ်ဟုတ်ပါလား။ ၁၆ နှစ်ရောက်တာနဲ့ ကားတွေ ဘာတွေတောင် ဝယ်စီးနိုင်ကြပြီတဲ့လားလို့ အထင်တွေ စွတ်မကြီးလိုက်နဲ့ဦးနော်။ မမခင်တို့ မြန်မာပြည်မှာလို ကားဆို ကား၊ အိမ်ဆို အိမ် ငွေအကြေပေးပြီး ဝယ်နိုင်ကြတာ မဟုတ်ပါဘူး။

ဒါကြောင့် မမခင်က လက်မထောင်ပြီး အမြဲကြွားရတယ်။ "ဟော့… တို့မြန်မာပြည်မှာ ကားဆို ကား၊ အိမ်ဆို အိမ် ငွေအကြေပေးပြီး ဝယ်ကြတာကွ၊ အကြွေးစနစ်နဲ့ ဝယ်တယ်ဆိုတာ မရှိဘူး။ ဒီမှာလို လကုန်ရင် ပေးရမယ့် ဘီလ်တွေ တို့မှာ မရှိဘူး။ ဘီလ်တွေအတွက် ဦးနှောက်ခြောက်စရာ မလိုဘူးလို့" ပြောပြရင်…

"ဟင် တကယ်ပဲလား"လို့ ကြားရသူတွေက ရင်သပ်ရှုမော အံ့သြကြတယ် ကိုဦးရဲ့။

ဒီမှာတော့ အားလုံးဟာ ကြွေးစနစ်နဲ့ချည်းပဲ။

mgyoe.com

အိမ်ဝယ်လည်း ကြွေးနဲ့၊ ကားဝယ်လည်း ကြွေးနဲ့၊ ကြွေးများများ ယူထားဖူးမှ ကြွေးမှန်မှန်ဆပ်နိုင်တယ်ဆိုတဲ့ နာမည်ကောင်းရှိမှ အရာရာ လွယ်ကူတာ။

လောကသဘာဝအရ ကြွေးထူရင် လူလည်း အထင်သေး၊ ကိုယ်လည်း အကြွေးပင်လယ်ထဲမှာ နစ်လို့သာ နေတော့တယ် မဟုတ်လား။ ဒီမှာက ကြွေးမရှိလို့ မဖြစ်တဲ့ စနစ်၊ မဆန်းလားနော်။

ကလေးတွေဟာ သူတို့စုမိသမျှ ဒေါ်လာသုံးလေးထောင် ရပြီ ဆိုတာနဲ့ သောင်းကျော်တန် စပို့ကားကို မျက်စပစ်တော့တာပဲ ကိုဦးရဲ့။

လက်ထဲမှာ ဒေါ်လာငါးရာ၊ တစ်ထောင် ရှိရင်လည်း ကားတစ်စီး လွယ်လွယ်ဝယ်လို့ရတယ်။ ကားဖိုးရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကို စပေါ်ပေးပြီး ကျန်ငွေကို ဘဏ်တိုက်မှာ ချေးရတယ်။ ကားရောင်းသူနဲ့ ငွေချေးမယ့် ဘဏ်တိုက်က အချိတ်အဆက်ရှိပြီးသားလေ၊ တစ်နှစ်ကို အတိုးက အချိန်အခါ လိုက်လို့ ၁၂ ရာခိုင်နှုန်းကနေပြီး ၁၃ ရာခိုင်နှုန်း၊ ၁၄ ရာခိုင်နှုန်းလောက်ထိ ရှိတတ်ကြတယ်။ အများအားဖြင့် လေးနှစ်ဆပ်စနစ် ရှိတယ်။ ကျန်ငွေနဲ့ အတိုးနှုန်း နှစ်ခုပေါင်းပြီး ၄၈ ပုံပုံ၊ တစ်လကို ဘယ်ရွေ့ဘယ်မျှဆပ်ရမယ် ဆိုပြီး ငွေသွင်းပုံစံ စာအုပ်ကလေး ထုတ်ပေးလိုက်တာပဲ။

ဒီတော့ ကျောင်းသားဘဝမှာတင် ကိုယ့်ကား ကိုယ်မောင်းပြီး ကျောင်းတက်နိုင်ကြတဲ့ ကလေးတွေ ရှိလာတာပေါ့။ တစ်နည်းတော့လည်း ကောင်းရဲ့၊ ကားစီးချင်တာနဲ့ ကျောင်းက တစ်ဖက် ပိုတဲ့အချိန်မှာ အလဟဿ အချိန်မကုန်ကြတော့ဘဲ အလုပ်လုပ်ရင်း ကားဖိုးရှာရတော့ သူတို့မှာ မဟုတ်တာ လုပ်ဖို့အချိန် မရှိသလောက် ဖြစ်သွားတယ်။

အထက်တန်း အောင်ပြီးရင် မမခင်တို့ တက္ကသိုလ်မှာ ဘွဲ့ယူတဲ့အခါ ဘွဲ့နှင်းသဘင် လုပ်သလို ဒီမှာလည်း ဘွဲ့နှင်းသဘင်ပွဲ အကြီးအကျယ်လုပ်ကြတယ်။ ပျော်စရာကြီး ကိုဦးရယ်။

အင်း… ဒီမှာ ခုမှ ကျောင်းဖွင့်ဖို့ ရက်ပိုင်းပဲ လိုတော့တယ်လို့ ကျောင်းသားလေးတွေအကြောင်း တွေးရင်းနဲ့ မမခင်တို့ မြန်မာပြည်မှာတော့ ခုချိန်ဆို အစမ်းစာမေးပွဲတွေ ပြီးချိန်တောင် ရောက်ရော့မယ်လို့ အင်္ဂလိပ်ဖြူ၊ ထဘီစိမ်းနဲ့ ကျက်သရေ ရှိလှတဲ့ မျက်နှာနုနုလေးတွေကို မှန်းပြီး လွမ်းမိပါသေးရဲ့ ကိုဦးရယ်။

✣

၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သော ကိုဦး...

မမခင်လည်း ခုတစ်လောမှာ ခရီးဆက်တွေ များနေတယ်။ ကလေးတွေ များတာကလည်း ပြဿနာတစ်ခု ကိုဦးရဲ့။ အဝေးရောက် ကလေးတွေက အမေကို အနည်းဆုံး တစ်နှစ်တစ်ခါတော့ သူတို့ဆီမှာ အလွမ်းပြေလာပြီး နေစေချင်ကြတယ်။ အမေလာဖို့ ကြိုကြိုတင်တင် လေယာဉ်လက်မှတ်တွေ ဝယ်ပြီး ပို့ထားကြပေမယ့် မမခင်က ဗာဟီရက ခပ်များများမို့ တော်တော်နဲ့ ခရီးထွက်ဖို့ ရက်ကို မသတ်မှတ်ဖြစ်နိုင်ဘူး။

ခက်တာက တစ်ယောက်နဲ့ တစ်ယောက်လည်း ကြေးတိုက်တတ်ကြသေးတယ်လေ။ ဟိုတစ်ယောက်ဆီမှာ တစ်လနေရင် ဒီတစ်ယောက်ဆီမှာလည်း တစ်လနေမှ ကျေနပ်ကြတယ်။ တစ်ရက်စွန်းရင်တောင်မှ သူ သာတယ်၊ ငါ နာတယ်နဲ့ စကားလုပ်ပြောလို့ မဆုံးတော့ဘူး ကိုဦးရဲ့။ ဒီတော့ မမခင်မှာ သူတို့ ကျေနပ်အောင်၊ စိတ်ချမ်းသာအောင် လုပ်ရတာလည်း ကလေးက တစ်ယောက် မဟုတ်။ အဝေးရောက်နေတာက သုံးယောက်တောင် ဆိုတော့ မသက်သာလှဘူး။

မမခင် တစ်ခါ ခရီးထွက်ရင် အိမ်မှာ ကျန်ခဲ့တဲ့ ကလေးတွေကလည်း ထမင်းငတ်ကြတာမို့ သူတို့ကလည်း အမေ ရက်ကြာကြာ နေမှာကို မကျေနပ်ကြပြန်ဘူး။ ရောက်လို့ သုံးလေးရက်ရှိရင် ဖုန်းဆက်ကြပြီး အစ်မတွေကို–

''နင်တို့ ဘာတွေ စားနေကြလဲဟင်၊ ငါတို့တော့ ဒီမှာ ကြက်ဥပြုတ်နဲ့ ကြက်သားကြော်ပဲ နေ့တိုင်း အုပ်နေရတယ်'' လို့ မသနား၊ သနားအောင် ညည်းပြတတ်ကြသေးတယ်။ အမေကြီးကလည်း ရက်ကြာလာရင်–

''ပြန်ဦးမှပါဟယ်၊ ငါ့အိမ်က ကလေးတွေ ထမင်းငတ်နေကြတာ ကြာပြီ''

mgyoe.com

mgyoe.com SAMPLE BOOK

လို့ ထုတ်ပြီးများ ညည်းမိရင်–

"မာမီ့ ကလေးတွေက ၂၆ နှစ်တို့၊ ၂၄ နှစ်တို့၊ ၂၁ နှစ်တို့ ဒီအရွယ် ကလေးတွေလား၊ လင်ယူ သားမွေးအရွယ်တောင် ရောက်နေကြပြီ၊ ဒါမျိုး အမေရိကန်တွေကို သွားပြောရင် မာမီ့ကို 'ဝါး ဟား ဟား' လို့ ဝိုင်းရယ်ထည့်လိုက်ကြလိမ့်မယ်"

လို့ ပြန်နှက်တတ်ကြသေးတာ။

ဟုတ်လည်း ဟုတ်တယ် ကိုဦးရဲ့။ အမေရိကန်တွေ အနေနဲ့က ၁၈ နှစ်ပြည့်ရင် ကလေး အရွယ်လွန်ပြီလို့ ယူဆထားကြတာ၊ ကလေးကလည်း ၁၈ နှစ်ပြည့်ဖို့ ရက်ကိုပဲ လက်ချိုးတွက်ရင်း စောင့်နေကြသလို တချို့မိဘမျိုးကျတော့လည်း "ငါ့ကလေး ၁၈ နှစ်ပြည့်ဖို့ ရက်ကို မနည်းအောင့်ပြီး စောင့်နေရတယ်" လို့ ပြောတတ်တဲ့ မိဘတွေလည်း ရှိသေးတာ။

မမခင်တို့ မြန်မာမှာတော့ ကိုယ့်အရိပ်အောက်မှာ ကြာကြာနေလေ ကျေနပ်လေ၊ ကိုယ့်အရိပ်အောက်မှာ ရှိနေသမျှ ကာလအတွင်းလည်း သူတို့ကို ကလေးလိုပဲ သဘောထားပြီး စောင့်ရှောက်ချင်ကြတာနော်။ ၈၀ ကျော် အဘွားကြီးက ၆၀ ကျော် သူ့သားကို 'လူကလေး' လို့ ခေါ်တာမျိုးတွေ ခဏခဏ မမခင်တို့ဆီမှာ ကြုံရ၊ ကြားရ ဖူးတာပဲ မဟုတ်လား။ ဒီနေရာမှာ ခံယူကြပုံချင်းတော့ တကယ်ပဲ ကွာခြားတယ်။

ဒီမှာတော့ အသက် ၁၈ နှစ်ပြည့်ရင် ယောကျ်ားလေး၊ မိန်းမလေး အများအားဖြင့် မိဘအရိပ်အောက်က ထွက်ကြပြီး ကိုယ့်လမ်း ကိုယ် လျှောက်ကြတော့တာပဲ။ မိဘကလည်း တားချင်ရင်တောင်မှ တားပိုင်ခွင့် မရှိဘူး။ သူတို့ အရွယ်ရောက်ကြပြီ၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်ကြပြီဆိုပြီး တတ်နိုင်တဲ့ အကြံဉာဏ်ပေးတာမျိုး၊ အထောက်အကူ လုပ်တာမျိုးပဲ လုပ်ကြတော့တယ်။

တစ်ခါက မမခင်တို့ အလုပ်မှာ မိန်းကလေးတစ်ယောက် အရောင်းစာရေး အဖြစ် လာလျှောက်တယ်။ သူ့လျှောက်လွှာပုံစံကို မမခင်ကလည်း လက်ခံရင်း ယူကြည့်လိုက်တော့ သူ့အသက် ၁၈ နှစ် ပြည့်ခါစပဲ ရှိသေးတယ်။ မျက်နှာကလေးကလည်း ကလေးရုပ် မပျောက်တပျောက်၊ နုနုဖပ်ဖပ်၊ လှလှလေးရယ်။ လိပ်စာ၊ နေရပ်ကို ဖတ်လိုက်တော့ နယူးယောက်က ဖြစ်နေတယ်။

မမခင်က –

"မင်းတို့ မိသားစု နယူးယောက်က ဒီကို ပြောင်းလာကြမလို့လား" လို့ မေးလိုက်တော့–

"မဟုတ်ဘူး၊ ကျွန်မ ဒီကို လာလည်ရင်း ပင်လယ်ကမ်းခြေကို ကြိုက်လို့ ဒီမှာ နေဖို့ ဆုံးဖြတ်ပြီး အလုပ် လာလျှောက်တာ" တဲ့။

မမခင်က သမီးလေးလို ကိုယ်ချင်းစာစိတ်နဲ့ –

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း မိဘတွေက ကျေနပ်ခွင့်ပြုပါ့မလား" လို့ မဆိုင်တဲ့ မေးခွန်းကို စိတ်ပူစိတ်နဲ့ မေးလိုက်မိတယ်။

"ကျွန်မဟာ ၁၈ နှစ်ပြည့်ပြီပဲ၊ ခွင့်ပြုရမှာပေါ့၊ ဒါပေမဲ့ ကျွန်မအမေကတော့ ဒါလောက် အဝေးကြီး ပြောင်းလာတာကို ကြိုက်မှာ မဟုတ်ဘူး၊ တစ်ဦးတည်းသော သမီးဆိုပြီး သိပ်ချစ်၊ သိပ်အလိုလိုက်ကြတာ၊ ကျွန်မ မိဘတွေနဲ့ နေနေသမျှ တိုးတက်မှု ရှိမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်မ ဒီမှာနေဖို့ ဆုံးဖြတ်တာ" တဲ့ ကိုဦးရဲ့။

မမခင်တော့ သူ့အဖြေကို ကြားလိုက်တော့ ပက်လက်လန်သွားတာပဲ။ မမခင်ရဲ့ သမီးလတ် ယမင်းကို သူ့အဖေက စာသင်ပါစေလို့ ဆိုတာနဲ့ အမေရိကားမှာရှိတဲ့ သားအကြီးဆီမှာ ကျောင်းနေဖို့ လွှတ်လိုက်တော့ ယမင်းရဲ့အသက်က ၁၈ နှစ်ပဲ ရှိသေးတယ်။ မသွားခင်လည်း မိသားစုနဲ့ မခွဲချင်လို့ နေ့ငို၊ ညငို၊ တစ်ချိန်လုံး ငို။

မမခင်ဆီကို သူ ပထမဆုံးရေးတဲ့ စာဟာ ၃၅ မျက်နှာ ရှိတယ် ကိုဦးရဲ့။ အမေကို ရန်တွေ့ထားတာတွေလေ။

ဖေဖေတို့၊ မာမီတို့က ၁၈ နှစ်ပဲရှိသေးတဲ့ သမီးလေးကို ကိုယ့်အနားမှာ မထားဘဲ ကမ္ဘာရဲ့ တစ်ခြမ်းရောက်အောင် ဒါလောက်အဝေးကြီး နေရာကို ပို့လိုက်စရာလား။ ဒီမှာ တိုက်ကြီးတွေ မိုးထောင်နေတာ ဘာလုပ်ရမှာလဲ။ ရုပ်ရှင်ထဲမှာလည်း မြင်ဖူးသားပဲ စတဲ့ စတဲ့ မဆုံးသော အကြောင်းအရာတွေနဲ့ ရန်တွေ့စာ ရေးထားတာလေ။ မမခင်မှာ စာဖတ်ပြီး မျက်ရည်ပေါက်ပေါက် ကျခဲ့ရသေးတယ်။

မမခင်တို့ အရှေ့တိုင်းသားတွေမှာက မိဘနဲ့ သားသမီး၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်း၊ အပေါင်းအသင်း၊ မိတ်သင်္ဂဟ၊ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် သိပ်ကြီးတတ်ကြ၊ တွယ်တာတတ်ကြတယ်။

ဘယ်အရပ်၊ ဘယ်ဒေသမှာပဲနေနေ ကိုယ် ငယ်စဉ်တောင်ကျေးကတည်းက ရှိခဲ့တဲ့ အနေအထိုင်၊ အလေ့အထအတိုင်း တွယ်တာမြဲ၊ ကာကွယ်မြဲ၊ စိတ်ပူမြဲ ရှိနေတာ ပါပဲ ကိုဦးရယ်။ မမခင်တို့ မိသားစုကလည်း မြန်မာပြည်အတိုင်း ပုံစံမပြောင်းပါဘူး။ မိသားစု အသိုက်အဝန်းနဲ့ နီးနီးကပ်ကပ် ရှိနေကြဆဲပဲ။

တစ်ခါတစ်ခါတော့လည်း သူတို့တွေကို ကြည့်ပြီး ရယ်ရတယ်။ ကိုဦး ရိုက်ဖူးတဲ့ ရုပ်ရှင်တစ်ခုကို သွားပြီး သတိရမိသေးတယ်။ ကိုဦးရဲ့ ရှစ်ကိုယ်ခွဲကားလေ။ အဖေကြီး ကွယ်လွန်သွားတော့ သား ခုနစ်ယောက် ကျန်ခဲ့တာ။ အငယ်ဆုံးသားလေးက အစ်ကိုတွေ အိမ်ကို တစ်အိမ်စီ သွားနေကြည့်တော့ တစ်ယောက်ကို စရိုက်တစ်မျိုးစီနဲ့။ အဲဒီကားဟာ တော်တော် သဘာဝလည်း ကျတယ်။ ရယ်လည်း ရယ်ရတယ်။ နာမည်တောင် ခပ်မေ့မေ့ပဲ။ 'ချစ်သူရွေးမယ် ချစ်ဝဲလည်လား' မဟုတ်ရင် ကိုဦးပဲ ပြင်လိုက်ပါတော့နော်။

mgyoe.com

mgyoe.com

အဲဒီ ရုပ်ရှင်ထဲကလိုပဲ။ မမခင်မှာ သားလေးယောက်၊ သမီးလေးယောက် ရှိတာ။ တစ်ယောက်ကို တစ်ဘာသာ၊ တစ်မျိုးစီပဲ ကိုဦးရဲ့။ သမီး လေးယောက်မှာ သမီးကြီး 'ခန့်ကေခိုင်'က ကလေးမရှိဘူး။ ဒီတော့ ခွေးကို မွေးထားပြီး ကလေးတစ်ယောက် လို ခွေးနဲ့ စာရင်းရှုပ်နေလေရဲ့။

ဒုတိယသမီး 'ခန့်ကေသီ' (မတူး) ကျတော့ သစ်ပင်တွေ စိုက်ထားပြီး သစ်ပင် မျိုးစုံနဲ့ စာရင်းရှုပ်နေပြန်ရော။ တတိယသမီး 'ယမင်းမြလှိုင်' (ပေါက်ပေါက်)မှာက သမီးတစ်ယောက်၊ သားတစ်ယောက်။ အဲဒီ ကလေးနှစ်ယောက်နဲ့ စာရင်းရှုပ်နေလို့ သူ့မှာ မအားရ၊ မနားရဘူး။ အဲ… အငယ်ဆုံးသမီး 'သူဇာမြလှိုင်' (မီးချော) ကျတော့ သူစုထားတဲ့ အရုပ်ပေါင်း မြောက်မြားစွာနဲ့ ရှုပ်ပွနေလို့ မမခင် ခဏခဏ ထပြီး ဆူနေ ရတယ်။

ခု တစ်ခေါက်က မမခင် မယမင်းဆီ ကယ်လီဖိုးနီးယားကို ပထမဆုံး သွားလိုက်တယ်။ ကယ်လီဖိုးနီးယားဆိုလို့ ကိုဦးကို ပြောရဦးမယ်။ မမခင် ရောက်တယ်လို့ သတင်းကြားတာနဲ့ ယမင်းရဲ့ မိတ်ဆွေ သူငယ်ချင်းတွေ၊ မမခင်ရဲ့ အပေါင်းအသင်းတွေ က ထမင်းစား ဖိတ်ကြတာ။ နေ့တိုင်းလို ထွက်စားနေရတယ်။ ယမင်းကတောင် မာမီ ရောက်လာမှပဲ သမီးတို့အိမ်လည်း မီးခိုးတိတ်တော့တယ်လို့ နောက်ပြောင်ယူရတယ်။ ဟိုမှာက မြန်မာအသိုက်အဝန်း များတာကိုး ကိုဦးရဲ့။

ထမင်းစား ဖိတ်တယ်ဆိုရင် ဒီမှာ ဖက်ရှင် ဖြစ်နေတာက ဗွီဒီယိုတိပ်ခွေဖွင့်ပြီး မြန်မာပြည်က ရုပ်ရှင်ကားတို့၊ အငြိမ့်တို့၊ ဂီတ ဖျော်ဖြေတာတို့၊ မြန်မာပြည် တီဗွီအစီ အစဉ်က ကောင်းနိုးရာရာ ကူးထားတာတွေ ပြတာပဲပေါ့။ တစ်အိမ်မှာ ကိုဦး ရိုက်တဲ့ 'တိမ်ဦးလေပြေ မောင့်ကိုစေ' ဆိုတဲ့ကား ကြည့်ခဲ့ရတယ်။ အဲဒီ ရုပ်ရှင်ကြေညာနေဆဲ မပြခင်ကလေးမှာ မမခင်တို့က မြန်မာပြည်က ထွက်ခဲ့တာမို့ ကြည့်ချင်နေတဲ့ ကားကို ခုမှပဲ အတိုးချပြီး ကြည့်ခဲ့ရတော့တယ်။

ဂီတဖျော်ဖြေခန်း အစီအစဉ်တွေကျတော့ အများအားဖြင့် ကိုဦးနဲ့ ချို့ပြုံးနဲ့ မေဆွိတို့ရဲ့ သီချင်းတွေပဲ များတယ်။ ဒီမှာရှိတဲ့ ပရိသတ်က အမျိုးသမီးဆိုရင် ချို့ပြုံးတို့၊ ခင်ယုမေတို့၊ မြင့်မြင့်ခင်တို့။ အမျိုးသားဆိုရင် ကိုဦးကိုပဲ သဘောကျကြတယ်။ နောက် ပြီး ရှေးဟောင်းသီချင်းတွေ ပြန်ဆိုထားတာများလို့ ပိုပြီး နှစ်သက်ကြတာ တွေ့ရတယ်။ ဒီမှာ ရောက်နေကြတဲ့ မြန်မာတော်တော်များများကလည်း ထွက်လာကြတာ ၁၀ နှစ်၊ ၁၅ နှစ်၊ အနှစ် ၂၀ ဆိုတော့ အဲဒီအချိန်က နာမည်ကြီးမင်းသားဖြစ်တဲ့ ကိုဦးကိုပဲ အသိ များကြ၊ ကြိုက်ကြတာမို့ ကိုဦးနာမည်က ဒီမှာ ခုထက်ထိ ရေပန်းစားနေဆဲပဲ။ ထမင်း စားပွဲတစ်ခုမှာ မြန်မာအသင်းက အမျိုးသမီးတစ်ယောက်က စပ်မိစပ်ရာ ပြောကြရင်း ကိုဦးကို အမေရိကန်ကို ဖိတ်ပြီး ဂီတပဒေသာပွဲလို လုပ်ရရင် သိပ်ကောင်းမယ်လို့ ဆိုကာ ရှိသေး။

mgyoe.com

"ဟော့··· ဝင်းဦး ရောက်လာရင် တို့အိမ်မှာ ထားမှာနော်၊ တို့နဲ့ ဝင်းဦးက သိပ်ခင်တာ၊ တို့ တူမလေးတောင်မှ ဝင်းဦးဆီမှာ အကသင်တဲ့ဆီ အပ်ပေးဖို့ အကူအညီ တောင်းရသေးတယ်"

"အမယ်··· ဘယ်ရမလဲ၊ မင်းတို့အိမ်က အိမ်သားအများကြီး၊ ဝင်းဦး အနေ ကျပ်မှာပေါ့၊ တို့အိမ်က ကိုကိုနဲ့ တို့နဲ့ နှစ်ယောက်တည်း ရှိတာ၊ ကျယ်ကျယ်ဝန်းဝန်း စိတ်တိုင်းရှိနေပါလေ"

"နေပါဦး၊ ဝင်းဦးလာရင် တို့အိမ်မှာ အဆင်အပြေဆုံး ဖြစ်မှာပေါ့ကွ၊ တို့အိမ်က အိပ်ခန်းကလည်း လေးခန်းရှိတယ်၊ ရေကူးကန်လည်း ရှိတယ်၊ ဂျူဂူစီလည်း ရှိတယ်၊ ဧည့်သည်တော်အဖြစ် ဖိတ်ရင်လည်း ဒီလိုနေရာမျိုးမှာ ထားသင့်တာပေါ့၊ မဟုတ်ဘူးလား အန်တီ"

တစ်ယောက်တစ်ပေါက် နေရာလုနေရာက မမခင်ဘက် ရောက်လာလို့-

"အေးပါဟယ်၊ ဝင်းဦးကလည်း သူ့စန္ဒာ မဂ္ဂဇင်းကို ပစ်ပြီး မလာနိုင်ပါဘူး၊ နောက်ပြီး အသင်းအဖွဲ့အနေနဲ့ ဖိတ်တာကိုလည်း သူ လက်မခံပါဘူးလို့ တစ်ခါက စန္ဒာမှာ ရေးတာ ဖတ်ရဖူးပါတယ်၊ ဘယ်နေ့မှန်းမသိတဲ့ ဝင်းဦးအတွက် နေရာလုမနေ ကြပါနဲ့ဦး၊ မုန့်ဆီကြော်က ဘယ်မှာမှန်း မသိဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ပ့ါမလား ဆိုတာ ကျနေတာပဲ" လို့။

မမခင်မှာ ပြောပြီး သူတို့ကို ရယ်ရသေးတယ်။ ဒါ အသိုက်အဝန်း သေးသေး လေးအတွင်း ဖြစ်တဲ့ ပြဿနာနော်။ ကိုဦးကိုသာ တစ်စုံတစ်ဦးက ဖိတ်လို့ လာဖြစ်တယ် ဆိုရင်တော့ ကယ်လီဖိုးနီးယားက မြန်မာတွေ နေရာလုကြတာနဲ့ တို့ကိုဦး ခုနစ်ပိုင်း မကဘူး။ တောက်တောက်စဉ်းပြီး ဝေရမယ့်ပုံပဲ ငါ့မောင်ရေ။

ဒါဟာ မမခင် အပိုမှသားမပါဘဲ အမှန်အတိုင်း ရေးပြတာပါနော်။ မမခင်ဆီကို မြန်မာပြည်က စာတချို့ရတယ် ကိုဦးရဲ့။ မမခင် ဆောင်းပါးက နိုင်ငံခြား ဗဟုသုတရ တာမို့ ဖတ်လို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ ဝင်းဦးကို အမွှမ်းတင်လွန်း မနေဘူးလားတဲ့။ ဝင်းဦးဟာ မမခင် မြန်မာပြည်မှာ ရှိစဉ်က 'ရွှေမင်းသားလေး' မဟုတ်တော့ဘူး။ အသက် ကြီးနေပါပြီတဲ့။ ခက်တာပဲ၊ မမခင်တို့က ကိုဦးရဲ့ အသက်ကို သိကြပါတယ်။ ကိုဦးရဲ့ နောက်ဆုံးရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ ဗွီဒီယိုတိပ်ခွေတွေလည်း ကြည့်ကြရပါတယ်။ အိုမင်းရွတ်တွ ဇရာပိုင်းကျနေတာ မမြင်ရသေးပါဘူး။ အရွယ်ရင့် ခန့်ညားလာတာကိုပဲ သဘောကျနေပါသေးတယ်။ အသက် ငါးဆယ်ဆိုတာ မမခင်တို့ဆီမှာ အရွယ်ကောင်းပါ။ ရှင်းရှင်းပြောရရင် ဒီက အသက်၅၀အရွယ် လျှမ်းလျှမ်းတောက် ကြယ်ပွင့်တွေနဲ့ ကိုဦးကို နှိုင်းယှဉ်ပြီး ဂုဏ်ယူနေကြတာပါ။

mgyoe.com

mgyoe.com

ဒါကိုတော့ မမခင်က ရှင်းပြချင်တယ် ကိုဦးရေ။ အနုပညာဆိုတာ အသက်အရွယ်နဲ့ မဆိုင်ပါဘူး။ ကိုဦး ပြောခဲ့ဖူးသလို အနုပညာပိုး ဆိုတာ လူတစ်ယောက်မှာ မွေးရာပါပစ္စည်းအဖြစ် ပါလာတာမို့ သေတယ်လို့ ဘယ်ရှိပါ့မလဲ။ မမခင် အမွှမ်းတင်နေတာ၊ တန်ဖိုးထား လေးစားနေတာ ကိုဦးရဲ့ အသက် မဟုတ်ပါဘူး။ ကိုဦးရဲ့ ထူးခြားတဲ့ အနုပညာကိုပါ။ အသက်အရွယ်ဆိုတာ ပမာနမဟုတ်ပါဘူး။ အသက်ရှင်နေသမျှ တစ်နေ့တာကာလမှာ တန်ဖိုးရှိရှိ အသုံးချသွားနိုင်တာသာ ပမာနပါ။ ကိုဦးမှာ မွေးရာပါအနုပညာနဲ့ စာပေကိုပဲ အကျိုးပြုပြု၊ ဂီတကိုပဲ အကျိုးပြုပြု၊ ရုပ်ပြကိုပဲ အကျိုးပြုပြု၊ မမခင်ကတော့ တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုနေသမျှ ချီးကျူးပြီး အမွှမ်းတင်မြဲ တင်နေမှာပဲ။

ဒီက တီဗွီအစီအစဉ်မှာ Dynasty ဆိုတဲ့ 'သူတို့နယ်ပယ်' ဇာတ်လမ်းဟာ နာမည်ကြီး ကိုဦးရဲ့။ အဲဒီအထဲမှာ လင်ဒါအီဗင်နဲ့ တွဲပြီး သရုပ်ဆောင်တဲ့ ဂျွန်ဖိုဆိုက်ဆိုတာ အသက် ၆၇ နှစ်ရှိပြီ။ ခုထက်ထိ ပရိသတ်ရဲ့ အသည်းစွဲ ဖြစ်နေသေးတယ်။ တစ်နေ့က စာစောင်ထဲမှာ အသက် ၄၀ ကျော်ပြီး ရေပန်းစားဆဲ မင်းသားစာရင်းကို ဖတ်လိုက်မိတယ်။ ကယ်ရီဂရန့် ၈၁ နှစ်၊ ဂျွန်နီကာဆင် ၅၉ နှစ်၊ ပေါနယူးမင်း ၆၀ နှစ်၊ ရောဘတ်ရတ်ဖို့ ၄၈ နှစ်၊ ကဲ··· တွက်ကြည့်ပါဦး ကိုဦးရယ်။ မင်းသမီးထဲမှာဆိုရင်လည်း အဲလိဇဘက်တေလာ ၅၂ နှစ်၊ ဂျုံးကောလင်း ၅၂ နှစ်၊ လင်ဒါအီဗင် ၄၆ နှစ်၊ အားလုံးဟာ ၅၀ ဝန်းကျင်နဲ့ ၅၀ ကျော်တွေချည်းပဲ မဟုတ်လား။

သူတို့ရဲ့ အနုပညာနဲ့ သရုပ်ဆောင်ကောင်းတော့ ပရိသတ်က လက်ခံချီးကျူးနေဆဲပဲ။ ဒီမှာတော့ အနုပညာတန်ဖိုးကိုသာ ကြည့်တာ။ အသက်အရွယ်ကို ပမာနမထားကြပါဘူး။ နောက်တစ်ခုကလည်း ဘဝအစ ၄၀ ဆိုထားတော့ အသက် ၅၀ ကို ဒီမှာ အဘိုးကြီး၊ အဘွားကြီးလို့ မသတ်မှတ်ကြသေးပါဘူး။ အစွမ်းကုန် လှုကြဆဲ၊ သကြဆဲပဲ ရှိပါသေးတယ်။ ဒီအချိန်မှာ ငယ်ငယ်ဘဝက တွေ့ခဲ့ရတဲ့ ဘဝသင်ခန်းစာတွေက အမှားအမှန်တွေကိုလည်း ဝေဖန်ပိုင်းခြားနိုင်တဲ့ စိတ်ရဲ့ စွမ်းအင်ရှိလာပြီဖြစ်တဲ့ အချိန်မို့ စိတ်ပိုင်းဆိုင်ရာမှာ ပြည့်ပြည့်ဝဝ ဖြစ်လာသလို ကိုယ်ခန္ဓာပိုင်းဆိုင်ရာ အလှအပလည်း အပြည့်အဝဆုံး ကာလလို့ ဆိုချင်ပါတယ်။ တစ်ခုတော့ ရှိရဲ့။ ရှေးကျတဲ့ အယူအဆနဲ့ ငါ အိုပြီဆိုပြီး စိတ်ကိုမလျှော့ဘဲ တတ်နိုင်သမျှ ကိုယ့်မှာရှိတဲ့ အနုပညာအရည်အသွေးကိုရော၊ ကျန်းမာရေးကိုရော၊ ကိုယ့်ရုပ်ဆင်းသဏ္ဌာန်ကိုရော ထိန်းထားနိုင်ဖို့တော့ အရေးကြီးတယ်လို့ မမခင် ထင်ပါတယ်။ ဒါကြောင့် ဒီက လူတွေက ကိုဦးကို အရင်က 'ရွှေမင်းသားလေး' လို ကြိုက်ကြတာ မဟုတ်ဘဲ၊ ယခု 'ရွှေမင်းသားကြီး' ကို ကြိုက်ကြတာပါကွယ်နော်။

မမခင်လည်း ကယ်လီဖိုးနီးယား ရောက်တော့မှ မြန်မာအိမ် များများရောက်ရလို့ ဗွီဒီယိုအစီအစဉ်ကောင်းကောင်းတွေ ကြည့်လာခဲ့ရတာ ကျေနပ်မိတယ်။ နောက်တစ်ခု

mgyoe.com SAMPLE BOOK

အကြီးအကျယ် ကျေနပ်လာတာ ရှိသေးတယ် ကိုဦးရဲ့။ ကိုဦးကတော့ 'မမခင် တစ်ယောက် လုပ်ပြန်ပြီ' လို့ ဟားမလား မသိပါဘူး။

မြန်မာပြည်က ပုစွန်တုပ်ကြီးတွေကို တွေ့ခဲ့ရလို့ ဝမ်းသာလိုက် ပျော်လိုက်တာ မပြောပါနဲ့တော့ ကိုဦးရယ်။

"ပုစွန်တုပ်ပဲ မမခင်ရယ်၊ အထူးအဆန်းလုပ်လို့ စာဖွဲ့ရေးရသေးတယ်" လို့ ဆိုပြီး တို့မောင်က စောဒကတက်ချင်ဦးမှာပဲ။

ဖွဲ့ရတယ် ကိုဦးရေ၊ ပုစွန်တုပ်ကို မမြင်ရတာ မြန်မာပြည်က ခွာလာကတည်းကမို့ ခုဆိုရင် ကိုးနှစ်တောင် ပြည့်ခါနီးပြီပဲ။

ဒီမှာရှိတဲ့ ပုစွန်ဆိုတာက မမခင်တို့ ပင်လယ်ကရတဲ့ ကျားပုစွန်မျိုး ကိုဦးရဲ့။ နောက်ပြီး ရောင်းတာက ခေါင်းမပါဘူး။ ပုစွန်ဆိုတာ ခေါင်းမှာမှ အဆီစုတာမို့ ခေါင်း မပါတဲ့ ပုစွန်ကို စားရတာ ဟာတာတာ ပေါ့ပြက်ပြက်ကြီး ဖြစ်နေတာပေါ့။ ဈေးက လည်း တကယ်ကြီးတာ။ မမခင်တို့ ပင်လယ်ပတ်လည် ဝိုင်းနေတဲ့ ဖလော်ရီဒါမှာတောင် ပုစွန်ဈေးက သေးတာ မဟုတ်ဘူး။ အကြီးဆုံးအရွယ် တစ်ပေါင်ကို ၁၀ ဒေါ်လာကနေ ၁၂ ဒေါ်လာထိ ပေးရတယ်။ အလတ်စားက တစ်ပေါင်ကို ခြောက်ဒေါ်လာ၊ အငယ်စားက လေးဒေါ်လာ၊ ငါးဒေါ်လာထိ ပေးပြီး ဝယ်စားကြရတယ်။

ဒေါက်တာမျိုးရှင်နဲ့ ဒေါက်တာ ရှယ်လီညွန့်တို့အိမ်က ဖိတ်ကျွေးတဲ့ ထမင်းပွဲမှာ ပုစွန်တုပ်ကြီးတွေကို မြင်တော့-

"ဟယ်... ဒါ မြန်မာပုစွန်ကြီးတွေပဲ၊ ဒီကို ဘယ်က ဘယ်လို ရောက်လာတာ လဲ" လို့ ဝမ်းသာအားရနဲ့ ထုတ်မေးမိတယ်။

"ရေကူးလာတာ မဟုတ်ဘူး အန်တီ၊ ဒီမှာကြည့် ရှယ်လီတို့ မြန်မာပြည် ဘယ်လောက် တိုးတက်နေသလဲဆိုတာ ပြရဦးမယ်"

ရှယ်လီက ပြောပြောဆိုဆိုနဲ့ ရေခဲသေတ္တာထဲက ဘူးတစ်ခုကို ထုတ်လာပြီး ပြတယ်။ အပေါ်မှာက-

Products of Burma စာတန်းနဲ့ မြန်မာပြည်က ထွက်ကုန်တစ်ခု အနေနဲ့ ကမ္ဘာ့ဈေးကွက်မှာ ဝင်ကြွားနိုင်တာ ဝမ်းသာစရာ၊ ဂုဏ်ယူစရာပဲ မဟုတ်လား။ ပုစွန်တုပ် အပြင် တခြား စားသောက်ကုန်ပစ္စည်းတွေပါ အမျိုးအမည် များများ ထွက်လာနိုင်ပါစေ လို့ မမခင် ဆုတောင်းပါတယ်။ တစ်နေ့ကပဲ ဈေးမှာ ခံတက်ရွက် ရေစိမ်တစ်ဘူး ခြောက်အောင်စ ပါတာကို နှစ်ဒေါ်လာနီးပါးပေးပြီး ဝယ်ခဲ့ရတယ်။ ကိုယ့်အစာ ဆိုတော့ လည်း မြင်ရင်၊ တွေ့ရင် ဈေးကြီးမှန်း သိပေမယ့် မဝယ်ဘဲ မနေနိုင်ဘူး ကိုဦးရဲ့။ အဲလို ရေစိမ်ပုလင်းတွေ၊ ခံတက်ရွက်၊ ဆူးပုပ်ရွက်၊ မဲဇလီရွက်တွေဟာ ထိုင်းကနေပြီး ထွက်ကုန် အဖြစ်ရောင်းတဲ့ ပစ္စည်းတွေပဲ။ မမခင်တို့ အညာမှာဆို ခံတက်ပင်တွေမှ ဖောခြင်း သောခြင်းပဲ မဟုတ်လား။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒီမှာ စည်သွတ် မကျည်းရည်တို့၊ ရှာလာကာရည်တို့လည်း ရတယ်။ မမခင်ဖြင့် ကိုယ့်တိုင်းပြည်မှာ ဖောခြင်း သောခြင်း ရှိနေတဲ့ ပစ္စည်းတွေကို တခြားနိုင်ငံတွေက ထုတ်လုပ်ပြီး ဈေးကြီးကြီးနဲ့ ရောင်းချနေတာတွေ့တော့ စိတ်ထဲမှာ အားမလို အားမရ ဖြစ်မိတယ်။ မမခင်တို့ မြန်မာပြည်မှာ ဘာကိုမဆို လတ်လတ်ဆတ်ဆတ် စားရတဲ့ အရသာကိုလည်း တမ်းတမိတယ်။

အိမ်အပြန် ကလေးတွေအတွက် တကူးတက မြန်မာ ပုစွန်တုပ်ကြီးတွေ သွား ဝယ်ပြီး သယ်လာခဲ့သေးတယ် ကိုဦးရဲ့။ ဈေးကလည်း ချိုတယ်။ နှစ်ကီလိုပါတဲ့ ဘူးမှ ၂၃ ဒေါ်လာပဲ ပေးရတယ်။ အထဲမှာ ပုစွန်တုပ်ကြီး ၁၂ ကောင်စီ ပါတယ်ဆိုတော့ တစ်ကောင်မှ နှစ်ဒေါ်လာပဲ ကျတာမို့ ဒီက ဈေးနဲ့တွက်ရင် မနည်းသက်သာသေးတာပဲ။ အရသာကလည်း ကွာတော့ ပိုပြီး တွက်ခြေကိုက်တာပေါ့။

ယမင်းကတော့ မပြန်စေချင်သေးဘူး။ အမေကို ကြာကြာနေစေချင်သေးတယ်။ ကလေးတွေကလည်း-

''ဘွားဘွား မာမိ ဒီမှာ အကြာကြီးနေပါ၊ မပြန်ပါနဲ့''

လို့ မျက်နှာငယ်လေးတွေနဲ့ တားကြတယ် ကိုဦးရဲ့။ သူတို့ကို ကြည့်ပြီးလည်း သနားမိတယ်။ ဒီမှာက စားဝတ်နေရေးက မြင့်လွန်းတော့ မိဘနှစ်ဦးစလုံးက အလုပ် လုပ်ကြရတာ များတယ်။ သားသမီး ရှိလာရင် တချို့တော့လည်း အမေလုပ်သူက အလုပ်က အနားယူကြပြီး သားသမီးနဲ့ အပြီးနေလိုက်သူတွေ ရှိသလို တချို့ကျတော့ ကျောင်းသွား တဲ့ အရွယ်ကို ရောက်တဲ့အထိ စောင့်လိုက်ပြီးမှ အလုပ်ကို ပြန်သွားတတ်ကြတယ်။

တချို့ကျတော့ ကိုယ့်စားဝတ်နေရေး မပြည့်စုံလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကိုယ့် အရည်အသွေးနဲ့ ရထားတဲ့ အလုပ်အကိုင် အခြေအနေကို မစွန့်လွှတ်လို့ဖြစ်ဖြစ် ကလေး တွေကို စောင့်ရှောက်မယ့်သူနဲ့ ထားပြီး အလုပ်ပြန်သွားတတ်ကြတယ်။

အဲသလို အလုပ်ကို ပြန်သွားနိုင်ဖို့ ကလေးတွေကို အလုပ်ချိန်မှာ စောင့်ရှောက် ထိန်းသိမ်းပေးမယ့် နေ့ကလေးထိန်းဌာနမျိုး ဒီမှာ အစိုးရပိုင်ရော၊ ပုဂ္ဂလိကပိုင်ရော အများ ကြီး ရှိတယ် ကိုဦးရဲ့။

အဲသည်လို နေ့ကလေးထိန်းကျောင်းကို ပို့ရတာ ကရိကထတော့ များသပေါ့။ မနက် မိုးမလင်းခင် ကတည်းက ကလေးကို နှိုးပြီး သုတ်သင်ပြီး ကျောင်းကိုပို့ဖို့ လုပ်ရ တာလည်း နည်းတဲ့တာဝန် မဟုတ်ဘူး။ ကလေးက အိပ်ရေးမဝလို့ အီတာ တစ်မျိုး၊ ကလေးကို သန့်ရှင်းရေးလုပ်ရ၊ ကိုယ်တိုင် အလုပ်သွားဖို့လည်း ဝတ်စား ဆင်ယင်ရနဲ့ နည်းတဲ့ ဗာဟီရ မဟုတ်ဘူး။ စိတ်မောစရာကြီး ကိုဦးရယ်။

မြန်မာပြည်မှာတော့ အိမ်မှာဆိုရင် ကိုယ့်မိသားစုအပြင်၊ နီးစပ်ရာ ဆွေမျိုးသား ချင်း၊ ထွေးတော်၊ မိကြီး၊ အဘိုး အဘွား၊ အဒေါ် ဦးရီးတွေ တစ်ပုံကြီး မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်က ကြော့ခနဲ ဝတ်ပြီး အလုပ်ကို စတိုင်လ်နဲ့ ထွက်သွားလိုက်ရုံပဲ။ ကျန်တဲ့ကိစ္စက အိမ်မှာရှိတဲ့ မိသားစု ကြည့်ရှုပြီး စောင့်ရှောက်တာဝန်ယူကြတာပဲ မဟုတ်လား။ ဒီလိုမှ မိသားစု အပိုမရှိရင်လည်း အိမ်ဖော်တို့၊ နာနီတို့ ရှိကြတာမို့ အစစ လွယ်ကူသေးတယ်။

ဒီမှာက အိမ်ဖော်ထားဖို့ဆိုတာ မီလျံနာလောက် ချမ်းသာမှ စဉ်းစားနိုင်တဲ့အလုပ် ကိုဦးရဲ့။ အိမ်ဖော်ဈေးက သိပ်ကြီးတာ။ ဒီတော့ သာမန်လူတန်းစား အနေနဲ့ အိမ်ဖော် ကို ထားနိုင်ကြတာ မဟုတ်ဘူး။ ဒါကြောင့် နေ့ကလေးထိန်းကျောင်းကိုပဲ အားကိုးရတာ။ ဒီလိုမှ နေ့ကလေးထိန်းကျောင်းကို မပို့ချင်ရင်လည်း ကလေးစောင့်ကြည့်သူကို ငှားလို့ရ တယ်။

အထူးသဖြင့် ကလေးထိန်း လုပ်ကြတာက ညနေဘက်တို့၊ Week End တို့ ဆိုရင် ကျောင်းသူလေးတွေက ငွေပိုရှာရင်း လုပ်ကြတာ များတယ်။ နေ့ခင်းဘက်မျိုးကျ တော့ ကိုယ့်မှာလည်း သားသမီးရှိလို့ အလုပ်ထွက်မလုပ်နိုင်ကြတဲ့ အိမ်ရှင်မများက သူများ ကလေးတွေကိုပါ တာဝန်ယူပြီး ထိန်းတတ်ကြတယ်။ ကိုယ့်ရပ်ကွက်ထဲမှာ အဲဒီလို အိမ်နီးချင်းမျိုး ရှိရင်လည်း တော်သေးတာပေါ့။ တချို့ကျတော့လည်း အအားမနေ လိုတဲ့ အဘွားကြီးတွေကို အိမ်မှာ ခေါ်ထားပြီး ကလေးကြည့်ဖို့ ထားကြရတယ်။

မြန်မာပြည်ရဲ့ လူနေမှုစနစ်က အင်မတန် ချစ်စရာကောင်းတယ်။ အဘိုးအဘွား၊ ထွေးတော် မိကြီးတွေ တစုတစည်းနဲ့ ဆိုတော့ လူငယ်တွေအဖို့ ကိုယ့်မှာ သားသမီး ရလာရင်လည်း သိပ်ပြီး မကြောင့်ကြရဘူး။ အဘိုး အဘွား၊ ထွေးတော် မိကြီးတွေက စောင့်ရှောက်ရင်း ကြီးကြရတာမို့ တကယ် စံားသာတယ်။ နောက်တစ်ခါ ဆွေမျိုးသားချင်း အိမ်နီးချင်းတွေကိုလည်း အားကိုးလို့ရသေးတယ်။ အထူးသဖြင့် မမခင်တို့ အညာမှာဆို ပိုပြီး လွယ်တယ်။ ဘယ်သူရေ၊ ဘယ်ဝါရေ ဆိုပြီး တစ်ဖက်အိမ်ကို လှမ်းအော်ပြီး-

''အိမ်စောင့်ပေးပါဟယ်၊ ကလေး ကြည့်ပေးပါဟယ်''ဆိုရင် ကိစ္စက ပြတ်နေ တာပဲ။

ဒီမှာတော့ ဒါမျိုး မရဘူး ကိုဦးရေ။ တစ်ဦးကိစ္စ တစ်ဦး လှည့်လို့မှ မကြည့်အား ကြဘူး။

''ယမင်းရယ် သားတစ်ယောက်၊ သမီးတစ်ယောက်ဆို နည်းပါသေးတယ်၊ မောင်နှမများတာ တအား သမီးရဲ့၊ နောက်ထပ် နှစ်ယောက်လောက် ထပ်ယူပါဦး'' လို့ ပြောမိတာ-

''အမယ်လေး၊ တော်ပါပြီ မာမီရယ်၊ မာမီလည်း သမီးနဲ့လာပြီး မြေးတွေကို လာကြည့်ပေးနိုင်တာ မဟုတ်ဘူး။ မြန်မာပြည်မှာလို အိမ်ဖော်တွေ၊ နာနီတွေမရှိနဲ့၊ ဒီ နှစ်ယောက်တောင်မှ တာဝန်ကြီးလှပါပြီ''

နဲ့ အကျောက်အကန် ငြင်းတော့တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့်မို့ ဒီက လူတွေ ကလေးကို အတိုင်းအတာနဲ့ မွေးကြတယ်။ အလွန်ဆုံး ယူမှ နှစ်ယောက်၊ သုံးယောက်ပဲ ကိုဦးရဲ့။

မမခင်ကို စပ်မိလို့ ကလေးဘယ်နှယောက်လဲ မေးလိုက်ကြရင်…

"ရှစ်ယောက်" လို့ ဖြေလိုက်တာနဲ့ ကြားရတဲ့သူတွေ ပက်လက်လန်သွားကြရော။

"ဟယ်… နင် ကလေးရှစ်ယောက် မွေးထားပြီး ခုထက်ထိ အသက်ထင်ရှား ရှိနေသေးတာ အံ့ဩလှတယ်"

လို့လည်း ချီးကျူးထောမနာ ပြုသွားကြသေးတယ်။

သူတို့မှာ အဲသလောက် ကလေးအတွက် ဦးနှောက်ခြောက်ကြရရှာတယ်။ ကလေး မကြီးမချင်းက ပြဿနာ ကိုဦးရဲ့။ နေ့ကလေးထိန်းကျောင်းကို ပို့ပြန်ရင်လည်း ကျောင်းတိုင်းက စိတ်ချရတာ မဟုတ်ဘူး။

ကျောင်းကို စိတ်မချလို့ အိမ်မှာ ကလေး စောင့်ကြည့်မယ့်သူ ခေါ်ထားပြန်ရင်လည်း လူကောင်းနဲ့ တွေ့ရင် တော်ရဲ့၊ ရူးနေလို့ ရူးမှန်းမသိတဲ့ သူကို ခေါ်မိပြန်ရင် ကိုယ့်ကလေး ကိစ္စချောပြီသာ မှတ်တော့ပဲ။

ဒီမှာက အရူး အလွန်များတယ်။

မမခင်တို့ မြန်မာပြည်မှာ ရူးပြီဟေ့ဆိုရင် လမ်းမပေါ်ရောက်ပြီး သိသိသာသာ ရူးကြတာနော်။ အရူးကို ရူးနေတာ သိတော့ ရှောင်နိုင်ရှားနိုင်ကြသေးတယ်။

ဒီက အရူးတွေက ရူးလို့ ရူးမှန်းမသိတဲ့ ယဉ်ယဉ်လေး ရူးတဲ့ အရူးတွေ ကိုဦးရဲ့။ အထူးသဖြင့် အဲဒီလို ယဉ်ယဉ်အရူးမျိုး ရာခိုင်နှုန်းဟာ အမေရိကန်မှာ အများဆုံးလို့ မမခင် ဖတ်ရဖူးတယ်။

တစ်ခါက အဖေရော၊ အမေရော အလုပ်သွားနေကြတုန်းမှာ ကလေးကို အစောင့်နဲ့ ထားခဲ့တာ ကလေးအငို မတိတ်ကောင်းလားလို့ စိတ်မရှည်နိုင်တာနဲ့ မီးဖိုထဲမှာ ရှစ်လသားကလေးကို ထည့်ဖုတ်ထားလိုက်တယ်တဲ့။ အလုပ်က ပြန်လာတဲ့ မိဘနှစ်ပါး တော့ ရင်ကွဲရတာပေါ့ ကိုဦးရယ်။ ဖမ်းပြီး စစ်လိုက်တော့ စိတ်မနှံ့လို့ဆိုတာ တွေ့ရသတဲ့။ ကိုယ့်မှာတော့ ကလေးလုံးလုံး ဆုံးလိုက်ရတာ အဖတ်တင်တာပဲ။ စိတ်မနှံ့တော့လည်း အပြစ်ဒဏ်က လျှော့လျှော့ပေါ့ပေါ့နဲ့ပဲ ပြီးလိုက်ရရော။

တစ်လောကလည်း မမခင်တို့ ဖလော်ရီဒါမှာပဲ ကလေးငိုလို့ ၁၅ နှစ်သမီး ကလေးထိန်းက ကလေးကို ကိုင်လှုပ်လိုက်တာ ဘယ်လောက်ထိများ လှုပ်လိုက်သလဲ မသိဘူး။ ကလေးရဲ့ ဦးနှောက်သွေးကြောတွေ ပြတ်ပြီး ဆုံးရှာပါရော။

ဒါမျိုး အမှုတွေက မကြာမကြာ သတင်းစာမှာ ဖတ်နေရတဲ့ မထူးသော သတင်းတွေ ဖြစ်နေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးငိုလို့ နားငြီးတယ်ဆိုပြီး ခေါင်းအုံးနဲ့ ဖိထားလို့ သေသွားတာတို့။ အမေ လုပ်တဲ့သူက ဆိုင်မှာ ဈေးခဏဆင်းဝယ်တုန်း ညီမနဲ့ ကလေးကို ကားထဲမှာ ထားခဲ့တာ ကလေးငိုတဲ့ဒဏ် မခံနိုင်လို့ အနားမှာရှိတဲ့ စောင်နဲ့ ဖိအုပ်ထားလိုက်တာ အမေပြန်လာ တော့ ကလေးက မလှုပ်လို့ ကြည့်လိုက်မှ အသက်မရှိတော့ဘူးတဲ့ ကိုဦးရဲ့။

"နင် ကလေးကို ဘာလုပ်လိုက်သလဲဟင်" လို့ မေးတော့။

"နင့် ကလေးက နားငြီးလို့ ငါ ပါးစပ်ကို အပြီးပိတ်ထားလိုက်တာ" တဲ့။

အဲဒီလို စိတ်ချရတဲ့ ညီမမျိုးကလည်း ရှိသေးတာ။

ကလေးအစောင့် အရှုံးတင် မဟုတ်ဘူး၊ အဖေရှူး၊ အမေရှူးတွေရဲ့ ဒဏ်ကြောင့် မသေသင့်ဘဲ သေကြရတဲ့ ကလေးတွေလည်း အများကြီးပဲ။

မမခင်ဖြင့် သတင်းစာဖတ်ပြီး မဆီမဆိုင်နဲ့ ကြားထဲက ဝင်ပြီး ရင်နာမိတာလည်း အခါခါပဲ ကိုဦးရယ်၊ အဖေနဲ့ အမေ ကွဲသွားကြတော့ ကလေးက အမေနဲ့ ကျန်ရစ်ခဲ့တာ ကိုး၊ တကူးတက သွားခေါ်လာပြီး…

"မေတ္တာခေါင်းပါးလှတဲ့ ဒီလောကမှာ ငါ့သား အသက်ရှင်နေခြင်းဟာ ဝဋ်ခံ ရခြင်းပဲ ဖြစ်မယ်။ ဒါကြောင့် ကောင်းကင်ဘုံကို အမြန်ပို့ပေးလိုက်တာသာ အမှန်ဆုံး ဖြစ်မယ်" လို့ စာရေးထားခဲ့ပြီး ကလေးကို သေနတ်နဲ့ ပစ်သတ်၊ ကိုယ့်ဟာကိုယ်လည်း ပစ်ပြီး သေလိုက်တဲ့ အဖေမျိုးတွေ ရှိသလို။

ယောက်ျားက ကလေးတစ်ယောက်နဲ့ ပစ်သွားရကောင်းလား စိတ်နာလို့ ဆောင်းအခါ နှင်းတောထဲမှာ ကလေးကို သွားပစ်ထားလို့ ရေခဲတွေဖုံးပြီး အတောင့်လိုက် သေနေတဲ့ ကလေးတွေရဲ့ အမေမျိုးတွေ။

ကိုယ့်ဟာကိုယ် အလုပ်ပြုတ်လာတာကို ဒေါသဖြစ်လို့ အနားမှာရှိတဲ့ စားသောက် ဆိုင်ထဲ ဝင်ပြီး တစ်ဆိုင်လုံး ပြုတ်ပြုတ်ပြန်အောင် သေနတ်နဲ့ တရစပ် ပစ်သတ်လိုက်လို့ မဆီမဆိုင် နေရင်း ထိုင်ရင်း သေကုန်ကြရတဲ့ အဖြစ်မျိုးတွေ။

တရားခံကို စစ်လိုက် ဆေးလိုက်ရင် စိတ်မနှံ့လို့ဆိုတဲ့ အဖြေမျိုးကိုပဲ ကြားနေ ရတော့ လူတွေကို ယုံပြီး ကိုယ့်သားသမီး ပုံနိုင်ဖို့ကလည်း တော်တော်ခက်တာ ကိုဦးရဲ့။

ဒါတင် မကသေးဘူး၊ မြန်မာပြည်မှာလို ကလေးကို လမ်းမပေါ်မှာ ကစားဖို့ ကျွတ်ကျွတ်လွတ်လွတ် လွှတ်မထားရဲကြဘူး။ မကြာခဏ ကလေးပျောက်မှုတွေ ဖြစ်လို့ အမြဲမပြတ် သတိနဲ့ ကြပ်မတ် ကြည့်ရှုနေရတော့ ရင်မောရတာတွေကလည်း ရှိသေးတယ်။

မကြာခင်က မမခင်ရဲ့ သားလတ် သူ့တက္ကသိုလ်မှာ စာတမ်းတင်ရတော့ တို့ မြန်မာပြည်မှာ မင်းတို့ တိုင်းပြည်မှာလို မိုးထောင်နေတဲ့ တိုက်တွေလည်း များများစားစား မရှိပါဘူး။ အာကာသကို သွားနိုင်တဲ့ ယာဉ်တွေလည်း မတီထွင်နိုင်သေးပါဘူး။ ဒါပေမဲ့ တို့ပြည်မှာ နေရတာ စိတ်အေးချမ်းလှပါတယ်။ လက်နက်အားကိုးနဲ့ ဘယ်နေရာမှာ

mgyoe.com

mgyoe.com SAMPLE BOOK
ဘယ်လူဆိုးက ပစ်သတ်သွားပါတယ်လို့ ကြောက်စရာကောင်းတဲ့ မှုခင်းမျိုးလည်း မရှိဘူး။ ကိုယ့်သားသမီးတွေ လမ်းမပေါ်မှာ လွတ်လပ်စွာ ကစားဖို့ စိတ်ချလက်ချ ပစ်ထားနိုင်လောက်အောင် ငြိမ်းချမ်းလှပါတယ်။

ဒီအရသာတွေကို ငါ မြန်မာပြည်မှာ ရှိစဉ်က မမြင်မိ မသိမိပါဘူး၊ တခြားနိုင်ငံက လှမ်းပြီး ကြည့်လိုက်တဲ့အခါကျမှ ငါတို့နိုင်ငံက မြက်ခင်းဟာ စိမ်းလန်းစိုပြည်လှပါလား ဆိုတာ ခုမှပဲ သဘောပေါက်ရတော့တယ်လို့ အဆုံးသတ်ထားတယ်။ အဲဒီစာတမ်းမှာ သားဟာ အမှတ်အများဆုံး A – ဆု ရခဲ့တယ်။ ကိုင်း…ကိုဦးရေ၊ ကလေးချစ်တတ်တဲ့ တို့ကိုဦးအတွက် ခုလို ဂုဏ်ယူစရာတွေအပြင် နောက်လမှာ ကလေးတွေနဲ့ ပတ်သက်လို့ ရင်မောစရာ၊ ရင်နင့်စရာ…အဲ…ကြည်နူးစရာ၊ ပီတိဖြစ်စရာတွေ ဆက်ရေးပို့ဦးမယ်။

✣

၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သော ကိုဦး…

ကလေးများနဲ့ ပတ်သက်လို့ စောင့်ရှောက်ပုံ၊ ယုယပုံ၊ အလေ့အကျင့်ပေးပုံတွေ ပြီးခဲ့တဲ့လက မမခင် အစပျိုးခဲ့တယ်နော်၊ ခု နောက်ဆက်တွဲကလေး ဆက်ဖတ်ပါဦး။

မြန်မာပြည်မှာက ကလေးတွေကို မိဘအပြင် စောင့်ရှောက်မယ့် ထွေးတော် မိကြီးတွေ ရှိကြတယ်။ အရပ်ကလည်း အမြင်မတော်ရင် ပြောတယ်၊ ဆုံးမတယ်၊ စောင့်ရှောက်တယ်။ ဒီတော့ စိတ်ချရတယ်။ ဒီမှာတော့ သိတဲ့အတိုင်းပဲ။ ဒါတောင် ယမင်းက ကံကောင်းပါသေးတယ်။ သူ့ကလေးတွေ ငယ်စဉ်က နေ့ကလေးထိန်းကျောင်းကို မပို့ရဘဲ အိမ်မှာ စောင့်ရှောက်ပေးမယ့် မြန်မာပြည်က အဒေါ် လာနေပေးတာမို့ အဆင်ပြေတယ်။ ဒါတောင်မှ သူ့ကလေးတွေကို စိတ်မချလို့ အလုပ်ကနေ အိမ်ကို အခါတစ်ရာလောက် ဖုန်းခေါ်ပြီး အခြေအနေကို မေးနေသေးတာ။

မေးလည်း မေးစရာ။ သူ့ကလေးတွေ ဆော့တာကလည်း လက်ကုန်ပဲ ကိုဦးရဲ့။ တစ်ခါက သူတို့ တီတီက အဝတ်တွေ လျှော်မယ်ဆိုပြီး ကားခန်းထဲမှာရှိတဲ့ အဝတ်လျှော် စက်ထဲမှာ အဝတ်တွေ သွားထည့်နေတုန်း သားငယ် သူရ က တံခါးကို သော့ခတ်လိုက် ပါရောတဲ့။

'သူရရဲ့၊ တီတီ အထဲဝင်ဖို့ တံခါးဖွင့်ပေးပါ' လို့ တကြော်ကြော် အော်ခေါ်တာ လည်း မရ။ တံခါးကို ထုလို့လည်း မထူး။ ဘယ်လိုမှ လှုပ်ရှားသံ မကြားလို့ ဘေးပေါက် က ထွက်ပြီး အပြင်ကနေ ပြတင်းတံခါးက လှမ်းကြည့်လိုက်တော့ ဘသားချောက နို့ပုလင်းကြီးစို့ရင်း ဆိုဖာပေါ်မှာ အကျသား ခါးဆန့်နေသတဲ့။

'တံခါးဖွင့်ပါဟဲ့ သူရရဲ့' ဆိုတော့လည်း ခွန်းတုံ့မပြန်ဘဲ မသိချင်ဟန်ဆောင် နေသတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

တီတီလည်း ရှိသမျှ တံခါးတွေက ဝင်လို့ရမလား လိုက်ရှာတာ တော်တော်နဲ့ ရှာမရလို့ ဘာလုပ်ရမှန်း မသိဘဲ အပြင်မှာ နာရီဝက်လောက် ထိုင်ပြီး အကြံထုတ်လိုက်ရတာ၊ နောက်ဆုံးမှ ခြင်ဆန်ကာတံခါးကို လှပ်၊ အတွင်းက ချက်ကို မရအရ ကလော်ပြီး ပြတင်းပေါက်က ဂျိမ်းစ်ဘွန်းပုံနဲ့ ဒိုင်ဗင်ထိုးပြီး ဝင်ခဲ့ရသတဲ့။ အဲ့သလောက် ဒုက္ခပေးတာ။

ဒီကောင်က သော့ခတ်တော့ တကယ် ဝါသနာကြီးတာ။ သူ့မှာ ခတ်စရာ သော့ခလောက် မရှိပါဘဲနဲ့ သော့တွဲကြီး ခါးချိတ်ပြီး သွားနေလေရဲ့။ သူ့သော့တွဲကိုလည်း ဘယ်တော့မှ ခါးက မချချင်ဘူး။ မျက်စိအောက်က အပျောက်မခံဘူး။ တစ်ခါက သူ့သော့တွဲ ပျောက်လို့ဆိုပြီး ငိုကြီးချက်မ ဖြစ်နေလို့...

"နေပါဦး၊ သော့တွဲပျောက်လို့ ဒါလောက် ငိုကြီးချက်မ ဖြစ်ရအောင် ခတ်စရာသော့ ရှိလို့လား"

လို့ သူ့အမေ ယမင်းကို မေးကြည့်တော့...

"ဘယ်က ရှိရမှာလဲ မာမီရဲ့၊ သူ သော့ကြိုက်မှန်းသိလို့ နားအေးအောင် အကြို အကြားက ဘက်မရှိတဲ့ သော့စုတ်တွေစုပြီး သီထားပေးလိုက်တာ" လို့ ယမင်းက ရှင်းပြလို့ မမခင်မှာ ရယ်ရသေးတယ်။

ဒီ့ထက်ဆိုးတာက ရေချိုးခန်းဝင်ရင်း အထဲက သော့ကို ခတ်လိုက်ပါရောဗျ။ သူ့ဟာသူလည်း ပြန်မဖွင့်တတ်တော့ အထဲကနေ တံခါးကို အတင်းထုရင်း ငိုလိုက်တာ ကျွက်ကျွက်ဆူ။ အားလုံးကလည်း စိတ်ပူတာပေါ့။

သားသား မလုပ်နဲ့၊ နားနားလို့ ဘယ်လိုလှည့်နဲ့ ပြောလို့လည်း မရဘူး။

အစ်မလုပ်တဲ့ ကလျာဆွေက သူ့မောင်ကို သနားလို့ သူ့လက်ကလေး သေးသေးလေးကို တံခါးအောက်က မဝင်သာဝင်သာ နေရာလေးကို အတင်းသွင်းပြီး...

'မောင်လေး... မောင်လေး' နဲ့ အားပေးတာကို အထဲကနေ မောင်လေးက ဘာလုပ်လိုက်လဲ သိလား။

သူ့အဖေ မုတ်ဆိတ်မွေးရိတ်တဲ့ ဘလိတ်ဓားနဲ့ လက်ဖျားလေးကို လှီးလွှတ်လိုက်တယ် ကိုဦးရဲ့။

ကလျာဆွေရဲ့ ငြိခနဲ အော်ငိုသံနဲ့ သူ့လက်ဖျားလေး ရုပ်လိုက်တော့ သွေးရဲရဲ သံရဲရဲနဲ့ ဖြစ်နေလို့ မမခင်တို့မှာ ဘာလုပ်လို့ လုပ်ရမှန်း မသိဘူး။ သူရဆွေ လက်ထဲမှာ ဘလိတ်ဓား ရောက်နေပြီး သော့ခတ်ထားတဲ့ အခန်းထဲမှာ၊ အရွယ်က သုံးနှစ်သား။

'ဘုရား... ဘုရား' နဲ့ ဘုရားပဲ တနေမိတော့တယ်။

မတတ်နိုင်တဲ့ အဆုံးတော့ တံခါးပဲ ဖျက်ရတော့မလားပေါ့။ နောက်မှ ဘသားချော ဘယ်လိုဖွင့်တတ်သွားပြီး အပြင်ကို ထွက်လာတယ်တော့ မသိဘူး။ မမခင်တို့မှာ သူ့မြင်မှ သက်ပြင်းချရတော့တယ်။

mgyoe.com